

မျက်နှာဖုံးခွင့်ပြုချက် (၁၆၀)
စာမူခွင့်ပြုချက် (၅၇)

# ရှောင်မြွှ ဆိုး

ငြိမ်းနုစ ဆို

[အသစ်စက်စက် ဝင်သိုင်းဝတ္ထု]

လွင်စာပေ
အမှတ် ၁၃၀၊ ၆-လမ်း
တောင်ငူ

* စာရေးသူ၏ တစ်ဆယ့်ကိုးအုပ်မြောက်လက်ရာ
* မည်သူနှင့်မှ မတူမတိုက်စေရ

တန်ဖိုး တစ်ဆယ့်ရှစ်ကျပ်

● စီစဉ်သူ ဝင်းမာဆွေ [အ ထ က (၁) ဒဂုံ]

ပထမအကြိမ်
၁၉၈၂ ခု၊ မေလ
အုပ်ရေ ၁၅၀၀
ပန်းချီ မောင်မောင်သိုက်
အဖုံးရိုက် သိန်းမြင့်ဝင်း

ဒေါ်မမ (မြဲ ၀၂၁၄၃) အောင်ဥက္ကလာ ပုံနှိပ်တိုက်၊ ၁၄၁၊ အခန်း ၄၊ ၃၇ လမ်း၊ ရန်ကုန်မြို့တွင်ပုံနှိပ်၍၊ ဦးမောင်သန်း (မြဲ ၀၁၉၁၁) စိမ်းစိုစိုစာပေ ၂၅၆၊ အခန်း ၂၉၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ မှ ထုတ်ဝေသည်။

ဖြန့်ချီရေး ~ ဟ သာ ဟ စာ ပေ ၂၂၁၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

တရက်လျှင် ( ၁၆ )
ရက်ပိုလျှင်၄ါးရက်တိုးအပြည့်ပေးရမည်။

## ဒုစရိုက်သားတွေအတွက် အကာအကွယ်ပေးသော ညအမှောင်

ည၊ မှောင်သည်၊ မည်းသည်၊ မဟူရာရောင် တောက်နေသည်။ သည်ညမှာမှ လမသာ၊ ကြယ်မလင်း။ ကောင်းကင် တခုလုံး အဖြူရောင် လွှမ်းနေသည်။ ထူထဲ သိပ်သည်းသော မိုးသား တိမ်တိုက်များ ဖုံးလွှမ်းနေသောကြောင့် ဖြစ်သည်။

ရံဖန်ရံခါဆိုသလို လျှပ်ရောင်များက ဝင်းကနဲ၊ လက်ကနဲ ပြိုးပြက်တတ်သည်။ မိုးထစ်ချုန်းသံကြီးတွေကလည်း ကြောက်ခမန်းလိလိ ထွက်ပေါ် လာတတ်သေးသည်။ လေက အကြမ်းပတမ်း တိုက်ခတ်နေသည်။ အကြမ်းပတမ်း တိုက်ခတ် နေသည့် လေတွင် မိုးသက်ရနံ့များကလည်း ရောယှက် ပါဝင်နေသည်။

မကြာမီအချိန်အတောအတွင်းမှာ မိုး သည်ကြီး မည်းကြီး ရွာချဦးတော့မှာပါကလား။

ဩော်၊ မိုးရယ်....

မကောင်းမှု ဒုစရိုက်သားတွေ အတွက် အ ကွယ် အကာ ပေးတော့မှာလားလို့။

လူတယောက်။ 'ပန်းတရာ' အရက်ဆိုင်ထဲရှိ စားပွဲတလုံးတွင် တယောက်တည်းထိုင်နေသည်။အခြားစားပွဲတွေမှာ ကိုယ့်အစုနှင့်ကိုယ် ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ စားသောက်နေကြသော်လည်း သူကတော့ အများနှင့် မတူ၊ ထူးထူးခြားခြားတယောက်တည်း ဆိုမှ တယောက်တည်း။

တကိုယ်လုံး နက်မှောင်နေသည်။ အထက်အောက် ဝတ်စုံနက်ဆင်တူကို ဝတ်ဆင်ထားသောကြောင့် ဖြစ်သည်။ ကျောပြင်ပေါ်တွင် ဆောင်မားရှည် နှစ်လက်ကို ကြက်ခြေခတ် လွယ်ပိုးထားသည်။ ခါးမှာလည်း ခါးစည်းကြိုးတချောင်းကရှိနေသည်။ အဖြူရောင် ခါးစည်းကြိုး ဖြစ်သည်။

သူ့မျက်နှာ ဘယ်သို့ရှိမည်ကို တော်ရုံတန်ရုံလူ မသိတတ်စွမ်းနိုင်။ ဒါကလည်း တခြားကြောင့် မဟုတ်။ ဦးခေါင်းပေါ်မှာ ဆောင်းထားသော ခမောက်ဝိုင်းကြီးကို မျက်နှာက တဝက်နီးပါး ဖုံးအုပ်ထားသောကြောင့် ဖြစ်သည်။

ထို့ကြောင့်လည်း နှုတ်ခမ်းနှစ်လွှာမှာပိရိတင်းစေ့သည်ဆိုရုံ၊ ချွန်မြမြနှာတံအောက်တွင် ထူထဲမည်းနက်သော နှာခေါင်းမွေးများ ရှိသည်ဆိုရုံ၊ ထိုသည်မှအပ သူ့မျက်နှာအထက်ပိုင်း အဘယ်သို့ ရှိသည်ကို မည်သူမျှ မခန့်မှန်းစွမ်းနိုင်။

သူ့ရှေ့ရှိ စားပွဲခုံပေါ်တွင်တော့ အရက် တကရားနှင့် ကြွေ



ပန်းကန်လုံးလေး နှစ်လုံး အရံသင့် ရှိနေသည်။ အံ့ဩဖို့တော့ ကောင်းနေပြီ။ ကြည့်လေ....

သူ ထိုင်နေသည်က တယောက်တည်း။ ဒါပေမယ့် ကြွေပန်းကန်လုံးက နှစ်လုံး၊ အဲသည့် ကြွေပန်းကန် နှစ်ပန်းကန်စလုံးထဲတွင်လည်း အရက်တွေက အပြည့်အမောက်။

သူနှင့် မျက်နှာချင်းဆိုင်မှာ နောက်ထပ် လူတယောက် ရှိနေသလိုလို၊ သူသည် ကြွေပန်းကန်လုံးထဲတွင် အရက်ထည့်မည့်သာ ထည့်ထားသည်၊ တကယ်တမ်းကျတော့ အရက်ထည့်ထားသော ကြွေပန်းကန်လုံးလေးကို လက်ဖြင့် ယောင်၍တောင် မကိုင်သေး။ သောက်ဖို့ဆိုသည်ကတော့ ဝေးရော။ ထိုင်နေပုံကလည်း တနေရာတည်း၊ မရွေ့မလျား၊မလှုပ်မချောက်၊တကယ့်ကျောက်ဆစ်ရုပ်တုကြီး တခုနှင့် မခြား။

သူ့အသွင်က အများအမြင်တွင် ထူးခြားနေသည်။ သူ့ပုံစံက လူတကာအတွက် ဂရုစိုက်စရာကြီး ဖြစ်နေသည်။

●

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
ဘောစိ ၄ ရွှေ
ဖုန်း ၂၀၇၉၉

## နောက်ရောက်လာသည့် လူ

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံး လွန်မြောက် လာသည်။ အမှောင်ဆုံးပိုင်း အချိန်သို့ ရောက်ရှိလာသည်။

ပန်းတရာ အရက်ဆိုင်ထဲတွင် မီးရောင်တို့ပင် လင်းလက်ကုန်ကြပြီ ဖြစ်သည်။ လျှပ်ရောင်တို့ ပြိုးပြက်နေဆဲ။ မိုးခြိမ်းသံကြီးတို့က ကြောက်ခမန်းလိလိ ထွက်ပေါ်နေဆဲ ဖြစ်သည်။ ထို့အတူ ညနေစောင်းကတည်းက မလှုပ်မချောက်ကြီး ရှိနေသည့် လူထူးဆန်း၊ ခမောက်ဖိုင်းနှင့် လူသား။

အလင်းရောင်ပျောက် အမှောင်ရောက်လာသည့် အချိန်သို့ ရောက်လာသော်လည်း သူကတော့ မူလအတိုင်း မတုန်မလှုပ်၊ ကျောက်ဆစ်ရုပ်ကြီးအတိုင်း။ ဆိုင်တွင်းမှ အခြား လူသားတွေသာ အပြောင်းအလဲ ဖြစ်ကုန်သည်။



သူကတော့ နဂိုအတိုင်း၊ ထိုင်ရာမှ မထ၊ မ ရွေ့ မ လျား၊ မလှုပ်မရှား။ တခုတော့ ရှိသည်။ နဂိုကတည်းက ပိရိ တင်းစေ့နေသော သူ့နှုတ်ခမ်းနှစ်လွှာက ပိုမို တင်းစေ့လာသည်။ စိတ်၏ လှုပ်ရှားမှုအတိုင်းအတာကို ဖော်ကျူး ပြသသည့် သဘောမျိုး။ မကျေမနပ်ဖြစ်ခြင်းကို ပြသသည့် သဘောမျိုး။ အပြင်လောကတွင် မိုးလေ သည်းနေသလို၊ သူ့စိတ်တို့ သည် လည်း မုန်တိုင်းထန်နေသည့် အလား။

အတော်လေး ကြာသွားသည်။ မတုန်မလှုပ် မရွေ့မလျားရှိနေသည့် ကျောက်ဆစ်ရုပ် ကြီးမှာ အသက် ဝင်လာသည်။ အနည်းငယ် လှုပ်ရှားလာသည်။ မျက်နှာတဝက် အုပ်လုနီးပါး ဖုံးလွှမ်းထားသည့် ခမောက်ဖိုင်းကြီးက အပေါ်သို့ အနည်းငယ် ရွေ့တက်သွားသည်။ သူ့အလိုလိုနေယင်း တက်သွားခြင်းတော့ မဟုတ်၊ သူကလက်ဖြင့် အပေါ်သို့အသာအယာမ တင်လိုက်သောကြောင့် ဖြစ်သည်။

စူးရှ တောက်ပြောင်သော မျက်လုံးအစုံက ပေါ်လာသည်။ သူ့အကြည့်က ဆိုင်ပေါက်ဝဘက်ဆီသို့ စူး စူး စိုက် စိုက် ကြီး ကျရောက်နေသည်။ နားအစုံကလည်း တခုခုကို နားစွင့်နေဟန်မျိုး။

မြင်းခွာသံ၊ ဟုတ်သည်။ မိုးသံ လေသံတို့ကြားထဲက ဖောက်ထွင်း ထွက်ပေါ်လာသည်က မြင်းခွာသံ ဖြစ်သည်။

မြင်းခွာသံက သိပ် ကျယ်လောင်လှသည်တော့မဟုတ်၊ မတိုးမကျယ်လေးဖြစ်သည်။ ဒါတောင်အသေအချာ နားစိုက်ထောင်မှ ကြားရမည်ဖြစ်သည်။ ဝေးရာမှ တဖြည်းဖြည်းနီးကပ်လာနေ

သည့် မြင်းခွာသံ၊ တိုးတိုးသဲ့သဲ့အနေအထားကနေ တစတစဖြင့် ကျယ်လောင်လာသော မြင်းခွာသံ။

အင်း၊ ချိန်းဆိုထားတဲ့လူတော့ လာပြီထင်သည်။ သူကတွေးသည်။ ပိရိတင်းစေ့သော နှုတ်ခမ်း ထောင့်စွန်း တွင် အပြုံး ရိပ်ကလေးတရိပ် မသိမသာ ခိုဝင်ငြိတွယ်လာသည်။ မျက်လုံးအစုံသည်လည်း အရောင် တောက် လက် လာ သည်။ ပြီးတော့၊ ကြည့်စမ်း၊ စောစောတုန်းက လက်ဖျားကလေးနှင့်ပင်မတိုးမထိခဲ့သည့် အရက်အပြည့်ဖြင့်ကြွေပန်းကန်လုံးလေးကို ညာလက်ဖြင့် အသာအယာ ကောက်ယူလိုက်ခဲ့ရာမှ တခါတည်း မော့သောက်ပစ်လိုက် ပါပကောလားလို့။

ထို့နောက် ဟူးကနဲနေအောင်ပင် လေပူ တွေကို မှုတ်ထုတ်သည်။ တဆက်တည်းဆိုသလို လက်ထဲမှ ကြွေပန်းကန်လုံးလေးကိုလည်း စားပွဲခုံပေါ်သို့ဆောင့်ချလိုက်သည်မှာ အသံ များ တောင် ထွက်လို့။ မျက်လုံးအစုံကလည်း ဆိုင်ဝင်ပေါက်ဘက်ဆီသို့ စူးစိုက်ကျရောက်နေသည်။

---

## ချိန်းဆိုထားတဲ့ ထိုလူ

---

မိုးသည် သည်းထန်နေဆဲဖြစ်သည်။ သည်းထန်နေသော မိုးနှင့် ပြိုင်၍ လေကလည်းအကြမ်းပတမ်း တိုက်ခတ်နေသည်။ လျှပ်ရောင်တို့ကလည်း ဝင်းကနဲ ဝင်း ကနဲ ပြိုး ပြက် လိုက် သည်မှာ မျက်စိကျိန်းစူးစေမတတ်။ တချီတချီ၊ နားစည်ကွဲအက် မတတ် ထစ်ချုန်းလိုက်သည့် မိုးခြိမ်းသံကြီးတို့ကလည်း ကမ္ဘာပျက်သလား မှတ်ထင်ရလောက်သည်။

ထိုအချိန်မှာပင်'ပန်းတရာ'အရက်ဆိုင်ရှေ့ဆီသို့လူတယောက် ရောက်ရှိလာသည်။ သူ စီးလာသည့်မြင်းက အဖြူရောင်ဖြစ်သည်။ ထွားသည်၊ကျိုင်းသည်၊လည်ဆံမွေးတဖွားဖွားဖြင့်အလွန်တရာမှ ကြည့်၍ကောင်းနေသည်။

မြင်းကြီးက ထွားကျိုင်းလှပသလို စီးနင်းလိုက်ပါလာသည့်

လူကလည်း ကိုယ်လုံးကိုယ်ပေါက် ထွားထွားကျိုင်းကျိုင်း ဗလကောင်းကောင်းနှင့် လူဘဲယောက်ဖြစ်နေသည်။ အဖြူရောင်မြင်းကြီးကိုစီးနင်းလိုက်ပါလာသည့် ထိုသူ့အဝတ်အစားတို့မှာလည်း အဖြူရောင်ဖြစ်နေသည်။ကျောပြင်ပေါ်တွင် ဆောင်ဓားရှည် တလက်ကို လွယ်ပိုးထားသည်။ ခါးဘေးမှာ ပေါက်ဓားတချောင်းကို တွယ်ချိတ်ထားသည်။

လော့ခလာဆယ်ဘွင် ဒဏ်ရာဝဒနာတရပ်ရပ်ကို ခံစားခဲ့ရသည်လားမဆိုတတ်နိုင်။ ယောကျ်ားပီသလွန်းနေသည့် သူ့မျက်နှာပြင်သည် ရှုံ့ရှုံ့မဲ့မဲ့ရှိနေသည်။ နဂိုကအရောင်တောက်ပမည့် သူ့မျက်လုံးအစုံသည် ယခုတော့ အရောင်အဆင်း မှေးမှိန်ကွယ်ပျောက်၍ငိုက်ဆင်းနေသည်။

စိတ်ကိုတင်းထားလွန်းလို့သာ မြင်းပေါ်တွင် ထိုင်လိုက်ပါလာနိုင်နေသော်လည်း တချက်တချက်တွင်တော့ ဦးခေါင်းမှာ ငိုက်ကနဲ ငိုက်ကနဲဖြစ်သွားတတ်သည်။ မြင်းဇက်ကြိုးကိုကိုင်တွယ်ထားသည့် လက်တို့ကလည်း လျော့လျည်းလျည်း ဖြစ်နေသည်။ သူသည် 'ပန်းတရာ'အရက်ဆိုင်ရှေ့သို့ အရောက်တွင် အောက်သို့ ရုတ်တရက် မဆင်းသေး။ အောက် သို့ ဆင်း နိုင်ဖို့ အ ရေး အရှိန်ယူနေပုံမျိုးဖြင့် မြင်းပေါ်တွင်ပင် အတန်ကြာ ထိုင်နေသေးသည်။ 'ပန်းတရာ'အရက်ဆိုင်ရှေ့မှာ ထွန်းညှိထားသော ပိုးမီးအိမ်၏အလင်းရောင်အောက်တွင် သူ့မျက်နှာသည် သွေးဆုတ်သလို ဖြူဖျော့ဖျော့ကြီးဖြစ်လျက်ရှိသည်။

စွဲကပ်စိုနေသော မိုးရေထဲမှာ ရပ်နေရသောကြောင့်လားမသိ။ မြင်းသည်လှုပ်လှုပ်ရွရွဖြစ်စပြုလာသည်။ ခြေတလှုပ်လှုပ် နှာ



တမှုတ်မှုတ် ပြုလာသည်။ ဦးခေါင်းကိုလည်း ဗယ်ပြန်ညာပြန် ယမ်းခါနေသည်မှာ လည်ဆံမွှေးများ တဖွားဖွား ဖြစ်လာသည် အထိဖြစ်သည်။

"ဂျိန်း....ဒိုင်း....ဒိုင်း....ဝုန်း"

မိုးထစ်ချုန်းသံကြီးတချက်က ကြောက်မက်ဖွယ် ထွက် ပေါ်လာသည်နှင့်အမျှ လျှပ်ရောင် တန်း ကြီး က လည်း ဝင်းကနဲ ပြက်လိုက်သည့်နောက်....၊

မြင်းဖြူကြီးမှာ တချက်ဟီပြီး ပဒပ်ရပ်သိုက်တော့သည်။ မြင်းဇက်ကြိုးကို လျော့လျည်းလျည်းကိုင်ထားသည့် ထိုသူ့ခမျာ မြင်းပေါ်ကနေ နောက်ပြန်ဒလိမ့်ခေါက်ကွေး ကျဆင်းသွားချေတော့သည်။ ကိုင်တွယ်ထိန်းသိမ်းမည့်သူ မဲ့သွားသည့် မြင်းဖြူကြီးသည် လာလမ်းအတိုင်း နောက်ပြန် ကဆုန် ပေါက်ပြေးတော့သည်။မြေပြင်ပေါ်မှာ လေးဘက်ထောက်ကြီးဖြစ်နေသည့် ပိုင်ရှင်ဖြစ်သူ ထိုသူ့ကိုပင် လှည့်မကြည့်တမ်း။ အလိုလို ကမ္ဘာ အားအင်ကုန်ခန်းသကဲ့သို့ ဖြစ် နေ သည့် ထိုသူခမျာ မြင်းပေါ်ကနေနောက်ပြန်ဒလိမ့်ခေါက်ကွေး လဲကျသွားသောဒဏ်ကြောင့် မျက်နှာမှာ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားရှာသည်။

လဲကျနေရာမှ ပြန်သည် ထရပ်နိုင်ဖို့ကလည်း မနည်း အားယူကြိုးစားထနေရရှာသည်။ လက်နှစ်ဘက်ကိုမြေပြင်ပေါ်ထောက်၍ အားယူထနေရသည်။ သိပ်တော့ မလွယ်၊ စိတ်ပန်းလူနွမ်းဖြစ်နေရသည့် ထိုသူ့ခမျာ ကြိုးစားကြီး မားမား မတ်မတ် မရပ်နိုင်စွမ်း။မြေပြင်ပေါ်တွင် လေးဘက်ထောက်ကြီး ဖြစ်နေရရှာသည်။

အတော်လေးကြာတော့မှပင် လေးဘက်ထောက်လျက်ကြီး အနေအထားမှ မားမားမတ်မတ်ရပ်နိုင်စွမ်းတော့သည်။ သူသည် အံကိုတင်းတင်းကြိတ်သည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။ ပန်းတရာ အရက်ဆိုင်ပေါက်ဝဘက်ဆီသို့ ဦးတည်၍ ခြေလှမ်းကိုစတင်ရွေ့လျားသည်။

ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်စွမ်း မရှိတော့ပါကလား။ ရွေ့လျားနေသည့် သူ့ခြေလှမ်းအစုံမှာ မူမမှန်တော့။ အမူးသမားတယောက်လို ဒယိမ်းဒယိုင်ဖြစ်နေသည်။ လျှောက်လှမ်း နေယင်းမှာပင် ဒူးတို့မှာ ညွတ်ခွေချင်နေသည်။ ကိုယ်ခန္ဓာမှာ အလိုလိုနေယင်း ပြိုလဲ ယိုင်ဆင်း တော့မည့်နှယ် ရှိသည်။ မနည်းကြီး စိတ်ဓာတ် မြှင့်တင်၍ အားယူ လျှောက်လှမ်းလိုက်သည့်နောက် သူသည် 'ပန်းတရာ'အရက်ဆိုင်ထဲသို့ ရောက်ဖြစ်ခဲ့ပါတော့သည်။ အပြင်တွင် မိုးအေးသလောက် ဆိုင်ထဲမှာ လူကသိပ် များများစားစား မရှိလှချေ။ ဟိုတယောက်စ သည်တယောက်စ ဆိုသလောက်သာ ရှိသည်။

အ ထဲ တွင် မီးအလင်းရောင်သည် ထိန်ထိန်ညီးအောင်ပင် လင်းလက်နေသည်။ ဘာကြောင့်ရယ် မသိ၊ ထိုမျှ လင်းလက်နေသော မီးအလင်းရောင်သည်ပင် သူ့မျက်စိအမြင်တွင် မှေးမှိန်လွန်းနေသလို မှတ်ထင်ရသည်။

ဆိုင်ခန်းတခန်းလုံးကို ကျီးကန်းတောင်းမှောက် လျှောက်၍ လှည့်ပတ်ကြည့်မိသည်။ သူ့မျက်စိ အကြည့်က တနေရာတွင် ရပ်တန့်သွားသည်။ သူ့အကြည့် ရပ်တန့်သွားသည့်ထိုနေရာတွင် လူတယောက်က ထိုင်နေသည်။ ဝတ်စုံနက်ဆင်တူဝတ်ထားသော



သူ ဖြစ်သည်။ အင်း....ချိန်းဆိုထားသည့် အတိုင်း အဆင်သင့်ကြိုတင် ရောက်နေပြီကိုး။

သူ့စိတ်တွင်းမှ ရေရွတ်သည်။ အသက်ကို ပြင်းစွာ ရှူသည်။ အသက်ရှူရသည်မှာ သက်တောင့်သက်သာ မရှိတော့။ လေကို ဝဝလင်လင် ရှူရှိုက်၍ မရ၊ ရင်မှာ ကျပ်တောက်နေသည်။ သူ့အခြေအနေကို သူ ရိပ်စားမိလိုက်သည်။ စိုးထိတ်ကြောက်လန့်စိတ်က သူ့တကိုယ်လုံးကို လွှမ်းခြုံပစ်လိုက်သည်။

မကြာမီအချိန်အတောအတွင်းမှာ ဖန်တီးလာတော့မည့် သူ့ကံကြမ္မာအတွက် ကြိုတင် စိုးရိမ်မိလိုက်ရာမှ တ ဆက် တည်း ခြေလှမ်းကို ဆက်လက်ရွေ့လျားမိခဲ့တော့သည်။ သူ့ခြေထောက် ဦးတည်ရာက ဝတ်စုံနက်နှင့် လူထံသို့၊စားပွဲတလုံးမှာ တယောက်တည်း အရက်ထိုင်သောက်နေဟန်ရှိသည့် ချိန်းဆိုထားသူ ဆီသို့သာတည်း။

●

ရုံး ၂၀၇၉၉

## ရွှေနဂါး၊ ကောင်းထင်....ပြီးတော့.... ရှောင်လင်မြေဆို့

"ဘယ့်နှယ်လဲ၊ အခြေအနေဟန်ရဲ့လား ရွှေနဂါး"

ဝတ်စုံနက်နှင့်လူက မျက်လုံးလေး အထက် လှန်၍ အသာအယာ မော့်ကြည့်ယင်း မေးသည်။ သူသည် မေးခွန်းကို အဖြေမပေးသေးပဲ ဝတ်စုံနက်နှင့်လူ၏ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ခဲ့သည်။

စားပွဲခုံပေါ်မှ ကြွေပန်းကန်လုံးလေးထဲတွင် အဆင် သင့် ထည့်ထားသည့် အရက်များကိုလည်း တခါတည်း မော့သောက်ပစ်လိုက်သည်။

"အခြေအနေကတော့ သိပ် မဟန်ဘူး၊ ပြောရယင်တော့ ငါတို့ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာဘူး"

'ရွှေနဂါး'သည် စကားကို အတော်ကြီး ကြိုးစား၍ ပြောခဲ့



ရဟန်တူသည်။ စကားဆုံးသည်နှင့် သူ့မျက်နှာ သွင်ပြင်သည် ရှုံ့ရှုံ့မဲ့မဲ့ဖြစ်လာသည်။ ဒဏ်ရာအနာတရ တခုခုကို အတွင်းကျိတ်ကျိတ်၍ ခံစားနေရသည့်ပုံစံမျိုး။ ဝတ်စုံနက်နှင့်လူသည် ရွှေနဂါး၏ မျက်နှာသွင်ပြင်ကို အကဲခတ် လေ့လာနေသလို စူးစူးစေ့စေ့ ကြည့်နေခဲ့ရာက နောက်တော့ မျက်မှောင်ကိုကြုတ်လိုက်ခဲ့သည်။ တဆက်တည်းဆိုသလို။

"ဒါဆိုယင် မင်းရဲ့ လုပ်ဆောင်ချက်က မျှော်လင့်ထားသလို မအောင်မြင်ခဲ့ဘူးပေါ့လေ ဟုတ်လား"

အတွင်းစိတ်များ လှုပ်လှုပ်ရှားရှားဖြစ်နေသောကြောင့်လား မဆိုတတ်နိုင်။ မေးခွန်းထုတ်လာသည့် ဝတ်စုံနက်နှင့်လူ၏ လေသံသည် စောစောကထက် အနည်းငယ် ကျယ်လောင်လာသကဲ့သို့ ရှိသည်။ တင်းတင်းမာမာဖြစ်လာသလိုလည်း ရှိသည်။

ဘာကြောင့်လည်း မသိ။ ထိုစဉ်မှာပင် 'ရွှေနဂါး'၏မျက်နှာသည် သွေးဆုတ်သလို ဖြူဖျော့သည်ထက် ဖြူဖျော့လာသည်။ မျက်လုံးအစုံသည် နဂိုနေထက် ပိုမို ပြူးကျယ်ဝိုင်းစက်လာသလို ရှိသည်။ ကြောင်စီစီဖြစ်လာသလို ရှိသည်။

သူသည် ရှေ့ဆီသို့သာ ကြည့်နေသော်လည်း သူ့မျက်စိအမြင်ကတော့ ဘာမှ ရှိပုံ မပေါ်ချေ။ ဖြူရော်ရော်ကြီး ဖြစ်နေသည့် နှုတ်ခမ်းနှစ်လွှာသည် တဆတ်ဆတ် တုန်လှုပ်လာသည်။ အဆက်အစပ် မရှိသော စကားများကို လွှတ်ထုတ်လာသည်။

"မင်း ခိုင်းလိုက်တဲ့ အတိုင်း ငါ ကြိုးစားခဲ့တယ်၊ သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းရှိတဲ့ဆီကို မရောက် ရောက်အောင်

အခက်အခဲတွေအားလုံးကိုကျော်လွှားပြီးသွားခဲ့တယ်။ဒါပေမယ့် နောက်ဆုံး သူနဲ့တွေ့တော့ ငါ အရေးနိမ့်ခဲ့ရတယ် ကောင်းထင်”

“သူတို့ဘက်ကလူတွေက မင်းထက် ပိုပြီးတော့များ ပညာအရာမှာ သာနေလို့လား”

“သာတယ်၊ သာဆို ရှောင်လင်မြွေဆိုးဆိုတဲ့ တကယ့်ဒိတ်ဒိတ်ကြဲ သိုင်းသမားကြီးနဲ့မှ သွားပြီး ထိပ်တိုက် တိုးနေတာကိုးကွ”

“ရှောင်လင် မြွေဆိုး၊ ဟုတ်လား”

“ဟုတ်တယ်၊ သူ့ရဲ့ အကျော်ကြားဆုံး လက်ဝါးရိုက်ချက် တကွက်ဖြစ်တဲ့ တွင်းထွက် မြွေပေါက် လက်ဝါးရိုက်ချက်ဒဏ်ကို လဲ ငါ ခံခဲ့ရတယ်လေ၊ ငါ သိတယ် ကောင်းထင်၊ ငါ့ရဲ့ခန္ဓာကိုယ်မှာ အပေါ်ယံ အမြင်မှာတော့ ဘာမှ မပြောင်းလဲပေမယ့် ငါ့ရဲ့ ကိုယ်ခန္ဓာအတွင်းမှာတော့ ကွဲကြေပျက်စီးနေတာတော့ အမှန်ပဲ၊ လောလောဆယ်ဆယ်မှာ ငါဟာ မသေသေးပေမယ့် ဒဏ်ရာ ဝေဒနာကို တရိရိနဲ့ ခံစားပြီး သိပ် မကြာတော့တဲ့ အချိန်ပိုင်း အတွင်းမှာ သေဆုံးရတော့မှာတော့ အမှန်ပဲ၊ တကယ်လို့....ငါ သေသွားယင် ငါ့ရဲ့ကိုယ်စား မင်း အဲဒီ ရှောင်လင်မြွေဆိုး ဆိုတဲ့ သတ္တဝါကြီးကို လက်စားချေနိုင်အောင်သာ ကြိုးစားပါ သူငယ်ချင်း၊ ဘယ့်နှယ်လဲ ကောင်းထင်”

စင်စစ် ‘ရှောင်လင် မြွေဆိုး’သည် နာမည်တလုံးနှင့်လူ ဖြစ်သည်။ သိုင်းပညာအရာမှာတော့ ‘ရှောင်လင်’ ကျောင်းထွက် တယောက်ပီပီ တော်သည်။ သာသည်၊ ထက်သည်။တော်ရုံတန်ရုံ သိုင်းသမားတယောက်အနေနှင့် သူ့ကို အလွယ်တကူ ယှဉ်ပြိုင်၍ မရ။

သည်ကနေ့....၊

သိုင်းအကျော်အမော်ကြီးများကပင် လေးစား ကြည်ညိုခြင်း ခံနေရသော သိုင်းဘုရင်ကြီးတပါးဆိုလျှင်လည်း မှားမည်မဟုတ်။ သည်လို ကျော်ဇောထင်ရှားလှသော သိုင်းထိပ်သီးကြီးတယောက်ကို ရင်ဆိုင်တိုက်ခိုက်ဖို့ဆိုသည်က သူ့အဖို့ ငှက်ပျောသီးအခွံနွာ စားသလောက်တော့ လွယ်ကူမည်မထင်။

သူက သိုင်းစွမ်းရည်မှာ ထက်မြက်သော်လည်း ‘ရှောင်လင် မြွေဆိုး’လောက်တော့ ပညာအဆင့်မမြင့်။ယင်းသည်ကို သူ့ကိုယ်သူ ကောင်းကောင်းကြီး သိသည်။ ဒါကြောင့်လည်း ‘ရွှေနဂါး’၏ မေးခွန်းကို ရုတ်တရက် ချက်ချင်းကြီး အဖြေမပေးနိုင်ပဲဖြစ်သွားရသည်။ အရာရာကို စဉ်းစားတွက်ဆနေသလိုလည်း တွေဝေ ငေးငိုင်သွားရသည်။နှုတ်မှလည်း ဆွံ့ဆွံ့အအဖြစ်သွားရသည်။ကြောက်စရာတော့ မရှိပါ။ ‘ရှောင်လင်မြွေဆိုးသည်’ သိုင်းပညာအရာမှာ မည်မျှပင် အစွမ်းထက်မြက်နေပါစေ၊ ဉာဏ်ပညာစွမ်းရည်၊ နည်းပရိယာယ်စွမ်းရည်မှာတော့ သူ့လောက် သာချင်မှ သာပေလိမ့်မည်သာတည်း။

တဘက်က ယင်းသို့ လှည့်၍ တွေး လိုက် မိ ပြန် တော့လည်း ကောင်းထင်၏ စိတ်ဓာတ်တို့မှာ ပြန်လည် တက်တက်ကြွကြွဖြစ်လာသည်။ နိုးနိုးကြားကြား ပြန် ဖြစ်လာသည်။ ‘ရွှေနဂါး’ တယောက် စိတ်ကျေနပ်မှုရစေရန်လည်း ကတိစကားတွေ ပေးခဲ့မိပါတော့သည်။

“ဘာမှမပူနဲ့တော့ ရွှေနဂါး၊ မင်းကို ဒုက္ခပေးလိုက်တဲ့ ရှောင်လင် မြွေဆိုးကို အနိုင်ယူနိုင်အောင် ငါ ကြိုးစားမယ်။ မင်း အခု

လို ခံစားနေရတာထက်ပိုပြီး သူ့ကို ဒုက္ခရောက်အောင် ငါ ဖန်တီးမယ်။ သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းကိုလဲ ငါ ရအောင်ကြိုးစားမယ်"

သူက အားတက်သရော ကတိစကားတွေ ပေးလိုက်တော့လည်း 'ရွှေနဂါး'၏ နှုတ်ခမ်းဒေါင့်စွန်းတွင် လျှော့လျည်းသော အပြုံးရိပ်ကလေးတရိပ်က မသိမသာ ကွန့်မြူးလာသည်။တဆက်တည်း ဆိုသလို ရွှေနဂါးသည် အားယူ၍ပြောရသောလေသံလေးဖြင့်လည်း ပြောခဲ့ပုံက....

"မင်းရဲ့အရည်အချင်းကိုတော့ ငါ ယုံကြည်ပါတယ် ကောင်းထင်။ ဒါပေမယ့် သတိတော့ လက်ကိုင်ပြုထားပေါ့။သတိဆိုတာက ပိုတယ်မရှိတတ်ပါဘူးလေ။ အထူးသဖြင့်တော့ ရှောင်လင်မြေဆိုး အများဆုံး အသုံးချတတ်တဲ့ တင်းထွက် မြေပေါက်လက်ဝါးရိုက်ချက်အကွက်ကိုတော့ ရှောင်တိမ်းနိုင်အောင်ကြိုးစားပေါ့လေ။ ဒီအကွက်ကို ရှောင်တိမ်းနိုင်ယင်တော့ မင်း သူ့ကိုအောင်နိုင်မှာအမှန်ပဲ"

"ဒီအတွက်တော့ စိတ်ချ။ ငါ သူ့ရဲ့ လက်ဝါးရိုက်ချက်ကိုရှောင်တိမ်းနိုင်အောင် ကြိုးစားပါ့မယ်လေ။ ကဲ.... ရွှေနဂါး ငါသွားမယ်။ အချိန်ရှိတုန်းလေး လို့လစိုက်လိုက်အုန်းမယ်။ သူတို့တတွေ မမျှော်လင့်တဲ့အချိန်မှာ သူတို့အထဲကိုရောက်အောင် ငါသွားမယ်။ ဒါမှ သူတို့တတွေ ပေါ့ပေါ့ဆဆဖြစ်နေတဲ့ အချိန်နဲ့ကြုံပြီး ငါ့အတွက်လဲ အဆင်ချောလိမ့်မယ်"

ကောင်းထင်သည် စိတ်ထက်သန်စွာပြောယင်း ထိုင်ရာမှ ဆတ်ကနဲ ထရပ်သည်။



"ငါတော့ မင်းရဲ့ပြန်အလာကို ဒီကနေပဲ ထိုင်စောင့်နေတော့မယ် ကောင်းထင်"

ရွှေနဂါးက လေသံပျော့ကလေးဖြင့် ဆိုသည်။စကား အဆုံးတွင် သူသည် စိတ်လျှော့ချလိုက်ပုံမျိုးဖြင့် ထိုင်ခုံနောက်မှီသုပ်၍ ထိုင်ချလိုက်ခဲ့သည်။ အသက်ကိုလည်း ခက်ခက်ခဲခဲ ရှူနေရပုံ ရသည်။ မျက်လုံးစုံမှိတ်၍ ပါးစပ်ကလေး ဟလျက်နှင့် ဘဝင်မှာအနိမ့်အမြင့် မြန်ဆန်စွာ ဖြစ်ပေါ်နေသည်။

ကောင်းထင်သည် ရွှေနဂါး၏ ခြေပစ်လက်ပစ် အဖြစ်ကိုအတော်ကလေး ကြာသည်အထိ ရပ်ကြည့်နေသေးသည်။ ထို့နောက်တော့မှပင် ဦးခေါင်းကို ဗယ်ပြန်ညာပြန် ယမ်းခါပြီး ရွှေနဂါး၏အပါးကနေ ခြေလှမ်းကျဲကြီးတွေဖြင့် ထွက်ခွာ သွားခဲ့တော့သည်။

အပြင်တွင် မိုးက အနည်းငယ်ပါးစပြုနေပြီဖြစ်သည်။ လျှပ်ရောင်တို့က ဝင်းကနဲ ဝင်းကနဲ ပြိုးပြက်လိုက်တတ် သော်လည်းကြောက်မက်ဖွယ် မိုးထစ်ချုန်းသံကြီးတွေကတော့ စောစောကလောက် ထွက်ပေါ်မလာတော့။ လေကတော့ အရှိန်မလျော့သေး။ ပြင်းစွာ တိုက်ခတ်နေဆဲဖြစ်သည်။ အအေးဓာတ်ကလည်းထွေးရစ်ပတ်ထားဆဲဖြစ်သည်။

ကောင်းထင်သည် ပန်းတရာအရက်ဆိုင်ထဲမှ ထွက်ခွာခဲ့သည်။ မိုးရေတွေကြားထဲသို့ ဝင်လျှောက်ခဲ့သည်။ ဦးခေါင်း ပေါ်မှခမောက်လေးကိုတော့ မိုးလုံလေလုံဖြစ်စေရန် မျက်နှာ တဝက်အုပ်လုနီးပါးဖြစ်သည်အထိ အောက်သို့ဆွဲချထားလိုက်သည်။

မိုးဒဏ် လေဒဏ်ကြောင့်ပင် ထင်သည်၊ လမ်းပေါ်တွင် လူ

အသွားအလာ လုံးဝမရှိသလောက် ကင်းရှင်းလျက်ရှိသည်။မိုးသံလေသံမှအပ အရာခပ်သိမ်း တိတ်ဆိတ်နေတတ်သို့လည်းရှိသည်။

မိုးရေ တစွတ်စွတ်ဖြင့် လျှောက်လှမ်းနေရသည့် ကိုယ့်ခြေသံသည်ပင် ယခုလို တိတ်ဆိတ်နေသည့် အချိန်ကာလ မျိုးတွင် အတော်ကြီး ကျယ်လောင်နေသလား မှတ်ထင်ရသည်။ သူသည် ခြေလှမ်းကို သုတ်သုတ်ကလေးနှင်ခဲ့သည်။

သူ့ အနေနှင့် ရှောင်လင်မြေဆိုးတို့ ရှိရာဆီသို့ စက္ကန့်မဆိုင်း အရောက်သွားနိုင်မှဖြစ်မည်။

အပြောင်းအလဲတွေမဖြစ်ခင် သူ့ လက်ထဲသို့ သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းရရှိလာအောင်ကြိုးပမ်းရမည်။ရွှေနဂါးကို ကတိပေးခဲ့သလို ရှောင်လင်မြေဆိုးကိုလည်း နပူးတွေ့ ဒူးတွေ့ ရင်ဆိုင်ပြီး ဖြေရှင်းပစ်ရမည်။

ကောင်းထင်၏ စိတ်တို့မှာ လှုပ်ရှားလာသည်။ တက်တက်ကြွကြွ ဖြစ်လာသည်။ သွေးတို့မှာ ပူနွေးလာသည်။ လျှောက်လှမ်းနေသည့် ခြေလှမ်းတို့မှာလည်း ပို၍ သွက်လက် မြန်ဆန်လာသည်။

ဩော်....ညရယ်၊ မိုးရယ်၊ လေရယ်၊ ပြီးတော့ လူသူရှင်းလင်းနေသည့် လမ်းပေါ်မှာ ဝတ်စုံနက်နှင့် လူတယောက်ရယ်။

●

## မြေဆိုး ဂေဟာ

မြေဆိုးဂေဟာသည် ပန်းတရာအရက်ဆိုင်နှင့် ဆို သိပ်ပြီး မဝေးလှချေ။ မရပ်မနား ခရီးနှင်ခဲ့ပါမူ ကွမ်းနှစ်ယာညက်ခန့်လောက်နှင့် ရောက်ရှိနိုင်သည်။မြေဆိုးဂေဟာကို လူသူအရောက်အပေါက်နည်းသည့် နေရာတွင် ဆောက်လုပ်ထားသည်။

မြေဆိုးဂေဟာ၏ ပတ်ဝန်းကျင်တဝိုက်တွင် လူနေ အိမ်ခြေကလည်း နည်းလွန်းလှသည်။ မြေဆိုးဂေဟာသည် ခြံနှင့်ဝင်းနှင့် ဖြစ်သည်။ ဂေဟာတဝိုက်ကို အစောင့်များ ချထားသည်။ ထိုအစောင့်များမှာလည်း နှယ်နှယ်ရရ အစောင့်များ မဟုတ်။ အဆင့်မြင့်သိုင်းသမားတွေ ဖြစ်သည်။ တော်ရုံတန်ရုံပညာလေးဖြင့် စမ်း၍ မရသည့် တကယ့် ထိပ်သီးတွေ ဖြစ်သည်။

ဂေဟာ၏ အရှင်သခင်က ရှောင်လင်မြေဆိုး။ အစက သူ့

နာမည်သည် ရှောင်လင်မြွေဆိုး မဟုတ်။ စစ်ဖန်း ဖြစ်သည်။ သို့သော် ရန်သူနှင့် ရင်ဆိုင် တိုက်ခိုက်သော အခါများ၌ မြွေသိုင်းကွက်တော့ကိုချည်း အသုံးများခဲ့သောကြောင့် သူ့ကို လူအများက မြွေဆိုးဟု ခေါ်ဝေါ် လာခဲ့ကြတော့သည်။

သူသည် ရှောင်လင်ကျောင်းထွက်တယောက်လည်းဖြစ်သည်။ သို့မို့ကြောင့်လည်း သိုင်းလောကတွင် သူ့နာမည် အရင်း ဖြစ်သည့် စစ်ဖန်း ကွယ်ပျောက်ခဲ့ရသည်။ ရှောင်လင်မြွေဆိုးဆိုသည့် အမည်နာမလည်း တွင်လာခဲ့တော့သည်။

●

## ဂိုဏ်းကြီးလေးဂိုဏ်း၊ စာပဒေသာကျမ်း

သိုင်းလေးဂိုဏ်း စာပဒေသာကျမ်း။ သိုင်းလောကတွင် နာမည်ကြီး ဂိုဏ်းကြီးလေးဂိုဏ်း ရှိသည်။

ရှောင်လင်ဂိုဏ်း၊ ဝူတန်းဂိုဏ်း၊ ခုံးလွမ်းဂိုဏ်း၊ တိုက်ကျိဂိုဏ်း စသော နာမည်ကြီး ဂိုဏ်းကြီးလေးဂိုဏ်း ဖြစ်သည်။

ယင်းဂိုဏ်းကြီး လေးဂိုဏ်းမှ လျှို့ဝှက် သိုင်းကျင့်စဉ်များကို တပေါင်းတစည်းတည်း စုထားသောကြောင့် ထိုကျမ်းကြီးကို သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းဟု အမည် ခေါ်တွင် ရစ်စေသည်။ ထိုစာပဒေသာကျမ်းကြီးကို သိုင်းသမားတိုင်းက လိုလိုချင်ချင် ရှိကြသည်။

အမျိုးမျိုးသော နည်းများဖြင့်လည်း အရယူဖို့ ဖန်တီးခဲ့ကြသည်။ ကြိုးစား အားထုတ်ခဲ့ကြသည်။ သို့လင့်ကစား ကြိုးစားအားထုတ်သူမှန်သမျှအားလုံး ဆန်ပြုတ်ဖြစ်ပြီး ဆုတ်ပြန်ခဲ့ကြရသည်ချည်း သာတည်း။ မည်သူမျှ ရှောင်လင်မြွေဆိုးကို မတွန်းလှန်နိုင်ကြပဲ ရှိသည်။ မြွေဆိုးဂေဟာထဲသို့ မဝင်ရောက်နိုင်ကြပဲ ရှိသည်။ ယခုလည်း ကြည့်လေ....။

●

## အဆင့်မြင့် သိုင်းသမား ရွှေနဂါး

ရွှေနဂါး၊

သိုင်းလောကတွင် သူသည်လည်း အထင်ကရ လူတယောက်ပေပဲ။ ဒါပေမယ့် ရှောင်လင်မြေဆိုးနှင့်ကျတော့ သူသည်လည်း သိက္ခာကျခဲ့ရသည်။ လက်မြှောက်အရှုံးပေးခဲ့ရသည်။ ရှောင်လင်မြေဆိုး၏ အတိုက်အခိုက်ကို ရေရေလည်လည် ခံခဲ့ရရှာသည်။

ရှောင်လင်မြေဆိုး၏ လူသိများသလောက်အကျော်ကြားဆုံး သိုင်းကွက်တကွက်ဖြစ်သည့် တွင်းထွက် မြွေပေါက် လက်ဝါးရိုက်ချက် ဒဏ်ကြောင့်လည်း သူ့ခမျာ အတွင်းကြေ ကြေရသည့် ဝေဒနာကို ခံစားခဲ့ရရှာသည်။

ဆောင်းထင်သည် တွေးယင်းမှာပင် ရင်မှာ ကျပ်တောက်လာသည်။ အသက်ရှူရသည်မှာလည်း လွတ်လွတ်လပ်လပ် မရှိ



တော့သလို ခံစားလိုက်ရသည်။ မခံချင်စိတ်နှင့် သိုင်းလေးဂိုဏ်းစာပဒေသာကျမ်းကြောင့်သာ တယောက်တည်း ထွက်ခဲ့ရသည်။ တကယ်တမ်း သူတို့တတွေနှင့် ရင်ဆိုင် ယှဉ်ပြိုင်ဖို့ဆိုသည်ကတော့ အရက်ကလေးသောက်ငှက်ပျော်သီးကလေးစားသလောက်တော့ လွယ်ကူမည် မဟုတ်။

ရှောင်လင်မြေဆိုး ဆိုသည်က သိုင်းလောကတွင် နာမည်နှင့်လူဖြစ်သည်။ အထင်ကရ လူတယောက် ဖြစ်သည်။ သူ့ နောက်တော် ပါးတွေ ဆိုသည်ကလည်း မိမိထက် ပညာအဆင့် မနိမ့်သူတွေချည်း။

လျှောက်လှမ်းလက်စ ခြေလှမ်းတို့သည်ပင် သွက်လက်မြန်ဆန်နေရာမှ အနည်းငယ် နှေးချင်ချင်ပင် ဖြစ်ခဲ့ရသည်။ စိတ်ထဲတွင်လည်း ဘာရယ် မဟုတ်၊ သောက စိုးရိမ်ကြောင့်ကြစိတ်ကလေးများ အလိုလိုနေယင်း ခိုဝင်ငြိတွယ်လာသည်။ ချီတုံချတုံ စိတ်များကလည်း ဝင်ရောက် နှောင့်ယှက်လာသည်။

နောက်တော့မှ အခြေအနေအရပ်ရပ်ကို ပြန်လှန် သုံးသပ်မိလိုက်သလို၊ အင်းလေ....အခုအခါ နောက်ဆုတ်လို့လည်း ဘာအကြောင်းမှ ထူးမည် မဟုတ်တော့၊ သိက္ခာကျရုံအပြင် သိုင်းသမားတိုင်း လိုလိုချင်ချင်ရှိနေသည့် သိုင်းလေးဂိုဏ်းစာပဒေသာကျမ်းနှင့်လည်း ဝေးသည်ထက် ဝေးသွားရုံသာ ရှိတော့မည်။

ပြီးတော့လည်း ပယ်ပယ်နယ်နယ်ကြီး ခံခဲ့ရသည့် ရွှေနဂါးအတွက်လည်း လက်စားချေခွင့် ရတော့မည်မဟုတ်။ သည်တော့ သူ့အနေနှင့် နောက်ဆုတ်လို့ မဖြစ်။ ဇမိသည့်ခရီးကို ဆိုးဆိုးကောင်းကောင်း ဆုံးသည်အထိ ဆက်လျှောက်သွားဖို့ပဲ ရှိတော့

သည်။ ကိုယ့်ဘက်က ရှုံးကာမှ ရှုံးရော့၊ မဒသခင်လေးမှာ ရှောင်လင် မြေဆိုးနှင့် ပညာအရည်အချင်းလေး ယှဉ်ပြိုင်သွားလိုက်အုန်းမည်။ စိတ်ဆုံးဖြတ်ချက်ချလိုက်မိသည့်အဆုံး စောစောတုန်းက ချီတုံချတုံစိတ်ကြောင့် နွေးချင်ချင် ဖြစ်သွားရသော ခြေလှမ်းတို့သည်ပင် မူလအတိုင်း ပြန်လည် သွက်လက် မြန်ဆန်လာတော့သည်။ ရှေ့တည့်တည့်မှ တရကြမ်း ပက်ဖျန်းပေးနေသည့် မိုးရေစက်ပေါက်များကို ဇွတ်အတင်းတိုး၍ လိုရာအရပ်ဆီသို့အရောက် ခရီးနှင်ခဲ့ပါတော့သည်။

●

---

## မြေဆိုးဂေဟာထဲသို့ အဝင်

---

စိတ်တွေက ထက်သန်နေသောကြောင့်ပဲ ထင်သည်။ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်ခဲ့သည့်အဆုံး မကြာမဘင် အချိန်လေးအတောအတွင်းမှာပင် လိုရာခရီးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ဖြစ်ခဲ့ရတော့သည်။

မြေဆိုးဂေဟာ ရှေ့ဆီမှာ မြင်တွေ့ရတော့သည်။ စင်စစ် မြေဆိုးဂေဟာသည် ခြံကျယ်အလယ်မှာ ဆောက်တည်ထားခြင်း ဖြစ်သည်။ တထပ် အဆောက်အအုံကလေးတခုမျှသာ ဖြစ်သည်။ အဆောက်အအုံထဲတွင် မီးရောင်တို့ဖြင့် လင်းလင်းထိန်နေသည်။ ဖန်မီးအိမ်ကြီးများ ထွန်းညှိထားသောကြောင့် ဖြစ်သည်။

အဆောက်အအုံ ရှေ့တွင်လည်း မီးရောင် ရှိနေသည်။ နံရံတဘက်တချက်တွင် ပိုး မီးအိမ်ကြီးများကို ထွန်းညှိထားသော

ဖြစ်သည်။ အဆောက်အအုံ ရှေ့တွင် ရပ်စောင့် နေကြသည့် အစောင့်နှစ်ယောက်ကို မြင်တွေ့ရသည်။

သို့လင့်ကစား ခြံစည်းရိုး အပြင်ဘက်တွင်တော့ မည်သည့် အစောင့်အရှောက်ကိုမှ မတွေ့ရ။ ကောင်းထင်သည် သစ်ပင် တပင်၏ အကွယ်မှာရပ်ယင်း မြေဆိုးဂေဟာ၏ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်လေ့လာသည်။

ယခုအချိန်အထိတော့ အားလုံး စိတ်ချရလောက်သည့် အနေအထားမှာ ပြသနေသည်အမှန်။ လူရိပ်လူခြည်ကို သိပ်မတွေ့ရ။ အစောင့်အရှောက်တွေလည်း သိပ်မရှိ။ အင်း....လူအများ သိနားလည်ထားသည့် မြေဆိုးဂေဟာတွင် အစောင့်အရှောက်တွေ တော်တော်များများ ရှိနေသည်ဆိုတာ ဟုတ်မှဟုတ်ပါ၏လော။

လူအများ၏စိတ်ကို လှည့်စားသလို မြေဆိုးဂေဟာ နားသို့ မသီဝံ့ရဲအောင် မဟုတ်မမှန်သတင်းများ လွှင့်ထားတာမျိုးလား။

အမှန်တော့ မပြောနိုင်။ သူ့ တွေးထင်သလိုလည်း ဖြစ်နိုင်သည်။ လူတွေသိထားသလိုလည်း ဖြစ်နိုင်သည်။ မိုးအေးသောကြောင့် အစောင့်အရှောက်တွေ ဂေဟာထဲ ဝင်ရောက် စောင့်ရှောက်နေသည့်အနေမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်ပဲ။

ဘာပဲဖြစ်ဖြစ် မြေဆိုးဂေဟာထဲမှာ အစောင့်အရှောက်တွေ စောင့်ရှောက်သည် မစောင့်ရှောက်သည်က ကိုယ့်အလုပ် မဟုတ်။

ကိုယ့်အလုပ်က အချိန်မလပ် သတိသမ္ပဇဉ်ကို လက်ကိုင်ပြုထားဖို့။ ထစ်ကနဲဆို ဖြတ်ကနဲ လှုပ်ရှားနိုင်ဖို့၊ ဒါပဲ အရေးကြီးသည်။ ကောင်းထင် လှုပ်ရှားသည်။ သစ်ပင်အကွယ်ကနေထွက်သည်။ စည်းရိုးနားသို့ ပြေးကပ်သည်။ စည်းရိုးသည် လူ နှစ်ရပ်



စာခန့် မြင့်လွန်းသည်။ အရှိန်ယူ အားလွှဲ၍ခုန်သည်။ ကိုယ်ဖော့ပညာကို အသုံးချသည်။ လဲပွင့်လေးပမာ အပေါ်သို့ မြောက်တက်သွားရာမှ တဘက်စည်းရိုးအတွင်းဘက်ထဲသို့ ကြောင်ကျကျသွားခဲ့ရတော့သည်။

ဤမှာပင် သူသည် အန္တရာယ်နယ်နိမိတ် အတွင်းပိုင်းထဲသို့ လုံးလုံးလျားလျား ဝင်ရောက်ခဲ့ရပါပကောလား ဆိုသည့် အသိကိုလည်း ခံစားမိလိုက်ရသည်။ သို့နှင့်အမျှ ချက်ချင်းလက်ငင်းကြီး မလှုပ်ရှားသေးပဲ အခြေအနေ အရိပ်အကဲကို စောင့်စားနားစွင့်ရသည်။

စိတ်ထဲမှာ မသက်သာစရာကောင်းလောက်အောင် အခြေအနေအားလုံး ငြိမ်ငြိမ်ဆိမ်ဆိမ် ဖြစ်နေသည့် အနေအထားမှာ ပြနေသည်။ သူ့ စိတ်ထဲမှာ အလိုလိုနေယင်းပင် သံသယစိတ်များ ဝင်လာခဲ့ရသည်နှင့်အမျှ ယခုအချိန်အထိ အစောင့် တယောက်တလေမျှနှင့်ပင် မဆုံတွေ့ရတော့သည်ကိုက တမျိုးတမည် ထင်စရာကြီး ဖြစ်နေတော့သည်။

သူ သိနားလည်ထားသည်က မြေဆိုးဂေဟာတွင် အတွင်းရော အပြင်ပါ အစောင့်အရှောက် အမြောက်အမြားစောင့်ကြပ်နေသည်ဟု။ အခုတော့ သူ သိနားလည်ထားသလို မဟုတ်ပါလေတော့။ ဘယ်မှာလဲ,အစောင့်အရှောက် အမြောက်အမြား။

ဂေဟာရှေ့မှာ ကျောက်ဆစ်ရုပ်တုကြီးတွေလို မလှုပ်မရှား ရှိနေကြသော အစောင့်နှစ်ယောက်ကလွဲလို့ နောက်ထပ်အစောင့်အရှောက်ဆိုလို့ မှူး၍ရှုစရာတောင် မရှိ။ ဆန်းတော့ အတော်လေး ဆန်းနေပြီထင်သည်။

ရှပ်ကန် အသံတသံ။ မိုးသံလေသံကိုပင် ဖောက်ထွင်း၍ ပီပီသသကြီး ကြားလိုက်ရသည်။ အသံကို ကြားလိုက်ရ သည်နှင့် တပြိုင်နက် သူ့လက်ကလည်း သွက်လက်မြန်ဆန်စွာ လှုပ်ရှားသွားသည်။ ကျောပြင်ပေါ်မှာ လွယ်ပိုးထားသောဆောင်ဓားရှည် နှစ်လက်အနက်မှ တလက်က သူ့လက်ထဲသို့ မျက်လှည့်ပြသလို ရောက်ရှိလာသည်။

ခြေထောက်တွင် အေးစက်စက် အထိအတွေ့တခုကို ခံစားလာရသည်။ ယင်း အေးစက်စက် အထိအတွေ့သည် တနေရာတည်းမှာ အငြိမ်မနေ။ တရွေ့ရွေ့ဖြင့် လှုပ်ရှားလျက်ရှိသည်။ သူ့တကိုယ်လုံး တောင့်တင်းသွားသည်။ အကြောအခြင်တွေအားလုံး တင်းတောင့်လာသည်။ သတိတရားကို လက်ကိုင်ပြုထားမိသော်လည်း စိုးစဉ်းမျှမလှုပ်ရှားမိအောင် ကြိုးစားထားရသည်။

အကယ်၍ လှုပ်ရှားမိလိုက်ပါမူ သူ့ အနေနှင့် တမလွန်သို့ မျက်မှောက်ပြုသွားဖို့သာ ရှိတော့မည်။

စင်စစ် ခြေထောက်ပေါ်တွင် တရွေ့ရွေ့ဖြင့် လှုပ်ရှားနေသော ထိုအေးစက်စက်သတ္တဝါလေးမှာ မြွေ။ အမှောင်ထဲမှာမို့ မည်သည့်မြွေအမျိုးအစားဖြစ်သည်ကို မခန့်မှန်းနိုင်။

သို့စေကာမူ လူသားတယောက်၏ အသက်ကို စက္ကန့်ပိုင်းအတွင်း ထုတ်နုတ်ယူနိုင်လောက်သည်အထိ အစွမ်းထက်မည်ကတော့ သေချာသည်။ ဒါကြောင့်လည်း သူသည် စဉ်းငယ်မျှပင် မလှုပ်ရှားမိအောင် စိတ်ကိုချုပ်ထိန်းထားခဲ့သည်။

အရေးအကြောင်းဆိုလျှင် လှုပ်ရှားနိုင်ဖို့အတွက် လက်ထဲမှ ဆောင်ဓားရှည်က အဆင်သင့်မှ တကယ့်ကို အဆင်သင့်။ လေထန်



မိုးမှန်နေပေမယ့် သူ့တကိုယ်လုံး မှာတော့ အလိုလို နေယင်း ချွေးစေး ချွေးပေါက်များ စို့ထွက်လာသည်။

ကြည့်စမ်း၊ မြေပူရာ ကင်းမှောင့်ဆိုသလို အရေးထဲ အရာက ပေါ်လာပြန်သေးသည်။ လူတယောက်ဖြစ်သည်။ ဒါပေမယ့် လူတယောက်လို့ပင် ပြောရမှာတောင် ခပ်ခက်ခက်။ အရပ်အမောင်းက ပုပုညှက်ညှက်ကလေး၊ ပေမမှီ ဒေါက်မမှီ၊ အလွန်ဆုံးရှိလှ သုံးပေခွဲခန့်၊ ကိုယ်ခန္ဓာ ပိန်ပိန်ပါးပါး၊ တကိုယ်လုံး မိုးရေစိုရွှဲနေရသည့်အထဲ လက်ထဲမှာလည်း တင်းပုတ်လို အရာဝတ္ထုတခုကို ကိုင်မြှောက်ယင်း သူ့ဆီ ဦးတည်ပြီး ကဆုန်ပေါက် ပြေးချလာသည်။

တကယ့် မှင်စာကောင်လေး အတိုင်းပါပဲ။ အပြေးနှုန်းက မြန်ဆန်သလောက် လှုပ်ရှားရာ တွင် လည်း သွက်လက်သည်။ မြေဆိုးဂေဟာကို စောင့်ရှောက် နေကြ သည့် အစောင့်များ အနက်မှ တယောက်ဖြစ်ပုံရသည်။

ကောင်းထင်အဖို့ရာမှာတော့ မရှုသာ မကယ်သာ အခြေအနေနှင့် ကြုံကြိုက်နေရပြီ ဖြစ်သည်။ သူ့အဖို့ လှုပ်ရှားရမှာကလည်း ခက်ခက်၊ ခြေထောက်ပေါ်မှာ ရစ်ဝဲနေသည့်အဆိပ်မာန်ပြင်းပြင်း မြွေသတ္တဝါအတွက် စိုးရိမ်နေရသည်က တမျိုး၊ သူ့ဆီ ရယ်လို့ ရည်ရွယ် ပြေးချလာသည့် မှင်စာကောင်လေး အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည်မှာလည်း တဖုံ။

ဟယ်.... မထူးတော့ပါဘူး၊ ဒီအတိုင်း ရပ်နေရလို့ကတော့ သေရတော့မယ့်အတူတူ၊ အရှုံးအမြတ်တွက်ပြီး ဆုံးဖြတ်ချက် တရပ်ကို ခပ်မြန်မြန်လေး ချလိုက်တာ ကောင်းမယ် ထင်တယ်။

နောက်ဆုံးတော့ ကိုယ့်ဖာသာကိုယ် အခြေအနေအရပ်ရပ်ကို တွက်ချင့်ပြီး မျက်လုံးအစုံကို ဇွတ်မှိတ်၍ စွန့်စားခန်းတရပ်ကို ဖွင့်လိုက်မိတော့သည်။ ဒါကလည်း သူ့ခြေဘက်ကို အလျင် အမြန်ပင် မြှောက်လိုက်သည်။ သူ့ခြေထောက်ပေါ်မှာ ရစ်ပတ်နေသည့် မြွေသတ္တဝါလေးက မျက်နှာချင်းဆိုင်တည့်တည့် ပြေးလာနေသည့်မှင်စာကောင်လေးဆီ လွင့်ထွက်သွားသည်။

ငနဲသားလေးကလည်း သူ့အန္တရာယ် သူ ရိပ်စားမိလိုက်ပုံ ပေါ်သည်။ လက်ထဲက တင်းပုတ်လို အရာဝတ္ထုကြီးဖြင့် မြွေ သတ္တဝါလေး၏ရန်ကို ကာကွယ်ဖို့ကြိုးစားသည်။ ငနဲသားလေး အဖို့ မဆိုစလောက်ကလေး နောက်ကျသွားရရှာသည်။

လှုပ်ရှားဖို့ ကြိုးစားလိုက်သည့် ထိုအချိန်မှာပင် အဆိပ် မာန်ပြင်း မြွေသတ္တဝါလေးက သူ့လည်ပင်းကို ခဲနေခဲ့ပြီ ဖြစ်သည်။

"အား...."

မိုးသံလေသံကို ထွင်းဖောက်၍ ငနဲသားလေး၏ အာခေါင် ခြစ်မတတ် စူးစူးဝါးဝါး အော်သံကြီးတရပ်က ထွက်ပေါ်လာ သည်။ အော်သံနှင့်မရှေးမနှောင်း ငနဲသားလေးခမျာ ကိုယ်ခန္ဓာ လဲပြို ငြိမ်သက်သွားသည်။ တရန်ဒေတာ့ ရှင်းသွားပြီ။ အေးလေ၊ တရန်မဟုတ်ပါဘူး၊ နှစ်ရန်၊ နှစ်ရန်။ မြွေသတ္တဝါလေး၏ရန်နှင့် ပေမမီ ဒေါက်မမှီ ငနဲသားလေး၏ ရန်။ တင်းတောင့်နေသည့် အကြောအခြင်တွေ အားလုံးသည်လည်း ယခုမှ ပြေလျော့သွား သည်။ စောစောပိုင်းက စိုးရိမ်နေသမျှ စိတ်တို့သည် ယခုမှပင် အနည်းငယ် ပြေပျောက်သွားသည်။



ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မြွေဆိုးဂေဟာတွင်းသို့ အခြေအနေ မှာ ပထမဦးဆုံး တွေ့လိုက်ရသည့် ရန်စွယ် နှစ်သွယ်ကိုတော့ သူ့အနေနှင့် မမျှော်လင့်ပဲ အောင်နိုင်လိုက်ခဲ့ပြီဆိုသည့် အဖြစ် ကတော့ ယုံမှားဖွယ်မရှိချေ။

မိုးထစ်ချုန်းသံကြီးက ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာ ပြန်သည်။ လျှပ်ရောင်တန်းကြီးကလည်း ဝင်းကနဲ ပြိုးပြက်လိုက် သေးသည်။ ဝင်းကနဲ ပြိုးပြက်လိုက်သည့် လျှပ်ရောင် အောက် တွင်တော့ မြွေဆိုးဂေဟာ အဆောက်အအုံလေးက ထီးထီး မားမား။

လွင်စာပေ
အမှတ် ၁၄/၁၃၀၊ ၆ လမ်း
တောင် ၄ မြို့ ။
ဖုန်း ၂၁၃၄၅

## နှစ်ယောက် တယောက်

မိုးရွာနေသောကြောင့် တကြောင်း၊ ညဉ့်နက်နေသောကြောင့် တကြောင်း၊ ထိုအကြောင်းအချက်နှစ်ရပ်ကြောင့်ပဲ ထင်သည်။ မြေဆိုးဂေဟာထဲမှ သက်ရှိ လူသားတို့သည် နားနေ အိပ်စက်ခြင်းသို့ ရောက်ကုန်နေပြီ ထင်သည်။ အဆောက်အအုံရှေ့မှာတော့ အစောင့် နှစ်ယောက်ကို တွေ့မြင်ရသည်။ အလင်းရောင်ပျောက်၍ မှောင်မည်းနေရသည့်အထဲ သူ့တကိုယ်လုံးကလည်း နက်နေသောကြောင့် တဘက်အစောင့်များအနေနှင့်သူ့လှုပ်ရှားမှုကို အလွယ်တကူတော့ မမြင်နိုင်စွမ်း။

သည်အချက်ကပဲ သူ့အဖို့ တပန်းသာနေသည်။ သူသည် ကျောပြင်ပေါ်တွင် လွယ်ပိုးထားသော နောက်ထပ်ဆောင်ဓားရှည်တလက်ကို ဆွဲထုတ်ပြီး လက်မှာ အဆင်သင့်ကိုင်ဆောင်ထားလိုက်တော့သည်။



အခုတော့လည်း သူ့လက်နှစ်ဘက်စလုံးတွင် သေမင်းတမာန် ဆောင်ဓားရှည်နှစ်လက်က အဆင်သင့် ဖြစ်နေပြီ။

ဂေဟာ အဆောက်အအုံ ရှေ့မှာ အစောင့် ကျနေကြသည့် ငနဲသား နှစ်ယောက် အတွက် တော့ တယောက် တလက် စီပေါ့လေ။

ကိုယ့်စိတ်ကူးနှင့်ကိုယ်မို့ စိတ်ထဲမှာ အနည်းငယ် မြူးသွားသလိုပင် ရှိခဲ့ရသည်။

နှုတ်ခမ်းထောင့်စွန်းတွင်လည်း နားလည်မှုန်းဆရခက်ခဲသော အပြုံးရိပ်ကလေးတရိပ်က ကွန့်မြူးလာသည်။

သူ့ရှေ့ဆီသို့ အသော့ နှင်ခဲ့ပြန်သည်။ သူ့လှုပ်ရှားမှုကား သွက်လက်သလောက် မြန်ဆန်သည်။ တခဏချင်းမှာပင် ဂေဟာအဆောက်အအုံနားသို့ရောက်လာဖြစ်သည်။ မတ်တတ်ရပ်လျက်သားကြီးဖြင့် ငိုက်မြည်းသလို ဇိမ်မာန်ယစ်ခနကြသည့် အစောင့်ငနဲသားနှစ်ယောက်၏ အစုံစုံသောမျက်လုံးတွေ မြူးကျယ်ကုန်ကြသည်။

လျှပ်တပြက်လှုပ်ရှားမှုကို ဖန်တီးသည်။ သူတို့၏ လက်ထဲမှ ဆောင်ဓားများဖြင့် ရှေ့နောက်ညှပ်၍ ပြေးပိုင်းလိုက်ကြသည်။ သူသည် နောက်သို့ ညာလက်ထဲမှ ဆောင်ဓားရှည်ဖြင့်တွက်လိုက်ရာမှ တဆက်တည်းအပေါ်သို့ခုန်လိုက်သည်။ မျက်နှာချင်းဆိုင်မှ ဓားသမားကလည်း သူ့လိုပဲအပေါ်သို့ခုန်သည်။

လက်ထဲမှ ဆောင်ဓားရှည်ကို အားယူ ကိုင် မြှောက် ယမ်း မှ ကောင်းထင်၏ဦးခေါင်းဆီရည်ရွယ်ပြီး ပန်းကုံးဖြတ်ပိုင်းချလိုက်သည်။ ကောင်းထင်သည် အလျင်အမြန်လေးပင် ဓားနှစ်လက်ကို ကြက်ခြေခတ် ခံပေးလိုက်သည်။

တဘက်လူ၏ဓားကိုညှပ်ယူကာ အားယူ၍ ကိုင်လှုပ်ပစ်လိုက်သည်။ တဘက်လူ၏ဆောင်ဓားရှည်က လက်ထဲမှ လွတ် ထွက်သွားခဲ့ရာမှ အဝေးဆီသို့လွင့်ထွက်သွားသည်။ လက်နက်မဲ့ဖြစ်သွားသောတဘက်ဓားသမား၏ ဝမ်းဗိုက်ထဲ သူ့ဓားသွားက နစ်မြုပ်သွားပြန်သည်။ ဓားသမားခမျာ အော်သံလေးတောင် မလွှတ်ထုတ်နိုင်ရှာပဲ၊ အရုပ်ကြိုးပြတ်ဖြစ်သွားသည်။

မြေပြင်နှင့် သူ့ခြေထောက်ထိအတွေ့မှာပင် နောက်ဘက်ဆီမှလှုပ်ရှားသံကိုကြားရပြန်သည်။ ကောင်းထင်သည် ကိုယ်ကို ဝဲကန်ရှောင်သည်။ သူ့လက်ထဲမှဓားနှစ်လက်က လက်ပန်းစကြာ ပမာ မွှေယမ်းသွားသည်။

သူ့ ဝမ်းဗိုက်ဆီရည်၍ ဦးတည်ပြီး ဝင် ရောက် လာသည့် ဓားဦးက သူ့ လက်ထဲမှ ပန်းစကြာဓားနှစ်သက်နှင့် ထိ တွေ့သည်။ ငနဲသား၏သက် တုန်ခါပြီး ဓား လွတ်ထွက်သွားသည်။ လက်ထဲမှာဆောင်ဓားမရှိတော့သည်နှင့် ငနဲသားသည်နောက်သို့ ကြောက်ဆုတ်ကလေးဆုတ်သည်။ လက်နက်မဲ့သွားသည့် လက်နှစ်ဘက်က အင်္ကျီရင်ဘတ်ကြားထဲ လှစ်ကနဲဝင်ရောက်ပျောက်ကွယ်သွားသည်။

အင်္ကျီရင်ဘတ်ကြားထဲ ဝင်ရောက်ပျောက်ကွယ် သွားသည့် လက်နှစ်ဘက်အပြင်မရောက်ခင် ကောင်းထင် လျှပ် တ ပြက်



လှုပ်ရှားမှုဖန်တီးသည်။ သူ့ညာလက်ထဲမှ ဆောင်ဓား ရှည်ကို ငနဲသားထံပစ်လွှတ်လိုက်သည်။ သူပစ်လွှတ်လိုက်သောဆောင်ဓားရှည်က ငနဲသား၏ရင်ဘတ်တည့်တည့်ဆီ တန်းတန်း မတ်မတ်ကြီး ပြေးထွက်သွားသည်။

ငနဲသားခမျာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားရှာသည်။ ဓားတဘက်ဆီသို့ရှောင်တိမ်းဖို့ ကြိုးစားအားယူသည်။ ဒါပေမယ့်....ငနဲသားအနေနှင့် မဆိုစလောက်ကလေးနောက်ကျသွားရှာသည်။ ငနဲသားက ခုန်ရှောင်တိမ်းဖို့ ကြိုးစားလိုက်စဉ်မှာပင် ဆောင်ဓားရှည်၏ ဓားဦးက သူ့ ရင်ဝတည့်တည့်မှာ စိုက်ဝင်နစ်မြုပ်နေခဲ့ပြီဖြစ်သည်။

ငနဲသားခမျာ ရင်ဝမှာစိုက်ဝင်နေသော ဆောင်ဓားရှည်ကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ယင်း ဒူး ထောက် လျက် သား ကြီး မြေပြင်ပေါ် လဲကျသွားသည်။ ထို့နောက် နောက်ပြန်လဲကျပြီး ငြိမ်သက်သွားတော့သည်။

အပြင်ဘက်က အစောင့်တွေအားလုံးကိုတော့ ရှင်းပစ်လိုက်နိုင်ခဲ့ပြီလို့ ဆိုရမည်။ သူ့အနေနှင့်နောက်ထပ်ရှင်းလင်းသုတ်သင်စရာဆိုလို့ မြွေဆိုးဂေဟာ အဆောက် အအုံထဲက နောက် ထပ် သိုင်းသမားတွေပဲကျန်ရှိတော့သည်။

နောက်ထပ် ကျန်ရှိနေသေးသည့် ယင်း သိုင်းသမားများကို လည်း သူ့အနေနှင့် အလွယ်တကူသုတ်သင်ရှင်းလင်းပစ်နိုင်လိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်စိတ်ချခဲ့တော့သည်။

သူ တံခါးနားသို့တိုးကပ်ခဲ့သည်။

●

## တလှမ်းချင်း လှမ်းယင်း တရွေ့ရွေ့

သူ့စိတ်ထဲတွင် နည်းနည်းပါးပါးတော့ ထူးဆန်းသွားသည်။ ကြည့်လေ၊အပြင်တွင် လက်နက်ကိုင် အစောင့် အရှောက် တွေကို ချထားပါလျက် ဂေဟာအဆောက်အအုံတံခါးကိုတော့ စေ့ရုံသာ စေ့ထားပါကလား။

သည်အချက်က တော်တော်လေးကို ထူးဆန်း နေသဘို။ အမှန်တကယ်ဆိုပါမူ ဂေဟာ အဆောက် အအုံကို အတွင်းရန် အပြင်ရန်မှ ယုံကြည်စိတ်ချမှုရှိရအောင် တံခါးကို သော့မခတ် တောင် ဂျက်ကလေးလောက်တော့ ချထားဖို့ကောင်းသည်။

ယခုတော့မူ၊သူ၏စိတ်ထဲတွင် ထိုအချက်အလက်နှင့် ပတ်သက်၍ ထူးဆန်းမယ့်သာ ထူး ဆန်း နေ ပေမယ့်.... တ ကယ် တမ်း



ကျတော့ အတွင်းပိုင်းတွင် ဘယ်လို လုံခြုံ စိတ် ချ မှုမျိုးတွေ ဖန်တီးထား မှန်းမှုမသိတာ။

သူ့အနေနှင့် သတိရှိဖို့သာလိုသည်။ သူသည် တံခါးကိုအသာ တွန်းဖွင့်သည်။ တံခါးကအသံလေးမြည်ပြီး အတွင်းသို့ ပွင့်သွား သည်။ အတွင်းမှာ မီးရောင်ရှိနေသည်။ အဆုံးအစမ ရှိ အောင် ရှည်လျားလှသော အဆောက်အအုံအတွင်းပိုင်း အနေ အထား ကို မြင်တွေ့ရသည်။

လူရိပ်လူခရောင်ကိုတော့ စိုးစဉ်းမျှ မတွေ့ရချေ။ မှိုးအေးအေး နှင့် အိပ်ရာ ထဲမှာ ဇိမ်နှင့်အနားယူနေကြပုံ ရသည်။ အတွင်း ဆီသို့ခြေချသည်။ လက်တွင် ဆောင်ခါးရှည်ကို အ ဆင် သင့် ကိုင်ဆောင်ထားယင်း ရှေ့နောက် ဝဲယာ မျက်စိ လှည့် ကစား လျက် ခြေတလှမ်းချင်းတလှမ်းချင်း နင်းလှမ်းခဲ့သည်။

အဆောက်အအုံအတွင်းပိုင်းထဲသို့ရောက်လာလေ ကြီးကျယ် ခမ်းနားမှုကိုလည်းမြင်တွေ့ရလေပဲဖြစ်သည်။ တေးတဘက်တချက် ကျောက်ပြားနံရံတွေမှာပါးပျဉ်းထောင်ထနေသော မြွေပုံများ ကို ရေးခြယ်ထားသည်။

ဒါတင်မကသေး....

အာခံတွင်းမှ မီး လျှံ များကို မှုတ် ထုတ် နေ ဟန် ရှိ သည့် မြွေနဂါးရုပ်ပုံလွှာများကလည်း ဟို တ ကွက် သည် တ ကွက်၊ ဘာကြောင့်လည်းမသိတတ်....။

အဆောက်အအုံတွင်းသို့ ခြေလှမ်း မိသည့် အ ခိုက် မှာ ပင် သူ့စိတ်တွေ ညစ်မှိုင်းသွားသလို ခံစားလိုက်ရသည်။ မကောင်း

ဆိုးရွားတကောင်ကောင်က သူ့စိတ်ကို ချုပ်နှောင်လိုက်သလို သူ့ဦးခေါင်းမှာ တရိပ်ရိပ်ဖြင့် မူးရီလာသလို ခံစားရသည်။

မမြင်သာသည့်အကွယ်တနေရာကနေ အန္တရာယ်သတ္တဝါတွေ သူ့ကို ချောင်းမြောင်း စောင့်ဆိုင်းကြည့်နေဘိသို့လည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံသလို ဖြစ်ချင်လာရသည်။ သည်လိုစိတ်ထဲမှာ ခံစားလာရအောင် လည်း အခြေအနေက ဖန်တီးနေသည်ပဲ မဟုတ်လား။

အဆောက်အအုံကြီးက ကြီးမား ကျယ်ပြန့် သလောက် အသံပလံ စိုးစဉ်းမျှ မရှိ၊ အပ်ကျသံ ကြားရမတတ် တိတ်ဆိတ်ငြိမ်သက်နေခြင်းက တမျိုးစိတ်အနှောင့်အယှက်ဖြစ်စရာကောင်းနေသည်။

သူ့မှာ ဝင်လာမယ့်သာ ဝင်လာရသည်။ ယခုထက်တိုင် လူသူ အရိပ်အရောင်ကို လုံးဝမတွေ့ရခြင်းကလည်း သူ့စိတ်ကို တမျိုးတမည် အတွေးသံသယ ပွားများစေပြန်ပါ၏။

သည်အထဲက လူတွေ ဘယ်ရောက်ကုန်ပလဲ။ အားလုံးသေကုန်ကြပြီလား။ ရှောင်လင်မြေဆိုး ဆိုသည့် သတ္တဝါကြီးကရော ဘယ်ချောင်မှာ ရှောင်တိမ်းပုန်းအောင်းပြီး ကိုယ်ရောင်ဖျောက်နေပြီလဲ။

ဒါကို အသာထား။ သူ လိုချင်သည့် သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းကရော သူ သိထားသည့် မူလနေရာမှာပင် ရှိပါသေးရဲ့လား။

စင်စစ် သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းသည် မြေဆိုးဂေဟာ အဆောက်အအုံထဲမှ နောက်ဆုံး ထောင့်စွန်းအခန်းထဲ



တွင် ထားရှိကြောင်း သူ သိထားသည်။ လောလောဆယ်တွင် သူတို့တတွေ သိုင်းလေးဂိုဏ်းစာပဒေသာကျမ်းကို နေရာပြောင်းပြီး ထားလိုက်လျှင်တော့ သူ့အဖို့ ပင်ပန်းကျိုးနပ်တော့မည် မဟုတ်။

သူသည် နံ့ကို စွင့်ထားသလို ရှေ့နောက်ဝဲယာ ကျီးကန်းတောင်းမှောက် မျက်လုံးအစုံဖြင့် လှည့်ပတ်ကြည့်ခဲ့ယင်း အရှေ့ဆီသို့ မရပ်မနားချီတက်ခဲ့သည်။

"ဂျိမ်း...."

"ဒိုင်း...."

နားစည်ကွဲအက်မတတ် အသံကြီးတသံက ခြောက်လှန့်လိုက်သည်။ အလိုလိုကမှ စိတ်မှာ တထိတ်ထိတ်ဖြစ်နေရသည့်ကြားထဲ ရုတ်တရက် ထွက်ပေါ်လာသည့် ထိုအသံဆိုးကြီးကြောင့် သူ့ခမျာ လိပ်ပြာလွင့်စဉ်သွားမတတ် တုန်ယင် လှုပ်မောသွားမိသည်။

ရှေ့သို့ချီတက်နေသည့်ခြေလှမ်းတို့သည်လည်း နောက်ကနေတုံ့ဆွဲခံလိုက်ရသလို တန့်ရပ်သွားသည်။ အသံထွက်ပေါ်လာရာဘက်ဆီသို့လည်း လှမ်းကြည့်မိသျက်သား ဖြစ်သွားပါသည်။

သည်တော့လည်း စောစောတုန်းက လုံးလုံးလျားလျားပွင့်နေသည့် ဝင်ပေါက် တံခါးနှစ်ရွက်မှာ ယခုတော့ တဦးတယောက်၏ ပယောဂကြောင့် လုံးဝပိတ်နေသည့် အဖြစ်ကို မြင်တွေ့လိုက်ရသည်။

သူ့လှုပ်ရှားမှုတွေကို ရန်သူ သိနေပြီဆိုသည့် အဖြစ်ကတော့

ယုံမှား သံသယ ရှိစရာမလို။ ဘာကြောင့်လည်း မသိ၊ ထိုစဉ်မှာပင်....

အလိုလိုနေရင်း သူ့စိတ်ထဲမှာ ခံစားချက်တရပ်က ပေါ်လာသည်။ သည်အထဲ တယောက်တည်း ဝင်ရောက်လာမိသည်ကိုက အမှားတရပ်ကို ကျူးလွန်မိသလိုများဖြစ်ခဲ့ပြီလားဟု။ တကယ်ဆို၊ သူ့အနေနှင့် ထိုမျှလောက်အထိ ဆင်ကန်းတောတိုး ဇွတ်အတင်း မစွန့်စားသင့်။ ရန်သူတွေ တလှေကြီး ရှိနေမှန်း သိပါလျက်နှင့် မျက်စိမှိတ်ပြီး စိတ်အလိုလိုက်မိသည်ကိုက သိပ်မှားသွားပြီထင်သည်။ အင်းလေ.... အခုအချိန်မှာ နောင်တရနေလို့ကလည်း အပိုပဲ။ စ,မိသည့် ခရီးကလည်း တဝက်ကျိုးနေပြီ။ သိုင်းသမားတိုင်း အင်မတန်မှ လိုချင်နေ သည့် သိုင်းလေးဂိုဏ်း စာပဒေသာကျမ်း ထားရှိရာ မြေဆိုးဂေဟာ အဆောက်အအုံထဲသို့ပင် ခြေချမိနေပြီ။ သူ့အနေနှင့် သည်အဆောက်အအုံထဲသို့ ဝင်ရောက်လာခဲ့သည်ကိုကပင် လွယ်ကူလှသည်မဟုတ်။

အပြင်ဘက်တွင် အစောင့်ချထားသည့် အစောင့်အရှောက်တွေကို အတိုက်အခိုက် ပြုပြီးမှ သည်အဆောက်အအုံတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။ သည်တော့ ယခုအချိန်တွင် သူ့အနေနှင့် နောက်ဆုတ်လိုက်လျှင်တော့ သည်ကမ္ဘာပေါ်မှာ သူ့လောက် မိုက်မဲမည့်သူ ရှိမည်မဟုတ်တော့။

ကိုယ် ပြုလုပ် ဆောင်ရွက်ခဲ့သမျှ အခြေအနေ အရပ်ရပ်ကို ဝေဖန် ပိုင်းဖြတ်သည်။ သုံးသပ်ဆုံးဖြတ်သည်။ နောက်ဆုံးတော့လည်း သူသည် ရှေ့ ခရီးဆက်ဖို့သာ စိတ်ပိုင်းဖြတ်မိတော့သည်။ စိတ်ထဲဘွင်လည်း အနည်းငယ် အားတက်သွားရသည်။ စိုးရွံ



ကြောက်လန့်စိတ်၊ နောင်တရစိတ်တို့သည်လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားသည်။ ရှေ့ဆီသို့သည်း ခြေလှမ်းသွက်သွက်ဖြင့် ခရီးဆက်ခဲ့မိတော့သည်။

အတော်လေး လျှောက်မိလိုက်သည်နှင့် ရှေ့နားတွင် ညာဘက်သို့ ချိုးသွားသည့် အကွေ့ချိုးလေးတခုနှင့် ရင်ဆိုင်လိုက်ရသည်။ ထိုအကွေ့ချိုးလေးတွင် အလင်းရောင်က ကွယ်ပျောက်လျက်ရှိသည်။ အလင်းရောင် စိုးစဉ်းမျှ မရှိ၊ သိပ်သည်းသော အမှောင်ရိပ်က ကျရောက်နေသည်။ အခုမှ တကယ့်အခက်အခဲ အကျဉ်းအကျပ်နှင့် ရင်ဆိုင်ရတော့မည်ထင်သည်။

ရန်သူသည် ထိုအမှောင်ရိပ်ကွယ်ကနေ ကြိုစောင့်ချင် စောင့်နေပေလိမ့်မည်။ သူ့ခြေထောက်နှစ်ဘက် ထိုအမှောင်ရိပ် ရောက်သွားသည်နှင့် ရန်သူ့ဓားသွားကလည်း သူ့ဝမ်းဗိုက်ထဲ ရုတ်တရက် ဝင်ရောက်လာချင် လာပေလိမ့်မည်ပင်။

ကဲ.... အဲသည်တော့ သူ့အနေနှင့် တခုခုလုပ်ရတော့မည်။ အာရုံတွေအားလုံးဖျောက်ပြီး နားကိုသာစွင့်ရပေတော့မည်။

ကောင်းထင်သည် စိတ်ကို တည်တည်ငြိမ်ငြိမ် ထားသည်။ ခြေလှမ်း ကိုလည်း သိသိသာသာကြီး လျှော့ချသည်။ ကိုယ့်ခြေသံ ကိုယ် မကြားရ တော့ လောက် သည့် ခြေ လှမ်း မျိုး ဖြင့် အသာချွတ်နင်း၍ ရှေ့ဆီသို့ ရဲရဲတင်းတင်းကြီး လျှောက်လှမ်းခဲ့သည်။

အလင်းရောင်ပျောက်၍ အမှောင်ထု ကျ ရောက် နေ သည့် အကွေ့ချိုးလေးထဲသို့ ခြေချမိခဲ့ပြီ။

ဟိုက်....ဘာကြီးပါလိမ့်။ သူ့ခြေထောက်အစုံက ပျော့အိအိ

အသားစိုင်ကြီးတခုပေါ်သွားနင်းမိသည်။ ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွားသည်။စိတ်ထဲတွင်တုန်ယင်လှုပ်ရှားသွားသည်။အသည်းနှလုံးကိုလက်အေးကြီးဖြင့် ဆုပ်နယ်ချေမွခံရသလို ခံစားလိုက်ရလျက်၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ ခြေအစုံကို နောက်သို့ ခုန်ဆုတ်လိုက်မိသည်။

တကယ်လို့ သူ့အထင်မလွဲဘူးဆိုလျှင်တော့ သူ့ခြေထောက်နှင့် ထိတွေ့မိသည့် အရာသည် လူတယောက်၏ ကိုယ်ခန္ဓာဖြစ်ကောင်းဖြစ်နိုင်သည်။ ကောင်းထင်သည် ရှေ့ခရီး မဆက်ရဲလောက်အောင်ခြေလှမ်းတုန့်ဆိုင်းသွားခဲ့ရသည်။သူ့ခြေထောက်အစုံဖြင့် မတော်တဆထိတွေ့မိသည့် ထိုပျော့အိအိ အသားစိုင်ကြီးနှင့် ပတ်သက်၍ စဉ်းစားအဖြေရှာမိသည်။သူ့ခမျာသို့ကလိုစဉ်းစားအဖြေရှာယင်း တွေဝေငေးငိုင်နေတုန်း။

ပါးလုပ်သည့် သူ့နားထဲသို့ အသံတသံက ရုတ်ခြည်း ဝင်ရောက်လာသည်။ နောက်ဘက်ဆီမှ တယောက်ယောက်၏ ရွှေ့လျားသံ၊ လှုပ်ရှားသံ၊ ပြီးတော့ လေတိုးသံ။

သူ့အနေနှင့် တခြားဘာကိုမှစဉ်းစားတွေးတောမနေတော့။ အတွေးမျှင်အားလုံးကိုဦးနှောက်ထဲက ဖယ်ထုတ်လျက်၊ညာဘက်သို့ ကိုယ်ကိုရို့၍ ခုန်ရှောင်လိုက်မိသည်။ သူ ကံကောင်းသွားသည်။ လေတိုးသံတချက်ရှပ်ကနဲပေါ်လာခဲ့သည်နှင့်အမျှ၊ သူ့ဗယ်ဘက်ပခုံးမှာပူကနဲဖြစ်သွားသည်။ ပူနွေးသော အရည်တွေလည်း ပခုံးတလျှောက်မှ လက်ပေါ်သို့စီးကျလာသည်။

ကြည့်စမ်း၊ သူ အရှောင်မြန်သွားပေလို့သာ အသက်နှင့်ကိုယ်ခန္ဓာ မကွဲသွားခြင်းဖြစ်သည်။ အကယ်၍ သူသာအလျှင်



အမြန် မတိမ်းရှောင်ပဲ စောစောကနေရာတွင်ပင်ရှိနေမည်ဆိုပါက ယခုလောက်ရှိ လူ့ဒဏာကြီးကို ကျော်ခိုင်းသွားလောက်ရောပေါ့။

အခုတောင်မှ သူ့ပခုံးမှာ ဓားချက်က ရှပ်မှန်ခြင်းခံလိုက်ရသေးသည်။ ကောင်းထင်သည် ဓားရှပ်မှန်ခံရသည့် ပခုံးမှာတစတစဖြင့် နာကျင်လာသော်လည်း အံကို တင်းတင်းကြိတ်၍ ဝေဒနာကို တင်းခံထားသည်။

ကိုယ်နှင့်နံရံတသားတည်းကျအောင် တောင့်တောင့်ကြီးရပ်လျက် အမှောင်ရိပ်ထဲက လူ၏လှုပ်ရှားမှုကို အသက်မရှူတမ်းစောင့်ကြည့်နေလိုက်ခဲ့သည်။

အမှောင်ရိပ်ထဲတွင်မျက်စိကျင့်သားရအောင်လည်း ကြိုးစားအားထုတ်နေမိသည်။ မျက်စိ ကျင့်သားရလာသည့် အခါတွင်တော့ ရှေ့ဆီမှလှုပ်ရှားမှုတခုကို ဝိုးတဝါး အနေ အထားဖြင့် မသဲမကွဲမြင်လာရသည်။

လူတယောက်ဖြစ်သည်။ လက်ထဲတွင် လက်နက် တခုခုကို ကိုင်ဆောင်ထားပုံရသည်။ ထိုသူသည် တဒင်္ဂအတွင်း ပျောက်ကွယ်သွားသည့်သူ့ကို လိုက်လံရှာဖွေနေပုံ ရသည်။ ဒါပေမယ့် သူ့လောက်တော့ မျက်စိလျင်ပုံမရ။

လက်တကမ်းအကွာ အနီးကပ်ဆုံး နေရာနားမှာ ရှိနေ သည့်သူ့ကိုပင်မြင်တွေ့ဟန်မတူ။ ကောင်းထင်သည် ပခုံးဒဏ်ရာဆီက တစထက်တစပိုပိုပြီး နာကျင်ကိုက်ခဲလှသော်လည်း အသံမထွက်မိအောင် အံ့တင်းတင်းကျိတ်ခံထားသည်။လက်ထဲကဆောင်ဓား

ကို မလွတ်တမ်းကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားခဲ့သလို အခွင့်အရေးကိုလည်း စောင့်ဆိုင်းကြည့်နေလိုက်သည်။

အခွင့်အရေးစောင့်ကြည့်နေပါသည်ဆိုကာမှ နောက်ထပ် အန္တရာယ်ကောင်တကောင်ကိုမြင်တွေ့လိုက်ရပြန်သည်။ စောစော တုန်းက သူ့ ခြေထောက်အစုံနှင့်ထိတွေ့မိသည့် ပျော့အိအိအရာ ဝတ္ထုကြီး၊ တနည်းအားဖြင့် ဆိုရလျှင်တော့ ရန်သူကိုလှည့်စားသလို ကြမ်းပြင်ပေါ်တွင်မလှုပ်မရှက်ကြီး လဲလျောင်းနေဟန်ရှိသည့် လူသတ္တဝါသည် အခုတော့သည်း ကုန်းကုန်း ကွကွကြီး ဖြစ်လာခဲ့ပြီ၊ လဲလျောင်းနေရာမှလည်း ထရပ်ခဲ့ပြီဖြစ်သည်။ လို့နောက်မှာတော့ အမှောင်ထဲက သတ္တဝါနှစ် ကောင် သည် တကောင့်တကောင် ပူးကပ်သွားခဲ့ရာမှ နှစ်ကိုယ်ကြား တိုးတိုး အုပ်အုပ် သေသံတိုးကလေးနှင့်....

"ဘယ်လိုလဲကွ၊ အခုထက်ထိသူ့ဆီကလှုပ်ရှားသံကို မကြားရသေးပါလားကွ၊ မဟုတ်မှလွဲရော ငါ့ရဲ့ ဓား စာ မိ သွား လို့ တနေရာရာမှာစန့်နေပြီ ထင်တယ်ဟေ့"

သူ့ကိုစတင်တိုက်ခိုက်သူကပြောသည်။ သူ့စိတ်ထဲမှာအလွန် အမင်း လှုပ်ရှားနေသည်။ ထိုသူ့ဇက်ကိုဖြုတ်လိုက်ချင်သည်မှာလည်း လက်ကိုယားနေသည်။

ဒုတိယလူထံမှ သတိပေးစကားဆိုသံကိုကြားလာရပြန်သည်။

"မင်း အရမ်းလဲပြောမနေနဲ့အုန်း၊ သူ စန့် သွား ချင်မှ လဲ စန့်သွားမှာ၊ ငါစိတ်အထင်တော့ ငါတို့ကို အလစ်မှာဝင်တွယ်ဖို့ တနေရာရာကနေအရိပ်အခြေ စောင့်ကြည့်နေပြီ ထင်တယ်ဟေ့၊



ဒီတော့ကာ....ငါတို့နောက်ထပ် ဘာစကားမှမဆိုတော့ပဲ သူ့ကိုသာ လိုက် ရှာလိုက်ကြရ အောင်"

ဒုတိယလူသည် ပထမလူထက်စာလျှင် ဦးနှောက်ကောင်းပုံ ရသည်။ အရာခပ်သိမ်းကို တဒင်္ဂအထင်ဖြင့်မပိုင်းဖြတ်ပဲ သေသေ ချာချာချင့်ချိန်တွက်ဆတတ်ပုံလည်းရသည်။ သူ့အနေနှင့်ပထမ လူထက်စာလျှင် ဒုတိယလူကိုပိုပြီးသတိထားရတော့သည်။ သူတို့ ဆီက နောက်ထပ်စကားသံများထွက်မလာတော့ပါ၊ အသံတိတ် သွားသည်။ ပထမလူသည် သူ့ဘက်သို့မမြင်မစမ်းကြီး တိုးကပ် လာနေသည့်အဖြစ်ကို မြင်တွေ့ရသည်။

လာခဲ့....သေချင်တဲ့ကောင်၊ လာခဲ့၊ လာခဲ့၊ မြန်မြန်လေးသာ လာခဲ့။ ကောင်းထင်သည် စိတ်ထဲကနေကျိတ်၍ ကြို ဆို နေ မိ သည်။ ထိုသူကလည်း ဖြောင့်ဖြောင့်တန်းတန်းကြီးပင် သူ့နား သို့ တိုးကပ်လာနေသည်။

အနီးကပ်ဆုံး နေရာနားသို့ ရောက် သည် နှင့် တ ပြိုင် နက် ကောင်းထင်သည် လျှပ်စီးလက်သလိုလျင်မြန်စွာလှုပ်ရှားသည်။

အမှောင်ထဲကလူခမျာ အသံကလေးတောင် ထွက်မသွားနိုင် ရှာ။ တချီတည်းဖြင့် အရုပ်ကြိုးပြတ် ဖြစ်သွားသည်။ ကြမ်းပြင် ပေါ် ပုံ့ကနဲလဲကျ ငြိမ်သက်သွားသည်။ ကြမ်းပြင်နှင့်ကိုယ်ခန္ဓာ ထိတွေ့သံက တိတ်ဆိတ်နေသည့်ပတ်ဝန်းကျင်တွင် အတော်လေး ကျယ်လောင်သွားသလို ရှိသည်။ အမှောင်ထဲက ဒုတိယလူသည် ဆတ်ကနဲ သူ့ဘက်သို့ လှည့်လိုက်သည်။ ထိုသူ့အာရုံက သူ့ ဘက်သို့ လှည့်လာသည်။

သို့စဉ်တိုင် နံရံနှင့်ကိုယ်ခန္ဓာ တသားတည်းဖြစ်အောင်ကပ်နေ-

သည့် သူ့ကိုတော့ မြင်တွေ့ပုံ မရ။ အမှောင်ထဲမှာ ယောင်ကန်းကန်း စမ်းတဝါးဝါးဖြင့် ရန်သူကို လိုက်လံ ရှာဖွေ နေပုံရသည်။ ကြာတော့လည်း ထိုသူခမျာ စိတ်တိုလာပုံ ရသည်။ မမြင်မကန်း စမ်းတဝါးဝါးဖြင့် ရှာဖွေ နေရသည့် အလုပ်ကို စိတ်မရှည်ဖြစ်လာပုံရသည်။ တိုးတိုးသဲ့သဲ့လေး အသံပြုလာသည့် အဖြစ်ကို ကြားသိရသည်။

"လျှုချမ်း.... မင်းရဲ့ အခြေအနေကောင်းရဲ့လား၊ စောစောတုန်းက အသံကြီးက ဘာအသံကြီးလဲကွ ဟေ"

မေးခွန်းထုတ်သည့်လူကတော့ မေးခွန်းထုတ်နေပြီ။ သူ ဘာလုပ်ရမည်နည်း။ သူ့အနေနှင့် သည်အတိုင်းကြီး ဆက်လက်ငြိမ်သက်နေလျှင်တော့ တဘက်လူက အခြေအနေမှန်ကိုရိပ်စားမိသွားနိုင်သည်။ ကိုယ့်လူ၏ အခြေအနေကို သဘောပေါက်သွားနိုင်သည်။

သူ တခုခုလုပ်ရတော့မည်။ တခုခု....တခုခု။ အား....ဟုတ်ပြီ။ သူ အယောင်ဆောင်ရမည်။ အသံကို ဖျက်၍ ထိုသူ့ကို သူ့ဘက်သို့ ရောက်ရှိလာအောင် မျှားခေါ်ရမည်။ အနားသို့ ရောက်မှ ပထမလူ၏ လမ်းစဉ်သို့ ပို့ဆောင်ပေးရမည်။

ကောင်းသည်။ ထိုအကြံ သိပ်ကောင်းသည်။ ကောင်းထင်သည် စိတ်ကူးထဲမှာ ပေါ်ပေါက်လာသည့်အကြံအတိုင်း အလျင်အမြန်ကလေး အကောင်အထည် ဖော်သည်။ တနည်းအားဖြင့်ဆိုရလျှင်တော့....၊

ရလာသည့်အခွင့်အရေးလေးကို လျင်လျင်မြန်မြန်ကြီး အသုံးချလိုက်ခြင်းလည်း ဖြစ်သည်။ သူသည် လည်ချောင်းကို အစ်တစ်



တစ် လုပ်ခဲ့ရာမှ တဆက်တည်း တိုးတိုးသဲ့သဲ့ လေသံဘိုးကလေး ဖြင့်....၊

"ဟော့ကောင်....ခဏ.... ခဏလောက် ဒီဘက်ကို လာစမ်းပါအုန်း"

ထွက်သွားသည့်လေသံက မူမမှန်၊ အထစ်ထစ် အငေါ့ငေါ့၊ အတုန့်တုန့် အယင်ယင်။ အမှန်တော့ သူ တမင်တကာလုပ်လိုက်ရခြင်းတော့မဟုတ်ပါ။ စိတ်ထဲတွင် လှုပ်ရှားလှုန်းနေသောကြောင့် ထွက်သွားသည့်လေသံကလည်းအထစ်ထစ်အငေါ့ငေါ့အတုန့်တုန့် အယင်ယင် ဖြစ်သွားခဲ့ရခြင်း ဖြစ်သည်။

ဒါကိုပင် ထိုသူ့စိတ်ထဲတွင် သံသယအနွယ်အဝင်များ ခိုဝင်ငြိတွယ် သွားခဲ့ပုံပေါ်သည်။ ထိုသူသည် နေရာတွင်ပင်ရပ်လျက်မှ မေးခွန်းထုတ်လာပြန်သည်။

"မင်း ဘာဖြစ်နေတာလဲ လျှုချမ်း၊ မင်းဘာခုခုများဖြစ်နေပြီလားကွ၊ မင်းရဲ့အသံကို နားထောင်ရတာ ငါ့ရဲ့စိတ်ထဲမှာ တမျိုးကြီးပဲ"

ကောင်းထင်၏ရင်ထဲတွင် ဒိတ်ကနဲ ရှိသွားရသည်။ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းသွားသလား မှတ်ထင်လိုက်ရသည်။ မဖြစ်တော့၊ သူ့အနေနှင့် နောက်ထပ် အသံပေးလိုက်လျှင်တော့ ထိုသူသည် အခြေအနေမှန်ကို ကောင်းကောင်းကြီး ရိပ်စားမိသွားနိုင်သည်။

သည်တော့ သူ ဘာလုပ်ရမည်နည်း။ အသံပေးပြီး မျှားခေါ်သည့် နည်းထက် ပိုမို ကောင်းမွန်သော နည်းပရိယာယ်ကို သုံးရတော့မည်။ ကောင်းထင်သည် ဒဏ်ရာဝေဒနာတခုခုကို အပြင်း

အထန် ရနေသူ၏ အသံမျိုးဖြင့် ညည်းညည်းတွားတွားကလေး လုပ်ခဲ့ပုံက။

"အား…အား"

အသံဖြင့် နောက်ဆက်တွဲ လုပ်ဆောင်ချက်ကလေး အဖြစ် သူက ပိုင်ပိုင်နိုင်နိုင်ကြီး သရုပ်ဆောင်ခဲ့ပြန်ပါ၏။ တောင့်တောင့်ကြီး ရပ်နေရာမှ ကြမ်းပြင်ပေါ်သို့ ရုတ်တရက်ပစ်လှဲချလိုက်ခြင်း ဖြစ်သည်။

သူ့ကျောပြင်နှင့် ကိုယ်ခန္ဓာ ထိတွေ့သံက ဗုန်းကနဲ အတော်ကြီး ကျယ်လောင်သည်နှင့်အမျှ ကြမ်းပြင်နှင့်ဆောင့်မိသည့် သူ့နောက်ကျောပြင်လည်း မသက်သာရှာ၊ အောင့်တက်သွားသည်။ မတတ်နိုင်ပါဘူးလေ၊ အောင့်တာ နာတာတွေကို အခုအချိန်မှာ သူ ဂရုမစိုက်နိုင်။

အရေးကြီးသည်က တယောက်တည်းသာ ကျန်ရှိ နေသေးသည့် ရန်သူ သူ့နားသို့ ရောက်ရှိလာဖို့။ ထိုသူ့ထံမှ အလန့်တကြား မေးခွန်းထုတ်လာသံကို ကြားရသည်။

"လျှူချမ်း…. လျှူချမ်း၊ မင်း…. မင်း ဘာဖြစ်သွားသလဲ ဟင်"

ထိုသူခမျာလည်း စိတ်ထဲတွင် လှုပ်ရှားနေပုံရသည်။ မေးခွန်းထုတ်လာသည့်အသံကအထစ်ထစ်အငေါ့ငေါ့ဖြစ်လို့ရယ်။ တဆက်တည်း ဆိုသလို ထိုသူသည် သူလဲကျနေရာဆီသို့ မသိမသာလေး တိုးလှမ်းလာသည်။

ရန်သူကတော့ သူ့ပရိယာယ်ညွှတ်ကွင်းထဲ အငိုက်မိသာခဲ့ပါပကောလားလို့။ အနားသို့ရောက်သည်နှင့် တမလွန်သို့ ပို့ဆောင်



ပေးဖို့ပဲ ကျန်တော့သည်။ ကောင်းထင်သည် အသက်ပင် မရှူပဲ ငြိမ်ငြိမ်သက်သက်ကြီး စောင့်ကြည့်နေသည်။

ထိုသူကလည်း ငါးမျှားချိတ်ကို မမြင်ရှာသည့် ငါးမိုက် သတ္တဝါလိုပင် ကောင်းထင်နားသို့ တရွေ့ရွေ့ဖြင့် တိုးလှမ်းလာ နေသည်။ ဪ….ကိ[illegible]တွင်း ကိုယ်တူးဖို့ သေမင်းဆီကိုမှ တန်းတန်းမတ်မတ် တိုးလှမ်းလာနေသည့် ငမိုက်သားရယ်လေ။

ထိုသူ….သူနှင့် အနီးကပ်ဆုံး နေရာဆီသို့ ရောက်လာသည်နှင့် တပြိုင်နက် လျှပ်မြန် သွက်လက်လွန်းလှသည့် ကောင်းထင်၏ ခါးကိုင်လက်က လှုပ်ရှားသွားသည်။

ကိုယ့်အသားနာတော့မှ ငနဲသားခမျာလည်း ရန်သူ ထောင်ချောက်ထဲသို့ တန်းတန်းမတ်မတ် တိုးဝင်ခဲ့ရသည့် အဖြစ်ကို နားလည် သဘောပေါက် နောင်တ ရသွားပုံရသည်။

ဒါပေမယ့် ငနဲသား နောင်တ တရား ရင်ဝယ် ပိုက်မိသည့် ထိုအချိန်မှာတော့ အခြေအနေက အတော်ကြီးကို နောက်ကျနေပြီ ဖြစ်သည်။

ငနဲသားခမျာ ဝမ်းဗိုက်ကို လက်နှစ်ဘက်ဖြင့် ပွေ့ပိုက်ယင်း ပထမလူ၏လမ်းစဉ်အတိုင်း လိုက်ပါသွားရရှာသည်။ အမှောင်ထဲက ကြိုစောင့်နေသည့် အနှောင့်အယှက် နှစ်ကောင်တော့ ရှင်းသွားပြီဖြစ်သည်။ နောက်ထပ် ရန်သူ ဘယ်နှစ်ယောက်နှင့် ထပ်မံကြုံဆုံရဦးမည် မဆိုတတ်နိုင်။

ကြောက်စရာတော့ မရှိပါ။ တကယ်တော့ မြေဆိုးဂေဟာထဲမှ အစောင့်အရှောက်များသည် သိုင်းပညာအရာတွင် အလွန့်အလွန် တော်လှပါသည်လို့ သိုင်းလောကတွင် ကျော်ကြားမယ့်

သာ ကျော်ကြားနေသည်၊ တကယ်တမ်း သူ ရင်ဆိုင် တိုက်ခိုက်ကြည့်သော အခါတွင်မတော့ ကျော်ကြားသလောက် တကယ်မတော်လှသည့်အဖြစ်ကို လက်တွေ့သိလိုက်ရသည်။

သည်တော့ မြေဆိုးဂေဟာထဲက နောက်ထပ် ကြုံတွေ့ရင်ဆိုင်ရဦးမည့် အစောင့်အရှောက်တွေကိုရော ဘာလို့ တွေးကြောက်နေရတော့မည်နည်း။

ကောင်းထင်သည် ခေတ္တအခိုက်အတန့်မျှ အမောအပန်းဖြေသည်။ အမောစေ့အောင် အသက်ကို ပြင်းစွာရှူသည်။ ထို့နောက်တော့မှပင် ရှေ့ခရီးဆက်ခဲ့သည်။ ခေတ္တလောက် အမောအပန်းဖြေလိုက်ရလို့ပဲထင်သည်၊ လျှောက်လှမ်းနေသည့် သူ့ ခြေလှမ်းတို့က စောစောကထက် ပိုမို သွက်လက်မြန်ဆန်နေဘိသို့ရှိသည်။

●

## ရှောင်လင်မြေဆိုးနှင့် ရင်ဆိုင်အတွေ့

အမှောင်ရှိလျှင် အလင်းရောင်လည်း ရှိရမည်မှာ လောကဓမ္မတာ နိယာမ တခုပေပဲ။ ထို့အတူ အမှောင်ပျောက်ကွယ်လျှင် အလင်းရောင် ရောက်ရှိလာရမည်မှာလည်း ဓမ္မတာ။ အခုပဲကြည့်လေ။ သိပ်သည်းသမျှနက်ရှိုင်းလွန်းလှသော အမှောင်လမ်းတလျှောက်ကို လျှောက်လှမ်းခဲ့ရသည့် ကောင်းထင်။

ရှည်လျားလွန်းလှသော ထိုအမှောင်ထုကို ဖြတ်သန်း ကျော်လွှားလိုက်သည့် နောက်မှာတော့။

အလင်းရောင်တန်းတို့ဖြင့် ထိန်ထိန်ညီးညီးရှိနေသော အခန်းကျယ်ကြီး တခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ခြေချမိချေတော့သည်။ အလင်းရောင်တို့မှာ ထိန်ထိန်ညီးညီးရှိမည်ဆိုလည်း ရှိလောက်စရာပါပေ။

ပိုးမီးအိမ်ကြီးများကို လေးဘက်လေးတန်တွင် ထွန်းညှိထားသည်။ ဆယ်လုံးထက်မနည်း။ အလင်းရောင် စိုးစဉ်းမျှမရှိသည့် အမှောင်ထဲကနေ လျှောက်လှမ်းခဲ့ရသည့် ကောင်းထင်ခမျာ ထိုအခန်းတွင်းသို့ ခြေချမိသည်နှင့် မျက်လုံးအစုံမှာ ကျိန်းစပ်သွားရသည်။ မျက်စိအမြင်မှာ ကွယ်ပျောက်သွားသည်။ ဦးခေါင်းထဲတွင် မူးရိပ်ရိဝေလာသလို ခံစားလိုက်ရသည်။

ထို့ထက်မှာမူ အခန်းထဲတွင် အမွှေးတိုင်များကို ထွန်းညှိထားလေသည်လား မသိ၊ မွှေးပျံ့ကြိုင်လှောက်သော ရနံ့တွေက နှာခေါင်းထဲသို့ စူးရှရှကြီး ဝင်ရောက် နှောင့်ယှက်နေပြန်သည်။

အတော်ကလေးကြာသော် မျက်စိအမြင်တွင် ကျင့်သားရလာသည်။ ဝါးတရိုက်ခန့်အကွာအဝေးတွင် မည်းမည်းသဏ္ဍာန်တခုကို မြင်တွေ့ရသည်။

လူသားတယောက်ပါပဲ။ ကိုယ်ခန္ဓာပေါ်မှာ ဝတ်ဆင်ထားသည့် အဝတ်အစားတို့က အနက်ရောင်၊ အထက်အောက်ဆင်တူ။ ကျောပြင်ပေါ်မှာ ဆောင်ဓားရှည်တလက်၊ အရပ်အမောင်းက ငါးပေကျော် ခြောက်ပေနီးပါး၊ ကိုယ်ခန္ဓာက ပိန်ပိန်ပါးပါး၊ မျက်နှာထားက တည်တည်။ သူ့အသွင်က ကောင်းထင်ကို ကြိုစောင့်နေသလို။ လက်နှစ်ဘက်ပိုက်၍ ခြေထောက်ကို ခပ်ကားကားလုပ် ရပ်နေသည်။

ပုံစံက တကယ့်အဆင့်မြင့် သိုင်းသမားတယောက်၏သွင်လျှာမျိုး။ သည်လူ့ကိုတော့ သတိထားရတော့မည် ဖြစ်ကြောင်း ကောင်းထင် နားလည်သဘောပေါက်လိုက်မိသည်။

“ဘယ်လိုလဲ သူရဲကောင်းကြီး ကောင်းထင်ရဲ့။ ခင်ဗျားက



တော်တော်ကလေး အစွမ်း ထက်နေပါလား။ ဂေဟာမှာ စောင့်ကြပ်နေတဲ့ အစောင့်အကြပ်တွေကိုတောင် ကျော်လွှားနိုင်ခဲ့တယ်ဆိုတော့၊ အင်း....ခင်ဗျားရဲ့သိုင်းပညာဟာ တော်တော်ကလေးကို အဆင့်မြင့်လို့ပဲ ဖြစ်ရမယ်”

ကြည့်စမ်း၊ သည်လူက သူ့နာမည်ကိုတောင် ကောင်းကောင်းကြီး သိနေပါကလား။ သည်အတွက် ကောင်းထင်၏စိတ်ထဲတွင် အံ့အားသင့်သွားခဲ့ရသည်နှင့်အမျှ မေးခွန်းပြန်ထုတ်မိသည်။

“နို့....နေစမ်းပါအုန်း၊ ကျုပ်ရဲ့နာမည်ကို သိထားရအောင် ခင်ဗျားက ဘယ်သူလဲ”

ထိုသူ့ နှုတ်ခမ်းဒေါင့်စွန်းတွင် အပြုံးငွေ့သဲ့သဲ့ ပေါ်လာခဲ့ရာမှ ခနဲ့တဲ့တဲ့ကလေး။

“ခြော်....ခြော်၊ ခင်ဗျားက ကျုပ်ရဲ့ဂေဟာကိုတော့ သိတယ်၊ ကျုပ်ကိုတော့ မသိပါလား၊ အင်း....ဖြစ်ရမယ်လေ၊ ဖြစ်ရမယ် ကျုပ်ဆိုတဲ့ အကောင်ကလဲ အပြင်လောကကိုမှ သိပ်မထွက်တတ်ပဲကိုး၊ အဲ...ပြီးတော့ ဒီ ဂေဟာထဲကို ရောက်လာတတ်တဲ့လူမှန်သမျှဟာလဲ အဝင်သာရှိပြီး အထွက်မှမရှိတတ်ပဲကိုးဗျ”

သည်တော့လည်း သူ့ရှေ့မှလူသည် နာမည်ကို ကြားနေရပေမယ့် လူချင်း သည်တကြိမ်သာ တွေ့မြင်ဖူးရသည့် ရှောင်လင်မြေဆိုးဖြစ်ကြောင်းကို နားလည်မိလိုက်ရပြန်သည်။

“နို့....ခင်ဗျားက ကျုပ်ကို ကောင်းထင်ဖြစ်မှန်းဘယ်လိုလုပ် သိနေရတာလဲ”

ကောင်းထင်က သူ့စိတ်ထဲတွင် မရှင်းလင်းသေးသည့်အချက်

ကို ဖွင့်ထုတ်ပေးသည်။ စက္ကန့်မဆိုင်းပင် ရှောင်လင် မြေဆိုးက လည်း အဖြေပေးခဲ့သည်။

"ဒါကလဲ သိပ်မဆန်းပါဘူးလေ၊ခင်ဗျားအယင်ခင်ဗျားရဲ့လူ ရွှေနဂါးက ဒီအထဲရောက်လာပြီး ကျုပ်နဲ့စကားပြောသွားပြီးမှ ကိုးဗျ"

"ဒါဖြင့် ကျုပ် ဒီအထဲကို ရောက်လာမယ့်အကြောင်းကို သူက သတင်းပေးသွားခဲ့တယ် ဆိုပါတော့လေ"

သူက ဆက်စပ်မိသည့် အချက်ကို တင်ပြသည်။ ရှောင်လင် မြေဆိုးသည် ဟုတ်မှန်ကြောင်း ဆတ်ကနဲ ခေါင်းညိတ် ပြခဲ့ရမှ ဝင့်ဝင့်ကြွားကြွားကလေး။

"သိပ်ဟုတ်တာပေါ့၊ဒီရွှေနဂါးဆိုတဲ့အကောင်က ကြေးစား ခါးသမားတယောက်ပဲ ဥစ္စာ၊ သူ့အတွက်အကျိုးရှိမယ်ဆိုယင် သစ္စာဆိုတာကို မေ့ပျောက်ထားတတ်တဲ့လူစားမျိုးပဲ၊ ဒါကြောင့် လဲ ကျုပ်က သူ့ကို သက်ညှာတဲ့အနေနဲ့ သူ့ကို ဒီဂေဟာထဲက နေ ထွက်သွားခွင့်ပေးလိုက်တာပေါ့။ ဒါပေမယ့် မပူပါနဲ့၊ ကျုပ်ရဲ့တွင်းထွက်မြေပေါက်လက်ဝါးရိုက်ချက်ဒဏ်ကို ကောင်း ကောင်းကြီး ခံသွားရတဲ့သူဟာ နောက်ထပ်ဆယ်ရက်တောင်မှ လူ့ပြည်မှာ နေလို့ရချင်မှရတော့မှာ၊အဲ....တကယ်လို့အစွမ်းထက် တဲ့ ဆေးစွမ်းကောင်းတွေနဲ့ တွေ့သွားယင်တော့ မပြောတတ် ဘူးပေါ့လေ။ဒါကိုထားပါ။အခုဆို ခင်ဗျားလဲဟိုသိုင်းလေးဂိုဏ်း စာပဒေသာကျမ်းအတွက်ပဲ ဒီဂေဟာထဲကို ဝင်လာတာမို့လား"

"ဟုတ်တယ်၊ သိုင်းလောကသားတိုင်း သိပ်လိုချင်နေကြတဲ့ အဲဒီသိုင်းကျမ်းအတွက်ပဲ ရောက်လာရတာ"



"ကောင်းပြီ၊ ဒီလိုဆိုယင် အဲဒီသိုင်းကျမ်းဆီရောက်အောင် ကျုပ်ကို အယင်ကျော်လွှားနိုင်အောင် ကြိုးစားပေါ့"

"ဒါကို ကျုပ် နားလည်ပါတယ်လေ။ ကဲ....အဲဒီတော့"

ကောင်းထင်သည် စကားဆုံးသည်နှင့် ရှောင်လင်မြေဆိုးရှိရာ ဆီသို့ လွှားကနဲ ပြေးခုန် ဝင်ရောက်သွားသည်။ လက်ထဲမှ ဆောင်ဓားဖြင့် ရှောင်လင်မြေဆိုး၏ဦးခေါင်းကို ပိုင်းထည့်လိုက် သည်။ ရှောင်လင်မြေဆိုး၏ ကိုယ်ခန္ဓာတချက် လှုပ်ခါသွား သည်။

ညာလက်ထဲသို့ ဖြန့်ကားနေသည့် ယပ်တောင်တခုက မျက် လှည့်ပြသလို တမုဟုတ်ချင်း ရောက်ရှိလာသည်။ သူ့ဦးခေါင်း ဆီ ရည်ရွယ်ဝင်ရောက်လာသည့် ဆောင်ဓားရှည်ကို လက်ထဲမှ ယပ်တောင်ဖြင့် ဖြတ်ရိုက်ချလိုက်သည်။ ထန်းကနဲ အသံတချက် က ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ်လာသည်။

သံသံချင်း ထိတွေ့ရိုက်ခတ်မိသကဲ့သို့ ဖြစ်သည်။ကောင်းထင် ၏ ဆောင်ဓားကိုင်လက် တုန်ခါ ရွှေလျားသွားသည်နှင့်အမျှ လက်မောင်းတလျှောက်မှာလည်း လျှပ်စစ်နှင့် အတို့ခံလိုက်ရ သလို ထုံကျင်သွားသည်။

တကယ်တော့ ရှောင်လင်မြေဆိုး၏လက်ထဲတွင် ကိုင်ဆောင် ထားသည့် ယပ်တောင်လေးက ရိုးရိုးသာမန် ယပ်တောင်မဟုတ်။ သံယပ်တောင် ဖြစ်သည်။

"ဘယ့်နှယ့်လဲ၊ နောက်ထပ် တိုက်ချင်ခိုက်ချင်စိတ် ရှိသေး သလား"

ရှောင်လင်မြေဆိုးသည် ထေ့လှောင်ပြုံးလေးပြုံးယင်းမှ မထိ

တရိလေး မေးခွန်း ထုတ်သည်။ ကောင်းထင်သည် အံကို တင်းတင်းကျိတ်သည်။ ရင်ထဲတွင်လည်း ဒေါသလှိုင်းတံပိုးတို့ ထကြွ ရိုက်ခတ် ဆူဝှန်း လိုက်တက်လာသည်။

ဒါကြောင့်လည်း သူသည် နောက်ထပ် ဘာစကားမှ ခွန်းတုံ့ပြန်မနေတော့ပဲ လက်ထဲမှ ဆောင်ဓားကို မွေ့ယမ်းလျက် ရှောင်လင်မြွေဆိုးကို အဆက်မပြတ် တိုက်ခိုက်သည်။ သူ့လက်ထဲမှ ဆောင်ဓားသည် အရိပ်ကလေးပမာ ရိပ်ကနဲ ရိပ်ကနဲ လှုပ်ရှား နေသည်။

ရှောင်လင်မြွေဆိုးသည် အရှောင်အတိမ်းလေးကို အဆက်မပြတ် လုပ်နေသည်။ ကိုယ်ခန္ဓာက ဘယ်ယိမ်း ညာယိမ်း၊ ညာယိမ်း ဘယ်ယိမ်း၊ ခြေထောက်က ဘယ်ရွှေ့ ညာရွှေ့၊ ညာရွှေ့ ဘယ်ရွှေ့၊ သူ့ကို ဓားချက် တချက်မှမထိ။

လှုပ်ရှားရဖန်များလွန်းလို့ ကောင်းထင်၏ ဓားကိုင်လက်သည် ညောင်းတောင့်ချင်လာသည်။ လက်အံသေချင်လာသည်။ အသက်ရှူရသည်မှာလည်း မူမမှန်ချင်တော့။ ရင်မှာ ဖားဖိုကဲ့သို့ နိမ့်ချီမြင့်ချီ ရှိလာသည်။ ဟောဟဲ ဟောဟဲဖြင့် အသံကလေးများ တောင် ထွက်နေသည်။ ရှောင်လင်မြွေဆိုးသည် သူ့ကို စိုးစဉ်းမျှ တန်ပြန်မတိုက်ခိုက်ပဲ ခံစစ်အသွင်ဖြင့်သာ အတိမ်းအရှောင်လေး လုပ်နေသည်။

ကြောင်က ကြွက်ကိုမသတ်မီ ဆော့ကစားနေသလို။ သူ လက်အံသေပြီး အမောဆိုက်တော့မှ ဝင်ရောက်တိုက်ခိုက်မည်လား မဆိုတတ်နိုင်။ တိုက်ယင်းခိုက်ယင်း အချိန်က တရွေ့ရွေ့ ဖြင့် ကုန်ဆုံးလာသည်။



သိုင်းကွက်များသည် တကွက်ပြီးတကွက် ပြောင်းလဲလာသည်။ သိုင်းကွက်ဆယ်ကွက်ကိုပင် ကျော်လွန်လာခဲ့သည်။ တယောက်နှင့်တယောက် အရှုံးအနိုင် မပေါ်သေးပဲရှိသည်။

တချိတွင် ကောင်းထင်သည် သိုင်းကွက်ပြောင်းပြီး တိုက်ခိုက်သည်။ ဆောင်ဓားကို ညာလက်ထဲမှာ ကိုင်ဆောင်တိုက်ခိုက်နေရာမှ ဘယ်လက်ဆီသို့ အလျင်အမြန် ကူးပြောင်းလျက် မြက်ခုတ်သလို ရှောင်လင်မြွေဆိုး၏ ဝမ်းဗိုက်အလယ် တည့်တည့်ကို ပိုင်းထည့်လိုက်သည်။

ရှောင်လင်မြွေဆိုးကလည်း သည်အကွက်ကို ကြိုတင်သိနေသလို။ ကိုယ်ကို နောက်သို့ရှို့၍ ခုန်ဆုတ်ရှောင်တိမ်းလိုက်ရာမှ ညာခြေဖျားဖြင့် အပေါ်သို့ ပင့်ကန်ထည့်လိုက်သည်။ ကောင်းထင်၏ ဓားကိုင်လက် တုန်ခါသွားသည်။ ဓားမှာလည်း လက်ထဲက နေ လွတ်ထွက်သွားသည်။ ကောင်းထင်၏ရင်ထဲမှာ လှပ်ကနဲ ဖြစ်သွားသည်။

ရုတ်ခြည်း အားအင်တွေ ယုတ်လျော့ကုန်ခန်းသွားသလို ခံစားလိုက်ရသည်။ ထိုစဉ်မှာပင် ရှောင်လင်မြွေဆိုးက ရလာသည့် အခွင့်အရေးကို အသုံးချသည်။ လှစ်ကနဲ ကောင်းထင်၏ထံပါးသို့ တိုးကပ်လာသည်။ ဘယ်လက်ဝါးဖြင့် ကောင်းထင်၏ရင်ဘတ်ကို ရိုက်ချလိုက်သည်။

သူ၏ အင်မတန်မှ နာမည်ကျော်ကြားလှသော တွင်းထွက် မြွေပေါက် လက်ဝါးရိုက်ချက် ဖြစ်သည်။ ကောင်းထင်၏ မျက်စိ ထဲတွင် ရိပ်ကနဲ လှုပ်ရှားသွားသည့် အရိပ်ကလေးတရိပ်ကိုသာ

မြင်တွေ့လိုက်ရသည်။ရှောင်တိမ်းချိန်တော့မရလိုက်။သည့်နောက်မှာတော့....

ရင်ဘတ်တခုလုံး အောင့်တက်သွားသည်။ မျက်လုံးအစုံမှာ ပြာမိုက်သွားရသည်။ ဘာကိုမှ မမြင်နိုင်တော့လောက်အောင်လည်း အမှောင်ထုကြီးက ဖုံးလွှမ်းသွားတော့သည်။သူ့အသည်းနှလုံးကြည်ကွဲပျက်ပြုန်းသွားသည်လား မသိ။

ပါးစပ်ထဲကနေ နီစွေးသော သွေးတွေက ပွက်ကနဲပွက်ကနဲ ထွက်အန်ကျဆင်းလာသည်။ရှောင်လင်မြေ့ဆိုးသည် ကောင်းထင်၏ ရင်ဘတ်ကို တွင်းထွက်မြေပေါက်နည်းဖြင့်နောက်ထပ်တကြိမ် ရိုက်ချလိုက်ပြန်သည်။

မြန်းကနဲမြည်သံအဆုံး။ ကောင်းထင်ခမျာ မချိမဆံ့ကြီး ခံစားလိုက်ရသည်။ ကိုယ်မှာ တပတ်လည်သွားလျက် ကြမ်းပြင်ပေါ်သို့ မှောက်လျက်သားကြီး လဲကျသွားသည်။ တုပ်တုပ်မျှ မလှုပ်တော့။ သူ့ခမျာ တမလွန်ကို မျက်နှာမူသွားခဲ့ရရှာပါပကောလားလို့။

ရှောင်လင်မြွေဆိုးသည် ကောင်းထင်၏ဝိညာဉ်မဲ့ အလောင်းကောင်ကြီးရှေ့တွင် အတန်ကြာ ရပ်နေသေးသည်။ ထို့နောက်မှ စိတ်ကျေနပ်သွားသလိုခေါင်းတညိတ်ညိတ်လုပ်လျက် ထိုနေရာကနေ ထွက်ခွာသွားချေတော့သည်။

●

---

## မြွေဆိုးဂေဟာနောက်ဘက်က ကုန်းကမူလေး

---

မြွေဆိုးဂေဟာ။

အဝင်ခြေရာသာ ရှိပြီး အထွက်ခြေရာ စိုးစဉ်းမျှ မရှိသော နေရာဒေသတခုဆိုက မှားမည် မဟုတ်ချေ။ သတ္တိ ရှိသူတို့က အတွင်းသို့ ဝင်ရောက်ပြီး သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းကို အရယူနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း သည်ကနေ့အထိ မည်သူမျှ မအောင်မြင်ကြပဲ ရှိသည်။ မြွေဆိုးဂေဟာပိုင်ရှင် ရှောင်လင်မြွေဆိုး ဆိုသည် ကလည်း နှယ်နှယ်ရရ ပုဂ္ဂိုလ် တယောက်မှ မဟုတ်ပေပဲ။

သိုင်းပညာတွင် သူမတူအောင် ထူးချွန်သူ၊ သိုင်းသမားတိုင်းက နာမည်ကိုကြားရုံနှင့် ကျောစိမ့်စေနိုင်လောက်သည့် တကယ့်အဆင့်မြင့် သိုင်းသမားကြီးတယောက် ဖြစ်သည်။

သူ့တွင် အခိုင်းအစေပေါင်း မြောက်မြားစွာ ရှိသော်လည်း တကယ့်လက်ရွေးစင်ကျတော့ ဆယ့်နှစ်ယောက်သာရှိသည်။ ထို ဆယ့်နှစ်ယောက်သည်လည်း သူ့လက်ရုံးသဖွယ် အင်မတန်မှ အားကိုးအားထားပြုရသော လက်ရွေးစင်အဆင့်မြင့်သိုင်းသမား တွေဖြစ်ကြသည်။ သိုင်းပညာအရာတွင်လည်း တယောက်တမျိုးစီ တတ်ကျွမ်းကြသည်။

မြေဆိုးဂေဟာ၏အနောက်ဘက်တွင် ကုန်းကမူလေးတလုံးက ထူးထူးဆန်းဆန်း တည်ရှိနေသည်။ ထိုကုန်းကမူလေးပေါ်တွင် လူနေအိမ်ခြေ နှစ်ရာခန့်ရှိသည်။ မြင်းဇောင်းများလည်းရှိသည်။ မြင်းများကိုလည်း မြောက်မြားစွာ မွေးမြူထားသည်။ မြင်းထိန်း ကလည်း အယောက်သုံးဆယ်ရှိသည်။ ထိုမြင်းထိန်းသုံးဆယ်အနက် မှ အသက် အငယ်ဆုံး မြင်းထိန်း လေး က တော့ ကျိုး ကျင့် ခယ်လေ။

●

---

မြင်းထိန်းလေး ကျိုးကျင့်

---

ကျိုးကျင့်သည် အခုမှ အ သက် နှစ် ဆယ် ကျော် စွန်း ရုံလေး ရှိသေးသည်။ သို့စေကာမူ အသက်အရွယ်နှင့် မလိုက်အောင်ပင် ကိုယ်ခန္ဓာက ထွားထွားကျိုင်းကျိုင်း ရှိသည်။ တောင့်တောင့် တင်းတင်း ရှိသည်။ အရပ်အမောင်းကလည်း မြင့်မားသည်။

ရုပ်ရည်အရာတွင်လည်း အပြစ်ပြောစရာ မရှိအောင်ပင် လူညို ချောလေး ဖြစ်သည်။ နှာတံဖြောင့်သည်။ မေးရိုး ကားသည်။ မျက်လုံးမျက်ဖန် စူးရှ တောက်ပသည်။ တင်းစေ့သော နှုတ်ခမ်း နှစ်လွှာက အရာခပ်သိမ်းကို ပြတ်ပြတ်သားသား ဆုံးဖြတ်မည့် ဟန်ရှိသည့် သူ့စိတ်ထားကို ဖော်ထုတ် လစ်ကျူး စေသလို ရှိသည်။

သူ့မှာ ဖအေ ခေါ်စရာ ဖအေ ဖရှိ၊ မိခင် ခေါ်စရာ မိခင်

လည်း မရှိ။ သူ့မိဘနှစ်ပါးစလုံးမှာ သူလူမှန်း သိတတ်စ အရွယ်ကတည်းက သေမင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့ကြပြီ ဖြစ်သည်။

သူ့ကို စိတ်ထား အလွန်မြင့်မြတ်သော တရားသမားကြီး တယောက်က ကောက်ယူမွေးစားခဲ့လို့သာ ယခုထက်ထိ အသက်ရှင်နေခဲ့ရခြင်း ဖြစ်သည်။

ဒါပေမယ့် ယခုတော့ သူ့မွေးစားဖခင်လည်း မရှိတော့ချေ။ လွန်ခဲ့သည့် ငါးလလောက်က လူ့လောကကြီးကို မျက်ကွယ်ပြုသွားခဲ့ပြီ ဖြစ်သည်။ သူ့မွေးစားဖခင်ကြီး မရှိတော့သည်နှင့် သူလည်း ခြေဦးတည့်ရာ လျှောက် လေလွင့်ခဲ့ရာမှ နောက်ဆုံး မြွေဆိုးဂေဟာသို့ ရောက်ရှိ အခြေချဖြစ်တော့သည်။

သူ မြွေဆိုးဂေဟာသို့ ရောက်ရှိခဲ့ရသည့် ရက်ပေါင်းက သိပ်မကြာတတ်သေး။ ရက်ပေါင်းကိုးဆယ်၊ လအားဖြင့် သုံးလရှိပြီ ဖြစ်သည်။ သည်ရက်ပေါင်း ကိုးဆယ်အတွင်း သူသည် မြင်းထိန်းအလုပ်ကို ကောင်းမွန်စွာ တတ်မြောက်ခဲ့သည်။

သို့စေကာမူ သူ အင်မတန်မှ သင်ချင် တတ်ချင်သည့် သိုင်းပညာကိုတော့ သူ မတတ်မြောက်သေးပါ။ သည်အတွက် သူ့ကိုယ်သူ အတော်ကြီး မကျေမနပ် ဖြစ်မိသည်။

အမှန်ဆို သူ့အနေနှင့် သိုင်းပညာကို တတ်မြောက်ထားသျှင်တော်သေးရဲ့။ ကိုယ် တတ်မြောက် ထားသည့် သိုင်းပညာဖြင့် ကိုယ့်ဝမ်းကိုယ် ကောင်းကောင်းကျောင်း၍ ရဦးမည်။ မည်သူ့ကိုမျှလည်း အောက်ကျခံနေစရာ မလို။ အင်မတန်မှ အောက်တန်းကျလှသည့် မြင်းထိန်းအလုပ်ကိုလည်း လုပ်နေစရာ မလို။



အခုတော့မူ နံနက်မိုးသောက် အလင်းရောက်သည်နှင့် သူ့မှာ အဆက်မပြတ် လုပ်လိုက်ရသည့် အလုပ်။ မြင်းဇောင်းထဲက မြင်းတွေကို ရေချိုးသန့်စင်ပေးရ၊ အစာကျွေးရ၊ မြင်းချေးကျုံးရခြင်းနှင့် လူမှာ အလုပ်မပြတ် ရှိရသည်။ သည်ကြားထဲ တခါတရံ မြင်းလှည်းဆွဲပြီး လျှောက် လှည့်ပေးရသေးသည်။

တနေကုန်လုပ်ရလို့ မောပန်းနွမ်းနယ်နေရသည့် အထဲ ညနေဝင်မိုးချုပ် ရောက်ပြန်တော့လည်း သူ့မှာ သူများတွေလို စိတ်ချလက်ချ မအိပ်နိုင်သေး။ မြင်းဇောင်းထဲဝင်ပြီး မြင်းများကို စစ်ဆေးရသေးသည်။ ထို့နောက်မှ စိတ်ချလက်ချရှိတော့မှ သူ့ခမျာ မြင်းဇောင်းထဲ၌ အိပ်ရသည်။

ဒါတောင် သူ့မှာ ဖြောင့်ဖြောင့်တန်းတန်း မအိပ်နိုင်သေး။ ရံဖန်ရံခါ အရေးပေါ်ကိစ္စမျိုး ပေါ်ပေါက်လာလျှင် ရှောင်လင်မြွေဆိုးတို့က ညခရီးထွက်တတ်သေးသည်။ ထိုသောအခါမျိုးတွင် သူသည် ညအိပ်ချိန်လေးပင် မရရှိတော့၊ အလုပ်လုပ်လျက်နှင့်ပင် မနက်မိုးလင်းသွားတတ်သည်မျိုးလည်း ရှိသေးသည်။

ကြာတော့လည်း သူသည် မြင်းထိန်းအလုပ်ကို စိတ်ပျက်ချင်လာသည်။ မြင်းထိန်းအလုပ်ကိုစွန့်လွှတ်ပြီး အဝေးသို့ ထွက်ပြေးချင် စိတ်ပင် ပေါက်ခဲ့ရသည်။ သို့စင်လျက် သူ့မှာ ထိုအလုပ်ကို မစွန့်လွှတ်နိုင်သောက်သည့် အကြောင်းအချက်ကလေးကလည်း ရှိနေပြန်သည်။

ထိုအကြောင်းအချက်ကလေးက အခြားမဟုတ်။ စင်စစ်။

●

## မစွန့်လွှတ်နိုင်သေးသည့်အကြောင်းရင်း

မြေဆိုးဂေဟာ၏ နောက်ဘက်တွင် မြေကွက်လပ်ကလေး တခု ရှိသည်။ မနက်အရုဏ်ကျင်းစအချိန်သို့ ရောက်တိုင်း ရောက်တိုင်း ရွှေခင်လင်မြေဆိုးသည် ထိုမြေကွက်လပ်ကလေးဆီသို့ ရောက်ရှိလာတတ်လျက် သူ့ဏာပည့် ဆယ့်နှစ်ယောက်နှင့် အတူ သိုင်းလေ့ကျင့်ခန်း ယူတတ်သည်။

သူတို့တတွေ ယခုကဲ့သို့ သိုင်းလေ့ကျင့်ခန်းယူတတ်သည်ကို မည်သူမျှမသိဟု ရွှေခင်လင်မြေဆိုးက မှတ်ထင် နေသော်လည်း တကယ်တမ်း ကျတော့ သိသူ တယောက်က ရှိနေ သည်။ ထို တယောက်မှာ အခြားသူမဟုတ်၊ ကျိုးကျင့် ဖြစ်သည်။

ကျိုးကျင့်တို့ ကုန်းကမူကလေးပေါ်ကနေ အောက်သို့ရေစီးဆင်းနိုင်အောင် မြောင်းတခုကို ဖောက်လုပ်ထားသည်။ ထို



မြောင်းသည် ရွှေခင်လင်မြေဆိုးတို့ သိုင်းလေ့ကျင့်ရာ မြေကွက်လပ် လေးနှင့် မလှမ်းမကမ်းတွင်လမ်းဆုံးနေသည်။ ထိုမြောင်းဘေးနားတွင် ညောင်ပင်ကြီးတပင်ရှိသည်။ ပိုးမွှား များ၏ တိုက်ဖျက်မှုဒဏ်ကြောင့် ပင်စည်က လူတ ကိုယ်စာ ဝင် သာ ရုံ ဟောင်းလောင်းပေါက်ကြီးဖြစ်နေသည်။

ထို ပင်စည်အတွင်းသို့ဝင်ရောက်ပြီးကြည့်လိုက်ပါလျှင်လည်း တဖက်သို့ကောင်းမွန်စွာမြင်တွေ့နိုင်သည့် ဒိုးယိုပေါက်များက အဆင်သင့်။

သေလုမြောပါးမတတ် ပင်ပန်းမှုန်းသိပါလျက် မြင်းထိန်းအလုပ်ကိုမစွန့်လွှတ်နိုင်သေးသည့်အကြောင်းရင်းက ထိုပင်စည်ဟောင်းလောင်းပေါက်နှင့်ညောင်ပင်ကြီးကြောင့်ဆိုက မှားမည်မဟုတ်။

တနည်းအားဖြင့်ဆိုရလျှင်တော့၊ သိုင်းပညာကို အင်မတန်မှ တတ်ချင်နေသည့် ကျိုးကျင့်အတွက် ထိုဟောင်းလောင်းပေါက်နှင့် ညောင်ပင်ကြီးက လွန်စွာမှ အထောက် အကူ ပြုနေသည်။ ကျိုးကျင့်သည် ရွှေခင်လင်မြေဆိုးတို့ ဆရာတပည့်တွေ သိုင်းလေ့ကျင့်နေသမျှကို နေ့စဉ် ထိုညောင်ပင်ကြီးထဲဝင်ရောက်ပြီး လေ့လာမှတ်သားနေတတ်သည်လေ။

ဩော်....ကျိုးကျင့်ရယ်လေ၊ သိုင်းပညာကို တတ်ချင်ရှာပေသကိုး။ သည်ကနေ့မှ....၊ ထူးထူး ခြားခြား ဆိုသလို မိုးမရွာ၊ တိမ်သလ္လာမှေးတွေကလည်း ကင်းစင်နေသည်။ ငွေလမင်းကလည်း ညသန်းခေါင်အာမှောင်ရောက်နေတာတောင်မှ သာတုန်းသာနေဆဲ။

အဲမှောင်ကျရောက်နေသည့် လူ့လောက ရွာလေး ပေါ်သို့ ငွေမင်ရည်က ယိုဖိတ် ကျဆင်းနေသည်။ ငွေလရောင်ကြောင့်လည်း တလောကလုံးလင်းလင်းထိန်နေဘိသို့ရှိသည်။ ခြော်.... သာတောင့်သာယာရှိလွန်းလှသည့် ညချမ်းအချိန်အခါလေးပါပဲကလား။

ကြည့်စမ်း၊

ကောင်းကင်ပေါ်မှာ ကြယ် တွေ တောင် ထွက် လို့ နေ ပါပကော။ သည်ညမှာ....တိုက်ခတ်နေသည့်လေကလည်း အခါတိုင်းညတွေလို ကြမ်းကြမ်း တမ်းတမ်း ဟောဟော ရမ်းရမ်း မဟုတ်တော့ပြီ။ ပြေပြေကလေး။

အပူပျောက်ရုံ အေးသည်ဆိုရုံကလေးမျှသာ တိုက်ခတ်နေသည်။ မိုးရွာသည့်ညတွေတုန်းက ကျိုးကျင့်သည် စောစောစီးစီးကတည်းက အိပ်ရာ ဝင်နိုင်ခဲ့သော်လည်း သည်ညမှာတော့ ညသန်းခေါင်ကျော်တာတောင် အိပ်စက်အနားယူ၍မရသေးပဲရှိသည်။ မျက်လုံးအစုံကိုမှေးမှိတ်၍မရသေးပဲရှိသည်။ မျက်လုံးအစုံမှာ ကြောင်စင်းနေသည်။

ကံမကောင်း အကြောင်းမလှခဲ့သည့် သူ့ ဘဝပေးအခြေအနေကို စဉ်းစားယင်း ဦးနှောက်ကိုအလုပ်ပေးနေမိသည်၊ ကံဆိုးပဲမ သွားလေရာ မိုးလိုက်လို့ရွာ ဆိုသလို။ ဘယ် နေ ရာ ကို ရောက်ရောက် သူ့အတွက် အဆင်ပြေမှု ဆို သည် က ရှာ လို့မတွေ့။

ကံဇာတာမဲ့လို့ မျက်နှာငယ်နေရသည့် သူ့ကို ဖေးမကူမည့်လူ အစား မြေနိမ့်ရာလှံစိုက်ဖို့ကြံကြသည့်လူတွေနှင့်သာ ကြုံတွေ့



နေရသည်။ ကြာတော့လည်း သူ့မှာကျင့်သားရလာပြီဆိုသော်လည်း လူတွေကိုတော့ စိတ်နာမိသည်။

တဦးနှင့်တဦး၊ အခွင့်အရေး ရလျှင်ရသလို လိမ်ဖို့ ညာဖို့ ကောက်ကျစ်ဖို့၊ ပြီးတော့ အထက်ပင့် အောက် သား ဖိနှိပ်ဖို့လောက်သာ ကြံတတ်သည့် လူသတ္တဝါတွေကိုလည်း ရွံရှာမုန်းတီးစိတ် ဖြစ်ခဲ့မိရသည်။

ခြော်....ဖေဖေနှင့် မေမေတို့ရယ်၊ ဘာကြောင့်များ သူ့ကို လူ့လောကကမ္ဘာလေးထဲသို့ ပို့ဆောင်ပေးခဲ့ရပါလိမ့်။

ကျိုးကျင့်သည် သူ့ ဘဝအကြောင်း သူ ပြန် တွေး ယင်း မသိမဆိုင် မွေးမိဘ ကျေးဇူးရှင်နှစ်ဦးကိုပင် အလိုလိုနေယင်း အပြစ်တင်ချင်စိတ် ဝင်ခဲ့ရသည်။

ကျိုးကျင့်သည် သက်ပြင်းတချက် ချသည်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူ့အနေနှင့် မကြာခင် အချိန် အတော အတွင်းမှာ မြွေဆိုးဂေဟာကို စွန့်ခွာခွင့် ရတော့မည် ထင်သည်။ မြင်းထိန်းအလုပ်ကို စွန့်လွှတ်ရတော့မည်ထင်သည်။ ခိုးကြောင်ခိုးဝှက်ဖြင့် နေ့စဉ်သင်ယူထားရသည့် သိုင်းပညာဖြင့် သိုင်းလောကထဲသို့ ဝင်ရောက်အသက်မွေးဝမ်းကျောင်းခွင့် ရတော့မည်ထင်သည်။

အမှန်ပင်၊ ရှောင်လင်မြွေဆိုးတို့ သိုင်းလေ့ကျင့်ခန်းယူသမျှကို သူသည် နေ့စဉ် နေ့တိုင်း မည်သူမျှမသိအောင် ခိုးကြောင်ခိုးဝှက်ဖြင့် လေ့လာ မှတ် သား နေ ခဲ့ ရာ မှ ယခုတော့လည်း ရှောင်လင်မြွေဆိုးတို့ထံမှ လျှို့ဝှက်သော သိုင်း ပညာရပ်များကို အလုံးစုံမဟုတ်သည့်တိုင် အတော်အတန်လေးတော့လေ့လာတတ်မြောက်နေခဲ့ပြီဖြစ်သည်။

ယင်းသည်ကို ရှောင်လင်မြေဆိုးစိုးစဉ်းမျှမသိသေး။အကယ်၍ သိများသိသွားခဲ့လျှင်တော့ သူ့အတွက်က သက်သာမည်မဟုတ်။အသက်နှင့်ခန္ဓာကိုယ်အိုးစားမကွဲတောင်၊ သိုင်းလောကထဲသို့ သည်တသက်မဝင်ရောက်နိုင်အောင် ရှောင် လင် မြေ ဆိုးတို့က ကောင်းကောင်းကြီးဆုံးမပေးလိုက်မည်မှာ အမှန်။

ကျိုးကျင့်သည် တွေးယင်းနှင့်ပင် အလိုလိုနေယင်းကျောမှာ စိမ့်တက်သွားသလို ခံစားလိုက်ရသည်။

အင်းလေ.... သူ သိုင်းလေ့ကျင့်ခန်း လေ့ လာ မှတ် သားတတ်မြောက်ထားသည့်အဖြစ်ကိုလည်း ရှောင်လင်မြေဆိုးတို့ကလည်း အလွယ်တကူသိနိုင်စွမ်းမည်တော့မထင်။

သူကလည်း ရှောင်လင်မြေဆိုးတို့မသိအောင် သူတို့ သိုင်းလေ့ကျင့်နေသမျှကို တော်ရုံတန်ရုံ မမြင်တွေ့နိုင်သည့် အကွယ်နေရာကနေ၍ တိတ်တဆိတ် လေ့လာမှတ်သား သင်ကြားတတ်မြောက်ထားခဲ့သည် မဟုတ်လား။

တဘက်ကနေ....ယင်းကဲ့သို့ တွေးလိုက်မိပြန်တော့လည်း သူ့စိတ်မှာ အနည်းငယ် ဖြေသာသွားရပြန်သည်။ စောစောတုန်းက ကျောစိမ့်သည်များလည်း ပြေပြေပျောက်ပျောက် ဖြစ်သွားရပြန်သည်။ ကျိုးကျင့်သည် မြင်းဇောင်းထဲရှိ သူ ကျောချရာကောက်ရိုးပုံ ပေါ်ကနေ ထပြီး မြင်းဇောင်း အပြင်ဘက်ဆီသို့ ထွက်လာခဲ့သည်။

မြင်းချေးနံ့၊ မြင်းသေးနံ့များဖြင့် မြင်းဇောင်းထဲမှာတုန်းက မွန်းကျပ် နေခဲ့သမျှ အခုတော့လည်း ပြေပျောက်သွားဘိသို့ရှိသည်။



ဦးနှောက်တွေ ရှုပ်ထွေး ညစ်မှိုင်းနေခဲ့သမျှတို့ သည်လည်း တအင်အတွင်း ပျောက်ကွယ်သွားသလို ခံစားလိုက်ရလျက် စိတ်ထဲမှာ လန်းဆန်းသွားသလား မှတ်ထင်လိုက်ရသည်။

ညဏ် ငြိမ်သက်ခြင်းအလှပန်းချီကားကို ကြည့်ရှုရသည်ကိုကပင် စိတ်ထဲမှာ တမျိုး ကြည်နူးစရာကောင်းနေသည်၊ သာယာလှပနေသည်။ ကျိုးကျင့်သည် ဘာရယ်မဟုတ်သော်လည်း ဟိုဟိုသည်သည် လျှောက် မျက်စိကစားကြည့်နေမိရာမှ အမှတ်မထင်ဆိုသလို မြေဆိုးဂေဟာနောက်ဘက်ရှိ မြေကွက်လပ်လေး ဆီသို့လှမ်း ကြည့်မိသည်။

သူ ရပ်နေသည့် ကုန်းကမူလေး ပေါ်ကနေကြည့်လျှင် ထိုမြေကွက်လပ်လေးကို ကောင်းစွာ မြင်ရနိုင်သည်။ ဒါကြောင့်လည်း ထို မြေကွက်လပ်လေးဆီသို့ အမှတ်မထင် ကြည့်လိုက်မိသည့် ထိုစဉ်ကြိုက်မှာပင် ထူးထူးခြားခြား လှုပ်ရှားမှု များကို ရုတ်တရက် မြင်တွေ့လိုက်ရတော့သည်။

အရိပ်သဏ္ဍာန်နှစ်ခုဖြစ်သည်။ ဟုတ်သည်။ သူ့ ဆီကနေကြည့်လျှင် မြေဆိုးဂေဟာနောက်ဘက်တွင် လှုပ်ရှားနေကြသည့် အရိပ်သဏ္ဍာန်နှစ်ခုကို တိတိပပ မြင်တွေ့နေရသည်။ သူတို့နှစ်ယောက်မှာ ဘယ်သူတွေပါလိမ့်။

ညကြီးသန်းခေါင်ကျော် အချိန်မတော် လူတို့ အိပ်မောကျနေသည့် ထိုအချိန်မှာ လှုပ်ရှားသွားလာနေကြပုံ သောက်တော့မဟုတ်မှလွဲရော တခုခုတော့ တခုခုပဲ။ တကယ်တော့ ယခုအချိန်သည် သိုင်းလေ့ကျင့်ရသည့်အချိန်လည်း မဟုတ်တော့ပြီ။

ကျိုးကျင့်၏စိတ်ထဲတွင် ထို အရိပ်သဏ္ဍာန်နှစ်ခုနှင့် ပတ်သက်

စပ်လျဉ်း၍ စဉ်းစားအဖြေရှာနေမိသည်။ ဘာရယ် မဟုတ်သော်လည်း ညကြီးသန်းခေါင်ကျော်အချိန်မတော်မှာထူးထူးခြားခြား မြင်တွေ့နေရသည့် အရိပ်သဏ္ဌာန်နှစ်ခုနှင့် ပတ်သက် စပ်လျဉ်း၍ စိတ်ထဲတွင် အမေးပုစ္ဆာတွေ ထုတ်နေမိခဲ့သလို သံသယ အနွယ်အင်များက တိုးဝင်ခဲ့ရပါပြီ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ အကျိုးအကြောင်း အဆိုးအကောင်းလေးသိရအောင် အခုလို အဝေးကနေ အဖြေရှာနေမယ့်အစား အနီးကပ် သွားရောက်လေ့လာ စူးစမ်းမှုပြုလိုက်တာကမှကောင်းဦးမည် ထင်သည်။

ကျိုးကျင့်သည် စိတ်ဆုံးဖြတ်ချက်ချသည်။ ထို့နောက် ဘေးပတ်ဝန်းကျင်တစိုက်ကို ကျီးကန်းတောင်းမှောက် မျက်လုံးအစုံဖြင့် လှည့်ပတ်ကြည့်သည်။ မည်သည့်လှုပ်ရှားမှု အရိပ်အရောင်ကိုမျှ မတွေ့ရတော့မှ စိတ်ချသွားသလို....အပေါ်နှင့် အောက်သို့ ဆက်သွယ်ထားသည့် ပေါင်းကူးမြောင်းလေးဆီသို့ တဟုန်ထိုး ပြေးခဲ့သည်။

ရောက်သည်နှင့် မြောင်းလေးထဲသို့ ခုန် ဆင်း လိုက် သည်။ မြောင်း၏အတိမ်အနက်မှာ လူ့ ခန္ဓာကိုယ် တဝက်စာလောက်ပဲ ရှိမည်။ သူသည် အခြားသူတွေ ရုတ်တရက် မမြင်တွေ့နိုင်အောင် ကိုယ်ကို ပုနိုင်သမျှပုပြီး မြောင်းအတိုင်း အောက်သို့ လှိမ့်ဆင်း လာခဲ့သည်။

မြွေတကောင်လို သူ့လှုပ်ရှားမှုက မြန်ဆန်သည်၊ သွက်လက်သည်။ သိပ်မကြာလိုက်သောအချိန်လေးမှာပင် သူ ရောက်လိုရာ ဆီသို့ ရောက်ရှိလာသည်။ သို့နှင့်အမျှ သူ့စိတ်ထဲတွင် ထင့်ကန့်



ဖြစ်သွားရသည်။ ကုန်းကမူလေးပေါ်မှာ ရှိစဉ်တုန်းက မြင်တွေ့နေရသည့် အရိပ်သဏ္ဌာန်တွေကို ယခု အောက်သို့ရောက်တော့ မတွေ့ရတော့။

သူ့မျက်စိအမြင် မှားသွားတာ များလား။ အလုပ် ပင်ပန်းစိတ်နွမ်းနှင့်မို့ မြင်မိမြင်ရာတွေကို မြင်ယောင်မိခြင်း မျိုးများလား။ သူ့စိတ်ထဲတွင် အတွေးသံသယများက မွှေနှောက်စ ပြုလာသည်။ ရှုပ်ထွေးညစ်မှိုင်းစ ပြုလာသည်။

သူ မျက်စိအမြင်မှားခြင်း မဖြစ်နိုင်။ မြင်မိမြင်ရာတွေကိုမြင်မိခြင်းမျိုးလည်းမဖြစ်နိုင်ပါ။ သေချာသည်၊ သူ ထိုအရိပ်သဏ္ဌာန်နှစ်ခုကို အသေအချာ မြင်တွေ့မိခြင်းဖြစ်သည်။ ယင်းသည်ကို သူ စွဲစွဲမြဲမြဲယုံကြည်သည်။ ဒါဖြင့်....

ထို အရိပ်သဏ္ဌာန်နှစ်ခု ဘယ်ရောက်သွားကုန်သနည်း။ သူ့စိတ်ထဲမှာ စောစောတုန်းက မေးခွန်းကိုပင် ပြန်ထုတ်မိသည်။ အင်း....ထို အရိပ်သဏ္ဌာန်တွေ သူ မမြင်သာနိုင်သည့် အကွယ်တနေရာရာဆီသို့ ရောက်နေသည်ပဲဖြစ်ရမည်။

ဒါမှမဟုတ်ယင်လည်း သူ့ကို မြင်တွေ့လိုက်ကြလို့ ကိုယ်ရောင်ဖျောက်သည့် သဘာမျိုးဖြင့် တနေရာရာမှာ ပုန်းခို နေလိုက်ကြသည်မျိုးပဲ ဖြစ်မည်။ သူ့ စိတ်ထဲမှာ မဖြစ်နိုင် ဖြစ်နိုင် တို့က လွန်ဆွဲလျက်ရှိသည်။

သူသည် အခေါင်းပေါက်နှင့် ညောင်ပင်အိုကြီးဆီသို့ ပြေးခဲ့သည်။ သည်မှာတင်....

လူသံအချို့ကို ကြားမိလိုက်သည်။ တိုးတိုးအုပ်အုပ်ပြောဆို

သော စကားသံတွေ။ တစုံတရာသော အကြံအစည်တခုခုအတွက် လူမသိသူမသိ နှစ်ကိုယ်ကြားတိုင်ပင်နေကြသည်မျိုး။

ကျိုးကျင့်၏စိတ်ထဲတွင် အနည်းငယ် အားတက်သွားသည်။ သူ့အမြင် မမှားနိုင်ဆိုသည့် မျှော်လင့်ချက်ရောင်ခြည် သန်းခဲ့ရသည်နှင့်အမျှ ညောင်ပင် အခေါင်းပေါက်ကြီးထဲသို့ လေးတက် ထောက်လျက်ကြီး ဝင်ရောက်မိခဲ့သည်။

ရောက်သည်နှင့် ကိုယ်ကို တောင့်တောင့်ကြီးထားပြီး မားမား မတ်မတ်ကြီး ရပ်နေမိသည်။ အသက်ကိုပင် ပြင်းပြင်း မရှူဝံ့ပဲ နားကို အသာစွင့်ထားမိသည်။

သည်တော့လည်း သူ ရောက်ရှိနေသည့် ညောင်ပင်အိုကြီးကို လူအချို့မှီရပ်လျက်ရှိကြောင်း သိနားသည် ရိပ်စားမိလိုက်သလို သူတို့ ပြောဆို တိုင်ပင်နေသမျှ စကားသံတွေကိုလည်း သဲကွဲ ပြတ်သားစွာ ကြားသိခဲ့ရပါတော့သည်။

"ငါ့အထင်တော့ ...ဆရာ မြွေဆိုးမရှိတော့ယင် ဆရာမြွေဆိုးရဲ့ နေရာကို သံမဏိနဂါးပဲ ရလိမ့်မယ်လို့ထင်တယ် ဝမ်းရီ"

သည်အသံရှင်ကို ကျိုးကျင့် ကောင်းစွာ ကျက်မှတ်မိသည်။ ရှောင်လင်မြွေဆိုး၏ လက်ရွေးစင်တပည့်ကျော် ဆယ့်နှစ်ယောက် အနက်မှ တတိယမြောက် တပည့်ကြီး ဖြစ်သည့် လင်းယုန်သိုင်းသမား ရန်းလုံဖြစ်သည်။ သူနှင့် စကားပြောနေသူ ဝမ်းရီ ဆိုသူမှာတော့ ရှောင်လင်မြွေဆိုး၏ ဒုတိယမြောက် တပည့်ကြီး ဖြစ်သည်။

ကျိုးကျင့် ပိုပြီး စိတ်ဝင်စားလာသည်။ သူတို့ နှစ်ယောက် ပြောဆို ဆွေးနွေးနေသမျှတွေကို ပိုပြီး နား ထောင် လို စိတ်



ဖြစ်လာသည်။ ဒါကြောင့်လည်း ကျိုးကျင့်သည် အသက်ကိုပင် ရဲရဲမရှူဝံ့ပဲ နားကိုသာ အသာစွင့်ထားမိသည်။

သူ နားစွင့်နေဆဲမှာပင် ဝမ်းရီဆိုသူ၏ အသံကို ကြားလာရသည်။

"ဒါကတော့ သိပ်သေချာတာပေါ့...သူက ဆရာမြွေဆိုးရဲ့ လက်ထောက်တပည့်ကြီးပဲ ဥစ္စာ၊ အင်း....သူဟာ ငါ့ထက် အများကြီး ငယ်တယ်၊ ဒါပေမယ့် မြွေဆိုးဂေဟာကို ငါ့ထက် အယင် ရောက်ခဲ့လို့ အခုလို နံပါတ်တစ်နေရာကို ရောက်နေရတာပေါ့ လေ"

ဝမ်းရီ၏လေသံထဲတွင် မကျေနပ်မှု အရိပ်အရောင်များ လွှမ်းလျက် နေကြောင်း ကျိုးကျင့် တိတိပပပဲ ရိပ်စားသတိပြုမိသည်။ လင်းယုန်သိုင်းသမား ရန်းလုံ၏ အသံကို ကြားလာရပြန်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ငါတို့ ဒီပုံစံအတိုင်းပဲ ဆက်နေသွားမယ်ဆိုယင်တော့...နံပါတ်တစ်နေရာကို ရဖို့ အတော်လေးခဲယဉ်းသွားမှာ သေချာတယ်"

"မှင်း ဘာကို ဆိုလိုချင်တာလဲ ရန်းလုံ"

"အဟင်း....မင်းပဲ စဉ်းစားကြည့်လေ၊ အခု နံပါတ်တစ်နေရာကိုရောက်နေတဲ့ သံမဏိနဂါးဆိုတာက မင်းထက်ရော ငါ့ထက်ပါ အသက်ငယ်တယ်ကွ၊ အဲဒီတော့ ငါတို့နှစ်ယောက်စလုံးဟာ သူ့ထက်အယင် သေချင်သာ သေသွားကြမှာ၊ သူ့နေရာကို ရဖို့ ဆိုတာကတော့ ဒီတသက်ဝေးရော၊ ဘယ့်နှယ်လဲ၊ ငါပြောတာကို နားလည်လား"

တကယ်တော့ အတွင်းစိတ်ထဲ ကျိတ်ခဲ့ မျိုသိပ်ထားသမျှတွေ

ကို ဖွင့်အန် ဖော်ထုတ်ပွဲလေးတခုပါပဲကလား။ သူတို့နှစ်ယောက်ဆီက အသံတွေ အတန်ကြာ တိတ်ဆိတ်သွားပြန်သည်။ အသက်ပြင်းပြင်းရှူသံတွေကိုတော့ အသေအချာ ကြားနေ ရသည်။ သူတို့နှစ်ယောက် ညောင်ပင်အိုကြီး ဘေးမှာ ရှိနေသေးသည်က တော့ သေချာသည်။ ယခုအချိန်ထိတော့ သူတို့ဆီက ထူးထူးခြားခြားဆိုသို့ ဘာစကားသံကိုမှ မကြားလာရသေး။ အတော်လေးကြာလျှင်တော့မပြောတတ်။ထူးထူးခြားခြားသတင်းစကားများကို ကြားလာရကောင်း ကြားလာနိုင်သည်။

သည်လိုနေရာမျိုးမှတော့ စိတ်ရှည်ရှည်ထားရမည်။ကျိုးကျင့်သည် မားမားမတ်မတ်ကြီးရပ်နေရသောကြောင့် အကြောအခြင်တွေ တောင့်တင်း လာသော်လည်း အံကို တင်း တင်း ကြိတ်ခံထားသည်။

စိတ်ကိုလည်း ရှည်နိုင်သမျှရှည်အောင်ထားလျက် သူတို့ဆီက ဆက်လက် ထွက်ပေါ်လာမည့် စကားသံတွေကို အသာနားစွင့်နေလိုက်သည်။

"အေး....မင်းပြောတာကို ငါ နားလည်ပြီ ရန်းလုံ။ ဒီတော့.... ငါတို့ ဘာဆက်လုပ်ကြမလဲ"

ဝမ်းရိက မေးသည်။ လင်းယုန်သိုင်းသမားရန်းလုံ၏ အသံကို ကြားလာရပြန်သည်။ ဒါပေမယ့် ဘာကြောင့်ရယ် မသိပါ။ သည်တခါတော့ သူ့အသံသည် စောစောတုန်းက ပြောနေကျ လေသံထက် ပိုမို ဖုံးအုပ်သွားဘိသို့ ရှိသည်။

"ဒီကိစ္စကို ဆွေးနွေးဖို့ပဲ၊ မင်းကို ငါ အခုလို အပြင်ကို ခေါ်ထုတ်လာခဲ့တာပဲပေါ့ ဝမ်းရိရာ"



"အေးပါ၊ မင်း ပြောစရာရှိတဲ့စကားကိုသာ တိုတိုနဲ့လိုရင်း ပြောစမ်းပါ ရန်းလုံရာ"

"ကောင်းပြီ၊ ဒီလိုဆိုယင် ငါ့သဘောကို ပြောပြမယ်။ ငါဖြစ်စေချင်တာကတော့ ဒီလိုကွ၊ ငါတို့ရဲ့ ရှေ့မှာ သံမဏိနဂါး ရှိနေသမျှကာလပတ်လုံး....မင်းရော ငါပါ ဒီဘဝ ဒီအဆင့်ကနေ ဘယ်တော့မှ တက်တော့မှာ မဟုတ်ဘူးကွ"

"ဒါ သိပ် သေချာတာပေါ့ ရန်းလုံရာ၊ ဒီတော့...."

"ဒီတော့.... ငါတို့ရဲ့ ရှေ့မှာ ရှိနေတဲ့ သံမဏိနဂါး ဆိုတဲ့ အကောင်ကို ငါတို့သွားမယ့်လမ်းပေါ်ကနေ ဖယ်ရှားပစ်လိုက်မယ်ဆိုယင်ပေါ့လေ၊ ငါတို့အတွက် ရှေ့ခရီးဟာ ဖြောင့်ဖြောင့်တန်းတန်း ဖြစ်သွားမှာ အမှန်ပဲ၊ အဲ....ပြီးတော့.... ဆရာမြွေဆိုးသေဆုံးသွားလို့ရှိယင်လဲ....သူ့ရဲ့ ပစ္စည်းတွေအားလုံးကိုလဲ ငါတို့နှစ်ယောက်ပဲ အပိုင်စီးနိုင်မှာ အမှန်ပဲ"

တော်တော့်ကို ကြောက်စရာ ကောင်းသလောက် တစက်ကလေးမှ သစ္စာစောင့်ထိန်းခြင်း မရှိလိုက်သည့် လူတွေ။

သူတို့ရဲ့ကိုယ်ပေါ်မှာ လောဘရမ္မက်စိတ်တွေ ဖိစီးနေခဲ့ပြီမို့ မကောင်းမှု ဒုစရိုက် ကျူးလွန်ဖို့ပင် ကြံရွယ်နေကြပြီ။ ကျိုးကျင့်စိတ်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

သူကြားသိနေရသမျှအကြောင်းအရာတွေကိုလည်းရှောင်လင်မြွေဆိုးထံ ယခု ချက်ချင်းလက်ငင်းပြေးပြီး ဖောက်သည်ချလိုက်ချင်စိတ်ပင် ဖြစ်ခဲ့ရသည်။

"အင်း.... မင်းရဲ့ အကြံက တော့ မဆိုးပါဘူး။ အဲ.... ဒါပေမယ့်...."

"ဒါပေမယ့်....ဘာဖြစ်သလဲကွ ရန်းလုံရ"

ဝမ်းရိက စိတ်မရှည်သလို အလောတကြီး ပြန်မေးသည်။

"တကယ်လို့.... ငါတို့ရဲ့ အကြံအစည်တွေကို ဆရာမြွေဆိုး သိသွားယင်တော့ ငါတို့ရဲ့ ရှေ့ရေးအတွက် ရင်လေးစရာတွေနဲ့ ကြုံတွေ့သွားနိုင်တယ်ဆိုတာကိုရော မင်း မတွေးမိဘူးလား"

"တော်စမ်းပါ ရန်းလုံရာ၊ မင်းကလဲ စိုးရိမ်စရာမရှိ အလကား နေးယင်း စိုးရိမ်နေပြန်ပါပြီကွာ။မင်းနဲ့ငါ နှစ်ယောက်ထဲ တိုင်ပင် ဆွေးနွေးကြတဲ့ စကားကို ဆရာမြွေဆိုးက ဘယ်လိုလုပ်ပြီး သိသွားနိုင်မှာတဲ့လဲ"

"အေး....သိသွားနိုင်တဲ့ နည်းက တကယ်ပဲ ရှိနေတယ်ဆိုယင်ကော"

"ကဲ....ဆိုစမ်းပါအုန်း၊ ဘယ်လိုနည်းတဲ့လဲ"

"အဟင်း.... မင်း ကိုယ်တိုင် က ငါ့ကို ကျောက်တွန်းချင်တဲ့ စိတ်နဲ့ ဆရာမြွေဆိုးကို သွားတိုင်လိုက်မယ် ဆိုယင်ပေါ့လေ"

"တော်စမ်းပါကွာ၊ ဒီကိစ္စကို ငါက အဲယင်ဖွင့်ပြီး ဆွေးနွေးတဲ့ ဥစ္စာပဲ၊ အဲဒီတော့ ကိုယ့်ဒုက္ခကို ကိုယ်ပြန်ရှာပါ့မလား ကွ၊ ဒီမှာဟေ့ ရန်းလုံ၊ မင်းရဲ့ ခေါင်းထဲမှာ ရှိနေတဲ့ စိုးရိမ်စရာ ပြဿနာ မှန်သမျှကို ခဏလောက် ဖယ်ထုတ်ထားလိုက်စမ်းပါကွာ....၊ အရေးကြီးတာက ငါတို့ရဲ့ အကြံအစည်ကို ဒီတရက် နှစ်ရက်အတွင်း အမြန်ဆုံး အကောင်အထည် ဖော်နိုင် ဖို့ သာ စဉ်းစားထားစမ်းပါအုန်း ရန်းလုံရာ"



"ကောင်းပြီလေ၊ ဒီတရက် နှစ်ရက်အတွင်း ငါတို့ရဲ့ အကြံအစည်ကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြသေးတာပေါ့လေ၊ ကဲ....ပြောစရာစကားကုန်ယင် ငါတို့ ဂေဟာထဲကို ပြန်ဝင်ပြီး အသာလျှို့နေလိုက်ကြရအောင်"

ထို့နောက် စကားသံ ပျောက်သွားသည်။ တဘက်ဆီသို့ ထွက်ခွာသွားသော ခြေသံတွေကို ကြားရသည်။ လူယုတ်မာ မကောင်းဆိုးဝါးနှစ်ကောင်တော့ ဂေဟာဘက်ဆီသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ ကျီးကျင့်သည် ယခုမှပင် ဟင်းကနဲ နေအောင် သက်ပြင်းတချက်ကို ရဲရဲကြီးချမိသည်။

တင်းထားသမျှ စိတ်တို့ ကိုလည်း တခါတည်း လျှော့ချသည်။

ဝင်စဉ် တုန်းက အတိုင်း ထွက် တော့ လည်း လေးဘက် ထောက်၍ ပြန်ထွက်ခဲ့သည်။ ရေမြောင်းအတိုင်း ကုန်းကမူလေးပေါ်သို့ ပြန်၍လည်တက်ရောက်ခဲ့သည်။ မြင်းဇောင်းထဲ ပြန်၍လည် ဝင်ရောက်ခဲ့သည်။ သူ နားနေ အိပ်စက်ရာ ကောက်ရိုးခြောက်ပုံပေါ် လဲလျောင်းလျက် သူ ကြုံတွေ့ခဲ့ရသမျှ အဖြစ်သနစ်များကို နဖူးပေါ် လက်တင်၍ စဉ်းစားခန်းဝင်မိတော့သည်။

ရှောင်လင်မြွေဆိုးတွင် လက်ရုံးသဖွယ် အားကိုးရသော လက်ရွေးစင်တပည့် ဆယ့်နှစ်ယောက်ရှိသည်။ ထိုအထဲမှ ရှောင်လင်မြွေဆိုးမရှိတော့လျှင် သူ့နေရာကို ဆက်ခံမည့်သူက သံမဏိနဂါးဆိုသည့် သိုင်းသမား။ သူက အသက်ငယ်သည်၊ အလွန်ဆုံး ရှိလှ နှစ်ဆယ်နှင့်အစိတ်ကြား။ သူ့အောက်မှာက ဝမ်းရိ။

ဝမ်းရိသည် သံမဏိနဂါးထက်စာလျှင် အသက် ဆယ်နှစ်ခန့်ကြီးသည်။ သိုင်းပညာအရာတွင် သံမဏိနဂါးကဲ့သို့ ထူးချွန်တော်ပါသော်လည်း မြေဆိုးဂေဟာသို့ အရောက်နောက်ကျခဲ့ရသည်မို့ နံပါတ်နှစ် နေရာသို့ ရောက်ရှိနေသည်။ ယင်းသည်ကို ဝမ်းရိက သိပ်ကျေနပ်ပုံ မရ။ သူ့ထက်ငယ်သော သံမဏိနဂါး၏ လက်အောက်တွင် နေလိုပုံ မရ။ ဒါကို နံပါတ်သုံး အဆင့်ရှိသူ လင်းယုန်သိုင်းသမား ရန်းလုံက မီးလောင်ရာ လေပင့်ပေးသည်။

အစကတည်းက၊

သံမဏိနဂါးအပေါ်မှာ စိတ်ကျေနပ်ပုံ မရသော ဝမ်းရိကို သွေးထိုးပေးသည်။ နည်းပေးလမ်းပြလုပ်သည်။ သူတို့သွားမည့် လမ်းပေါ်ကနေ သံမဏိနဂါးကို ဖယ်ရှားထုတ်ပစ်ဖို့။

စင်စစ် တကယ်တမ်း တွေးကြည့်လျှင် သူတို့နှစ်ယောက်မှာ လောဘနတ်ဆိုးတွေ ဝင်ရောက် ပူးကပ်ခဲ့ခြင်းသာ ဖြစ်သည်။ ဒါကြောင့်လည်း သူတို့သည် မကောင်းမှုဒုစရိုက်ကိုကြံဖို့ ကြံစည်ခဲ့ကြခြင်းပဲ ဖြစ်သည်။

ထားတော့၊ သူ.... ကျိုးကျင့်ကရော ဘာလုပ်ရမည်နည်း။ သူသည် မမျှော်လင့်ပဲ သူတို့တတွေ တိုင်ပင် ဆွေးနွေးနေသမျှကို ကြားသိခဲ့ရသည်။

သူ ကြားသိခဲ့ရသမျှ စကားတွေကို ရှောင်လင်မြေဆိုးနှင့် သံမဏိနဂါးတို့အား သွားရောက် ဖွင့်ပြောလိုက်ရ မည်လား၊ အချိန်မီ အကြောင်းကြားလိုက်ရမည်လား။

ထိုအကြောင်းတွေကို သွားရောက် ဖွင့်ပြောပြလိုက်ဖို့ဆိုသည်



က သိပ်တော့ မခဲယဉ်းလှ၊ လွယ်လွယ်ကလေး။ အရေးကြီးသည်က သူ့စကားတွေကို ရှောင်လင်မြေဆိုးနှင့် သံမဏိနဂါးတို့က ယုံကြည်ဖို့။ တကယ်တော့ သူတို့တတွေ သူ့စကားကို ယုံကြည်ပါ့မလား။

အကယ်၍သာ သူ့သတင်းပေးစကားတို့ကို မယုံသည့်အပြင် သူ့အပေါ်မှာ ပြဿနာလုပ်လာလျှင်တော့ အခက်။ ပြီးတော့ သူ့နေ့စဉ် ညောင်ပင်ခေါင်းထဲ ဝင်ရောက်ပုန်းခိုပြီး သိုင်းကျင့်စဉ်များကို ခိုးယူလေ့လာနေသည့် အကြောင်းကလည်း အလိုလို နေယင်း ပေါ်သွားနိုင်သည်။

ယင်းသို့သာ ပေါ်သွားပါမူ သူ့အပေါ်မှာ အချစ်တော် မဝင်သည့်အပြင် အပြစ်တော်ပင် မြင်သွားနိုင်သည်။

ဟင်း.... အခုမှ တကယ်ခက်ပြီ။ တွေးယင်း တောယင်းမှာပင် ကျိုးကျင့်သည် ဘယ်သို့ ဆုံးဖြတ်ရမှန်းမသိပဲ ရှိသည်။ သူ ရှေ့ဆက်၍ ဘယ်သို့လုပ်ဆောင်ရမည်ကို ဝေခွဲမရပဲ ရှိသည်။ အမှန်တော့ သူ့မှာကလည်း သူ့အပြစ်နှင့်သူမို့ ဆုပ်လည်းစူး စားလည်း ရှူး အခြေအနေထဲသို့ ဆိုက်ရောက်နေခဲ့ရခြင်း ဖြစ်သည်။ ကျိုးကျင့်သည် ဟူးကနဲနေအောင်ပင် လေပူတွေကို မှုတ်ထုတ်သည်။

အတွေးအာရုံတွေကို ဖျောက်ဖျက်၍ မျက်လုံးအစုံကို ဇွတ်အတင်း မှေးမှိတ် အိပ်စက်နိုင်ဖို့ ကြိုးစားမိသည်။ သို့သော်ကား မျက်လုံးအစုံကို မှေးမှိတ်၍ မရပဲ ရှိသည်။ ဇွတ်အတင်း ကြိုးစား အိပ်စက်၍ မရပဲ ရှိသည်။

တကယ်တော့ သည်ညီမှာ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တွေက သူ့အတွေးအာရုံကို ကြီးစိုးလွှမ်းမိုးထားခဲ့ပြီပဲ မဟုတ်လား။ သည်တော့ သူ့အနေနှင့် ဘယ်လိုလုပ်၍ အိပ်စက်လို့ရပါတော့မည်နည်း။

အော်.... မိုးရယ်၊ မြန်မြန်လင်းလှည့်ပါတော့၊ နောက်ဆုံးတော့လည်း ယင်းကဲ့သို့ပင် ဆန္ဒပြုမိပါတော့သည်။

●

---

## သံသယ

---

ရက်တို့သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံး လွန်မြောက် လာသည်။ ငါးရက်တိတိပင် ကျော်လွန်လာသည်။ သည်ရက်အတွင်း မြွေဆိုးဂေဟာမှာ မည်သည့်ထူးခြားချက်မှ ပေါ်ပေါက် မလာခဲ့ချေ။ အားလုံး မူလအတိုင်း ပုံစံမပျက်ရှိသည်။ ကျိုးကျင့်၏စိတ်ထဲတွင်လည်း ဇဝေဇဝါဖြစ်လာရသည်။

တညသောအခါက ကြားသိခဲ့ရသောတီးတိုးစကားများသည် အမှန်မှ ဟုတ်ပါလေရဲ့လားဟု၊ ထိုညက သူသည် အိပ်လို့မရတိုင်းနားထဲက ကြားမိကြားရာ ကြားမိခြင်းမျိုးများ ဖြစ်နေရော့သလား၊ ကိုယ့်ကိုယ်ကိုယ် သံသယဝင်လာရသည်။

ဝမ်းရိနှင့် လင်းယုန်သိုင်းသမား ရန်းလုံတို့၏ အခြေအနေကို အကဲခတ်လိုက်ပြန်တော့လည်း သူတို့ အသွင်က နဂို အတိုင်း

လှုပ်ရှားမြဲ၊ သွားမြဲ၊ လာမြဲ၊ သိုင်းလေ့ကျင့်နေမြဲ။ ဩော်.... သူတို့တတွေ မကောင်းမှုဒုစရိုက်ကို ကျူးလွန်ဖို့ ဝန်လေးသွားကြပြီ ထင်သည်။ သူတို့အမှားကိုသူတို့ အချိန်မီ ဟန့်တားနိုင်လိုက်ကြပြီ ထင်သည်။

ကျိုးကျင့်သည် သူဘို့နှင့်ပတ်သက်၍ သည်နှယ်ပင် မှတ်ချက်ချမိတော့သည်။ ဒါပေမယ့် ပဥ္စမရက်ကိုကျော်၍ ဆဌမမြောက်ရက်သို့ ရောက်သောအခါတွင်မတော့....

## လှုပ်လှုပ်ရှားရှား ပြေးပြေးလွှားလွှား

ညသည် မှိုင်းပျနေသည်။ အမှောင်ထုက တလောကလုံးကို သိမ်းပိုက် ဝါးမျိုထားသည်။ သတ္တလောကကြီးတခုလုံး အိပ်မောကျနေသယောင်။ အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ တိုက်ခတ်နေသည့် လေကလည်း အနည်းငယ် အေးစက်လာသည်။ မိုးသက်နံ့များ ပါလာသည်။ ကောင်းကင်ပေါ်တွင် တိမ်မည်းညိုမှိုင်းတွေက ညှိုးရိပ်ဆင်နေခဲ့ပြီဖြစ်သည်။

သည်ကြားထဲ လျှပ်ရောင်လျှပ်ပန်းတို့က မကြာခဏ ပြိုးပြက်လိုက်တတ်သေးသည်။

ခုနစ်ရက်တပတ်လုံးလုံး မရွာခဲ့သည့်မိုး။ သည်ညမှာတော့ အငြိုးကြီးကြီးဖြင့် သဲကြီး မဲကြီး ရွာသွန်း ချေ တော့ မည်

ထင်သည်။ ထိုစဉ်မှာပင် ထူးထူးခြားခြားဆိုသလို မိုးထစ်ချုန်းသံကြီးတချက်က နားစည်ကွဲအက်မတတ်ပေါ်ထွက်လာသလို....

"အား...."

မိုးထစ်ချုန်းသံကြီးနှင့်အတူ ပေါ်လာသည်ကတော့ လူတယောက် အော်သံ။ ဒဏ်ရာအနာတရ တခုခုကို အကြီးအကျယ် ရလိုက်ဟန်ရှိသော လူသားတယောက်၏ သည်းလှိုက်အူလှိုက် အားခေါင်ခြစ်၍ အော်လိုက်သော အော်သံ။ ထိုအော်သံကြီးကြောင့်လည်း အအိပ်ဆတ်သူ ကျိုးကျင့်တယောက် အိပ်ရာကနေ ဆတ်ကနဲ လန့်နိုးသွားရသည်။

သူသည် ကမန်းကတန်း လူးလဲထသည်။ မြင်းဇောင်းထဲကနေ ထွက်ခဲ့သည်။ အပြင်တွင် မိုးမှုန်မိုးမွှားလေးများ ကျဆင်းနေသည်။ လျှပ်ရောင်က တဝင်းဝင်း တပြက်ပြက်။ ကုန်းဆာမူလေး၏ အောက်ဆီသို့ ပြေးဆင်းသွားနေကြသော လူရိပ်လူရောင်များကို မြင်တွေ့ရသည်။

မြွေဆိုးဂေဟာဆီမှလည်း မီးတုတ်ကိုယ်စီဖြင့် လှုပ်ရှားနေကြသော အရိပ်အရောင်များကို မြင်တွေ့ရသည်။ ဘာတွေ ဖြစ်ကုန်ကြပါလိမ့်။ မြွေဆိုးဂေဟာတွင် ဘယ်သို့သော ပြဿနာ အရေးအခင်းများ ပေါ်ပေါက်နေပါလိမ့်။

သည်စဉ်မှာပင်၊

တညသောအခါက ဝမ်းရိနှင့် လင်းယုန်သိုင်းသမားရန်းလုံတို့ ညောင်ပင်အိုကြီးနားမှာ တိတ်တဆိတ် ခိုးတွေ့တိုင်ပင်နေကြသော စကားသံများကို ပြန်လည် ကြားယောင်မိလိုက်ရာမှ ကျိုးကျင့်၏ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားသည်။



တဆက်တည်းဆိုသလို ဝမ်းရိနှင့် လင်းယုန် သိုင်းသမားရန်းလုံတို့သည် သူတို့တိုင်ပင်ခဲ့ကြသည့် စကားအတိုင်း သံမဏိနဂါးအား သူတို့သွားမည့် လမ်းပေါ်ကနေ ဖယ်ရှားသုတ်သင်ပစ်လိုက်ချေပြီလော။ အလိုလိုနေရင်း စိုးရိမ်စိတ်များ ဝင်လာမိခဲ့ရတော့သည်။

မည်သို့ပင်ဖြစ်စေ သူသည် ပညာရှိတယောက်မဟုတ်ပါ။ ပြေးမကြည့်ပဲနှင့် တွေးနေလို့ကတော့ အဖြေမှန်ကို သိရလိမ့်မည်မဟုတ်။ ပြဿနာပေါ်နေသည့် အောက်ဆီသို့ ပြေးကြည့်လိုက်တာကမှ အဖြေမှန်ကို အမြန်သိရလိမ့်ဦးမည်။

ကျိုးကျင့်သည် အခါတိုင်း အောက်သို့ဆင်းနေကျ ရေမြောင်းထဲကနေ မဆင်းပါသေတော့။ အောက်သို့ ဆင်းဖို့တက်ဖို့ပြုလုပ်ထားသော အုတ်လှေကားအတိုင်း ပြေးဆင်းခဲ့သည်။ မြွေဆိုးဂေဟာနားသို့ ရောက်သည်နှင့် လှုပ်ရှားမှုများကို ပိုမိုပီပြင်စွာ မြင်တွေ့လာရသည်။ ဆူဆူညံညံ အသံဗလံများကို ကြားလာရသည်။

လူတို့သည် တခုခုကိုများ အလောတကြီး ရှာဖွေနေကြသည်လား မသိ။ မီးတုတ်ကိုယ်စီဖြင့် လှုပ်လှုပ်ရှားရှားရှိနေကြသည်။ ထိုအထဲတွင် မြင်းထိန်းကြီးဘဦးဖြစ်သူ အဘလျောင်းဆန်ကို တွေ့ရသည်။

ကျိုးကျင့်သည် အဘလျောင်းဆန်၏အပါးသို့အပြေးကလေး တိုးကပ်သွားခဲ့ရာမှ အလောတကြီး မေးခွန်းထုတ်သည်။

"အဘ....ဒီမှာ ဘာတွေဖြစ်နေကြတာလဲ၊ အဘတို့ ဘာကို ရှာနေကြတာလဲ"

အဘ လျောင်းဆန် သည် ကျိုးကျင့်၏ မေးခွန်းကြောင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားခဲ့သလို ကပျာကသီ လေးလည်း၊

"ရှူး....မေးစရာရှိတာကို တိုးတိုးမေးစမ်း၊ သူတို့ ကြားလောက်တဲ့ အသံကျယ်ကြီးနဲ့ အော်မေးမနေစမ်းနဲ့"

"ကောင်းပါပြီ အဘ၊ နို့....ဒါထက် သူတို့က ဘာကိုရှာနေကြတာလဲ"

"စောစောတုန်းက အော်သံကြီးတခုကို မင်း မကြားမိလိုက်ဘူးလားကွယ့်"

"ကြားတယ်လေ အဘရဲ့၊ ဒါကြောင့်လဲ ကျွန်တော် အိပ်ရာကနေ လန့်နိုးပြီး ဒီကိုရောက်လာခဲ့ရတာပေါ့"

"အေး....အခု သူတို့ရှာနေတာကလဲ အဲဒီအော်သံရှင်ကိုပဲ၊ ပြီးတော့....သူတို့ဂေဟာထဲကလက်ရွေးစင်သိုင်းသမားတယောက်လဲ ပျောက်နေပြန်တယ်တဲ့ကွ"

"ဟင်....အဲ....အဲဒီပျောက်နေတဲ့ သိုင်းသမားက ဘယ်သူတဲ့လဲ အဘ"

ထိုပျောက်ဆုံးနေသော လက်ရွေးစင်သိုင်းသမားမှာ သူ တွေးထင်နေသလို သံမဏိနဂါး ဖြစ်လိမ့်မည်ဟု မှတ်ထင်မိသောကြောင့် နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်မေးလိုက်မိခြင်း ဖြစ်သည်။

တော်တော့်ကို စပ်စုတတ်ရန်ကောဆိုသော အကြည့်ဖြင့်



ကျိုးကျင့်ကို ကြည့်လာခဲ့ရာမှ တဆက်တည်း လျောင်းဆန်က ငေါက်ဆတ်ဆတ်ကလေး။

"တယ်.... မင်းနဲ့ဘာဆိုင်လို့ ငါ့တို့ မေးခွန်းတွေ လာထုတ်နေရတာလဲ၊ သွားစမ်း၊သွားစမ်း၊ ကိုယ့်အလုပ် မဟုတ်တဲ့ဟာကို ဝင်မရှုပ်ချင်စမ်းနဲ့၊တော်တော်ကြာ....မင်း စပ်စုနေတာကို ဟိုက ကြားသွားမှဖြင့် မဆီမဆိုင် ငါပါ ဒုက္ခရောက်နေရအုန်းမယ်"

သိချင်ပါသည်ဆိုကာမှ အဘိုးကြီးကစကားကိုရှောင်လွဲသွားပြန်သည်။ ကျိုးကျင့်စိတ်ထဲတွင် မချင့်မရဲကြီး ဖြစ်လာရသည်။ အလိုလိုနေရင်း အဘိုးကြီးကို ဒေါသထွက်ချင်လာရသည်။ဒါပေမယ့် သူသည် အတတ်နိုင်ဆုံး ကိုယ့်စိတ်ဒေါသကို ချုပ်ထိန်းထားခဲ့ရာမှ လေပျော့ကလေးဖြင့်၊

"အဘကလဲဗျာ၊ အလကား စိုးရိမ်စရာမရှိ စိုးရိမ်တတ်ရန်ကော၊ ကျွန်တော်တို့နှစ်ယောက် စကားပြောနေတာကို ဘယ်သူမှ ဂရုမစိုက်အားကြပါဘူးဗျ။ သူတို့အလုပ်နဲ့သူတို့ ရှုပ်နေတဲ့ဥစ္စာ၊ကဲပါ အဘရာ၊သူတို့လိုက်ရှာနေတဲ့လက်ရွေးစင်သိုင်းသမားက ဘယ်သူလဲ"

ကျိုးကျင့်ကလည်း ဇွတ်မှဇွတ်၊ ဇွဲနဘဲကြီးစွာဖြင့် သူသိချင်သည်ကိုသာ ဇွတ်အတင်း မေးကပ်၍မေးသည်။အဘလျောင်းဆန်ခမျာ သူ့ စိတ်သူ ကြားရှည်စွာ တင်းထားနိုင်စွမ်းပုံ မရတော့။ နောက်ကြောင်းမလုံသလို ဟိုဟိုသည်သည် မျက်စိလည့်ပတ်ကစားလိုက်ပြီးနောက် ကျိုးကျင့်နားကပ်လျက် နှစ်ကိုယ်ကြား လေသံတိုးကလေးဖြင့် အဖြေပေးခဲ့ပုံက။

"ရှောင်လင်မြွေဆိုးရဲ့ လက်ရွေးစင် တပည့် ဆယ့်နှစ်ယောက်ထဲက နံပတ်တစ်ဖြစ်တဲ့ သံမဏိနဂါးပဲ....ကဲ၊ သိပြီလား"

အဘလျှောင်းဆန်၏ အဖြေစကားကြောင့် ကျိုးကျင့်၏ တကိုယ်လုံးတွင် လှုပ်ရှားသွားလာနေသော သွေးကြောများ ချက်ချင်းလက်ငင်း တိကနဲ ပြတ်တောက်သွားသလို ခံစားလိုက်ရသည်နှင့်အမျှ လူမှာလည်း မတုန်မလှုပ် ကျောက်ဆစ်ရုပ်ကြီး ဖြစ်ခဲ့ရပါတော့သည်။

သွားပြီ၊ သွားပြီ၊ သွားပြီ။

ဝမ်းရီနှင့် လင်းယုန်သိုင်းသမား ရန်းလုံဆိုသည့် လူယုတ်မာနှစ်ယောက်၏ ယုတ်မာပက်စက်မှုကြောင့် ယခုတော့ သံမဏိနဂါးတယောက်ပျောက်ဆုံးနေရပါပကောလားလို့။ အင်းလေ.... ပျောက်ဆုံးသွားတာလည်း ဟုတ်ချင်မှဟုတ်မှာ၊ တနေရာရာမှာ အသက်ပျောက်သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာပဲ။ ဘာပဲဖြစ်ဖြစ် အကယ်၍ သံမဏိနဂါးတယောက်သာ အသက်ပျောက်သွားတာမျိုး ဆိုလျှင်တော့ သူ့အပြစ်လည်း အနည်းနှင့်အများတော့ ပါနေသည်သာပင်။

သူ့အနေနှင့် အချိန်မီ တားဆီးမှုတွေ ပြုနိုင်ပါလျက်နှင့် ပေါ့ဆမိခဲ့သည် မဟုတ်လား။ ကျိုးကျင့်သည် သူ့ကိုယ်သူ အပြစ်တင်မိသလို နောင်တလည်း ရလိုက်မိသည်။

"တွေ့ပြီဟေ့၊ တွေ့ပြီ၊ ဒီဘက်ကိုလာကြဟေ့၊ ဒီဘက်ကို လာကြ"

"ဟင်...."



တောင်ငူ

တွေ့ပြီဆိုပါကလား၊ အသက်ရှင်လျက်နှင့်လား၊ အသက်သေလျက်နှင့်လား။

သူတို့သည် အော်ခေါ်သံကြားရာဆီသို့ စုရုံးပြေးသွားကြသည်။ ကျိုးကျင့်သည် သူတို့နောက်မှအပြေးအလွှားလိုက်ခဲ့သည်။ ဘုရား....ဘုရား.... သံမဏိနဂါးတယောက် ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်ပါစေနဲ့၊ အသက်နှင့်ခန္ဓာကိုယ် မြဲနေပါစေ။ စိတ်ထဲကလည်း ကျိတ်၍ဆုတောင်းမှု ပြုမိခဲ့သေးသည်။ ဒါပေမယ့်....

## မကောင်းဆိုးရွားည

သူ၏ဆုတောင်းက မပြည့်ခဲ့ချေ။ ကျိုးကျင့်၏ ဆုတောင်းက မပြည့်ပါလေ။ သံမဏိနဂါးသည် ညောင်ပင်အို ဘေးနားရှိ မြေကွက်လပ်လေးတွင် ဘေးတစောင်း လဲကျနေသည်။ အသက် မရှိတော့ပါ။ သူ့တကိုယ်လုံး နီစွေးသောသွေးများက ဖုံးလွှမ်းထားသည်။ မသေဆုံးမီက တစုံတယောက်ယောက်၏ အထောင်း အနှက်ကို ရက်ရက်စက်စက်ကြီး ခံထားရလေသည်လား မသိ။ အဖုအယောင်တွေ ဖြစ်ထွန်းနေသည်။ ပွင့်နေသည့် မျက်လုံး အစုံက အဆမတန်ပြူးထွက်နေသည်။ တကယ်တော့ သံမဏိ နဂါးခမျာ ဝမ်းဗိုက် အလယ်တည့်တည့်မှာ စိုက်ဝင်နေသော ပေါက်ဓားလေးကြောင့်သာ အသက်ထွက်သွားရခြင်းဖြစ်သည်။

ကျိုးကျင့်သည် သံမဏိနဂါး၏ ဝိညာဉ်မဲ့ အလောင်းကောင် ကြီးကို ကြည့်ယင်း စိတ်ချောက်ချားချင်သလိုပင် ဖြစ်ခဲ့ရသည်။ ရင်မှာ မထွေးနိုင် မအန်နိုင်ကြီး ဖြစ်လာရသည်။လည်ချောင်းဝ တွင် တစ်ဆို့ဆို့ကြီးဖြစ်လျက်ရှိသည်။ ကျိုးကျင့်သည် လူအုပ်



ကြားထဲကနေ အပြင်ဘက်သို့ တိုးထွက်ခဲ့သည်။

တုန်တုန်လှုပ်လှုပ်ဖြစ်နေသည့် စိတ်နှလုံးကို တည်တည် ငြိမ်ငြိမ်ဖြစ်အောင် ကြိုးစားနေမိသည်။

"အင်း....ကျုပ်တော်တို့ရဲ့ ဂေဟာထဲမှာတော့ မကောင်း ဆိုးရွား တကောင်ကောင် ပူးကပ်နေပြီထင်တယ် ဆရာမြေဆိုး"

ကျိုးကျင့်သည် ဆတ်ကနဲ ဖြစ်သွားသည်။ အံကိုလည်း တင်းတင်းကြိတ်မိရသည်။ တကယ်တော့....ထိုစကားကို ဆိုခဲ့သူ မှာ လင်းယုန်သိုင်းသမား ရန်းလုံဖြစ်မှန်း သူသိရှိလိုက်သော ကြောင့် ဖြစ်သည်။

ရန်းလုံ....ရန်းလုံ၊ မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူး ယုတ်၊ သူ့အကြောင်း ဘယ်သူမှ မသိဘူးထင်ပြီး လူတွေကို လှည့်စားဖို့ ကြိုးစားနေပြီ။ကျိုးကျင့်သည် လူအုပ်ကြားထဲဝင်ပြီး သံမဏိနဂါးကို လုပ်ကြံသတ်ဖြတ်လိုက်သူမှာ ဝမ်းရီနှင့်လင်းယုန် သိုင်းသမား ရန်းလုံတို့ပါပဲရယ်လို့သာ ဆွဲထုတ် ဖော်ပြောလိုက် ချင်သည်မှာ ပါးစပ်ကိုယားလို့။

သည်စဉ်၊

ရှောင်လင်မြေဆိုး၏အသံကို ကြားလာရပြန်သည်။

"ထူးတော့ တော်တော့်ကို ထူးဆန်းတာပဲဟေ့၊ တသက်နဲ့ တကိုယ် တခါဘူးမှ မကြုံဘူးတဲ့အဖြစ်မျိုး ငါတို့ရဲ့ဂေဟာမှာ လာဖြစ်နေတာကတော့ တော်တော့်ကို ထူးဆန်းနေတာတော့ အမှန်ပဲ။ ငါ့စိတ်အထင်တော့.... လူသတ်သမားဟာ အပြင်လူ တယောက်မဖြစ်နိုင်ဘူး၊ အတွင်းလူ တယောက်ယောက်ပဲ ဖြစ် ရမယ်"

"ဟာ.... ဟုတ်နိုင်ပါ့မလား ဆရာမြေဆိုးရဲ့၊ အချင်းချင်း အပေါ်မှာ အခုလောက်အထိ ရက်ရက်စက်စက် လုပ်ရဲလောက် အောင် ကြံရဲတဲ့လူတယောက်မှ မရှိနိုင်ပါဘူး ဆရာမြေဆိုး။ အဲ.... ဖြစ်ချင်းဖြစ်ယင်.... အပြင်လူ တယောက်ယောက်ကသာ အခုလို ရက်ရက်စက်စက် လုပ်သွားတာမျိုးပဲ ဖြစ်ပါလိမ့်မယ် ဆရာ မြေဆိုး"

သည်စကားများကို ဆိုခဲ့သူမှာ အခြားသူမဟုတ်။ လင်းယုန် သိုင်းသမား ရန်းလုံသာတည်း။ တကယ်တော့ လင်းယုန် သိုင်း သမား ရန်းလုံသည် လူအများ၏အာရုံကို အခြားတဘက်သို့ ရောက်အောင် လွှဲနေခြင်းသာ ဖြစ်သည်။

ကျိုးကျင့်သည် စိတ်ထဲတွင် ယားကျိကျိဖြစ်နေသလို ဒေါသ သိုင်းတံပိုးများ ထကြွ သောင်းကျန်းလျက် အံကို တင်းတင်း ကြိတ်ထားမိသည်။ လက်သီး နှစ်ဘက်ကို ကျစ်ကျစ် ဆုပ်ထား မိသည်။

လူပုံအလယ်ဝင်ပြီး လူသတ်သမားအစစ်အမှန်မှာ သူတို့ပါပဲ ရယ်လို့ လက်ညှိုးထိုး ဖော်ထုတ် ပြောပြ လိုက်ချင်တော့သည်။ ဒါပေမယ့် ခက်သည်က သူ့မှာ ဘာအထောက်အထားမှ မရှိ။ သူတို့ကို လူသတ်သမားတွေပါပဲရယ်လို့ ဖော်ထုတ်ပြနိုင်လောက် အောင် ကျိုးကျင့်တွင် မည်သည့်သက်သေအထောက်အထားမှ လက်ဆုပ်လက်ကိုင် မရှိ။ နှုတ်အပြောလေးနှင့် ပြောလိုကတော့ သူ့စကားကို မယုံကြည်သည့်အပြင် အပြစ်ပင် မြင် သွားနိုင် သည်။

နေ့စဉ် မနက်တိုင်း ညောင်ပင်ခေါင်းပေါက်ကြီးထဲ ဝင်၍



သိုင်းကျင့်စဉ်များကိုခိုးယူမှတ်သားနေသည့်အဖြစ်တို့ပင် ဗူးပေါ် သလို သူ့အလိုလိုနေယင်း ပေါ်သွားနိုင်သည်။ တကယ်တော့ သူ့အဖြစ်က ပမာဆိုရလျှင် ညောင်မြစ်ကို တူး ချင် လှ သော် လည်း ပုတ်သင်ဥ ပေါ်သွားမှာကို စိုးထိတ် လန့် နေ ရ သည့် အဖြစ်မျိုး။

လူသတ်သမားကို လူသတ်သမားမှန်း သိနေ သော် လည်း သူ့အကြောင်းတွေပါ ပေါ်ကုန်မည်စိုးသောကြောင့် ဖော်ထုတ် မပြောပြရဲသည့်အခြေအနေ။

ဩော်.... ကျိုးကျင့်ရယ်၊ မင်းမှာ အခုမှ အခက်တွေ့နေရပါ ပေါ့လား၊ ကဲ.... မင်း အခု ရှေ့ဆက် ဘာလုပ်မလဲ။ အမှန်ပင် သူ ရှေ့ဆက်၍ ဘာ လုပ် ရ မည်နည်း။ ဘာလုပ်ရမည်နည်း။ သူ့ကိုယ်သူ ဝေခွဲပိုင်းခြား၍မရတော့ပါကလား။

"ရန်းလုံပြောသလို.... အပြင်လူသတ်သွားတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ မင်းတို့ပဲ စဉ်းစားကြည့်လေ.... ငါတို့က အော်သံ ကြား ကြား ချင်း အပြင်ဘက်ကို ရောက်လာ ကြ တဲ့ ဥစ္စာပဲ၊ လှုပ်ရှားမှု ဆိုတာကိုလဲ ငါတို့ ဘယ်သူ့မှ မတွေ့လိုက်ကြဘူး မို့လား"

"ဒါနဲ့ပဲ....လူသတ်သမားဟာ အပြင်လူမဟုတ်ပဲ အတွင်းလူလို့ ပြောနိုင်ရောလား"

"ဟ.... သိပ်ပြောနိုင်တာပေါ့....၊ ဘာကြောင့်လဲ ဆိုတော့ အော်သံကြားလို့.... ငါတို့အားလုံးလဲ ဂေဟာထဲကနေ အပြင်ကို ထွက်လာရော.... လူသတ်သမားကလဲ ငါတို့လူအုပ်နဲ့ ရောရော ထွေးထွေးလုပ်လိုက်တော့ သူ့အတွက် သိပ်ကို အဆင်ပြေသွား

တော့တာပဲပေါ့။ လူသတ်သမားက အပြင်လူမဟုတ်ပဲ.... ငါတို့ဂေဟာထဲကပဲဆိုတော့ သူ့ကို ဘယ်သူမှ ဂရုမစိုက်မိကြတော့ဘူးပေါ့။ အဲဒါကိုက သူ့အတွက် အဆော်ပြေဖို့ ဖြစ်သွားတာပေါ့လေ"

ရှောင်လင်မြေဆိုးကအကျိုးသင့်အကြောင်းသင့်ရှင်းပြသည်။

"နို့....နေစမ်းပါအုန်း ဆရာမြေဆိုးရဲ့၊ အော်သံက သံမဏိနဂါးရဲ့ အော်သံရော ဟုတ်မှ ဟုတ်ရဲ့လား"

သည်မေးခွန်းကို ထုတ်ခဲ့သူက ဝမ်းရှိ။

"မင်း ဘာကို ဆိုလိုချင်တာလဲ ဝမ်းရှိ"

"အော်... တခြားမဟုတ်ပါဘူး၊ လူသတ်သမားက သံမဏိနဂါးကို သတ်ပြီးလို့ အပြင်ရောက်ပြီးမှ ဂေဟာထဲက လူတွေကို ခြောက်လှန့် သတိပေးတဲ့သဘောနဲ့ အပြင်ဘက်ကနေ အော်သံပေးသွားတာလားလို့ပါ"

"မဖြစ်နိုင်ဘူး၊ မင်း ပြောသလို မဖြစ်နိုင်ဘူး။ အော်သံက သူ့အသံမှသူ့အသံအစစ်၊ တခြားဘယ်သူ့ရဲ့အသံမှ မဖြစ်နိုင်ဘူး။ သံမဏိနဂါးရဲ့ အသံကို ငါ ကောင်းကောင်းကြီး မှတ်မိတယ်။ ပြီးသေချာတာက အဲဒီတုန်းက ငါ ကောင်းကောင်းအိပ်မပျော်သေးဘူး။ ဟိုအကြောင်း ဒီအကြောင်းတွေ တွေးယင်း မျက်စိကြောင်နေတဲ့အချိန်။ ကဲ ဟော့....ဘာမှထပ်ပြောမနေကြနဲ့တော့။ သူဟာ သံမဏိနဂါးကို ဘာကြောင့် သတ်လိုက်တယ် ဆိုတာကို ငါ အခုအချိန်မှာ မပြောနိုင်ပေမယ့်.... အဲဒီ လူသတ်သမားဟာ ငါတို့ရဲ့ ဂေဟာထဲက တယောက်ယောက် ဖြစ်မှာကတော့ သိပ်သေချာတယ်၊ ဒီတော့ကာ.... ငါ ပြောချင်တာကတော့ အခုအချိန်ကစပြီး အားလုံး သတိဝီရိယရှိကြပါ။ ကိုယ့်လူပဲရယ်လို့ ဆိုပြီးတော့ လူတိုင်းကိုလဲ မယုံပါနဲ့၊ အဲ....တကယ်လို့ ယုံမိယင်တော့....အယုံလွယ်မိလို့ အပြင်ကိုရောက်ခဲ့ရတဲ့ ဟောဒီက သံမဏိနဂါးလိုပဲ အလွယ်တကူ အသတ်ခံရဖို့သာ ပြင်ပေတော့။ ကဲ.... အဲဒီတော့.... သူ့အလောင်းကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်ဖို့သာ လုပ်ပါ။ ပြီးတော့ အခုကိစ္စကိုလဲ အပြင်ဘက်ကို မပေါက်ကြားအောင် အားလုံးနှုတ်လုံပါစေ။ တကယ်လို့ အပြင်ဘက်ကို ပေါက်ကြားသွားယင်တော့ အခွင့်အရေးစောင့်နေတဲ့ ရန်သူဟာ ငါတို့ရဲ့ ဂေဟာထဲကို အချိန်မရွေး ဝင်ရောက်လာနိုင်တယ်ဆိုတာကိုလဲ မမေ့ကြနဲ့"

ရှောင်လင်မြေဆိုးက သတိပေးစကား ဆိုသည်။ ချက်ချင်းလက်ငင်း ပေါ်ပေါက်နေသည့် လူသတ်မှုပြဿနာကို အပြင်ဘက်သို့ မပေါ်ပေါက်ဖို့ ပြောစရာ ရှိသည်များကို ပြောပြီးနောက် ရှောင်လင်မြေဆိုးသည် ဂေဟာအဆောက်အအုံတွင်းသို့ ပြန်လည် ဝင်ရောက်သွားသည်။ သူ့နောက်ကနေ သိုင်းသမားအချို့က လိုက်ပါသွားသည်။

တချို့တဝက်သာအသက်ဝိညာဉ်မဲ့နေသော သံမဏိနဂါး၏ အလောင်းဘေးတွင် ကျန်ရစ်သည်။ ကျန်ရစ်သည့် ထို တချို့တဝက်ထဲတွင်တော့ လူယုတ်မာ နှစ်ယောက်သည်လည်း အပါအဝင်။ ကျိုးကျင့်သည် သူတို့နှစ်ယောက်ကိုကြည့်ပြီး ရင်ထဲတွင် မခံချင်စိတ်များနိုးကြွားလာရသည်။ မင်းသားခေါင်းစွပ်ထားသည့် လူယုတ်မာတွေ။ သူတို့ဟန်ဆောင်မှုတွေကိုအခြားမည်သူမျှ မသိရှိသေးဟု မှတ်နေကြပုံရသည်။

အခုလည်း ကြည့်။

သူတို့နှစ်ယောက်သည် ရှေ့ဆက်၍ယုတ်ယုတ်မာမာ ဘာတွေ ကြံအုန်း ဖန်အုန်းမည် မသိ။ သူတို့သည် လူလစ်မည့်အချိန်အခါကို စောင့်မျှော်နေကြပုံရသည်။ ကျိုးကျင့်သည် လူယုတ်မာနှစ်ယောက်ကိုကြည့်ယင်း မခံချင်ချင်ဖြစ်ခဲ့ရသည်မို့ ရှေ့ဆီသို့ တက်ခဲ့သည်။ သွေးရဲရဲ သံရဲရဲဖြင့် ပိုးစိုးပက်စက်ကြီးသေဆုံးနေသော သံမဏိနဂါးဘေး မှာရပ်သည်။ လူယုတ်မာနှစ်ယောက်ကို အကဲခတ်သလို တချက်မျှလှမ်းကြည့်သည်။

သည်တော့....၊

လူယုတ်မာနှစ်ယောက်စလုံးကလည်း သူ့အားလှေ့လှာအကဲခတ်သလို လှမ်း ကြည့် နေ သည့် အ ဖြစ် ကို မြင်တွေ့ရသည်။ ကျိုးကျင့်သည် သံမဏိနဂါး၏အလောင်းကောင်ကြီးဘက်ဆီသို့ ပြန်လည်မျက်နှာမူလိုက်ခဲ့ရာက သူတို့နှစ်ယောက် ကြားလောက်သည့်အသံမျိုးဖြင့် ရေရွတ်တိုင်တည်ခဲ့ပုံက....

"သံမဏိနဂါး ခင်ဗျား....ခင်ဗျားဟာ ဘာမဟုတ်တဲ့လူယုတ်မာတွေရဲ့လက်ချက်ကြောင့်နဲ့ အသက်သေဆုံးခဲ့ရတယ်။အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ လူ့လောကကို မျက်မှောက် ပြုခဲ့ရတယ်။ အသေစောသွားတဲ့ ခင်ဗျားအတွက် ကျွန်တော် နှမြောလဲ နှမြောမိသလို.... စိတ်လဲတစက်ကလေးမှ မကောင်းပါဘူးဗျာ....ဒါပေမယ့်.... အရိုးတွန့်ဆိုတဲ့စကားဟာ တကယ် မှန်ရိုးမှန်ယင်တော့.... တနေ့နေ့ကျယင် ခင်ဗျားဟာ တမလွန် ဘဝကနေ ခင်ဗျားကို ရက်ရက်စက်စက်သတ်ဖြတ်သွားတဲ့လူသတ်ကောင်ကို လူပုံအလယ်မှာ ခင်ဗျားကိုယ်တိုင် ဖော်ထုတ်ပြနိုင်လိမ့်မယ်လို့ ကျွန်တော် အသေအချာယုံကြည်ပါတယ်။ခင်ဗျားကိုသတ်သွားတဲ့ အဲဒီ လူသတ်ကောင်တွေဟာ ခင်ဗျားလို အဖြစ်ဆိုးမျိုးနဲ့ တနေ့နေ့မှာဆုံတွေ့ရလိမ့်မယ်ဆိုတာကိုလဲ ကျွန်တော် အသေအချာ ယုံကြည်ထားပါတယ်လေ။ကဲ.... ကျွန်တော်သွားမယ်။ မသွားခင်လေးမှာတော့ ခင်ဗျားအတွက် ကျွန်တော်ဆုတောင်းမှုတခု ပြုပေးလိုက်ပါမယ်လေ။ ခင်ဗျားဟာ ကောင်းရာသုဂတိကို လားပါစေလို့"



စကားဆုံးသည်နှင့် ကျိုးကျင့်သည် သူတို့နှစ်ယောက် ရှိရာဆီသို့ စူးစူးဝင့်ဝင့်တချက်လှမ်းကြည့်သည်။ အံကိုယ်စီဘင်းတင်းကြိတ်ထားသလို အခိုး အငွေ့ လျှံထွက်မဘတ် စူးစူး ရဲရဲကြီးကြည့်နေကြသော မျက်လုံးလေးလုံးကို ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။

လူယုတ်မာ နှစ်ယောက်....အနာပေါ် တုတ်ကျသလို အခံရခက်နေကြပြီထင်သည်။ ကျိုးကျင့်သည် နှုတ်ခမ်းတဖက်ကို ခပ်မဲ့မဲ့လုပ်၍ပြုံးလျက် သူတို့နှစ်ယောက်အား ကျောခိုင်းထွက်ခွာခဲ့သည်။ သူတို့နှစ်ယောက်ကတော့ နေ ရာ တွင် ရပ် လျက် ကျန်ရစ်ခဲ့ကြသည်။သူတို့အသွင်က တည်တည်ငြိမ်ငြိမ်။

သို့စေကာမူ၊

ကျိုးကျင့်၏ တိုင်တည်စကားတွေကြောင့် သူတို့ရင်ထဲမှာ လေမုန်တိုင်းဝင်မွှေ့နေပြီဆိုသည့် အဖြစ်ကတော့ ဗေဒင်မေးစရာပင် မလိုချေ။

●

## အဆင့်တိုးခဲ့သူ နှစ်ယောက်

ရွှေလင်မြေဆိုး၏ လက်ရွေးစင်တပည့် ဆယ့်နှစ်ယောက်ထဲမှ နံပါတ်တစ်ဖြစ်သူ သံမဏိနဂါး အသတ်ခံရမှုကြောင့် မြေဆိုးဂေဟာထဲရှိလူသားအားလုံးစိတ်နှလုံး တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့ကြသည်မှာအမှန်ပင်။

သံမဏိ နဂါးတယောက် ရုတ်တရက် အသတ်ခံလိုက်ရမှုသည် မြေဆိုးဂေဟာထဲရှိ လူသား အားလုံး၏ တက်ကြွ နေ သော စိတ်ဓာတ်များကိုတခါတည်း ဖိနှိပ်ချိုးပစ်လိုက်သည့်နှယ်ရှိသည်။ ထို့ ထက်မှာမူ၊ အစပထမက....၊

သံမဏိနဂါးတယောက်မသေဆုံးမီက တဦးနှင့်တဦးဘာကိစ္စမဆို ရိုင်းပင်းကူညီ ဖေးဖေး မမ ရှိသလောက်.... အင်မတန်မှ စည်းလုံးညီညွတ်မှုရှိခဲ့သည့် မြေဆိုးဂေဟာထဲမှ လူသားတို့သည်



ယခုတော့လည်း စည်းလုံးမှုများ ကွယ်ပျောက် ခဲ့ရသလို.... တယောက်ကိုတယောက် သူ လူသတ်သမားဖြစ်နိုး....ငါလူသတ်သမားဖြစ်နိုး.... သံသယအကြည့်.... သံသယမျက်လုံးများဖြင့် ကြည့်လာကြတော့သည်။

ယင်းသို့သော အချိန်ကာလတွင်၊

တောမီးလောင် တောကြောင် လက် ခ မောင်း ခတ် ဆို သလို....နံပါတ်နှစ်အဆင့်မှာရှိနေသည့် ဝမ်းရိ သည် အလိုလို နေယင်း နံပါတ်တစ်အဆင့်သို့ ရောက်ခဲ့ရတော့သည်။ သူ့အထက်မှာလည်း ရွှေလင်မြေဆိုးတယောက်ပဲ ရှိတော့သည်။

ဝမ်းရိ ကဲ့သို့ပင်....၊

လင်းယုန်သိုင်းသမား ရန်းလုံတယောက်လည်း နံပါတ်သုံး အဆင့်ကနေ နံပါတ်နှစ်အဆင့်သို့အလိုလိုနေယင်း ရောက်ရှိခဲ့ရသည်။ အဆင့်တိုးမြှင့်ခံခဲ့ရသူ.... သူတို့နှစ်ယောက်၏ ဩဇာအာဏာ အရှိန်အဝါကလည်း မြေဆိုးဂေဟာကို တဖြည်းဖြည်း လွှမ်းမိုးစ ပြုလာခဲ့ချေတော့သည်။ သို့စေကာမူ....

လှိုင်စာပေ
အမှတ် ၁၉/၁၃၈၊ ၆ လမ်း
ဖုန်း ၂၁၃၄၄

## အပြင်မုန်တိုင်း၊အတွင်းမုန်တိုင်း

ရက်သတ္တတပတ်ပြည့်ခဲ့ပါပကောလားလို့....

သံမဏိနဂါးသေဆုံးပြီးနောက် ခုနစ်ရက်မြောက်သောနေ့ဖြစ်သည်။

အချိန်က နေ့လယ်ခင်း။ မိုးသည်းထန်နေသော အချိန်။ လေပြင်းကျရောက်နေသောအချိန်။ သစ်ပင်ကြီးများ ဟိုသည်ယိမ်းနွဲ့နေသလောက်၊ သစ်ကိုင်းချင်းပွတ်ကြိတ်သံက ဆူညံစွာထွက်ပေါ်နေသောအချိန်။ တနည်းအားဖြင့် ဆိုရလျှင်တော့....

လောကကြီးတခုလုံးမှာ ငြိမ်သက်မှုမရှိပဲ ပြောင်းဆန်ချင်တိုင်း ပြောင်းဆန်နေသော အချိန်ကာလ ပါတည်း။

ဝမ်းရိ။ ရှောင်လင်မြေဆိုး၏ တပည့်ဆယ့်နှစ်ယောက်ထဲမှ နံပါတ်တစ်အဆင့်သို့ ရောက်နေသော ဝမ်းရိ။ သူ့ရင်ထဲတွင်လည်း အပြင်လောကကဲ့သို့ပင် ပြောင်းဆန်ချင်တိုင်း ပြောင်းဆန်နေသည်။

လေပွေမွှေ့ခံရသလို လှုပ်ရှားနေသည်။ ဒေါသထွက်လွန်းနေ



သောကြောင့် သူ့တကိုယ်လုံးတဆတ်ဆတ်ဖြင့် တုန်ယင်နေသည်မှာ နတ်ကျနေသကဲ့သို့။ သူ့နဖူးပြင်ပေါ်တွင် ချွေးစေးများကစို့ပြန်ထွက်လျက် ရှိသည်။ သူ့ လက်အစုံမှာ တဆတ်ဆတ်တုန်ယင်နေသည်။ ထို့ကြောင့် လက်ထဲမှာ ဆုပ်ကိုင်ထားသည့် စာရွက်ခေါက် က လေး မှာ လည်း သူ့ အ လို လို နေယင်း တုန်ယင်နေသည်။

"တောက်...."

တောက်ခေါက်သံကြီးတချက်က သူ့နှုတ်ဖျားကနေ ထန်ပြင်းစွာ ထွက်ပေါ်လာသည်။ အတွင်းစိတ်၏ လှုပ်ရှားရိုက်ခတ်မှုကအသံအဖြစ် ထွက်ပေါ်လာခြင်း ဖြစ်သည်။ သူသည် အံကိုတင်းဘင်းကြိတ်သည်။ လက်ထဲက စာရွက်ခေါက် ကလေးကိုဆုတ်ဖြဲပစ်မည် ကြံမိသေးသည်။ နောက်မှ သူ့ကိုယ်သူ ဆင်ခြင်မိလိုက်သလို စာရွက်ခေါက်ကလေးကို မဆုတ်ဖြဲပစ်တော့။ လက်ထဲတွင် ဆုပ်ကိုင်ထားလျက်နှင့်ပင် သူ့အခန်းထဲကနေ ထွက်ခဲ့သည်။

လင်းယုန်သိုင်းသမား ရန်းလုံ၏ အခန်းဆီသို့ ကူးခဲ့သည်။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသလိုပဲ ဖြစ်နေသည်။ လင်းယုန်သိုင်းသမားရန်းလုံ၏အခန်းတံခါးရွက်တဘက်ကအသင့်ပွင့်နေသည်။ သူ့ကိုလည်း အခန်းထဲတွင် အသင့်မြင်တွေ့ရသည်။ ဝမ်းရိသည် ပွင့်နေသောတံခါးမှတဆင့် အခန်းတွင်းသို့ဝင်သည်။ ဝမ်းရိကို မြင်တွေ့သည်နှင့် လင်းယုန်သိုင်းသမား ရန်းလုံသည် ခုတင်ပေါ်တွင် လဲလျောင်းနေရာကနေ ထ ထိုင်သည်။ တဆက်တည်း မေးခွန်းထုတ်သည်။

"ကဲ....ဆိုစမ်း၊ မင်းမှာ ဘယ်လိုအရေးကိစ္စတွေ ပေါ်လာပြီလဲ ဆိုတာကို"

"အေး....အရေးကိစ္စမှ တကယ့်အရေးကိစ္စကြီးပေါ်လာတာပဲ ဟေ့၊ ပြီးတော့.... အဲဒီ အရေးကိစ္စဟာလဲ ငါတို့ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်တယ် ဟေ့"

စိတ် လှုပ်ရှားနေသောကြောင့် ထွက်သွားသည့် လေသံက တင်းမာ ကျယ်လောင်သွားသည်။

လင်းယုန်သိုင်းသမား ရန်းလုံကတော့ ဘာမျှ မဖြစ်သလို ခပ်အေးအေးပါပဲလေ။ မျက်နှာထားက ပကတိအေးစက် တည်ငြိမ်နေသည်။ ထို့အတူ လေအေးကလေးဖြင့်လည်း ဝမ်းရိကို လှမ်းပြောခဲ့သည်။

"ဖြည်းဖြည်းပေါ့ကွာ၊ဘာမဟုတ်တဲ့အကြောင်းကိစ္စပြဿနာလေး တခုအတွက်နဲ့ ဘာလို့များ ဒီလောက်တောင် တုန်လှုပ်ချောက်ချားချင်နေရတာလဲ"

"ဘာကွ.... ဘာမဟုတ်တဲ့ အကြောင်းကိစ္စ ပြဿနာလေးတခု...ဟုတ်လား။ မင်းက ဘယ်လောက်ထိအောင် နားလည်နေလို့ အခုလို ပြောရတာလဲ"

ဝမ်းရိက ဒေါသထွက်ထွက်ဖြင့် ပြန်မေးမိသည်။

"ကဲပါ... ငါ နားလည်တာ နားမလည်တာတွေ အသာထားစမ်းပါအုန်း။ မင်း အခုလိုပဲ စကားဆက်နေယင်တော့ မကြားသင့်တဲ့ စကားတွေကို တခြားလူတွေ ကြားသွားနိုင်တယ်"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"



"ပွင့်နေတဲ့ တံခါးတွေဆီကို အယင်ဆုံးကြီးသွားပြီး ဂျက်ထိုးပိတ်လိုက်၊ ပြီးတော့မှ ဟောဒီ ခုတင်ပေါ်မှာ လာထိုင်ပြီး....မင်းလောလောဆယ်မှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို အေးအေးဆေးဆေး တင်ပြ၊ ကဲ....သွား၊ တံခါးကို အယင်သွားပိတ်ချည်"

သူ ပြောတာ နည်းလမ်းကျနေသောကြောင့်လည်း ဝမ်းရိ ခမျာ မငြင်းသာ။ တံခါးကို သွားရောက် ပိတ်ပြီး သူ့ဘေးမှာ အသာထိုင်သည်။

"ကဲ....အခု မင်းပြောချင်တာ ပြောတော့"

လင်းယုန်သိုင်းသမား ရန်းလုံက ပြောခွင့်ပြုသည်နှင့် ဝမ်းရိသည် သူ့လက်ထဲမှာ ဆုပ်ကိုင် ထားသော စာရွက်ခေါက်ကလေးကို ထိုးပေးလိုက်သည်။ တဆက်တည်း....

"ဟောဒီစာကို အယင်ဆုံးကြီး ဖတ်ကြည့်။ ပြီးတော့မှ မင်း ငါ့အပေါ်မှာ နားလည်လာလိမ့်မယ် ရန်းလုံ"

"ခြေဒ်....ဘာများလဲလို့၊ ကဲ....ပေး....ပေး....မင်းရဲ့ စာကို အပျင်းပြေ ဖတ်ကြည့်လိုက်ရအောင်"

ကြည့်စမ်း။ သူ့စာကို အပျင်းပြေ ဖတ်ကြည့်လိုက်မည် ဆိုပါကလား။ ဝမ်းရိ၏ စိတ်ထဲတွင် ထောင်းကနဲ ဖြစ်သွားသည်။ ဒေါသထွက်ထွက်ဖြင့် ပယ်ပယ်နယ်နယ်ကြီး ပြောချပစ်လိုက်မည်ပြုမိသေးသည်။ နောက်မှ သူ့စိတ်သူ ပြန်လည် ထိန်းချုပ်မိသည်။

တင်းကျပ်နေသော သူ့စိတ်သူ ဖြေလျှော့သည်။ အမှန်တော့ သူ့အနေနှင့် ယခုအချိန်တွင် ဒေါသထွက်နေ၍ မဖြစ်သေး။ ပြဿနာတခု မပြီးဆုံးခင် နောက်ထပ် အပူ တခု ထပ်ဆင့်၍

မကောင်း။ ဒါကြောင့်လည်း သူသည် သက်ပြင်းတချက် ချပြီး အသာငြိမ်နေလိုက်သည်။

ထိုအချိန်တွင် လင်းယုန် သိုင်းသမား ရန်လုံ တ ယောက် ကတော့ ဝမ်းရိ ပေးသည့် စာရွက်ခေါက်ကလေးကို ဖြန့်၍ ဖတ်နေခဲ့ပါပြီ။ စာပါ အကြောင်းအရာက သည်လို၊ သည်လို....

"ကိုယ် ကျူးလွန်ခဲ့တဲ့ ပြစ်မှုတခုကို တခြား ဘယ်သူမှ မသိသေးဘူးလို့ မ ထင် လိုက် ပါနဲ့၊ သံမဏိ နဂါးကို အဆုံးစီရင်တဲ့ ညတုန်းက.... ခင်ဗျားနဲ့ လင်းယုန်သိုင်းသမားတို့ရဲ့လုပ်ရပ်တွေ အားလုံးကို ကျုပ် ကောင်းကောင်းကြီး မြင်တွေ့ ထားတယ်။ အဲသည်တော့ ကျုပ်ပြောချင်တာက ဒီနေ့ည သန်းခေါင်ကျော်အချိန်လောက်မှာပေါ့ လေ၊ သံမဏိနဂါးကို လုပ်ကြံ သတ်ဖြတ်ခဲ့တဲ့ ညောင်ပင်အိုကြီးရဲ့နားကနေ ကျုပ် ခင်ဗျားကို စောင့်နေမယ်။ ခင်ဗျားနဲ့ ကျုပ် အပေး အယူ လုပ်စရာ နည်းနည်းပါးပါး ရှိတယ်။ တကယ်လို့ ကျုပ် ချိန်းဆိုထားတဲ့အတိုင်း မလိုက်နာခဲ့ဘူး ဆိုယင်တော့ နောက်မှ ကျုပ်ကို အပြစ်မဆိုနဲ့၊ ခင်ဗျားတို့ရဲ့အကြောင်းတွေအားလုံး ရှောင်လင် မြေဆိုးရဲ့နားကို ပေါက်ကြားသွားဖို့သာ ပြင်ပေ တော့"



စာက ထိုမျှသာ၊ စာအဆုံးတွင် လက်မှတ်ရေးထိုးထားခြင်း၊ အမည်နာမ တပ်ထားခြင်း မရှိ။ လင်းယုန် သိုင်းသမား ရန်လုံ သည် စာဆုံးသွားသည်နှင့် စာရွက်ခေါက်ကလေးကို ပြန်ခေါက် သည်။

"ဘယ့်နှယ်သဘောရသလဲ။ ဒီစာကို ရေးတဲ့လူက ငါတို့ရဲ့ လုပ်ရပ်တွေအားလုံးကို သိနေတယ်လို့ဆိုနေပါလားကွ ဟေ"

ဝမ်းရိက ပြောသည်။ သူ့အနေဖြင့် ထိုစာနှင့်ပတ်သက်၍ အတော်ကြီး စိတ်လှုပ်ရှားနေပုံရသည်။ လင်းယုန် သိုင်းသမား ရန်လုံကတော့မူ....ထိုစာပါ အကြောင်းအရာကို ဖတ်ပြီးသော် လည်း မည်သို့မျှစိတ်လှုပ်ရှားပုံမရ၊ သူ့အသွင်က ခပ်အေး အေး၊ ခပ်တည်တည်၊ မျက်နှာပြင်တွင် မည်သည့် လှုပ်ရှားမှုမှ မရှိ။ သူ့ကိုကြည့်၍ ဝမ်းရိ၏ စိတ်ထဲတွင် မကျေနပ်ချင်သလို ပင် ရှိခဲ့ရသည်။ သူတို့ကို ကောင်းကောင်းကြီး ဒုက္ခပေးမည့် ပြဿနာတခုနှင့် ရင်ဆိုင်ကြုံတွေ့နေရတာတောင်မှ သူက မတုံ တက်တေး၊ အေးတိအေးစက်ကြီးလုပ်လို့။ ခံပြင်းဖို့ဘယ်လောက် ကောင်းလိုက်ပါသနည်း။

"ဟား....ဟား....ဟား၊ ကြည့်စမ်း၊ တော်တော့်ကို ရယ်ဖို့ ကောင်းနေတာတော့အမှန်ပဲ ဟေ့"

လင်း ယုန် သိုင်း သ မား ရန်လုံ သည် ကိုယ်ကို လှုပ်ခါ၍ ရယ်မောယင်း ပြောသည်။ ဝမ်းရိသည် မျက် မှောင် ကို သာ ကြုတ်လိုက်မိသည်။ သူ ဘာကြောင့်သို့ကလို အူလှိုက်သည်းလှိုက် ရယ်မောရသည်ဆိုခြင်းကို သူ မသိ။ ပြီးတော့....သူက ဘယ်လို

အဓိပ္ပာယ်နှင့် ယင်းစကားများလွှတ်ထွက်လာသည်ကို အတွေးမပေါက်။

အမှန်အတိုင်းဆိုရပါမူ....

လောလောဆယ် ပစ္စက္ခမှာ ကြုံတွေ့နေရသော လင်ယုန်သိုင်းသမား ရန်းလုံ၏မထုံတက်တေးအမူအရာများနှင့် စပ်လျဉ်း၍ ဘဝင်မကျနိုင်အောင် ဖြစ်မိသည်က အမှန်ပါတည်း။

ခြော်.... သူ့မှာ ထိုစာနှင့်ပတ်သက်၍ မည်သို့မျှမခံစားရတော့ပြီလော။

●

---

## လျှို့ဝှက်ချက်ကို သိနေသော ထိုလူ

---

"မင်း....ဒီစာနဲ့ပတ်သက်ပြီး သိပ် စိုးရိမ်နေသလားဝမ်းရိ"

အတော်လေး ကြာတော့မှ သူက ကောက်ကာ ငင်ကာ မေးခွန်းထုတ်သည်။ သူကဘယ်သို့သောအဓိပ္ပာယ်နှင့် ထိုမေးခွန်းကိုထုတ်ခဲ့ပါလိမ့်။ ဝမ်းရိသည် မျက်ခုံးတဘက်ကိုသာ အသာပင့်တင်လိုက်မိသည်။ တဆက်တည်းဆိုသလို၊ တအံ့တဩလေးလည်း ပြန်လည် မေးခွန်းထုတ်မိသည်။

"နို့....နေစမ်းပါအုန်း၊ ငါ မသိလို့မေးစမ်းပါရစေ။ ငါတို့အတွက် ဖင်မီးခဲခုထိုင်ရတော့မယ့် အခြေအနေမျိုးကိုရောက်နေရတာတောင်မှ မင်းက ဘာဖြစ်လို့ ဒီလောက်အေးတိအေးစက်ဖြစ်နေရတာလဲကွ ဟေ။ငါတော့ မင်းရဲ့အမူအရာတွေနဲ့ပတ်သက်

ပြီး ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေမိတာလဲ အမှန်ပဲဟေ့”

လင်းယုန်သိုင်းသမား ရန်းလုံသည် သဘောကျသလိုအပြုံးလေးတချက်လွှတ်ထုတ်ခဲ့ရာမှ....

“ငါ ဘာဖြစ်လို့ အခုလို အေးတိ အေးစက် ဖြစ်နေရတယ်ဆိုတာကို မင်း နောက်တော့ နားလည်လာပါလိမ့်မယ်လေ။ ကဲပါ၊ စောစောတုန်းက ငါ့မေးခွန်းကိုပဲ ပြန် ဖြေ စမ်း ပါ။ အဲ့ဒီစာနဲ့ပတ်သက်ပြီး မင်းရဲ့ စိတ်ထဲမှာ တော်တော်ကလေး လှုပ်လှုပ်ရှားရှားဖြစ်နေပုံရတယ်၊ ဟုတ်တယ်မို့လား ဟင်”

ဝမ်းရိသည် လက်တဘက်ဖြင့် မေးစေ့ကို အသာပွတ်သပ်လျက်။

“အေး....ဟုတ်တယ်။ ဘယ်သူမှ မသိနိုင်ဘူးလို့ ထင်နေတဲ့ လျှို့ဝှက်ချက်ကြီးကိုမှ သိသွားတဲ့ လူတယောက်က ရှိနေပြီဆိုတော့....အင်းလေ၊ မင်းပဲကိုယ်ချင်းစာကြည့်တော့ပေါ့ ရန်းလုံရာ”

“ဒါပေမယ့်....ငါ စဉ်းစားမရတာတခုရှိတယ် ဝမ်းရိ”

“ဘာများလဲကွ ရန်းလုံရ”

“အဲဒီလူက ဘယ်လိုလုပ်ပြီး သိသွားသလဲဆိုတာပဲ”

ဟုတ်သည်။ သူတို့၏လုပ်ရပ်များကို ထိုသူက ဘယ်လိုလုပ်သိသွားသနည်း။ သည်အချက်က တော်တော်ကလေး စဉ်းစားစရာကောင်းနေသည် အမှန်။

လင်းယုန်သိုင်းသမား ရန်းလုံက သူ့စကားကို ဆက်ခဲ့ပြန်ပါ၏။



“ငါ့စိတ်အထင် ပြောရယင်တော့.... သူဟာ ဘယ်နည်းနဲ့မဆို....ငါတို့ထဲက အတွင်း လူ တယောက်ယောက်ပဲ ဖြစ်ရမယ်ကွ”

“နေအုန်း....နေအုန်း၊ မင်းပြောမှ ငါ တခုစဉ်းစားမိတယ် ရန်းလုံ”

“ဆိုစမ်းပါအုန်း....ဘယ်လိုများလဲ”

“ငါတို့ရဲ့ ဆရာသခင်မြွေဆိုးက သိမ်ကျိန်ဂါး အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါတို့အပေါ်မှာ မသင်္ကာ ဖြစ်နေပါလိမ့်မယ်....အဲဒီလိုသင်္ကာမကင်းဖြစ်နေတာနဲ့ ပတ်သက်ပြီး တကယ်ဟုတ် မဟုတ် စိတ်စမ်းချင်တဲ့သဘောနဲ့ ငါတို့ဆီကို အခုလို လုပ်ကြံစာရေးပြီး ပို့လိုက်တာကော မဖြစ်နိုင်ဘူးလား”

“သူက အဲဒီလိုလုပ်လို့ကော သူ့အတွက် ဘာအကျိုးရှိမှာမို့လဲကွ”

“ဟာ....သူ့အတွက် အကျိုးသိပ်ရှိပါပြီလားကွာ.... တကယ်လို့ သူ ချိန်းဆိုထားတဲ့အတိုင်း ငါတို့ သွားတွေ့လိုက်ယင်....ငါတို့နှစ်ယောက်ဟာ သူထင်တဲ့အတိုင်း မှန်သွားပြီပေါ့ကွ။ ငါ ပြောတာသဘောပေါက်လား”

လင်းယုန်သိုင်းသမား ရန်းလုံသည် ဝမ်းရိထံမှ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ အဖြေရှာ အတွေးနက်နေသလို တွေဝေငိုင်ငေးနေရာက အတော်လေး ကြာတော့မှပင်။

“အင်း....ဖြစ်နိုင်တယ်။ ဖြစ်နိုင်တယ်။ မင်းပြောတာအများကြီး ဖြစ်နိုင်တယ်။ အမှန်တော့ ဆရာသခင် မြွေဆိုးကိုယ်တိုင်က သူ့ပစ်မှတ် မှန်မမှန် လက်တွေ့ စမ်းလိုက်တာမျိုး ဖြစ်နိုင်တယ်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ မင်းပြောသလိုဖြစ်နေမယ်ဆိုယင်တော့၊ သူ့အတွက်က ဒီနေ့ညဟာ နောက်ဆုံးညပဲဖြစ်ရမှာပေါ့။ သူ့ကို အဲဒီနေရာမှာပဲ သံမဏိနဂါးရဲ့နောက်ကို ပို့လိုက်ကြတာပေါ့”

“ဘယ်လို....ဘယ်လို၊ ဆရာသခင်မြွေဆိုးကိုပါ အဆုံးစီရင်ပစ်လိုက်မယ်....ဟုတ်လား”

ဝမ်းရိက တအံ့တဩရှိသည့် လေသံဖြင့် ကပျာကယာလေး မေးသည်။ လင်းယုန်သိုင်းသမား ရန်းလုံသည် ဦးခေါင်းတချက် ညိတ်ပြခဲ့သလို၊ အေးတိအေးစက်လေသံဖြင့်ပင်....

“ဟုတ်တယ်လေ.... သူ့ကိုပါ အဆုံး စီရင်ပစ်ရ မှာပေါ့။ တကယ်လို့ ဒီပစ်စာပိုင်ရှင်ဟာ သူပဲဆိုယင်တော့.... သူက စာနဲ့ လက်တဲ့စမ်းပြီးပြီဆိုတော့.... ပိုပြီးသေချာအောင် လူကိုယ်တိုင် ငါတို့ကို လာတွေ့မှာပဲ။ အဲဒါကိုက ငါတို့အတွက်အခွင့်အရေးပဲ၊ ငါတို့ကိုလာတွေ့တဲ့ သူ့ကို ငါတို့က အလွယ်တကူ ရှင်းပစ်ရုံပဲ။ ဘယ့်နှယ်လဲ ငါပြောတာကို သဘောပေါက်တယ်မို့လား”

ဝမ်းရိသည် အင်းမလုပ် အဲမလုပ်ဖြင့် ဘာတခုမှ အဖြေမပြု။ နဖူးပြင်ပေါ်မှာ စို့သီးလာသော ဇီးကင်းခန့်ရှိ ချွေးသီးများ ကိုသာ လက်ဖြင့် အသာသပ်ချလိုက်သည်။ အမှန်အတိုင်းဝန်ခံရ လျှင်တော့ သူ့စကားက မစားရ ဝခမန်း ဖြစ်သည်။ ဒါပေမယ့် အချုတ်အချော် အတိမ်းအစောင်း ဖြစ်သွားလျှင်တော့ သူတို့ နှစ်ယောက်စလုံး သံမဏိနဂါးနောက်သို့ ကောက်ကောက်ပါ အောင် လိုက်ရတော့မည့်အဖြစ်ကတော့ ယုံမှားသံသယရှိစရာပင် မလို။



“မင်း ဘာမှ စိုးရိမ်မနေစမ်းပါနဲ့ ဝမ်းရိ။ အားလုံးက ငါတို့ နှစ်ယောက်အတွက် ကောင်းဖို့ချည်းပါပဲလေ။ အဲ....အရေးကြီး တာက.... ဒီနေ့ညသန်းခေါင်ကျော်ကျယင် မင်း ချိန်းဆိုထားတဲ့ နေရာက အယင် သွားစောင့်နေ၊ နောက်မှ ငါ လိုက်လာမယ်။ ဘယ်သူပဲဖြစ်ဖြစ်.... အဲဒီကို ရောက်လာတဲ့လူကို ငါ အဆုံးစီရင် မယ်၊ မင်း ဘာမှ လုပ်စရာမလိုဘူး။ မင်းက ဟန်ပြသက်သက် သွားရပ်ပေးရုံပဲ၊ ဘယ့်နှယ်လဲ.... ငါ့အစီအစဉ်”

“မဆိုးပါဘူး၊ မင်းပြောတဲ့အတိုင်းဖြစ်လာမယ်ဆိုယင်တော့ ကောင်းတာပေါ့”

“ဖြစ်ရမယ်လေ၊ ငါကလဲ အဲဒီ အစီအစဉ်အတိုင်း လုပ်ဖို့ မင်း ငါ့ဆီမရောက်လာခင်ကတည်းက ခေါင်းအေးအေးနဲ့ အကြံ ထုတ်နေတာကိုးကွ”

“ဘယ်လို.... ဘယ်လို.... ငါ မင်းရဲ့ အခန်းထဲ မရောက်ခင် ကတည်းက မင်းက အကြံထုတ်နေတယ်.... ဟုတ်လား”

“ဒီအတွက် သိပ်လဲ မအံ့ဩနေပါနဲ့လေ....၊ ဘာဖြစ်လို့လဲ ဆိုတော့.... မင်းဆီကို ရောက်လာတဲ့စာမျိုး ငါ့ဆီမှာလဲ ရှိနေလို့ ပဲပေါ့”

“ဪ.... ဪ....၊ ဒါကြောင့်.... အခု ပြဿနာတွေနဲ့ ပတ်သက်ပြီး မင်းက အခုလို သွေးအေးနေတာကိုး”

ဝမ်းရိက ယခုမှ သဘောပေါက်သလို ရှိသည်။ လင်းယုန် သိုင်းသမား ရန်းလုံသည် ဟုတ်မှန်ကြောင်း ခေါင်းညိတ် အဖြေ ပေးသလို။

"ဟုတ်တယ်လေ၊ ဒါကြောင့် မင်းဆီက စာက ငါ့အတွက် ဘယ်လိုမှ ထူးချွ်မဆန်းတော့ဘူးပေါ့။ ဘာကြောင့်လဲဆိုတော့ ငါ့ဆီကို အယင်ရောက်နေတဲ့ စာက ငါ့ကို အတွေ့အကြုံ ပေး ထားပြီးမှ ကိုးကွ"

အော်.... အော်၊ ရန်းလုံ၊ ရန်းလုံ။ သူ သွေးအေးနေတာက ဒါကြောင့်ကိုး။ ဝမ်းရိသည် ယခုမှပင် အလုံးစုံ တွေးသိ သဘော ပေါက်မိတော့သည်။ သို့နှင့်အမျှ သူ့ကိုလည်း အတော်ကြီး အထင်ကြီး လေးစားသွားမိသည်။

●

အမှတ် ၁၈ ၁၃၁ ၆ ဝ
ရုံး ၂၁၃၄၅

## ချိန်းတဲ့နေရာက စောင့်ဆိုင်းနေသူ

ညသန်းခေါင်ကျော်တွင် ညောင်ပင်အိုကြီးနားကနေ လာရောက် စောင့်ဆိုင်းနေပါဟု စာထဲကနေ ချိန်းဆိုထားသည့် အတိုင်း လူခြေတိတ်ဆိတ် ညသန်းခေါင်ကျော်အချိန်သို့ ရောက်သည်နှင့် ဝမ်းရိသည် သူ့အခန်းထဲကနေ အသာထွက်ခဲ့သည်။ ခြေသံ မကြားရအောင် အသံတိတ်နည်းဖြင့် အခန်းငယ်လေးများကို ကျော်ဖြတ်ခဲ့သည်။

ဂေဟာ နောက် ဘက် ရှိ ညောင်ပင်အိုကြီးဆီသို့ ဦးတည်ခဲ့ သည်။ ညောင်ပင်အိုကြီးနားသို့ ရောက် သည် နှင့် ကျီးကန်း တောင်းမှောက် မျက်လုံး အစုံဖြင့် ဘေးပတ်ဝန်းကျင် တစိုက် မျက်စိကစားကြည့်သည်။ သူ့အား စာဖြင့် ချိန်းဆိုထားသူ ရောက်နေလို ရောက်နေငြား။

အရှေ့ အနောက် တောင် မြောက် အရပ်လေးပါးစလုံးတွင် မည်သည့် အရိပ်အရောင်ကိုမှ မတွေ့ရ။ အရာခပ်သိမ်း မျက်စိ အမြင်မှာ ရှင်းလင်းနေသည်။ ချိန်းဆိုထားသော ကိုဘိုးသိကြီး

မရောက်သေးသည်ကတော့ သေချာသည်။ သူ့အနေဖြင့် မည်မျှကြာကြာ ဆက်သက်စောင့်ဆိုင်းနေရဦးမည်မသိ။ ထိုသူကလည်း မည်သည့်အချိန်ကာလကျမှ သည်နေရာသို့ ရောက်လာမည်မသိ။ သူ့အနေနှင့် ကိုဘိုးသိကြီး မလာမချင်း စောင့်ဆိုင်း နေရမည်ပင်။

လင်းယုန်သိုင်းသမား ရန်းလုံ.... သူကတော့ ဘယ်ရောက်နေပါလိမ့်၊ သူ့အရိပ်အရောင်ကိုလည်း မတွေ့ရသေး။ ကြည့်ရပုံက လင်းယုန်သိုင်းသမား ရန်းလုံသည် သားကောင်ကို ကျားချောင်းမြောင်းနေသလို အကွယ်တနေရာကနေ ကိုဘိုးသိကြီး အလာကို အသစ်ချောင်းမြောင်း စောင့်ဆိုင်းနေပုံရသည်။

ယင်းသို့ အတွေးဝင်မိပြန်တော့လည်း ဝမ်းရိ၏ စိတ်ထဲတွင် ယုံကြည်စိတ်ချမှုများက သူ့အလိုလိုဝင်ရောက်လာသည်။ အနည်းငယ် အားတက်လာသလို ရှိသည်။

ဝမ်းရိသည် ညောင်ပင်အိုကြီးအောက် ခြေရင်းနားမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ နားကို စွင့်ထားသည်။ မျက်စိကို ဖွင့်ထားသည်။ တကယ့်အရေးဆို လှုပ်ရှားရ လွယ်ကူအောင် တကိုယ်လုံးရှိ အကြောအခြင်များကို ဖြေလျော့ထားသည်။

ကြောက်စရာတော့ မရှိပါ။ သူ့မှာ လက်နက် အပြည့်အစုံပါသည်ပဲ။ ဆောင်ဓား၊ ပေါက်ဓား၊ ပြီးတော့ အပ်ချောင်းလေးကဲ့သို့ သေးငယ်သလောက်၊ လူတယောက်၏ အသက်ကို စက္ကန့်ပိုင်းအတွင်း ထုတ်ယူနိုင်သည့် ရွှေအပ်ချောင်းလေးတွေကလည်း သူ့အင်္ကျီရင်ဘတ်ကြားထဲမှာ အပြည့်။

သည်တော့ သူ ဘာကိုကြောက်ရမည်နည်း။ ဘာကို လန့်ရမည်နည်း။ လက်နှင့်လာသူကို လက်ဖြင့်တုံ့ပြန်မည်။ လက်နက်နှင့်လာသူကို လက်နက်ဖြင့် တုံ့ပြန်မည်။ ဒါပဲ....



ဝမ်းရိသည် တယောက်တည်း တွေး၊ တယောက် တည်း ကိုယ့်စိတ်ဓာတ် ကိုယ်မြှင့်တင်ခဲ့ရာက နောက်ဆုံး အရာခပ်သိမ်းနှင့် စပ်လျဉ်း၍ သွေးအေးစ ပြုလာချေတော့သည်။ ဒါပေမယ့်.... ဒါပေမယ့်၊ ဟုတ်သည်။ အတော်လေးကြာတော့။ အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်နေသော ထိုအချိန်မှာပင် အသံတသံက သူ့နားထဲသို့ ထိုးဖောက် ဝင်ရောက်လာသည်။

အသံက သိပ် မကျယ်လောင်။ တိုးတိုးသဲ့သဲ့ကလေးမှ တကယ့်တိုးတိုးသဲ့သဲ့ကလေး ဖြစ်သည်။ သို့စေကာမူ အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်နေသော ထိုအချိန်မျိုးမှာတော့.... တိုးသဲ့လှသော ယင်းအသံလေးကို သူ နားနှင့်ဆတ်ဆတ် ကြားသိလိုက်ရသည် အမှန်။ တခြား အချိန်မှာဆို ယင်းသို့ ကြားမိချင်မှ ကြားမိမည် ဖြစ်သည်။

ဝမ်းရိသည် မကြောက်ဘူးဆိုသော်လည်း ထို တိုးတိုးသဲ့သဲ့ အသံလေးအတွက်တော့ ရင်မှာအတိုင်းမသိလှုပ်ရှားမိသွားသည်။ အသည်းနှလုံးမှာ လှုပ်ခါ သွားသည်။ ဝန်းဝန်း လည်လျက် ပြူးကျယ် ဝိုင်းစက်သော မျက်လုံး အစုံဖြင့် ဘေးပတ်ဝန်းကျင် တဝိုက် လှည့်ပတ်ကြည့်မိသည်။

စိတ်နှလုံး တုန် လှုပ် ချောက် ချား စ ပြုလာသောကြောင့် မျက်လုံးအမြင်ကပဲ မှားသွားသလား မသိ။ ဘေးပတ်ဝန်းကျင် တဝိုက်ကိုလှည့်ပတ်ကြည့်မိသည့်တိုင် လှုပ်ရှားနေသော အရာဝတ္ထုနှင့် တူဘာဆိုလို့ ဘာကိုမှ မမြင်ရတွေ့။

ဝမ်းရိသည် ဆောင်ဓားလက်ကိုင်ရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ဗယ်လက်က အင်္ကျီရင်ဘတ်ကြားထဲ ဝင်ရောက်နေသလို အရေးအကြောင်းဆို သေမင်းတမန် ရွှေအပ်ချောင်းလေးများကို အသုံးချဖို့က အသင့်။

အသံကတော့ အဆက်မပြတ် ထွက်ပေါ်ဆဲ။ အသံက တိုးသဲ့နေရာမှ တဖြည်းဖြည်း ကျယ်လောင်စ ပြုလာသည်။ သူနှင့် တဖြည်းဖြည်း နီးကပ်လာနေပြီဆိုသည့်သဘော။ ပြီးတော့....

ထိုအသံမှာ မည်သည့် အသံ ဖြစ်သည်ကိုလည်း ယခုတော့ အသေအချာ ခန့်မှန်းမိလိုက်နိုင်ခဲ့ပါပြီ။ တကယ်တော့ လူတဦး တယောက်၏ ခြေသံပါတည်း။ ခြေသံရှင် ဘယ်သူလဲ၊ ခြေသံရှင် ဘယ်သူလဲ။ လင်းယုန်သိုင်းသမား ရန်းလုံလော။ ဟင်အင်း.... သူတော့ မဖြစ်နိုင်။ အကယ်၍ သူသာဆိုလျှင် ထိုမျှ လျှို့ဝှက်ပြီး လှုပ်ရှားစရာ အကြောင်းမရှိ။ ဒါဖြင့် ထိုခြေသံရှင် ဘယ်သူလဲ။နောက်ဆုံးတော့ ဝမ်းရိသည် အဖြေတခုကိုသာ ပိုင်ပိုင်နိုင်နိုင် ထုတ်နိုင်ခဲ့တော့သည်။

ငင်စစ်....၊

ထိုခြေသံရှင်သည် သူ့ကို စာဖြင့် ချိန်းဆိုခဲ့သူ ကိုဘိုးသိက လွဲလို့ တခြားမည်သူမျှ မဖြစ်နိုင်တော့၊ ဝမ်းရိသည် သို့နှယ်ပင် အခြေအနေမှန်ကို တွက်မိလိုက်နိုင်ခဲ့တော့သည်။

သို့နှင့်အမျှ ယခုအချိန်အထိ အရိပ်အရောင်မျှပင် မတွေ့မြင်ရသေးသည့် လင်းယုန်သိုင်းသမား ရန်းလုံပေါ်တွင်လည်း အလိုလို နေယင်း ဒေါသထွက်ချင်သလို ဖြစ်ခဲ့ရပါတော့သည်။

●

ဝတ်ရုံနက်နှင့် လူ

စိုးရိမ်ကြောက်လန့်သောကြောင့် စိတ်တဝင်မှာ သိပ်မရှင်သာသူ ဝမ်းရိခမျာ အသည်းနှလုံး လှုပ်ခုန်နေရသည့် ထိုအချိန်မှာပင် ကြားနေရသည့် ခြေသံက သူ့အလိုလို ပျောက်သွား ပြန်သည်။ ရန်သူသည် သူ့ လက်တကမ်းအကွာသို့ ရောက်နေချေပြီလော။

ဝမ်းရိသည် အတုန်တုန် အလှုပ်လှုပ်ဖြင့် ဘေးပတ်ဝန်းကျင် တဝိုက် လှည့်ပတ်ကြည့်သည်။ တိုက်ဆိုင် ကြုံကြိုက်ချင်၍ပဲလား မသိ။ ခြေသံက ထိုစဉ်မှာပင် ပျောက်ကွယ်သွား၏။ ဝမ်းရိသည် နားကို အသေအချာစွင့်သည်။ သေချာသည်။ ခြေသံ ပျောက်ကွယ်သွားပြီ။

ဝမ်းရိသည် ရန်သူ သူ့ လက်တကမ်းအကွာသို့ရောက်ရှိနေပြီ

ဖြစ်ကြောင်းနှင့် အလစ် ချောင်းမြောင်းနေပြီဆိုသည့် အဖြစ်ကို နားလည် ရိပ်စားမိလိုက်သည်။

အလိုလိုနေယင်း အားငယ်စိတ်များ ဝင်ရောက် လာသည်။ တယောက်တည်း စောင့်ဆိုင်းနေရသည်ကို နောက်ကျောမလုံချင်သလို ဖြစ်လာရသည်။ ထိုဒန့က သေဆုံးသွားသည့် သံမဏိနဂါး၏ ရုပ်ပျက်ဆင်းပျက် ရုပ်အလောင်းကောင်ကြီးကို ပြေး၍ မြင်ယောင်မိလိုက်သောအခါတွင်တော့ အသည်းနှလုံးမှာ ဖျပ်ဖျပ်လူးခဲ့ရတော့သည်။ ညလေအေး တိုက်ခတ်နေသော်လည်း သူ့တကိုယ်လုံးမှာ ချွေးသီးချွေးပေါက်ကြီးများက စို့ပြန်ထွက်လာတော့သည်။

ဘယ်မှာလဲ ရန်သူ။ ဘယ်မှာလဲ ရန်သူ။ အရှေ့မှာလား။ အနောက်မှာလား။ ပြီးတော့ အရေးထဲ လင်းယုန် သိုင်းသမားရန်းလုံ တယောက်ကရော ဘယ်ရောက်နေသနည်း။

အဖြေရှာမရသည့် မေးခွန်းတွေက သူ့ဦးနှောက်ထဲ အပြေးအလွှား ဝင်ရောက်လာတော့သည်။ ဟော.... နားထောင်ကြည့်စမ်း၊ ဘာသံလဲ၊ ထွက်ပေါ်လာပြန်ပြီ။

ခြေသံ....ခြေသံ။ စောစောတုန်းက ရပ်တန့်သွားသောခြေသံ၊ ယခု ပြန်ပေါ်လာပါပကောလား။ ဝမ်းရိသည် ကြောက်လန့်စိတ်၊ စိုးရိမ်စိတ်တို့ကို တပြိုင်တည်းခံစားမိလိုက်ရလျက် ခြေလှမ်းကို ဂေဟာအဆောက်အအုံ ဝင်ပေါက်ဘက်ဆီသို့ ဦးတည်လိုက်မိတော့သည်။

"နေအုန်း"

ဟန့်တားသံ သူ့နောက်ကျောဘက်ဆီမှ ရုတ်တရက် ပေါ်



ထွက်လာသည်။ အသံက မာမာဆတ်ဆတ်နိုင်သည်။ အာဏာပြင်းပြင်းဖြင့် အမိန့်ပေးသံမျိုး။ ဝမ်းရိ၏ ခြေလှမ်း တုံ့ကန့်ရှိသည်။ သတိလက်ကိုင်ပြုလျက် အသံထွက်ပေါ်လာရာ နောက်ကျောဘက်ဆီသို့ ကိုယ်ကို ဖြုန်းကနဲ လှည့်လိုက်မိသည်။

မျက်နှာတဝက်အုပ်လုနီးပါး ဆောင်းထားသော ခမောက်ဝိုင်းကလေး တလုံးနှင့် လူတယောက်ကို ရင်ဆိုင် လိုက်ရသည်။ အရပ်အမောင်းက ထောင်မောင်းသော်လည်း သူ့တကိုယ်လုံး ဝတ်ရုံနက် ဖားဖားကြီးဖြင့် ဖုံးအုပ်ထားသောကြောင့် သူ့ကိုယ်ခန္ဓာ အခန့်အထားကို ခန့်မှန်း၍ မရပဲ ရှိသည်။ အမှောင်ရိပ် ကျရောက်နေသည့်နေရာတွင် ရပ်နေသောကြောင့် သူ့မျက်နှာပုံပန်း ဘယ်သို့ရှိမည်ကို မှန်းဆလို့မရပဲရှိသည်။တခုတော့ သေချာသည်။ သည်လူသည် သူ့အတွက် မည်သည့်နည်းနှင့်မှ မိတ်ဆွေမဖြစ်နိုင်စကောင်း။ ဖြစ်ချင်းဖြစ်လျှင် ရန်သူသာဖြစ်မည်။ထိုသူသည် သူ့အား စာဖြင့်ချိန်းဆိုခဲ့သူ ကိုဘိုးသိကြီးပင်လော။

"ဘာလဲ၊ ကျုပ် မလာတော့ဘူးထင်ပြီး ဂေဟာထဲ ပြန်ဝင်တော့မလို့လား"

ထွက်လာသည့်အသံက မှုံမှုန်ချင်၊ အစ်တစ်တစ်ကြီး ဖြစ်နေသည်။ နဂိုအသံကို တမင်ဖျက်ပြောနေမှန်း သိသာလှသည်။

"ခင်ဗျားဟာ ကျုပ်ကို စာနဲ့ချိန်းဆိုခဲ့တဲ့လူလား"

ဝမ်းရိက တန်ပြန်မေးခွန်းထုတ်သည်။ ထိုသူ့ထံမှ ခပ်အုပ်အုပ် ရယ်မောသံတချက် ထွက်လာသည်။

"ဟုတ်တယ်၊ ကျုပ်ဟာ ခင်ဗျားနဲ့ ဟို ရန်းလုံဆိုတဲ့သတ္တဝါကို စာနဲ့လှမ်းပြီး ချိန်းဆိုခဲ့တဲ့လူပဲ"

ဒါဆို သေချာပြီ။ ထိုသူသည် သူတို့၏ လျှို့ဝှက်ချက်တွေ အတွင်းသိ အစင်းသိ ဖြစ်နေသည့် ကိုဘိုးသိကြီး။ ဝမ်းရှိသည် လှုပ်ရှားနေသည့် အတွင်းစိတ်ကို တည်ငြိမ်အောင်ထိန်းချုပ်ယင်း ထိုသူ့မျက်နှာကို ခန့်မှန်းကြည့်နေမိသည်။

ထိုသူကလည်း လည်သည်၊ ပါးနပ်သည်။ မျက်နှာကိုစိုးစဉ်းမျှ မပေါ်အောင် ခမောက်ဝိုင်းလေးကို အောက်သို့ ဖိဆွဲချလိုက်သလို။

"ကျုပ်ရဲ့မျက်နှာကို သိပ်မြင်ချင်နေတဲ့ ခင်ဗျားရဲ့ အတွင်းစိတ်ကို ခဏလောက် ချုပ်နှိမ်ထားစမ်းပါ။ ပြီးတော့.... ကျုပ်ပြောမယ့်စကားကိုလဲ သေသေချာချာ နားထောင်"

"ဆိုစမ်းပါအုန်း၊ ခင်ဗျားက ကျုပ်ကို ဘာတွေများ အမိန့်ပေးအုန်းမလို့တဲ့လဲ"

ဝမ်းရှိသည် အငေါ်တူးသလို ငေါ့တော့တော့ကလေး လုပ်လိုက်မိသည်။

"အဲ....ခင်ဗျားသိသွားရအောင် ကျုပ် ပထမပြောချင်တာကတော့ ခင်ဗျားရဲ့ မိတ်ဆွေကြီး ရန်းလုံ တယောက် အခု ဒီဂေဟာထဲမှာ မရှိတော့ဘူး"

လင်းယုန်သိုင်းသမား ရန်းလုံတယောက် ဒီ ဂေဟာအတွင်းမှာ မရှိတော့ဘူးလို့ ဆိုနေပါကလား။ ဝမ်းရှိ အံ့အားသင့်ခဲ့ရသလို ထွက်သွားရသည့် လေသံကလည်း အထစ်ထစ်အငေါ့ငေါ့ဖြစ်လို့။

"ဒါ....ဒါဖြင့် သူ....သူ ဘယ်ရောက်သွားလို့လဲ"

"သူ ဘယ်ရောက်သွားတယ် ဆိုတာကို ခင်ဗျား သိချင်ယင်တော့ ကျုပ်က မကွယ်မဝှက်ပဲ ပြောင် ဖွင့်ပြောရသေးတာပေါ့



လေ။ အဲ....သူလူ့ပြည်မှာ နေရတာ ငြီးငွေ့တယ်ဆိုလို့.... ကျုပ်ကိုယ်တိုင်ပဲ သူ့ကို သူ့မိတ်ဆွေကြီး သံမဏိနဂါးရဲ့ နောက်ကို ပို့ပေးလိုက်ရတယ်လေ"

ဝမ်းရှိ၏တကိုယ်လုံး တောင့်ကနဲ ဖြစ်သွားသည်။ လည်ပတ်သွားလာနေသော နှလုံးသွေးကြောများ ရုတ်ခြည်းပြတ်တောက်သွားသလို ခံစားလိုက်ရသည်။

ကြည့်စမ်း....၊

သူ့မိတ်ဆွေ ရဲဘော်ရဲဘက်ကြီး လင်းယုန်သိုင်းသမားရန်းလုံ တယောက် လူ့ပြည်မှာမရှိတော့ဘူးလို့ ဆိုနေပါကလား။ ထိုသူ့လက်ချက်ဖြင့် တမလွန်သို့ ထွက်ခွာသွားရပြီဟု ဆိုနေပါကလား။

ဝမ်းရှိသည် သူ့မိတ်ဆွေကြီးအတွက် စိတ်ထဲက ဝမ်းပန်းတနည်း ခံစားမိလိုက်ရသည်။ သို့နှင့်အမျှ ရှေ့တွင်ကြုံတွေ့လာရမည့် သူ့ကံကြမ္မာအတွက် စိုးရိမ်ပူပန်စိတ်ကလေး မသိမသာ ဝင်ရောက်လာသည်။

"ခင်ဗျား ဘယ်သူလဲ။ ခင်ဗျား ဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ။ ပြီးတော့ ကျုပ်ကို စာနဲ့ချိန်းတာ ဘာလိုချင်လို့လဲ"

စိတ်ဇောအဟုန်က မြန်ဆန်လွန်းနေသောကြောင့် ထွက်သွားသည့် မေးခွန်းတွေက သုံးခုဆက်တိုက်ဖြစ်နေသည်။ ကိုဘိုးသိကြီးသည် လက်တဘက်ကို အသာယမ်းခါ ပြခဲ့ရာမှ လေအေးကလေးဖြင့်ပင်၊

"ဖြေးဖြေးပေါ့ဗျာ။ ဘာဖြစ်လို့ ဒီလောက် အလောတကြီး နိုင်နေရတာလဲ။ တခုချင်းစီမေးလဲ ရသားပဲဥစ္စာ။ နို့.... နေစမ်း

ပါအုန်း၊ အခု ခင်ဗျားမေးသွားတဲ့ မေးခွန်းတွေရဲ့အဖြေကို သိသွားရလို့ ကရော ခင်ဗျားအတွက် ဘာအကြောင်းများထူးသွားမှာမို့ လဲ''

''ခင်ဗျား ဘာကိုဆိုလိုတာလဲ''

''ကျုပ် ဆိုလိုချင်တာက ရှင်းရှင်း က လေး ပါ။ ဒါကိုလဲ ခင်ဗျား တွေးမိမှာပါ''

''ကျုပ်က ဘာကိုတွေးမိရမှာလဲ။ ဒီမှာ....စကားကို ဝေ့လည်ကြောင်ပတ် မလုပ်ချင်စမ်းပါနဲ့။ ပြောစရာရှိတာကို ရှင်းရှင်း ပြတ်ပြတ်ပြောစမ်းပါ''

ဝမ်းရှိသည် အမှန်တကယ် စိတ်တိုနေသည်။ ဒါကြောင့်လည်း ထွက်သွားသည့်လေသံက ခေါက်ဆတ်ဆတ်နိုင်နေသည်။ ကိုဘိုးသိကြီးထံမှ စကားသံ ထွက်လာသည်။ တနည်းအားဖြင့် ဆိုရလျှင်တော့ သူ အင်မတန်မှသိချင်နေသည့် မေးခွန်း၏အဖြေကိုပွင့်ပွင့်လင်းလင်း ဖွင့်ပြောလာခြင်းပါပေတည်း။

''အဲ....ရှင်းရှင်းပြတ်ပြတ်နဲ့ ပွင့်ပွင့်လင်းလင်းပြောရယင်တော့ ကျုပ် ခင်ဗျားတို့နှစ်ယောက်ကို ချိန်းဆိုလိုက်တဲ့ အကြောင်းရင်းက ဒီလိုဗျ။ ခင်ဗျားတို့နှစ်ယောက်စလုံးကို လူ့ပြည်မှာ အရှင်မထားချင်တော့လို့ပဲဗျ။ အဲ....ရန်းလုံကတော့ အယင်ဖသေသွားပြီဆိုတော့ အခု ကျုပ်ရှင်းရမယ့်လူက ခင်ဗျားတယောက်ပဲကျန်တော့တယ်လေ''

သူ တွေးထင်ထားသည့်အတိုင်း တသွေမတိမ်း မှန်နေပြီ ဖြစ်သည်။ စိတ်ထဲက လှုပ်ရှားသွားမိသော်လည်း မျက်နှာအမူအရာ စိုးစဉ်းမျှမပျက်စေပဲ ခပ်တည်တည်။



''ဩော်....ဩော်.... ခင်ဗျားအနေနဲ့ ရန်လုံကိုသာ အလွယ်တကူ ရှင်းပစ်လို့ ရချင် ရမယ်။ ကျုပ်ကိုတော့ အလွယ်တကူ ရှင်းပစ်လို့ ရလိမ့်မယ်လို့ မထင်မှတ်လေနဲ့ဗျို့။ ဒီဂေဟာမှာက ရှောင်လင်မြေဆိုးပြီးယင် ကျုပ်ဟာ သိုင်းပညာမှာ အဆင့်မြင့်ဆုံးပဲ ဆိုတာကိုလဲ မမေ့လိုက်နဲ့အုန်းနော်''

ဝမ်းရှိသည် ရေမြေမဟုတ်မှန်း အစွယ် ထုတ်ပြလိုက်သည်။ နဂါးမှန်း သိအောင်လည်း အမောက် ထောင်ပြ လိုက်သည်။ ကိုဘိုးသိထံမှ နောက်ထပ် မည်သည့်စကားသံမှထွက်မလာတော့။ ပြောစရာစကားကုန်သွားပြီလား မသိ။

သို့စေကာမူ....၊

အင်မတန်မှသွက်လက်မြန်ဆန်သော လှုပ်ရှားမှုတရပ်ကိုတော့ ရုတ်ခြည်း ပြုကျင့်လာခဲ့သည်။ ယင်းမှာ ကိုဘိုးသိ၏ ညာလက်နှစ်ချက်လှုပ်ခါသွားသည်။ အသံနှစ်ချက် ထွက်ပေါ်လာသည်။ အရိပ်ကလေးနှစ်ရိပ်က ဝမ်းရှိ၏မျက်နှာတည့်တည့်ဆီ တန်းတန်းမတ်မတ် ဝင်ရောက်လာသည်။ ဝမ်းရှိ သွက်သွက် လက်လက် လှုပ်ရှားသည်။

ခေါင်းကိုင်လက် စကြာပမာ မွှေယမ်း သွား သည်။ ထန်ကန်ထန်ကန်အသံနှစ်ချက်ထွက်ပေါ်လာသည်၊ ကိုဘိုးသိကြီးပစ်လွှတ်လိုက်သော အရိပ်ကလေး နှင်ရိပ်သည် သူ့ဓားနှင့် ထိတွေ့ပြီး ဘေးတဘက်တချက်သို့ လွင့်ထွက်သွားသည်။ မလှမ်းမကမ်းရှိ သစ်ပင်တွေမှာ သွားရောက် စိုက်ဝင်နေသည်။ လူတယောက်၏ အသက်ကို အလွယ်တကူ နုတ်ယူနိုင်သလောက် အလွန်ကြောက်စရာကောင်းလှသော သံစူးချွန်ကလေးနှစ်ခုပါတည်း။

"ခင်ဗျားနဲ့ အရိပ်သံဘမာန် သိုင်းသမားနဲ့ ဘာတော်သလဲ"

စင်စစ်။

ကိုဘိုးသိကြီး ထုတ်လွှင့်လိုက်သော သံစူးပစ် သိုင်းကွက်သည် အရိပ်သံဘမာန် အမည်ရှိ သိုင်းသမားကြီး အများဆုံး ထုတ်သုံးလေ့ရှိသည့် သိုင်းကွက်မျိုးနှင့် ခပ်ဆင်ဆင် တူနေသည်။ ဒါပေမယ့် လူသည် အရိပ်သံဘမာန်သိုင်းသမားကြီးတော့ မဖြစ်နိုင်ပေ။

ဘာကြောင့်ဆိုတော့ အရိပ်သံဘမာန် သိုင်းသမားကြီးသည် လွန်ခဲ့သည့် တနှစ်လောက်က ဝှာစမ်းတောင် သိုင်းပြိုင်ပွဲတွင် မြေခွားချင်း၏ လက်ချက်ဖြင့် အသက်သေဆုံးသွားခဲ့ပြီဖြစ်သည်။ ဒါဖြင့် သည်လူက ဘယ်သူလဲ။ အရိပ်သံဘမာန် သိုင်းသမားကြီးနှင့် မည်သို့ ပတ်သက် ဆက်နွယ်နေသနည်း။

ထုံးစံအတိုင်း ထိုသူ့ထံမှ ခပ်အုပ်အုပ် ရယ်သံတချက် ထွက်ပေါ်လာသလို...။

"ဘာလဲ၊ ကျုပ် သုံးလိုက်တဲ့ သံစူးပစ်သိုင်းကွက်က အရိပ်သံဘမာန်သိုင်းသမား သုံးတတ်တဲ့ သိုင်းကွက်နဲ့များ တူနေလို့လားဗျ"

ဝမ်းရိ၏စိတ်အတွေးကို တွေးသိလိုက်သလို ပြန်မေးသည်။

"ဟုတ်တယ်၊ ခင်ဗျား သုံးလိုက်တဲ့ သံစူးပစ်သိုင်းကွက်က အရိပ်သံဘမာန် သိုင်းသမားကြီးရဲ့ အများဆုံး သုံးတတ်တဲ့ သိုင်းကွက်မျိုးပဲ။ ဒါပေမယ့် ခင်ဗျားဟာ သူတော့မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့.... သူဟာ လွန်ခဲ့တဲ့ တနှစ်လောက်က ဝှာစမ်းတောင် သိုင်းပြိုင်ပွဲမှာ ကျဆုံးသွားပြီ ဆိုတာကို ကျုပ်သိထားတာကိုးဗျ။ အဲဒီတော့ ခင်ဗျား သူနဲ့ ဘာတော်သလဲ။ သူနဲ့ ဘယ်လိုပတ်သက်နေသလဲ"



"ဒါကတော့ဗျာ.... သူနဲ့ ပတ်သက်မှ ဆွေမျိုးစပ်မှ ဒီသိုင်းကွက်မျိုးကို ရနိုင်တာမဟုတ်ပါဘူးလေ၊ ခင်ဗျားလဲ ဟိုစကားပုံကို ကြားဘူးမှာပေါ့လေ"

"ဘယ်စကားပုံလဲ"

"အတုမြင် အတတ်သင် ဆိုတာလေ"

"သြော်....သြော်.... ခင်ဗျားက အဲဒီ သံစူးပစ်သိုင်းပညာကို အတုမြင်ပြီး အတတ်သင်ခဲ့တာပေါ့လေ"

"ခင်ဗျားပြောတာ မမှားဘူး၊ ကဲပါ...ကျုပ်မှာ ခင်ဗျားနဲ့ ရပ်စကားပြောနေဖို့အတွက် အချိန်သိပ်မရဘူး၊ အဲဒီတော့...."

စကားဆုံးသွားသည်နှင့်တပြိုင်နက် ကိုဘိုးသိကြီးသည် လွှားကနဲ ပြေးခုန် ဝင်ရောက်လာသည်။ သူ့ညာလက်ညှိုးနှစ်ချောင်းသည် ဝမ်းရိ၏ မျက်စိနှစ်လုံးဆီ တိုးဝင်လာသည်။ သူ့လှုပ်ရှားမှုက မြန်ဆန်သလို ဝမ်းရိ၏ လှုပ်ရှားမှုကလည်း သွက်လက်နေသည်။ ဝမ်းရိသည် ဦးခေါင်းကို နောက်သို့ တိမ်းရှောင်သည်။ ညာလက်ထဲမှ ဆောင်ဓားဖြင့် လှမ်းတွက်သည်။ ထိုသူက အပေါ်သို့ ခုန်၍ တိမ်းရှောင်လိုက်ရာမှ ညာခြေဖျားဖြင့် ဝမ်းရိ၏ မေးဖျားကို ခတ်ကန်ကလေး ကန်ထည့်လိုက်သည်။ ဝမ်းရိသည် ရှောင်တိမ်းဖို့ ကြိုးစားလိုက်မိသော်လည်း မဆိုစလောက်ကလေး နောက်ကျသွားရသည်။ ဝမ်းရိခမျာ မေးဖျားတခုလုံး အက်ကွဲသွားသလို ခံစားလိုက်ရသည်။ လူမှာလည်း သိပ်မသက်သာ၊

အရှိန်ဖြင့် နောက်ပြန်ကလေး လွင့်ထွက်သွားသည်။ ဝမ်းရီ အခြေမခိုင်၊ အခြေယိုင်နေသည်ကို အခွင့်ကောင်းယူ၍ ထိုသူက ဆက်လက် လှုပ်ရှားသည်။

ဦးခေါင်းပေါ်မှာ ဆောင်းထားသော ခမောက်ဝိုင်းလေးကို ချွတ်ယူကာ ဝမ်းရီဆီသို့ ပစ်လွှတ်လိုက်သည်။ ဝမ်းရီ မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားရသည်။ ကမျာကယာလေး ရှောင်တိမ်းဖို့ ကြိုးစားလိုက်မိသည်။ သို့သော်မှု ထိုစဉ်က ဝမ်းရီသည် ရှောင်တိမ်းနိုင်လောက်အောင် စွမ်းအားတွေ မရှိတော့။ ကိုယ့်အသက်အန္တရာယ်ကို ကာကွယ်နိုင်လောက်သည့် အားအင်တွေလည်း ကုန်ခန်းနေတာသို့ ရှိသည်။

ယခင်က ဖျတ်လတ် သွက်လက်လွန်းလှသည့်သူ.... ဝမ်းရီ။ ယခုတော့ အားအင်တွေ ယုတ်လျော့ ကုန်ခန်းပြီး ခြေထောက်တွင် ခဲလေးကြီးဆွဲထားသည့်နှယ် တုံ့နှေးနှေးကြီးဖြစ်နေသည်။ ထိုအချိန်မှာပင်....

ကိုတိုးသိကြီး ပစ်လွှတ်လိုက်သော ခမောက်ဝိုင်းလေးသည် စကြာယာဉ်ပမာ ကွေ့ကာ ဝိုက်ကာ၊ ဝိုက်ကာ ကွေ့ကာဖြင့် နောက်ဆုံးတော့ ဝမ်းရီနှင့် နီး....နီး.... နီးကပ်....လာချေတော့သည်။ သည့်နောက်တော့....

"ဒုတ်...."

"အား...."

ဝမ်းရီသည် ငယ်သံပါအောင် အော်လိုက်မိသည်။ မျက်လုံးမျက်ဆန်ပြူးဖြစ်သွားသည်။ အံ့အားသင့်လွန်းလှသည့် မျက်လုံး



အစုံဖြင့် သူ့ဝမ်းဗိုက်တွင် ရက်ရက်စက်စက်ကြီး ဖောက်ထွင်းနစ်မြုပ်နေသည့် ခမောက်ဝိုင်းလေးကို ငုံ့ကြည့်သည်။

ကြည့်စမ်း၊

ကိုယ်တကယ်ခံရတော့မှပင် ခမောက်ဝိုင်းလေး၏အဖြစ်မှန်ကို သိရချေတော့သည်။ ကိုတိုးသိကြီး၏ ခမောက်ဝိုင်းလေးသည် ရိုးရိုး သာမန် ခမောက်ဝိုင်းလေး မဟုတ်ချေ။ဘေးအနားတဝိုက်ကို မြနေအောင်ထက်လှသော သံမဏိဖြင့် အနားကွပ်ထားသည်။ အမှတ်တမဲ့ကြည့်လိုက်ပါမူ ထိုအဖြစ်ကို သိရလိမ့်မည် မဟုတ်ချေ။

စောစောတုန်းက ယင်းသည်ကို ဝမ်းရီကိုယ်တိုင်ပင် မသိခဲ့။ ယခုတော့ သိရပြီ။ ယင်းသို့ သိရသည့် အချိန်မှာတော့ အခြေအနေတွေ အားလုံးက တော်တော်ကြီးကို နောက်ကျနေခဲ့ပြီဖြစ်သည်။ ခမောက်ဝိုင်းလေး နစ်မြုပ်ဝင်နေသော ဒဏ်ရာဆီမှ သွေးများ ငေါက်တောက် ပန်းထွက်လာသည်။

အင်မတန်မှ နာကျင်လှသော ဝေဒနာတရပ်ကို အသည်းခိုက်မျှ ခံစားလိုက်ရလျက် မျက်လုံးအမြင်တွင် မှုန်ရီ ပြာမှောင်ဖြစ်လာသည်၊ ရှုံ့တွလာသော သူ့မျက်နှာပြင်တွင် အရုပ်ဆိုးအကျည်းတန်ခြင်းတို့က သိသာထင်ရှားစွာ ဖြစ်ထွန်းလာသည်။

ဝမ်းရီသည် ဒဏ်ရာဝေဒနာကို ခံစားနေရသည့်ကြားကပင် ခမောက်ဝိုင်းလေး မရှိတော့သည့် ထိုသူ့မျက်နှာကို မသေခင် နောက်ဆုံးအကြိမ်လေးအဖြစ် လှမ်းကြည့်လိုက်မိသည်။

သည်တော့လည်း....

ဝမ်းရီမျာ ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြစ်သွားရသည်။ ရင်မှာ တုန်လှုပ်ချောက်ချားခြင်း၊ ဒေါသ

ထွက်ခြင်း၊ မယုံကြည်နိုင်ခြင်း စသည်တို့ကို တပြိုင်နက်တည်း ပေါင်းစည်း ခံစားမိလိုက်ရချေတော့သည်။

ဝမ်းရိ၏မျက်နှာပြင်ပေါ်မှ အသားစိုင်များ တဆတ်ဆတ် တုန်ယင်လာသည်။ ပါးစပ်မှာ တလှုပ်လှုပ်ဖြစ်လာသည်။ ထိုသူ့ထံသို့ ညာလက်ညှိုး ကေါက်ကေါက်ထိုးလျက် ဗလုံးဗထွေးအသံကြီးဖြင့်....၊

"မင်း....မင်း၊ လူယုတ်မာ၊ လူယုတ်မာ၊ ငါတို့ အပေါ်မှာ မကောင်းကြံခဲ့တဲ့ လူယုတ်မာ၊ တောက်... မင်း လက်ဦးသွားလို့ ပေါ့ကွာ၊ နို့မဟုတ်ယင်တော့လား၊ အင်း....အခုမှပဲ ငါ သိတော့ ပေါက်မိတယ်၊ တကယ်တော့ မင်းကိုယ်တိုင်ပဲ ငါ့ကို စာနဲ့ လှမ်းချိန်းဆိုပြီး ဒီနေရာရောက်အောင် ဥပါယ်တမျဉ်နဲ့ ခေါ်ထုတ်ခဲ့တာကိုး၊ ခွေးမသား....လူယုတ်မာ....၊ လူ....ယုတ်မာ"

ဒေါသတကြီး ရေရွတ်ခဲ့ရာမှ နောက်တော့၊

ဝမ်းရိသည် အနေမခိုင်၊ အခြေယိုင်ဖြစ်ပြီး ဒူးထောက်လျက် သားလေး လဲပြိုသွားသည်။ မြေပြင်ပေါ်မှာ စန့်စန့်ကြီး ဖြစ်သွားသည်။ သေတော့ မသေသေး၊ အသက်ကို ပြင်းစွာ ရှူနေသည်။ မျက်လုံးအစုံက ပွင့်ဟနေသည်။ မျက်လုံး အကြည့်က ထိုသူ့ထံသို့ ရောက်ရှိနေသည်။ သူ့အကြည့်က ခက်ထန်သည်။ အတွင်းစိတ်၏ နာကျည်းမှုကို သိသိသာသာကြီး ဖော်ပြလျက်ရှိသည်။

ထိုသူသည် စန့်စန့်ကြီးရှိနေသည့် ဝမ်းရိ၏ဘေးမှာ ရပ်လှာသည်။ ဝမ်းရိ၏မျက်နှာကို အပေါ်ကနေမိုးကြည့်ရာမှ မဲ့ပြုံးလေး ပြုံးလိုက်သလို။



"အခုကိစ္စမှာ ဘယ်သူမှ မယုတ်မာခဲ့ဘူးဆိုတာကို မင်း မခသခင် မင်းရဲ့ ဦးနှောက်ထဲမှာ စွဲစွဲမြဲမြဲ မှတ်သွားစေချင်တယ် ဝမ်းရိ။ မင်းက သံမဏိနဂါးကို သတ်လိုက်သလို....ငါကလဲ မင်းကို ပြန်သတ်လိုက်တာပါပဲလေ။ တကယ်တော့ လည်သူစားကြေး၊အသူခံကြေးပဲ"

ဝမ်းရိ၏ နှုတ်ခမ်းနှစ်လွှာ တလှုပ်လှုပ် ရှိလာသည်။ စကားအချို့က ထွက်လာသည်။ သို့သော်.... ဖြောင့်ဖြောင့်တန်းတန်းတော့ မရှိချေ။

အားယူပြောရသည့် လူတို့၏ ထုံးစံအတိုင်း ထွက်လာသည့် စကားသံက အထစ်ထစ် အခငါ့ခငါ့ ဗလုံးဗထွေး ဖြစ်နေသည်။

"အေး....မင်း ပြောသလိုပဲ ရန်းလုံ၊ငါ....က သံမဏိနဂါးကို သတ်လိုက်....သလို၊ ငါ့ကိုလဲ....မင်းက အခု ပြန်သတ်လိုက်ပြီပေါ့လေ။ အေး....အဲဒီ....လိုပဲ ရန်းလုံ၊ တနေ့ကျယင် မင်းကိုလဲ.... ပြန်သတ်မယ့်လူ ပေါ်.... ပေါ်လာလိမ့်မယ် ဆိုတာကို မင်း.... ဘယ်တော့မှ မမေ့နဲ့ ပေါ့၊ တကယ်တော့....လူသတ် သံသရာဟာ ဘယ်တော့မှ မဆုံးဘူးဆိုတာကို မင်းရဲ့ဦးနှောက်ထဲမှာ....စွဲစွဲမြဲမြဲကြီး....မှတ်....မှတ်ထား"

စကားခတ္တ တရှည်တလျားကြီး မမောမပန်းတမ်း ဆိုခဲ့ရာမှ နောက် ဝမ်းရိခမျာ အသက် ထွက်သွား ရှာသည်။ သူ့ခမျာ ပြောချင်သည့် စကားလေးကိုပင် ဆုံးအောင် ပြောခွင့်မရသွားရှာချေ။

ကိုဘိုးသိကြီး၊ သို့မဟုတ် လင်ယုန်သိုင်းသမား ရန်းလုံသည် အတော်ကြီး ကြာမြင့်သည်အထိ နေရာတွင်ပင် သည်အတိုင်းကြီး

ရပ်နေခဲ့သည်။ မျက်လုံးအကြည့်ကတော့မူ အသက်ဝိညာဉ်မဲ့နေသည့် ဝမ်းရိ၏ မျက်နှာပေါ်သို့ ကျရောက်လျက်။

ဝမ်းရိသည် အသက်သေဆုံးသွားသည့်တိုင် မျက်လုံးအစုံကတော့ ပွင့်ဟနေသည်။ မျက်လုံးအကြည့်က တင်းမာ ခက်ထန်နေသည်။ ဝမ်းရိသည် နောင်တမလွန်ဘဝအထိ သူ့အပေါ် နာကျည်းနေမည် ထင်သည်။ လင်းယုန်သိုင်းသမားရန်းလုံသည် သက်ပြင်းတချက်ကို ချသည်။ ပွင့်ဟနေသည့် ဝမ်းရိ၏ မျက်လုံးအစုံကို အသာအယာ ပိတ်ပေးသည်။ ပြီးသည်နှင့် ဘေးပတ်ဝန်းကျင် တဝိုက်ကို မျက်စိလှည့်ပတ်ကစားသည်။ လှုပ်ရှားမှု စိုးစဉ်းမျှ မရှိ၊ အရာခပ်သိမ်း ပကတိငြိမ်သက်တိတ်ဆိတ်နေသည်။

လင်းယုန်သိုင်းသမားရန်းလုံ စိတ်ကျေနပ်သွားသည်။ သူ့ကိုယ်သူလည်း စိတ်ချသွားသည်။ သူသည် ဝမ်းရိ၏ အသက်ဝိညာဉ်မဲ့ အလောင်းကောင်ကြီးကို နောက်ဆုံး အကြည့်ဖြင့် တချက် ကြည့်သည်။ ထို့နောက်တော့ ကျောခိုင်း ထွက်ခွာခဲ့သည်။

●

## ညောင်ခေါင်းထဲက သူ

ယခုမှပဲ စိတ်အေးသွားရသည်။

သူ့မျက်စိမြင်ကွင်းထဲကနေ လင်းယုန် သိုင်းသမား ရန်းလုံ ပျောက်သွားသည်နှင့် တပြိုင်နက်။

ညောင်ပင်ခေါင်းပေါက်ကြီးထဲတွင် တချိန်လုံးဝင်ခွံနေသည့် ကျိုးကျဲ့သည် အပြင်သို့ လေးဘက်ထောက်လျက်ထွက်ခဲ့သည်။

အညောင်းအညာပြေအောင် ခါးဆန့် ခြေဆန့် လုပ်သည်။ ထို့နောက်တော့မှပင် သူသည် ခမောက်ဝိုင်းကြီးဒဏ်ချက်ဖြင့် ရက်ရက်စက်စက် အသတ်ခံထားရသည့် ဝမ်းရိ၏ အလောင်းနားသို့ တိုးကပ်ခဲ့သည်။

မြင်ကွင်းကသိပ်မလှပ။အရုပ်ဆိုးအကျည်းတန်လွန်းလှသည်။ ဒဏ်ရာဆိုးမှု နိစ္စေးသော သွေးတွေကလည်း အဆက်မပြတ်ထွက်

ကျနေတုန်း။ လူသတ်သမားသည် လူမဆန်စွာ ရက်စက်သွားခြင်း ပါပဲကလား။

သူ ဘာလုပ်ရမည်နည်း။ ကျိုးကျင့် ဘာလုပ်ရမည်နည်း။ လူသတ်သမား မည်သူမည်ဝါ ဖြစ်ကြောင်းနှင့် အဖြစ်သနစ်အားလုံးကို ရှောင်လင်မြေဆိုးအား အမှန် အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရချေမည်လော။

ယင်းသို့ ဖွင့်ပြောပြလိုက်လျှင် မည်သို့သော အကျိုးထူးသက်ရောက်မှုများ ရှိလာနိုင်သနည်း။ စဉ်းစားသည်။ အဖြေရှာသည်။ တွေးတောချင့်ချိန်သည်။ နောက်ဆုံးတော့လည်း....၊

အဖြေတခုတည်းသာ ထွက်လာသည်။

ယင်းမှာ....၊

သူ မြင်တွေ့သမျှ အဖြစ်သနစ်တွေအားလုံး ရှောင်လင်မြေဆိုးအား ဖွင့်ပြောပြလိုက်လို့ မဖြစ်သေးဆိုသည့်အကြောင်း။ အမှန်ပင် သူ့အနေနှင့် ဖွင့်ပြောပြလိုက်ပြီ ဆိုပါစို့။ ရှောင်လင်မြေဆိုး သူ သူ့ ရှင်းလင်းတင်ပြချက်များကို အလွယ်တကူ ယုံကြည်လက်ခံသွားလျှင်တော့ ကောင်းပါရဲ့၊ ဒါမှမဟုတ်ပဲ၊

သူ့စကားများ မယုံကြည်သည့်အပြင် သူ့အပေါ် သင်္ကာမကင်းဖြစ်ကာ အပြစ်ပါမြင်လာလျှင် ခက်ရချည်ရဲ့။ ထိုသောအခါတွင် မြေဆိုးဂေဟာတွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုများနှင့် စပ်လျဉ်း၍ သူ့အပေါ်မှာ သံသယများ ဝင်လာကောင်းဝင်လာနိုင်သည်။

တွေးမိရုံနှင့်ပင် ကျိုးကျင့်သည် ရင်လေးသွားသည်။ စိတ်မှာကျဉ်းကျပ်လာသည့်နှယ် ရှိသည်။ သည်အတိုင်းဆို သူသည်



မျက်စိနှစ်ကွင်း အလင်းရသောသူ ဖြစ်ပါလျက် လူသတ်သမားအစစ်အမှန် မည်သူမည်ဝါဖြစ်မှန်း သိပါလျက် မျက်စိနှစ်ကွင်းအလင်းမရသူတယောက်လို နှုတ်ပိတ်ရေငုံ လုပ်နေရတော့မှာပါကလား။

ကျိုးကျင့်၏ရင်ထဲမှာမခံချင်စိတ်များတဖွားဖွားပေါ်ပေါက်လာသည်။ လူသတ်သမားအပေါ်တွင် မကျေမချမ်းစိတ်များပေါ်ပေါက်လာသည်။ မည်သို့ဆိုစေ။

မိမိအနေနှင့် တခုခုတော့ လုပ်ရမည်။ သူ့အကြောင်းတွေသိနေသူ တယောက်ရှိကြောင်း၊ လူသတ်သမားသိအောင်တော့အရိပ်ပြရမည်။လူသတ်သမား၏စိတ်နှလုံးကိုတုန်လှုပ်ချောက်ချားအောင် ပညာပြရမည်။

စိတ်ဆုံးဖြတ်ချက်ချလိုက်သလို လူကလည်း လှုပ်ရှားသည်။ အသက်ဝိညာဉ်ကင်းမဲ့နေသည့် ဝမ်းရိ၏ အလောင်းကောင်ကြီးခြေရင်းမှာ ရပ်သည်။ ခြေထောက်နှစ်ဘက်ကို လက်နှစ်ဘက်ဖြင့်ဆုပ်ကိုင်သည်။

ထို့နောက်....

အားစိုက်၍ အသက်ဝိညာဉ်မဲ့ အလောင်းကောင်ကြီးကိုဆွဲယူခဲ့သည်။ ဂေဟာအဆောက်အအုံ အနောက်ဘက် တံခါးနားသို့ရောက်လာသည်။ ကျိုးကျင့်သည် အသက်ဝိညာဉ်မဲ့ အလောင်းကောင်ကြီးကို ဂေဟာအဆောက်အအုံ အနောက်ဘက်တံခါးဝနားတွင် ကန့်လန့်ဖြတ်ကြီး ချထားလိုက်သည်။ ဒါဆို တော်လောက်ပြီ။ လူသတ်သမားအနေဖြင့် သည်အလောင်းကောင်ကြီးနေရာ အရွှေ့အပြောင်း ဖြစ်နေသည်ကို မြင်သည်နှင့် အရာခပ်

သိမ်းကို နားလည်သဘောပေါက်သွားလိမ့်မည်မှာ အမှန်။ သူ့လုပ်ရပ်မှန်သမျှကို သိရှိနေသူတယောက် ရှိနေသေးပါကလား ဆိုသော အသိ သူ့ဦးနှောက်ထဲ ဝင်ရောက်သွားပေလိမ့်မည်မှာ အမှန်ပင်။

ကျိုးကျင့် စိတ်ကျေနပ်သွားသည်။ ရင်မှာ အနည်းငယ် ပေါ့ပါးသွားသည်။ ကျိုးကျင့်သည် အခြေအနေ ပေးတုန်း အလောင်းနားကနေ ခွာခဲ့သည်။ ကုန်းကမူနှင့် အဆက်အသွယ် ပြုထားသည့် ရေမြောင်းရှိရာဆီသို့ အသော့နှင်ခဲ့သည်။ ညသည် မှောင်မည်းနေသည်။ အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်နေသည်။ ညလေအေးကလေးကတော့မူ ဖြည်းဖြည်း နှေ့နှေ့ ကလေး ဆော်သွေးနေဆဲ။

●

## ဒုတိယမြောက် သေဆုံးသူ၏ အလောင်း

ညပျောက်လျှင် နေ့သို့ရောက်ရှိမည်မှာ လောကနိယာမ ဓမ္မတာ။

အမှောင်ပျောက်သော် အလင်းသို့ ရောက်ရှိမည်မှာလည်း မလွန်ဆန်နိုင်သည့် သဘာဝတရားကြီးတခု ဖြစ်သည်။ အမှန်ပင်။ အမှောင်သည် ကွယ်ပျောက်ခဲ့ပြီ။

နံနက်ခင်း အလင်းကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကုန်းကမူလေး၏ အောက်ခြေဆီမှ ဆူဆူညံညံအသံတွေကြောင့် ကျိုးကျင့်သည် အိပ်မောကျနေရာက ဆတ်ကနဲလန့်နိုးသွားသည်။ သို့သော် ညတုန်းက မြင်းစာကျွေး၊ မြင်းချေးကျုံး၊ မြင်းရေတိုက်ရနှင့် အတော်ကြီး ညဉ့်နက်မှ အိပ်ခဲ့ရသောကြောင့် မျက်လုံးအစုံမှာ ဖြုန်းကနဲ ဖွင့်မရပဲ ရှိနေသည်။ ဦးခေါင်းမှာ မူးနှောက်ရီဝေနေသည်။

သည့်ကြားထဲ တကိုယ်လုံး ကိုင်ရိုက်ထားခြင်းခံရသလို နာနာကျင်ကျင် ဖြစ်နေသည်။

“ဟော့ကောင် ကျိုးကျင့်၊ ထစမ်း၊ နေမြင့်နေပြီကွ၊ပြီးတော့ အောက်မှာလဲ ဘာပြဿနာတွေ ပေါ်နေကြပြန်ပြီလဲ မသိဘူး။ ဂေဟာထဲကလူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်ကွ”

အဘလျှောင်းဆန် ဖြစ်သည်။ မြက်ခြောက်တွေ ပေါ်တွင် ခြေဆန့်လက်ဆန့်ကြီး အိပ်နေသည့် ကျိုးကျင့်၏ ပခုံးကို ကိုင်လှုပ်နှိုးနေသည်။

ကျိုးကျင့်သည် မှေးမှိတ်ထားသည့် မျက်လုံးအစုံကို တဖြည်းဖြည်းချင်း ဖွင့်သည်။ သူ့ဘေးမှာ ထိုင်နေသည့် အဘ လျှောင်းဆန်ကို တွေ့ရသည်။ ကျိုးကျင့်သည် အဘလျှောင်းဆန်၏စကားအားလုံးကို ကြားသိခဲ့ရသော်လည်း မသိချင်ယောင်ဆောင်လျက် ပြန်လည် မေးခွန်းထုတ်မိသည်။

“အဘ အခုနက ဘာပြောလိုက်တယ်။ အောက်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ် ဟုတ်လား”

“အေး....ဟုတ်ဘယ်၊ အောက်မှာ တခုခုဖြစ်နေတာတော့ သေချာတယ်ကွ၊ ဘာဖြစ်နေသလဲသာ မသိရသေးတာ”

ကျိုးကျင့်သည် အရိပ်ပြရုံနှင့် အကောင်ကို မြင်လိုက်မိပြီဖြစ်သည်။ ညတုန်းက အသတ်ခံလိုက်ရသော ဝမ်းရိ ဆို သူ၏ အလောင်းကောင်ကိစ္စနှင့် ပတ်သက်စပ်လျဉ်း၍ မြေဆိုးဂေဟာထဲမှာ ပြဿနာပေါ်နေပြီဖြစ်ကြောင်း နားလည်ရိပ်စားမိလိုက်သည်။

သို့သော်....၊



သည့်အကြောင်းကို အဘလျှောင်းဆန်အား ဖွင့်မပြောပြပဲ....

“အင်း....အဘရာ၊ ကျွန်တော်တို့ရဲ့ မြေဆိုးဂေဟာထဲမှာလဲ ဘယ်လိုအကုသိုလ်ဆိုးတွေဝင်ပူးနေသလဲမသိဘူး။ လူသတ်မှုတွေ ဖြစ်လိုဖြစ်နဲ့၊ လူတွေရုတ်ရုတ်သဲသဲဖြစ်လိုဖြစ်နဲ့၊ လူတွေအားလုံး လဲမမြင်ရသေးတဲ့ တယောက်ယောက် ရဲ့ အခြောက် အလှန့်ကို ကောင်းကောင်းကြီးခံနေရပြီ”

“ကဲဟော့ စကားတွေသိပ်ရှည်မနေနဲ့၊ ဒီအပေါ်က လူတွေ အားလုံး အောက်ကိုဆင်းသွားကြကုန်ပြီကွ၊ ငါတို့လဲဆင်းမှဖြစ်မယ်။ တော်တော်ကြာ ငါတို့ကိုမတွေ့လို့ ဆရာသခင်ရဲ့စိတ်ထဲမှာ သံသယဝင်သွားမှဖြင့် ငါတို့အပေါ်မှာ မဆီမဆိုင်သံသယဝင်နေပါအုန်းမယ်ကွာ”

“ဒီလိုဆိုယင်လဲ သွားလိုက်ကြတာပေါ့ အဘရယ်”

စကားဆုံးသည်နှင့် ကျိုးကျင့်သည် အိပ်နေရာက လူးလဲထသည်။ ထိုအချိန်တွင် နေရောင်သည် ရဲရဲတင်းတင်းကြီး ပွင့်နေခဲ့ပါပြီ။

\+ + +

ကျိုးကျင့်နှင့် အဘလျှောင်းဆန်တို့ နှစ် ယောက် ကုန်းကမူလေး၏ အောက်ခြေသို့ ရောက်ရှိလာသည်။ မြေ ဆိုး ဂေ ဟာ အနောက်ဘက်တံခါးဝနားတွင် လူအများ စုရုံး စုရုံး ဖြစ်နေကြောင်း မြင်တွေ့ရသည်။

ထို လူစုလူဝေးထဲတွင် ရှောင်လင်မြေဆိုးနှင့် လင်းယုန် သိုင်းသမား ရန်းလုံတို့ကိုလည်း မြင်တွေ့ရသည်။ စိတ်ဒေါသ ကြောင့် ရှောင်လင်မြေဆိုး၏ မျက်နှာထားက ကျောက်သား ကျောက်စိုင်ကဲ့သို့ တင်းမာနေသလို၊ လင်းယုန် သိုင်း သမား ရန်းလုံကတော့ ဦးခေါင်းလေးကို ငုံ့လို့၊ သူ့အပြစ်သူ မလုံ မလဲ ဖြစ်နေသောကြောင့်ဖြစ်မည်။

အတော့ကို ဟန်ဆောင်ကောင်း သည့် လူယုတ်မာ၊ လူ တယောက်၏ အသက်ကို ရက်ရက် စက်စက် သတ်ဖို့ ဝန်မလေး သလောက်၊ လောကမှာ နှစ်ယောက်မရှိသည့် လူယုတ်မာ....

ပစ္စက္ခကာလတွင် ကြောင်ကလေးတကောင်ကိုပင် မသတ်ရဲ သည့် ပုံစံမျိုးဖြင့် ငြိမ်ကုတ်ကလေးကုတ်နေသည့် လင်းယုန် သိုင်း သမား ရန်းလုံ၏ မျက်နှာအမူအရာကိုကြည့်၍ ညက ရက်ရက် စက်စက် သူ့ လုပ်ရပ်များကို ပြေးမြင်ယောင်မိလိုက်ရာက စိတ် ထဲတွင် မခံချင်စိတ်များတဖွားဖွားပေါ်ပေါက်လာသည်။ စိတ် ဒေါသကြောင့် လက်သီးနှစ်ဘက်ကို တင်းတင်းကြပ်ကြပ်ဆုပ် ယင်း လူအုပ်ကြားထဲတိုးဝင်ခဲ့မိသည်။ညတုန်းက သူ ရှေ့ထား ခဲ့သည့်နေရာမှာပင် ဝမ်းရိ၏ ပိုးစိုးပက်စက် အလောင်းကောင် ကြီးကို ပုံမပျက်တွေ့ရသည်။

"ငါတို့ရဲ့ ဂေဟာကြီးတော့ အကုသိုလ်ဝင်နေပြီဟေ့၊ ဟို လွန်ခဲ့တဲ့ ရှစ်လကိုးရက်နေ့တုန်းက သံမဏိနဂါးအသတ်ခံရတယ်။ ဟော....အခုရှစ်လဆယ့်ခုနစ်ရက်နေ့ကျတော့ နောက်တယောက် အသတ်ခံလိုက်ရပြန်ပြီ။အဲဒီတော့....ငါတို့ရဲ့ဂေဟာထဲမှာလူသတ် သမားရှိနေပြီဆိုတာ ယုံမှားသံသယဖြစ်စရာမရှိတော့ဘူး။ အဲ့ဒီ



လူသတ်သမားဟာလဲအသက်ရှင်ကျန်နေသေးတဲ့ ငါတို့လက်ရွေး စင် သိုင်းသမားဆယ်ယောက်ထဲက တယောက်ယောက် ဖြစ်နိုင် တယ်"

ရှောင်လင်မြေဆိုးသည် တိကျ ပြတ်သားသော လေသံဖြင့် လူအများသိအောင် ကြေငြာသည်။ လူအများ လှုပ်လှုပ်ရွရွရှိ သည်။ တီးတိုးတီးတိုးသဖန်းပိုးလုပ်သည်၊ ရှောင်လင်မြေဆိုး၏ ထင်မြင်ချက်စကားက လူအများစု၏စိတ်ကို လှုပ် ရှားအောင် ဖန်တီးလိုက်သည်။

ထိုစဉ်မှာပင်၊

လင်းယုန်သိုင်းသမား ရန်းလုံက ဝင် ရောက် မေး ခွန်း ထုတ် သည်။ ရှောင်လင်မြေဆိုး၏ နောက်ဆုံး ထင်မြင်ချက်စကားနှင့် ပတ်သက်၍ ဖြစ်သည်။

"ကျွန်တော်တို့ဆယ်ယောက်ထဲက တယောက်ယောက်ဟာ လူသတ်သမားဖြစ်နိုင်တယ်လို့ ဆရာသခင်က ဘယ် လို လုပ်ပြီး ပြောနိုင်ရတာလဲ။ ဆရာသခင်က အဲဒီစကားကို ဘာ အခြေ အမြစ်မှမရှိပဲစိတ်မှန်းနဲ့ပြောခဲ့တာမျိုးဆိုယင်တော့ ပြန်ရုပ်သိမ်း ဖို့ ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာသခင်က စိတ် မှန်းနဲ့ပြောလိုက်တဲ့ အဲဒီစကားလေးတခွန်းအတွက်နဲ့ ကျွန်တော် တို့ ရဲဘော်ရဲဘက်ဆယ်ယောက်ဟာ ညီညီညွတ်ညွတ်ရှိနေရာက နေ စိတ်ဝမ်းကွဲပြားသွားနိုင်ပါတယ် ဆရာသခင်"

အံမယ်.... လာလာချည်သေးရဲ့။ သူက ပြန်ပြီး လူသူတော် ကောင်းကြီးလုပ်လို့။ စကားကြီး စကားကျယ်ပြောသွားပုံလေး က တကယ့်ကို လေးစားလောက်ပါပေရဲ့။

ကျီးကျင့်သည် စိတ်ထဲကရယ်ချင်ပက်ကျိ ဖြစ်ခဲ့ရသည်။ အလိုလိုနေယင်း မျက်နှာပြင်မှာ မဲ့ပြုံးလေးထင်ဟပ်သွားသည်။ ရှောင်လင်မြွေဆိုးထံမှ ဖြေရှင်းချက် စကားများကို ကြားလာ ရပြန်သည်။

"ငါက စိတ်မှန်းနဲ့ပြောနေတာ မဟုတ်ဘူး။ တကယ်ဖြစ်နိုင်တဲ့ အခြေအနေကို ပြောနေတာ"

"ဆိုစမ်းပါအုန်း ဆရာသခင်"

"မင်းအနေနဲ့ပဲ စဉ်းစားကြည့်လေ။ အသတ်ခံရတဲ့ လူနှစ်ယောက်ဟာ ငါပြီးယင် အဆင့်တစ်မှာရှိနေကြတဲ့ လူတွေချည်းပဲ။ ပထမ သံမဏိနဂါးတုန်းက အဆင့်တစ်၊ သူ သေသွားပြန်တော့၊ ဝမ်းရိက အလိုလိုနေယင်း အဆင့်တစ်ကိုရောက်သွားတယ်။ ဟော.... အခုတခါ ဝမ်းရိ ခများလဲ အသတ်ခံလိုက်ရပြန်ပြီ။ အခု အသတ်ခံလိုက်ရတဲ့ ဝမ်းရိကလဲ အဆင့်တစ်ကလူပဲ၊ နောက်တချက် စဉ်းစားစရာရှိတာက.... အသတ်ခံနေရတဲ့ လူနှစ်ယောက်ဟာ အပြင်လူတွေမဟုတ်ပဲ ငါ့ရဲ့ တပည့်လက်သား လက်ရွေးစင်ဆယ့်နှစ်ယောက်ထဲက လူတွေဖြစ်နေတယ်။ ဒီတော့ကာ လူသတ်သမားဟာ အပြင်လူဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ အတွင်းလူမှ တကယ့်အတွင်းလူ။ အဲဒီအတွင်းလူကပဲ အကြောင်းတခုခုကြောင့် သတ်တာဖြစ်ရမယ်။ အဆင့်တက်ချင်လို့.... ဒါမှမဟုတ် အခြား အကြောင်း တခုခုကြောင့် အခုလို ရက်စက်ပြနေတာမျိုးဖြစ်မယ်"

ရှောင်လင်မြွေဆိုးသည် လတ်တလော ပေါ်ပေါက်နေသည့် မြွေဆိုးဂေဟာထဲမှ လူသတ်မှုနှင့်စပ်လျဉ်း၍ အကျိုးအကြောင်း



ဆက်စပ်ကာ တွေးတွေးဆဆလေး တင်ပြသည်။ ရှောင်လင်မြွေဆိုး၏ ရှင်းလင်း တင်ပြချက်များကြောင့် လင်းယုန် သိုင်းသမား ရန်းလုံတယောက် ကြက်နာကြီး လည်လိမ်ခံရသလို ဦးခေါင်းငိုက်စိုက် ဖြစ်သွားသည့်အဖြစ်ကို ကျီးကျင့် သတိပြုမိလိုက်သည်။

ကျီးကျင့်သည် အခွင့်အရေးလေးရတုန်း မီးလောင်ရာလေပင့်ဖို့ စိတ်ဆုံးဖြတ်ချက် ချလိုက်ခဲ့ရာမှ လူအများစု ကြားလောက်သည့်.... အထူးသဖြင့် လူသတ်ကောင် လင်းယုန် သိုင်းသမား ရန်းလုံကြားလောက်သည့် လေသံမျိုးနှင့်၊

"ဩော်....ဝမ်းရိ၊ ဝမ်းရိ၊ အဖြစ်ဆိုးလိုက်တာ။ သံမဏိနဂါးတုန်းက ညောင်ပင်အိုကြီးရှိနားမှာ အသတ်ခံလိုက်ရပေမယ့်.... သူ့အလှည့်ကျတော့ ဒီ တံခါးဝနားမှာ အသတ်ခံလိုက်ရတယ်လို့။ ပြီးတော့.... သံမဏိနဂါးလို ဓားအစိုက်ခံရပြီး သေရတာမျိုးမဟုတ်ပဲ....ဘာမဟုတ်တဲ့ ခမောက်စုတ်ကြီးကြောင့်နဲ့ သေရတယ်လို့။ ဒါပေမယ့်....ဘာမှ မပူပါနဲ့ ဝမ်းရိရေ့။ အခု အချိန်မှာ လူသတ်သမားဟာ ဟန်ဆောင်မှုမျက်နှာဖုံးကို စွပ်ထားနိုင်ပေမယ့် တချိန်ချိန်မှာ ဘီလူးခေါင်း ပေါ်လာမှာပါ။ အဲဒီ ဘီလူးခေါင်းပေါ်လာမယ့်အချိန်ဟာလဲ သိပ် မကြာစေရဘူးဆိုတာ ကျုပ် ရဲရဲကြီး ကတိပေးပါတယ် ဝမ်းရိ"

ကျီးကျင့်သည် ရဲရဲတောက် ကတိစကား ဆိုပြီးနောက် လင်းယုန်သိုင်းသမား ရန်းလုံရှိရာသို့ မျက်လုံးတချက် ဝေ့ကြည့်သည်။ အခိုးအငွေ့ထွက်မတတ် မျက်ထောင့်နီကြီးဖြင့် ရဲရဲစူးစူး စိုက်ကြည့်နေသော လင်းယုန်သိုင်းသမား ရန်းလုံ၏မျက်ခွက်နှင့်

တန်းတန်းမတ်မတ် ရင်ဆိုင်တိုးမိလိုက်သည်။ ကျိုးကျင့် ကလည်း တချက်မျှ စိုက်ကြည့်သည်။

ထို့နောက်....၊

အကြည့်လွှဲဖယ်ပြီး ထိုနေရာမှ ရှောင်ခွာခဲ့သည်။ သူ့ လုပ်ရပ်အားလုံး မှန်ကန်သည်ဟု ကျိုးကျင့်တွက်ဆသည်။ သူပြောခဲ့သည့် စကားတွေကြောင့် လင်းယုန် သိုင်းသမား စိတ်ဝေဒနာ ခံစားနေရတော့မည်ကိုလည်း ကျိုးကျင့် မှတ်ယူသည်။

သို့နှင့်အမျှ....၊

ယခုအချိန်မှစ၍ သူ့ အနေနှင့် သွားသတိ၊ စားသတိ၊ လာသတိ သတိသုံးပါးကို မပြတ် လက်ကိုင်ပြုထားရတော့မည့်အဖြစ်ကို နားလည်လိုက်မိသည်။ တကယ်တော့ သူသည် အိပ်မောကျနေသည့် မြွေပွေး၏ဦးခေါင်းကိုမှ ရဲရဲတင်းတင်းကြီး ထိပ်ပုတ်ခေါင်းပုတ် လုပ်ခဲ့ပြီးပြီပဲလေ....။

●

---

## အမှောင်ထဲက အမည်မသိအန္တရာယ်

---

ညသို့ ရောက်လာသည်။ သည်ညမှာ လ,ရောင်က ထွန်းပနေသည်။တိမ်ခြေကင်းရှင်းနေသောကြောင့် လမင်းက ဝင်းဝင်းပပကြီး သာနေသည်။ တနေကုန် လှုပ်ရှားသွားလာ ပြုခဲ့ကြသည့် လူသား အားလုံး အပူအပင် ကင်းမဲ့စွာ အိပ်မောကျ နိုင်သည့် သာတောင့်သာယာ ညကလေးတညပါပဲကလား။

ကျိုးကျင့်ကတော့မူ အများသူငါတွေလို မအိပ်ပျော်နိုင်သေးပါ။ နဖူးပေါ်လက်တင်ပြီး ကြုံတွေ့ခဲ့ရသမျှ အဖြစ်အပျက်အားလုံးကို အနုလုံပဋိလုံ ပြန်လည်စဉ်းစားခန်း ဝင်နေမိသောကြောင့် ဖြစ်သည်။

တကယ်တော့ သူသည် ရန်သူကို သွယ်ဝိုက်၍ စိန်ခေါ်စကား ဆိုခဲ့ပြီးဖြစ်သည်။ လင်းယုန် သိုင်းသမား ရန်းလုံကလည်း သူ့

အကြောင်းတွေကို ကျိုးကျင့် သိရှိနေခဲ့ပြီဆိုသည့်အဖြစ်ကိုရိပ်စားမိမည်မှာ အမှန်ပင်။ ညောင်ပင်အိုကြီး နားတွင် အသတ်ခံခဲ့ရသည့် ဝမ်းရိ၏အလောင်းကို မြေဆိုးဂေဟာနောက်ဘက် တံခါးဝနားသို့ရွှေ့ပြောင်းခဲ့သူမှာလည်း ကျိုးကျင့်ဖြစ်ကြောင်းနားလည်ရိပ်စားမိလောက်ချေပြီ။

လင်းယုန်သိုင်းသမား ရန်းလုံသည် သူ့ကို တနည်းမဟုတ်တနည်း ရန်ရှာတော့မည်မှာ အမှန်။ အကြောင်းစုံကို သိရှိပြီးမျက်မြင်သက်သေဖြစ်နေသည့် သူ့အား နှုတ်ပိတ်ဖို့ အချိန်ချိန်တွင်ကြိုးစား လာချေတော့မည်မှာလည်း အမှန်။ သူ သတိထားရတော့မည်။

ကျိုးကျင့်သည် သူ လုပ်ဆောင်ပြုကျင့်ခဲ့သမျှ လုပ်ရပ်များမှာမှားနေပြီလားဆိုသည့်အတွေးက ဝင်ရောက်လာပြန်သည်။ ဒါပေမယ့် တဘက်လှည့်တွေးကြည့်လိုက်ပြန်တော့လည်း သူ့ လုပ်ရပ်တွေက မမှား၊ မှန်နေသည်။ ကိုယ့်ကိုယ်ကိုယ် လုံခြုံလှပြီ၊ ပိရိလှပြီလို့ မှတ်ထင်နေသည့် လူသတ်သမားအား သူက ပြတ်ပြတ်သားသား စိန်ခေါ်လိုက်ခြင်းသာဖြစ်သည်မို့ သူ မမှား။

ကျိုးကျင့် သက်ပြင်းချသည်။ ရင်မှာ တင်းကျပ် လာသောကြောင့် ဖြစ်သည်။ သူသည် မျက်စိကို ဇွတ်အတင်း မှေးမှိတ်ပြီးအိပ်ပျော်နိုင်ရန် ကြိုးစား အားထုတ်သည်။ သို့သော်ကစား စိတ်အတွေးတွေက ရှုပ်ထွေးနေသောကြောင့် မျက်လုံးကို မှေးမှိတ်အိပ်စက်၍မရခဲ့ချေ။ ထိုအချိန်မှာပင် ဘာကြောင့်ရယ်မသိ၊ မြင်းဇောင်းတွင်းမှ မြင်းများ လှုပ်လှုပ်ရှားရှားရှိသည်။ ကဆုန်ပေါက်



သည်၊ ပဒပ်ရပ်သည်၊ တချို့က ဟီသည်။ မြင်းသံတွေက ည၏တိတ်ဆိတ်ငြိမ်သက်မှုကို ပြိုခွင်းနေသည်။

ကျိုးကျင့်၏စိတ်ထဲတွင် ထင့်ကနဲရှိသည်။ မြင်းများ လှုပ်ရှားနေမှုနှင့်ပတ်သက်၍ စိတ်ထဲမှာ ထူးထူးဆန်းဆန်းဖြစ်သည်။ တခုခုတော့ တခုခုပဲရယ်လို့ နားလည်လိုက်မိရာက လဲလျောင်းနေရာမှ ငေါက်ကနဲ ထ ရပ်လိုက်မိသည်။

အရေးရယ်အကြောင်းရယ် အသုံးပြုနိုင်ရန် မလှမ်းမကမ်းမှာချထားသော မြက်ခုတ်ဓားကို သွားရောက်ယူသည်။ မြက်ခုတ်ဓားကို လက်မှာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားယင်း မြင်းများ ရှိရာသို့ သတိနှင့်တိုးကပ်ခဲ့သည်။ မြင်းတွေနားသို့ ရောက်ရှိလာသည်။

မြင်းဇောင်းထဲတွင် ပိုးမီးအိမ်တလုံးကို ထွန်းညှိ ထားသောကြောင့် အလင်းရောင်ကို ကောင်းစွာရရှိနေသည်။ သို့မို့ကြောင့်လည်း မြင်းဇောင်းတွင်းမှ အခြေအနေတွေအားလုံးကို ပြက်ပြက်ထင်ထင် မြင်တွေ့နေရသည်။ မြင်းတွေ ဘာကြောင့်လှုပ်လှုပ်ရှရှဖြစ်နေကြသည်လည်းတော့မသိ။

ထူးခြားချက်ဆို၍လည်း မည်သည့်အရာကိုမှ မတွေ့ရ။ တခုခုတော့ တခုခုပဲ။ ထူးခြားမှု တစုံတရာ မရှိပဲနှင့်တော့ မြင်းတွေလှုပ်လှုပ်ရှားရှား ပြုမူနေကြလိမ့်မည်တော့ မထင်။

"ဘာလဲဟေ့ ကျိုးကျင့်....ဘာများ တွေ့နေလို့လဲကွ"

အဘ လျောင်းဆန့်ဖြစ်သည်။ အဘလျောင်းဆန့်သည် မြင်းဇောင်းအပြင်ဘက်မှာ ရပ်နေသည်။

ကျိုးကျင့်သည် အဘ လျောင်းဆန့်ထံသို့ လှမ်းခဲ့ယင်း....

"ဘာကိုမှတော့ မတွေ့ရသေးဘူး အဘ....၊ ဒါပေမယ့်.... မြင်းတွေ လှုပ်လှုပ်ရှားရှား ဖြစ်နေတာနဲ့ ထူးခြားတယ်လို့ ထင်ပြီး တခုခု တွေ့ရလို တွေ့ရငြား လျှောက်ရှာကြည့်မိတာပါ အဘ"

"အေး.... ဟုတ်တယ်၊ ထူးခြားတာတော့ အမှန်ပဲ၊ ငါလဲ မြင်းသံတွေ ကြားတာနဲ့ အိပ်ရာက လန့်နိုးပြီး သည်ဘက်ကို ထွက်လာတာပဲဟေ့....၊ မဟုတ်မှလွဲရော....ငါ့စိတ်အထင်တော့.... မြင်းဇောင်းနားကို လူစိမ်းကပ်နေပြီထင်တယ်ဟေ့....၊ လူစိမ်းနံ့ ရလို့.... မြင်းတွေ အခုလို လှုပ်လှုပ်ရှားရှား ဖြစ်နေတာပဲ ဖြစ်မယ်"

"အဘပြောသလို ဖြစ်နိုင်တယ်၊ အဲသည်တော့.... အဘနဲ့ ကျွန်တော် ဒီမြင်းဇောင်းတဝိုက် လျှောက်လှည့်ကြည့်လိုက်ကြရအောင်လား အဘ"

"အေး.... ကောင်းသားပဲ"

အဘ လျှောင်းဆန်က သဘောတူလိုက်သည့်အဆုံး ကျိုးကျင့်သည် ရှေ့ကနေ ဦးဆောင်ထွက်ခဲ့သည်။ သတိလျှင်လျှင် မျက်စိ ရှင်ရှင်ဖြင့် မြင်းဇောင်းဘေးနားမှ အသာလျှောက်ခဲ့သည်။ အဘ လျှောင်းဆန်က သူ့နောက်ပါးမှ ထက်ချပ်မကွာ။ တနေရာသို့အရောက် ကျိုးကျင့်၏ ခြေလှမ်းအစုံ တုံ့ကနဲ ရှိသည်။ ရင်မှာ အတိုင်းမသိ လှုပ်ရှားသွားခဲ့သလို အဘ လျှောင်းဆန်ဘက် လှည့်၍ ကပျာကသီလေး....

"အဘလျှောင်းဆန်.... အဘ....၊ ဟိုမှာ ကြည့်စမ်း"



အဘ လျှောင်းဆန်သည် ခြေလှမ်း တုံ့ကနဲ ဖြစ်သွားသလို နှုတ်မှလည်း တအံ့တသြ။

"ဟင်.... မြင်းမကြီး ရွှေစင်ပါလား....၊ ဘာများဖြစ်လို့ပါလိမ့်"

ဟုတ်သည်။ မြင်းမကြီး ရွှေစင် ဖြစ်သည်။ ကိုယ်ဝန် အရင့်အမာနှင့် တကောင်တည်းသောမြင်းမို့ မြင်းမကြီးရွှေစင်ရယ်လို့ သိရှိလိုက်ရခြင်း ဖြစ်သည်။ ယခုတော့ မြင်းမကြီး ရွှေစင်သည် မြင်းဇောင်းအပြင်ဘက်သို့ရောက်ရှိနေသည်။ မတ်တတ်ရပ်လျက်တော့ မဟုတ်၊ မြေပြင်ပေါ်လဲကျလျက်ရှိသည်။ လှုပ်ရှားမှုလည်း စိုးစဉ်းမျှ မရှိ။ ပကတိ ငြိမ်သက်နေသည်။

"ကျွန်တော့်စိတ်အထင်တော့ မြင်းမကြီးတော့ တခုခု ဖြစ်နေပြီ ထင်တယ် အဘ"

ကျိုးကျင့်က ထင်မြင်ချက်ပေးသည်။ အဘ လျှောင်းဆန်က သဘောတူသလို ခေါင်းညိတ်ပြခဲ့ရာမှ....

"အေး....ငါလဲ သည်လိုပဲ တွေးမိတယ် ကျိုးကျင့်၊ မဟုတ်မှ လွဲရော....မြင်းမကြီး ရွှေစင် သေနေပြီထင်တယ်ကွ"

ကျိုးကျင့်သည် မည်သို့မှ ထင်မြင်ချက်မပေးတော့ပါ။ မလှမ်းမကမ်းရှိ မြင်းမကြီးရွှေစင့်နားသို့သာ အသာ တိုးကပ်ခဲ့သည်။ စိတ်မှာတော့ တုန်ယင်လှုပ်ရှားနေသည်။ အဘ လျှောင်းဆန်၏ တွေးထင်ချက်က မမှားပေ။ မြင်းမကြီး ရွှေစင်ခမျာ အသက်ကုန်ဆုံးနေပြီဖြစ်သည်။

ဝမ်းဗိုက်တွင် အဆုံးတိုင် နှစ်မြုပ်ဝင်နေသော ဆောင်မား၏ ဒဏ်ချက်ကြောင့် ဖြစ်သည်။

"တောက်.... ရက်စက်လိုက်တာ၊ မဆီမဆိုင် ဘာအပြစ်မှ မရှိတဲ့ မြင်းမကြီးကိုမှ ရက်ရက်စက်စက်လုပ်သွားရတယ်လို့"

မကျေမနပ်မှုနှင့် ခံပြင်းမှုတို့ ပေါင်းစပ်လျက် နှုတ်မှ တောက်ခေါက်မိလျက်သား ရှိသွားရသည်။ အဘ လျှောင်းဆန်ကလည်း မကျေမချမ်း။

"ခွေးတွေ....လူယုတ်မာတွေ၊ ဘာအဓိပ္ပာယ်နဲ့အခုလိုရက်စက်သွားရတာလဲ မသိဘူး"

အမှန်ပင်။ မည်သို့သော အဓိပ္ပာယ်နှင့် သည်လို ရက်ရက်စက်စက်ပြုကျင့်သွားရပါလိမ့်။

သည်စဉ်....

ကျီးကျင့်၏မျက်လုံးအစုံက မြင်းမကြီး ရွှေစင့်ဝမ်းဗိုက်တွင် အဆုံးထိတိုင် နှစ်မြုပ်ဝင်နေသော ဆောင်မား လက်ကိုင်ရိုးပေါ်သို့ ကျရောက် သွား သည်။ ကြည့်စမ်း.... ဆောင်မားလက်ကိုင်ရိုးပေါ်တွင် စာရွက်ခေါက်ကလေး တစ်ခုပါကလား။ သေးမျှင်သော ကြိုးစဖြင့် သေသေသပ်သပ်ကလေး ချည်နှောင်ထားသည်။

ကျီးကျင့်သည် သိလိုဇောဖြင့် ထိုစာရွက်ခေါက်ကလေးကို အလျင်အမြန် ဖြုတ်ယူ ဖြန့်ဖတ် မိသည်။ တက်သုတ်ရိုက်၍ အသေ့နှင့် ရေးသားထားသည့် မညီမညာ စာကြောင်းတလေးများကို တွေ့မြင်လိုက်ရသည်နှင့်အမျှ။



"ချာတိတ်....

ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတခုထဲမှာ ဝင်မပါချင်စမ်းနဲ့၊ ကိုယ့်လမ်းကိုယ်ဆက်လျှောက်နိုင်အောင်သာ ကြိုးစားပါ။ အဲ....မနက်ဖြန်နေထွက်တာနဲ့ မင်း ဒီမြွေဆိုး ဂေဟာကနေ ထွက် သွား မယ်ဆိုယင်တော့ မင်းအနေနဲ့ လူ့လောကကြီးမှာ အကြာကြီး ဆက်နေခွင့် ရမယ်။ တကယ်လို့ ငါပြောတာကိုမှ မလိုက်နာဘူး ဆိုယင်တော့.... အခု မင်းရဲ့ရှေ့မှာရှိနေတဲ့ မြင်းမကြီးရဲ့ အဖြစ်ကိုသာ သင်ခန်းစာယူထားပေတော့....။ မင်းကို ငါ အချိန်မရွေး သတ်နိုင်တယ် ဆိုတာ ကို လဲ သဘောပေါက်ထား....ဒါပဲ...."

အောက်တွင် လက်မှတ်ထိုးမထား။ သို့စေကာမူ မည်သူ့စာ ဖြစ်မှန်းကိုတော့ ကျီးကျင့် ရိပ်စားမိသည်။ စာပါ အကြောင်းအရာ အားလုံးတို့ကို ဖတ်ပြီးသည်နှင့် ကျီးကျင့် တုန်လှုပ်သွားမိသည်။

လူသတ်သမားသည် သူ အိပ်မောကျနေစဉ် အလွယ်တကူ သတ်သွားနိုင်ပါလျက် သင်ခန်းစာ ပေးသည့် သဘောမျိုးဖြင့် မြင်းမကြီး ရွှေစင့် အသက်ကိုသာ နှုတ်ယူသွားသည်။ လူသတ်သမားသည် တော်တော့်ကို လျင်မြန် သွက်လက်သည်။ ကြည့်လေ.... မြင်းမကြီး ရွှေစင့်ကို ဘယ်အချိန်လောက်က ဝင်ရောက်

သတ်ဖြတ်သွားသည်ကိုပင် ကျိုးကျင့်တို့ မသိလိုက်၊ အိမ်ရာကနိုးလာတာတောင်မှ မြင်းများ၏ လှုပ်ရှားဆူညံသံတွေကိုမကြားလိုက်ရသောကြောင့် ဖြစ်သည်။

လူသတ်သမားသည် သူ့ကို အတိအလင်း စိန်ခေါ်သွားခဲ့ချေပြီ။ မနက်မိုးလင်း နေထွက်သည်နှင့် သူက မြေဆိုးဂေဟာထဲကနေ ထွက်သွားလျှင် ထွက်သွား၊ မထွက်သွားလျှင်တော့ လူသတ်သမားက သူ့ကို အတိအလင်း ရန်ရှာတော့မည် ဖြစ်သည်။

သူ ဘာလုပ်ရမည်နည်း။

သူ ဘာလုပ်ရမည်နည်း။

ကျိုးကျင့်၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ စို့ပြန်ထွက်လာသည်။ ယခုမှ တကယ့်ဂျောက်ပေါက်နှင့် တိုးခဲ့ရပါပကောလား ဆိုသော အသိတရားနှင့်အတူ ရှေ့မှာ ဖန်တီးလာမည့် သူ့ကံကြမ္မာအတွက်လည်း စိုးရိမ်စိတ်များ ဝေဖြာခဲ့ရတော့သည်။

"ဘာစာလဲကွ ကျိုးကျင့်ရ"

ရုတ်တရက် ထွက်ပေါ်လာသည့် အဘ လျောင်းဆန်၏ မေးခွန်းသံကြောင့် ကျိုးကျင့်၏ကိုယ်ကလေးမှာ ဆတ်ကနဲတွန့်သွားရသည်။ ဘေးမှာ အဘ လျောင်းဆန်တယောက်လုံး ရှိနေသေးပါကလားဆိုသော အသိတရားနှင့်အတူ အဝေးသို့ လွင့်မြောနေသော သူ့စိတ်တို့က လက်ရှိ ပစ္စက္ခ အခြေအနေနှင့် ပြန်လည်ဆက်စပ် ထိတွေ့သည်။ လက်ထဲမှ စာကို ကပျာကသီ ဝှက်ပြီး အဘလျောင်းဆန်နှင့် မျက်နှာချင်းဆိုင်လိုက်သလို။



"ဘာစာမှ မဟုတ်ပါဘူး အဘ.... အလကားစာပါ၊ ကဲပါ အဘ သွားအိပ်ချည်ပါတော့....၊ ညဥ့်လဲ အတော်နက်နေပြီ၊ လုပ်စရာရှိတာကို မနက်စောစောထ လုပ်လိုက်ကြတာပေါ့"

ကျိုးကျင့်သည် တိုက်တိုက်တွန်းတွန်းကလေး ဆိုလိုက်သော်လည်း အဘ လျောင်းဆန် က တော့ သံသယမျက်လုံးအစုံဖြင့် သူ့အား တွေတွေကလေး စိုက်ကြည့်နေသည့်အဖြစ်ကို မြင်တွေ့လိုက်ရသည်။

သူ့လက်ထဲမှ စာနှင့်ပတ်သက်၍ အဘလျောင်းဆန်၏စိတ်ထဲတွင် သို့လော....သို့လော.... အတွေးသံသယ ပွားများနေပြီ ဖြစ်ကြောင်း မပြောပဲနှင့် သိနိုင်သည်။

ဒါပေမယ့်....

ကျိုးကျင့်သည် ကိုယ့်အပူ သူ့အပူမဖြစ်စေချင်သောကြောင့် တကြောင်း၊ နောက်တခုက သည်အကြောင်းတွေရဲ့ မူလဇာစ်မြစ်များကို အဘ လျောင်းဆန်အား ပြန်ပြောပြလည်း မည်သို့မှ ထူးမည်မဟုတ်သောကြောင့် တကြောင်း၊ အကြောင်းကြောင်းတွေကြောင့်လည်း သူ့လက်ထဲက စာနှင့်ပတ်သက်၍ မည်သို့မှ ဖြေရှင်းချက်ထုတ်မနေတော့ပါ။

အဘ လျောင်းဆန်သည် အတော်လေးကြာတော့မှပင် သူ့အပါးကနေ ခွာထွက်သွားသည်။ ကျိုးကျင့်သည်လည်း အသက်ဝိညာဉ်ကင်းကွာနေသည့် မြင်းမကြီး ရှေစင့်နားကနေ ခွာထွက်ခဲ့သည်။ စိတ်ကတော့ သိပ်မကောင်းလှ။

●

## အဆုံးအဖြတ်

သူ့ဗိမာန်နန်းလေးထဲ ကျောချမိသော်လည်း ကျိုးကျင့်ခမျာ စိတ်ချလက်ချ အိပ်နိုင်သေး။ အတွေးပလုံစီယင်းနှင့် ရှေ့ ခရီးစဉ်များကို လှမ်းမျှော်တွေးနေမိခဲ့သည်။

တကယ်တော့....

သူ့အဖို့ မနုတ်ဖြန့်သည် မျှော်လင့်ချက် ကင်းမဲ့နေပြီ ဖြစ်သည်။ သူ့အနေဖြင့် သည်မြေဆိုးဂေဟာတွင်းမှ ခွာသွားလျှင် ခွာသွား၊ ဒါမှမဟုတ် သူ့သိရှိတွေ့ကြုံခဲ့ရသမျှ အဖြစ်အပျက်တို့ကို ရှောင်လင်မြေဆိုးအား ပြန်လည် ဖောက်သည်ချလိုက်သည်နှစ်လမ်းပဲ ရှိသည်။

သူ ဘယ်လမ်းစဉ်ကို လိုက်ရမည်နည်း။ ပထမ လမ်းစဉ်ကို



လိုက်ရမည်လား။ သို့မှမဟုတ် ဒုတိယလမ်းစဉ်ကိုလိုက်ရမည်လား။ စိတ်မှာ ဒွိဟဖြစ်ပြီး ဆုံးဖြတ်ရခက်နေမိပြန်သည်။

ပထမလမ်းစဉ်အတိုင်း လိုက်နာရမည်ဆိုလျှင်တော့ အသက်ရှင်ခွင့်တော့ ရနေမည်အမှန်။ သို့သော်ကာမူ ...ဘယ်သူ့ကိုမှ အသိမပေးပဲ ပြုန်းစားကြီး ထွက်ခွာသွားသည့် သူ့အပေါ်မှာ မြေဆိုးဂေဟာထဲမှ လူသားအားလုံး၏ သို့လော သို့လော သံသယဖြစ်ခြင်း ခံရမည်တော့ အမှန်။ သူနှင့်ပတ်သက်၍ လင်းယုန် သိုင်းသမား ရန်လုံ ပြောဆိုအပုပ်ချသမျှ စကားများကိုလည်း သူတို့တတွေ အယုံအကြည်ရှိကြတော့မည်မှာ အမှန်။ အထူးသဖြင့် သူတို့အားလုံးက သူ့အပေါ်မှာ လူသတ်ကောင်အမြင် ရှုဒေါင့်ဖြင့် ကြည့်လာကြတော့မည်မှာ အမှန်။ မဖြစ်သေး....မဖြစ်သေး။

ပထမလမ်းစဉ်အတိုင်း လိုက်လို့မဖြစ်သေး။ ဒါဖြင့် ဒုတိယလမ်းစဉ်ကို လိုက်ရမည်လား။ ဒုတိယလမ်းစဉ်အတိုင်း လိုက်မည်ဆိုလျှင်တော့ ယခုချက်ချင်း စက္ကန့်မဆိုင်း ရှောင်လင်မြေဆိုးအား သွားရောက်တွေ့ဆုံမှ ဖြစ်မည်။ ယခုညတွင်းချင်း အကြောင်းစုံအဖြစ်သနစ် အားလုံးကို ရှောင်လင်မြေဆိုးအား ပြောပြမှ ဖြစ်မည်။

သို့မဟုတ်ပါမူ....

အချိန်နည်းနည်းကလေး နောက်ကျသွားသည်နှင့် သူ့ကံကြမ္မာသည်လည်း တမျိုးတဖုံ ပြောင်းလဲသွားနိုင်စရာအကြောင်း ရှိသည်။ သူ ဘယ်လမ်းစဉ်ကို လိုက်ရမည်နည်း။

ဟုတ်ပြီ။ ဒုတိယလမ်းစဉ်ကိုလိုက်တာ အကောင်းဆုံး။ ယခု

ချက်ချင်း ရှောင်လင်မြွေဆိုးနှင့် သွားရောက်တွေ့ဆုံမည်။ မြင်တွေ့ခဲ့သမျှ အကြောင်းစုံကို ဖွင့်ပြောပြရမည်။ နေအုန်း....နေအုန်း။

သူ့ ရှင်းလင်းတင်ပြချက်များကို ရှောင်လင် မြွေဆိုးကရော ယုံကြည်လက်ခံပါမည်လား။ အို.... ယုံတာမယုံတာ နောက်မှအသာထား။ အရေးကြီးတာက ရှောင်လင်မြွေဆိုး ယုံကြည်လောက်သည်အထိ အဖြစ်သနစ်အားလုံးကို ဇာတ်ကြောင်းလှန်ပြနိုင်ဖို့က သူ့တာဝန်။

ပြီးတော့....!

သူ့မှာက သက်သေအထောက်အထားအဖြစ် လူသတ်သမား၏ ခြိမ်းခြောက်စာ ရှိနေသည်ပဲ။ သည်တော့ သူ့အနေနှင့် ဘာပူစရာ လိုပါတော့သနည်း။

ကျိုးကျင့်သည် ဆတ်ကနဲထသည်။ သူ လဲလျောင်းအိပ်စက်ကွန်းခိုရာ ဘုံဗိမာန်နန်းကလေးကို စွန့်ခွာသည်။ အမှောင်ထုကို အကာအကွယ်ယူပြီး အခါတိုင်း ဆင်းနေကျနေရာကနေ မအောက်ဆီသို့ အပြေးအလွှား ဆင်းခဲ့သည်။

●

## အဆိပ်မိနေသူ

ဖွင့်နေသောနောက်ဘက်တံခါးမှတဆင့်မြွေဆိုးဂေဟာအဆောက်အအုံတွင်းသို့ ဝင်ရောက်ခဲ့သည်။ အတွင်းမှာ မီးအလင်းရောင်ရှိသည်။ ဘေးတဘက်တချက် နံရံတွေပေါ်မှာ ပိုးမီးအိမ်များကို ချိတ်ဆွဲထားသောကြောင့် ဖြစ်သည်။

ယခင်က သည်ဂေဟာတွင်းသို့ တကြိမ်နှစ်ကြိမ် ရောက်ရှိခဲ့သောကြောင့် ဘယ်နေရာ ဘယ်သူ့အခန်းရှိသည် စသည်တို့ကို ကောင်းစွာသိနေသည်။

ဒါကြောင့်လည်း....

ကျိုးကျင့်သည် အခက်အခဲမရှိပဲ ရှောင်လင်မြွေဆိုး၏အခန်းဆီသို့ အရောက်မြန်းနိုင်ခဲ့သည်။ ကြည့်စမ်း။ ထူးဆန်း တိုက်ဆိုင်သည်လို့ပဲ ပြောရမည်လား။ ရှောင်လင်မြွေဆိုး၏ အခန်းတံခါး

က မဟာတဟာကလေး ပွင့်နေသည်လေ။ ဘာရယ် မဟုတ်သော်
လည်း ကျိုးကျင့်၏စိတ်ထဲတွင် အနည်းငယ်တော့ ထူးဆန်းသွား
မိသည် အမှန်။ စနိုးစနောင့်လည်း ဖြစ်မိသည်။

တကယ်ဆို....၊

မြွေဆိုးဂေဟာထဲတွင် လူသတ်မှုနှစ်မှုဖြစ်ဖူးခဲ့ပြီးပြီ။ဒါတော
မှ ရှောင်လင်မြွေဆိုးက သူ့အခန်းတံခါးကို စေ့ရုံစေ့ထားသည်
ဆိုတော့။ ထူးခြားသည့် အခြေအနေတရပ်ပေါ်ပါကလား။ အခန်း
ထဲမှာတော့ မီးအလင်းရောင် ရှိနေသည်။

မဟာတဟာကလေး ပွင့်ဟနေသော တံခါးရွက်ကြားမှ တဆ
မီးရောင်က အပြင်သို့ ထွက်အန်ကျနေသည်။ အခန်းတွင်းမှ
အသံဗလံ ကြားရနိုး နားစွင့်ကြည့်မိသော်လည်း မည်သည့်အသံ
ကိုမှတော့ မကြားရချေ။

အခန်းတွင်းမှာ ရှောင်လင့်မြွေဆိုးတယောက် ရှိမှရှိပါသေး
ရဲ့လား။ အကယ်၍ ရှောင်လင်မြွေဆိုးတယောက် အခန်းတွင်း
မှာ မရှိလျှင်တော့ သူ့အဖို့ ခဲလေသမျှ သဲရေကျ ဖြစ်ရချေ
တော့မည်။ကဲ....အခြေအနေအကျိုးအကြောင်းအဆိုးအကောင်း
လေး သိသွားရအောင် ဘာပဲဖြစ်ဖြစ် အခန်းထဲ ဝင်ကြည့်လိုက်
ဦးမယ်။ ရှိတာမရှိတာက နောက်ကိစ္စ။

ကျိုးကျင့်သည် စိတ်ဆုံးဖြတ်ချက်ချသည်။ အခန်းတံခါးကို
အသာအယာ တွန်းဖွင့်သည်။ အတွင်းသို့ ခြေချသည်။ တံခါးကို
အသာ ပြန်စေ့ပိတ်လျက် အခန်းတွင်းမှ အခြေအနေကို လေ့လာ
အကဲခတ်သည်။ တံခါးပေါက်နှင့်တည့်တည့်တွင် ခုတင်တလုံး
ရှိသည်။ခြင်ထောင်ချထားသည်။ခုတင်ပေါ်တွင် လူအိပ်နေသည်



လား မပြောတတ်။ စောင်ခြုံ၍ အိပ်ပျော်နေဟန်ရှိသော လူ
တယောက်၏ အရိပ်သဏ္ဌာန်ကို တွေ့မြင်ရသည်။ ရှောင်လင်
မြွေဆိုးဖြစ်မည်။

ကျိုးကျင့်သည် စိတ်ဓါတ် တက်ကြွလာသည်။ ခုတင်နားသို့
တိုးကပ်ခဲ့သည်။အိပ်ပျော်နေဟန်ရှိသည့် ရှောင်လင်မြွေဆိုးအား
နှိုး၍ အကျိုးအကြောင်းအားလုံး တင်ပြဆွေးနွေးမည့်အကြံဖြင့်။

သူသည် ခုတင်နားရောက်သည်နှင့် ချထားသော ခြင်ထောင်
ကို အပေါ်သို့ မတင်လိုက်မိသည်။ ပါးလှပ်သည့်နားက နောက်
ဘက်ဆီမှ လှုပ်ရှားမှုတခုကို ကြားလိုက်ရသည်။

စိတ်အသိ၏ လှုံ့ဆော်မှုကြောင့် ကျိုးကျင့်သည် ဦးခေါင်း
ငုံ့ပြီး တဘက်သို့ လှိမ့်ရှောင်ထွက်လိုက်သည်။ ရှပ်ကနဲ အသံ
တချက်နှင့်အတူ နောက်ဆက်တွဲအသံအဖြစ် ခြင်ထောင်ကြီး
ဟက်တက်ကွဲသွားသံ ဖြိကနဲ။

တကယ်တော့....၊

ကျိုးကျင့် အရှောင်အတိမ်း မြန်ဆန်သွားသောကြောင့်သာ
ကိုယ်နှင့်ခန္ဓာ အိုးစားကွဲမသွားခြင်း ဖြစ်သည်။ သို့မဟုတ်ပါမူ
ယခုလောက်ရှိ သူ့ဦးခေါင်းက ထက်မြက်သောဓားချက်ကြောင့်
ပြုတ်ထွက်နေလောက်ပြီ။

ကျိုးကျင့်သည် နောက်ဘက်ကနေ ဓားနှင့် ပြေးပိုင်းလိုက်သူ
အား ကပျာကသီ လှည့် ကြည့်မိသည်။ အံတင်းတင်းကြိတ်၍
မီးဝင်းဝင်းတောက်မတတ် မျက်လုံးအစုံဖြင့် သူ့အား ရဲရဲစူးစူး
ကြီး ကြည့်နေသော သူ အတွေ့ချင်ဆုံးလူတယောက်ကို တွေ့မြင်
လိုက်ရသည်။

ရှောင်လင်မြွေဆိုးကိုယ်တိုင်ပဲ ဖြစ်သည်။ ဘာကြောင့်လည်း မသိ။ မီးရောင်အောက်မှာ ရှောင်လင်မြွေဆိုး၏ မျက်နှာသည် သွေးဆုတ်သလို ဖြူဖတ်ဖြူရော်ကြီး ဖြစ်နေသည်။ နှုတ်ခမ်းက ပြာနှမ်းနေသည်။ မျက်နှာတွင် ချွေးသီးချွေးပေါက် ကြီးများ စို့ပြန်ထွက်နေသည်။

မားမားမတ်မတ် ရပ်နိုင်အောင် သူ့ကိုယ်သူ မနည်းကြိုးကြိုးစားနေရပုံပေါ်သည်။ ဆောင်ခါးကိုင်ထားသည့် သူ့လက်က တည်တည်ငြိမ်ငြိမ်မရှိ။ အတုန်တုန်အယင်ယင် ဖြစ်နေသည်။ သူ့ကိုကြည့်ပြီး ကျိုးကျင့်၏စိတ်ထဲတွင် ထင့်ကနဲရှိသည်။

လက်ရှိ ပစ္စက္ခမှာ မြင်တွေ့နေရသည့် ရှောင်လင် မြွေဆိုး၏ အသွင်သဏ္ဌာန်သည် မူမမှန်ကြောင်း နားလည် ရိပ်စားမိလိုက်သလို နှုတ်မှလည်း၊

"ဆရာသခင်၊ ဆရာသခင် ဘာဖြစ်နေသလဲဟင်၊ ဆရာသခင် တခုခု ဖြစ်နေပြီလားဟင်"

ကျိုးကျင့်၏ မေးခွန်းသံကြောင့်ထင်သည်။ ရှောင်လင်မြွေဆိုး၏ မျက်နှာပြင်တွင် တအံ့ဘသြအရိပ်အရောင်များ သိသိသာသာကြီး လွှမ်းကြက်လာခဲ့ရာမှ၊

"မင်း....မင်း မြင်းထိန်းလေး မဟုတ်လားဟင်"

"ဟုတ်.... ဟုတ်ပါတယ် ဆရာသခင်။ ကျွန်တော် မြင်းထိန်းကလေး ကျိုးကျင့်ပါ"

"ဒါ....ဒါ....ဒါဖြင့်....မင်း....မင်း ငါ့အခန်းထဲကို ဘာလုပ်လို့ ရောက်လာရတာလဲ"

မေးခွန်း ထုတ်လာသည့် ရှောင်လင် မြွေဆိုး၏ အသံသည်



ပြေပြေပြစ်ပြစ်မရှိ။ အထစ်ထစ် အငေါ့ငေါ့ဖြစ်နေသည်။ ကျိုးကျင့်က မတုံ့မဆိုင်း ရဲရဲဝံ့ဝံ့ကြီး၊

"ဒီဂေဟာမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှုနှစ်မှုနဲ့ ပတ်သက်ပြီး ဆရာသခင်ကို ပြောစရာလေးတွေ ရှိနေလို့ အခုလို အရဲစွန့်ပြီး ဒီအခန်းထဲ ဝင်လာမိတာပါ"

"ဘယ်လိုကွ၊ ဒီဂေဟာမှာဖြစ်ခဲ့တဲ့ လူသတ်မှုနှစ်မှုနဲ့ပတ်သက်ပြီး မင်း ငါ့အခန်းထဲ ဝင်လာတာ ဟုတ်လား"

ကျိုးကျင့်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်အဖြေပေးလိုက်ရာမှ၊

"ဟုတ်ပါတယ် ဆရာသခင်။ ကျွန်တော် ဘာကြောင့် အခုညတွင်းချင်း ဆရာသခင့်အခန်းထဲ အရဲစွန့်ဝင်လာရတာလဲဆိုတာကို ဆရာသခင် ဒီစာကို ဖတ်ကြည့်ယင် သဘောပေါက် ပါလိမ့်မယ်"

ကျိုးကျင့်သည် အဆင်သင့်ယူဆောင်လာသည့် လူသတ်သမား၏ ခြိမ်းခြောက်စာကို ရှောင်လင်မြွေဆိုးအား လှမ်းပေးသည်။

ရှောင်လင်မြွေဆိုးသည် ဇဝေဇဝါ မရေမရာ ဖြစ်နေသော မျက်လုံးအစုံဖြင့် ကျိုးကျင့်အားတချက်မျှကြည့်သည်။ ထို့နောက်တွင်မှ ကျိုးကျင့်၏လက်ထဲမှ စာရွက်ခေါက်ကလေးကို လှမ်းယူဖြန့်ဖတ်သည်။

"နေအုန်း....နေအုန်း။ ဒီစာကို မင်း ဘယ်တုန်းက ရသလဲ"

စာဖတ်အပြီးတွင် ရှောင်လင်မြွေဆိုးက မေးခွန်းထုတ်သည်။ သူသည် စာဖတ်ပြီးသော်လည်း ကျိုးကျင့်အပေါ်တွင် လုံးဝဥဿုံ ယုံကြည်သေးဟန်တော့မရှိ။

"ကျွန်တော် ဒီညပဲရတာပါ ဆရာသခင်"

"မင်းကို ငါ ဘယ်လိုယုံကြည်ရမလဲ"

"ဒါကတော့ ဆရာသခင့်ဘာသာဆုံးဖြတ်ပါ။ ဆရာသခင့်ကို သက်သေခံ စာရွက်ကလေး ပေးထားပြီးပြီပဲ။ အဲ.... ပြီးတော့ တကယ်လို့ ဆရာသခင့်ကို မကောင်းကြံဖို့ လာရအောင်ကလဲ ကျွန်တော့်ရဲ့ လက်ထဲမှာ ဘာ လက်နက်တခုမှ ပါမလာတာကို ဆရာသခင် မျက်မြင်ပဲဥစ္စာ။ ဒါနဲ့တောင်မှ ဆရာသခင်က မယုံကြည်သေးဘူးဆိုယင်တော့ ကျွန်တော့်အနေနဲ့ ဒီ မြွေဆိုးဂေဟာထဲကနေ မနက်မိုးလင်းတာနဲ့ ထွက်သွားရုံပဲရှိတော့တာပေါ့"

ရှောင်လင်မြွေဆိုးသည် တွေဝေငေးငိုင်သွားသည်။ တခုခုကို ဝေခွဲမရဟန်မျိုးဖြင့် တခဏပန်းမျှ ငြိမ်သက်နေသည်။ ထို့နောက်တော့မှ ကျိုးကျင့်ကိုကြည့်၍....

"ငါလဲ မအိပ်သေးပဲ ငါ့အခန်းထဲကို လူသတ်သမားရောက်လာမယ့်အချိန်အခါကို စောင့်နေတာပဲ။ ဒါပေမယ့် တကယ်တမ်းရောက်လာတာက မင်း ဖြစ်နေတယ်"

ယခုမှပင် ရှောင်လင်မြွေဆိုး၏ အခန်းတံခါး ဘာကြောင့် မပိတ်ပဲထားသည့်အဖြစ်ကို သဘောပေါက်မိလိုက်ရာမှ၊

"ဆရာသခင်ကရော ကျွန်တော့်လိုပဲ လူသတ်သမားရဲ့ ခြိမ်းခြောက်စာကို ရထားလို့လား"

ရှောင်လင် မြွေဆိုးသည် ဦးခေါင်းကို အသာ ယမ်းခါပြခဲ့ရာမှ....

"ဟင့်အင်း.... ဘယ်သူ့ဆီကမှ ခြိမ်းခြောက်စာ ရမထားပါဘူး။ ဒါပေမယ့် အခု ငါ အဆိပ်မိထားတယ်"



"ဘယ်လို....ဘယ်လို။ ဆရာသခင် အဆိပ်မိထားတယ် ဟုတ်လား"

"ဟုတ်တယ်။ ဒီည ငါသောက်တဲ့ အရက်ထဲကို တယောက်ယောက်က အသည်းကြွေ အသက်ပျောက်အဆိပ်ဆေးခတ်လိုက်တယ်။ ဒါကို ငါကမသိဖူး သောက်လိုက်မိတယ်။ အခုတော့ ငါဟာ အတွင်းဝေဒနာကို ကျိတ်ခံစားနေရပြီလေ။ အဲဒီ ဝေဒနာကြောင့် ငါ လူ့လောကကြီးမှာ အလွန်ဆုံးနေရလှ နောက်ထပ် တရက်ပေါ့"

ပြောယင်းမှာပင် ရှောင်လင်မြွေဆိုး၏ အသံသည် တဖြည်းဖြည်း တိမ်ဝင်သွားသည်။ မျက်နှာပေါ်မှ အသားအရေတို့သည်လည်း ပိုမိုဖြူရော်လာသလိုရှိသည်။

အသည်းကြွေ အသက်ပျောက်ဆေး၏ အစွမ်း အာနိသင်ကို ကျိုးကျင့် ကောင်းစွာ သိထားသည်။ စင်စစ် အသည်းကြွေ အသက်ပျောက် အဆိပ်ဆေးရည်သည် လူတယောက်၏အသက်ကို တဖြည်းဖြည်းချင်း ထုတ်ယူ သွားနိုင်သည်အထိ အစွမ်းထက်သည်။ ယင်း အဆိပ်ဆေးရည်ကို သောက်မိသူသည် အလွန်ဆုံး နေရလှ တရက်ပေါ့။

ယခု....

ရှောင်လင်မြွေဆိုး၏ ဝမ်းဗိုက်ထဲကို အသည်းကြွေ အသက်ပျောက် အဆိပ်ဆေးရည်ဝင်ရောက်နေပြီဆိုတော့။ ဘာပဲဖြစ်ဖြစ် သူ နောက်ကျသွားပြီ။ ကျိုးကျင့် တယောက် အလာကောင်းသော်လည်း အခါနှောင်းနေခဲ့ပါပြီ၊ သူ့အနေနှင့် အဖြစ်သနစ်

အားလုံးကိုတင်ပြပြီးတော့ ရှောင်လင်မြေဆိုး အနေဖြင့် မည်သို့မျှ မဘတ်နိုင်သော အခြေအနေထဲ ကျဆင်းနေခဲ့ပြီဖြစ်သည်။

ကျိုးကျင့်သည် ဝမ်းနည်းခြင်းနှင့် မကျေမချမ်းဖြစ်ခြင်းတို့ကို တပြိုင်နက်ခံစားမိလိုက်ရာမှ တောက်ခေါက်သံကြီးတချက်ကို လွှတ်ထုတ်လိုက်သလို။

"ကျွန်တော် နောက်ကျသွားပြီ ဆရာသခင်။ အစကထဲက သာ ဒီအကြောင်းတွေကို ဆရာသခင့်ကို ကြိုတင် ပြောထား လိုက်မိယင် ဆရာသခင် အခုလိုဖြစ်ရမှာ မဟုတ်ဘူး။အခုတော့.... ကျွန်တော် အသာဘောင်းပေမယ့် အခါနှောင်းနေပြီ ဆရာသခင်ရယ်။ကျွန်တော့်ကိုခွင့်လွှတ်ပါ ဆရာသခင်ရယ်၊ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"နို့....ဒါထက် လူသတ်သမားက ဘယ်သူလဲ"

"လင်းယုန်သိုင်းသမား ရန်းလုံပါ ဆရာသခင်"

"လင်းယုန်သိုင်းသမား ရန်းလုံ....ဟုတ်လား"

"ဟုတ်ပါတယ်....ဆရာသခင်၊ သူဟာ သံမဏိနဂါးကိုဆေဝမ်းရိုကိုပါလုပ်ကြံသတ်ဖြတ်ခဲ့တဲ့ လူသတ်သမားအစစ်ပါ"

"သူ လူသတ်သမားဖြစ်တယ်ဆိုတာ အမှန်ပဲလား"

"ကျွန်တော့်စကားကိုယုံပါ ဆရာသခင်။ သူဟာ လူသတ်သမားမှ လူသတ်သမား အစစ် ပါ၊ ကဲပါ.... ဆရာသခင့်ကို ကျွန်တော်ကြုံတွေ့ခဲ့သမျှအဖြစ်အပျက်တွေအားလုံးကို တလုံးမကျန် ဖွင့်ပြောပြပါတော့မယ်လေ"

သည့်နောက်မှာတော့ ကျိုးကျင့်သည် သိုင်းပညာတတ်ချင်လွန်းလို့ ညောင်ပင်အိုအခေါင်းပေါက်ထဲကနေ ချောင်းမြောင်း၍ သိုင်းပညာချပ်များကို လေ့လာ သင်ကြားခဲ့ပုံမှအစ။ တညသော အခါက လင်းယုန်သိုင်းသမား ရန်းလုံနှင့် ဝမ်းရိုတို့ ညောင်ပင်အိုနားတွင် ဆွေးနွေးတိုင်ပင်မှုပြုခဲ့ရာမှ သံမဏိနဂါးအား လုပ်ကြံသတ်ဖြတ်လိုက်ပုံအလယ်။ နောက်ဆုံး....

လင်းယုန်သိုင်းသမား ရန်းလုံက ဝမ်းရိုအား သံခမောက်ဝိုင်းဖြင့် ပစ်ပေါက်သတ်ဖြတ်လိုက်ပုံအဆုံး။ အစအဆုံး တလုံးမကျန် ဇာတ်ကြောင်းပြန်လှန်ခဲ့ရာမှ တဆက်တည်း ဆိုသလို။

"ဒီညမှာလဲ ကျွန်တော့်ကို ခြောက် လှန့် တဲ့ အ နေ နဲ့ ကျွန်တော် ထိန်းနေရတဲ့ မြင်းမကြီး ရွှေစင်ကို လာ သတ် သွားပြီး....ကျွန်တော့်အတွက်လဲ အဲဒီ ခြိမ်းခြောက်စာကို ထားရစ်သွားခဲ့တယ်လေ။ တကယ်တော့ အခုလိုပြဿနာတွေ ပေါ်လာရတာကိုက ကျွန်တော့်ရဲ့အပြစ်ပါပဲ။ တကယ်ဆိုယင် ဝမ်းရိုနဲ့ လင်းယုန်သိုင်းသမား ရန်းလုံတို့ တိုင်ပင်နေကြသမျှ စကားတွေကို ဆရာသခင်တို့ကို အဲဒီနေ့ကတည်းကပြန်ပြောပြမိယင် အခုလို အဖြစ်မျိုးတွေ ဖြစ်လာရမှာမဟုတ်ဘူး။ဆရာသခင်တို့အနေနဲ့ သူ့ရဲ့ရန်ကိုလဲ ကြိုတင်ကာကွယ်နိုင်မှာပဲ၊အခုတော့ အဲဒီတုန်းက ကျွန်တော် သတ္တိကြောင်ခဲ့မိလို့ အားလုံး ဒုက္ခရောက်ကုန်ကြရတာ။ တကယ်တော့....ဒါတွေအားလုံးဟာ ကျွန်တော့်ရဲ့အပြစ်တွေချည်း ပါပဲလေ"

ကျိုးကျင့်သည် ကိုယ့်အပြစ်ကို ဝန်ခံလိုက်မိသည်။ ရှောင်လင်မြေဆိုးသည် မျက်လုံးအစုံက ကျဉ်းမြောင်းသည်။ လက်ဝါးနှစ်ဘက်ကို အသာအယာပွတ်သပ်နေသည်။ သူ့ အသွင်ကတခုခုစဉ်းစားနေပုံမျိုး။ ကျိုးကျင့်သည် သူ့ ဆီက စကားအလာကို

စောင့်စားငံ့လင့်နေလိုက်သည်။ အတော်လေး ကြာတော့မှပင် ရှောင်လင်မြွေဆိုးသည် သူ့စိတ်သူ ယတိပြတ် ဆုံးဖြတ်ချက်ချ လိုက်ပုံမျိုးဖြင့်၊ ကျိုးကျင့်အား စူးစူးစေ့စေ့ကြည့်လျက်။

“မင်းကို ငါ အလုပ်တခုခိုင်းချင်တယ် ကျိုးကျင့်၊ ငါခိုင်းတဲ့ အလုပ်ကို မင်း လုပ်ပေးနိုင်ပါ့မလား”

ဘာအလုပ်ပါလိမ့်။ ကျိုးကျင့်၏စိတ်ထဲမှာ မေးခွန်းထုတ် သည်။ တဆက်တည်းဆိုသလို သူ့စကားကိုလည်း စိတ်ဝင်စား မှု ရှိရှာမှ ကပျာကသီလေးပဲ၊

“ပြောပါ ဆရာသခင်၊ ဆရာသခင့်ဆီက ပေးအပ်လာမယ့် အလုပ်ဆို ဘယ်အလုပ်ကိုမဆို....ကျွန်တော် လုပ်ဆောင်ပါ့မယ်။ ဆရာသခင် ပေးမယ့်အလုပ်က ဘယ်လိုအလုပ်မျိုးလဲ ဆိုတာကို သာ ကျွန်တော့်ကိုအမိန့်ရှိပါ ဆရာသခင်”

“အေး....ပြောပြပါ့မယ်။ တကယ်တော့ အဲသည်အလုပ်ကို ငါကိုယ်တိုင်လုပ်ယင်လဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် အခက် အခဲ တော့ တွေ့ရမှာအမှန်ပဲ။ပြီးတော့ ရန်းလုံကလဲ ငါ့ကိုသည်အထဲ ကနေ အပြင်ကိုဘယ်နည်းနဲ့မှ ထွက်ခွင့်ပေးတော့မှာမဟုတ်ဘူး။ အဲ....နောက်တချက်က ငါဟာ အသည်းကြွေ အသက်ပျောက် အဆိပ်ဆေးရည်ရဲ့ဒဏ်ချက်ကို မိထားရတဲ့လူဆိုတော့.... နောက် တနေ့မှာ ငါသေရမှာ သိပ်သေချာနေတယ်။ ဒါကြောင့် သည်အလုပ်ကို ပြီးမြောက်အောင် ငါ ဘယ်လိုနည်းနဲ့မှတောင် ထွက်နိုင်တော့မှာ မဟုတ်တာကတော့ သိပ် သေချာနေတယ် လေ”

“ဆရာသခင်ရဲ့ အခြေအနေကို ကျွန်တော်နားလည်သဘော



ပေါက်ပါတယ်။ ကိုယ်ချင်းလဲစာမိပါတယ် ဆရာသခင်။ဒီတော့ ဆရာသခင် ခိုင်းချင်တဲ့ အလုပ်ကိစ္စကိုသာ ကျွန်တော့်ကိုသာ ယုံယုံကြည်ကြည်နဲ့ ဖွင့်ပြောပြပါတော့ ဆရာသခင်”

ရှောင်လင်မြွေဆိုးသည် သူ့ ခုတင်ရှိရာသို့ လျှောက်သွား သည်။ ခေါင်းအုံးအောက်ထဲကအထုပ်ကလေးတထုပ်ကို ထုတ်ယူ သည်။ ယင်း အထုပ်ကလေးမှာ လေးထောင့်ကျကျ ရှည်မြော မြော ကလေးဖြစ်သည်။အတွင်းမှပစ္စည်းမှာ မည်သည့်ပစ္စည်းဟု ခန့်မှန်း၍ မရလောက်အောင် အပေါ်ကနေ ထူထူထဲထဲ အဝတ် နက်ကြီးတခုဖြင့် ဖုံးအုပ်ရစ်ပတ်ထားသည်။

“ဒီကနေ့ထက်ထိ ငါ့ရဲ့အခန်းထဲကို အပြင်လူရော အတွင်း လူပါ တယောက်မှအဝင်မခံခဲ့ဘူး။ ဝင်မိတဲ့လူဟာလဲ ပြန်ထွက် သွားရိုး ထုံးစံမရှိခဲ့ဘူး။ ငါ့ဓားဖျားမှာ အသက် ပါသွားကြ တာချည်းပဲ။ အေး....ဒါပေမယ့် ဒီကနေ့တော့ ငါဟာ လူ တယောက်ကို အရှုံးပေးလိုက်မိပြီ။ အဲသည်လူကို ငါ့အခန်းထဲ အလွယ်တကူ ဝင်ခွင့်ပေးခဲ့တယ်။ အလွယ်တကူလဲ ပြန်ထွက်ခွင့် ပေးလိုက်မယ်။ အေး... အဲဒီလူဆိုတာကတော့ တခြားလူ မဟုတ် ဘူး မင်းပဲ။ ရော့....ကျိုးကျင့်၊ ဒီအထုပ်ကလေးကိုယူ”

ရှောင်လင်မြွေဆိုး လှမ်းပေးလာသော အထုပ်ကလေးတခုကို ကျိုးကျင့် လှမ်းယူသည်။

“မင်းရဲ့လက်ထဲမှာ ဒီအထုပ်ကလေးရှိနေသမျှကာလပတ်လုံး မင်းနဲ့လာပေါင်းမယ့် လူတွေအားလုံးကိုလဲ အထူး သတိထားပြီး ဆက်ဆံပေတော့။ ဒီအထုပ်ကလေးကိုလဲ တခြားလူလက်ထဲ မပါ

မိအောင် မင်းရဲ့အသက်နဲ့ထပ်တူ ကာကွယ်နိုင်အောင် ကြိုးစားပါ ငါပြောတာ သဘောပေါက်လား ကျိုးကျင့်"

"ဟုတ်ကဲ့ ဆရာသခင်။ ကျွန်တော် နားလည်ပါတယ်။ နို့.... ဒါထက် ကျွန်တော်က ဒီအထုပ်ကလေးကို တသက်လုံးကာကွယ် စောင့်ရှောက်ထားရမှာလား"

ကျိုးကျင့်၏အမေးကို ရှောင်လင်မြေဆိုးသည် ခေါင်းခါပြရာမှ၊

"မဟုတ်ဘူး။ မင်း ခေါင်းနှစ်လုံး နဲ့လူကို မတွေ့ တွေ့အောင် ရှာပြီး ဒီအထုပ်ကလေးကို ပေးရမယ်"

'ခေါင်းနှစ်လုံးနှင့်လူ' ဆိုပါကလား။

ကျိုးကျင့်၏စိတ်ထဲတွင် တော်တော်ကြီးကို ထူးဆန်းသွားသည်။ ဒါကြောင့်လည်း တအံ့တဩကလေး....

"ခေါင်းနှစ်လုံးနဲ့လူ....ဟုတ်လား ဆရာသခင်"

"ဟုတ်တယ်။ ခေါင်းနှစ်လုံးနဲ့လူပဲ။ အဲဒီလူမှာ ကိုယ် နှစ်ခု ရှိတယ်။ ဒါပေမယ့် လက်ကတော့ နှစ်ဘက်ထဲ ရှိတယ်။ အဲဒီ လက်နှစ်ဘက်မှာရှိတဲ့ လက်ချောင်းကလေးတွေကလဲ အပြည့်အစုံ မရှိဘူး။ ညာဘက်လက်မှာ လက်ခလယ်လက်တချောင်း လျော့ နေတယ်။ ခြေထောက်ကတော့ လေးချောင်းရှိတယ်။သိုင်းပညာ မှာလဲ သူမတူအောင် သိပ်ကျွမ်းတယ်"

ကြားရ ကြားရ နားဝမှာ မယုံနိုင်စရာချည်းပါပဲကလား။

ခေါင်းနှစ်လုံး၊

လက် နှစ်ဘက်၊

ကိုယ် နှစ်ခု၊



ခြေထောက် လေးချောင်း။

လက်ချောင်းကလေးတွေကျတော့ အားလုံး စုစုပေါင်းမှ ကိုးချောင်းထဲ။

ထူးထူးဆန်းဆန်း လူသားဘယောက်ပါပဲကလား။

အဲသည်လူ ဘယ်သူပါလိမ့်။

လူသားစစ်စစ်မှ ဟုတ်ပါလေစ။

သေခါနီးမို့လို့ သွေးရူးသွေးတမ်းဖြင့် ပါးစပ်ထဲက တွေ့ကရာ ရှစ်သောင်း လျှောက်ပြောခြင်းများလား။ ရှောင်လင်မြေဆိုး၏ မျက်နှာကို ကြည့်လိုက်ပြန်တော့လည်း သူ့ မျက်နှာက ခပ် တည်တည်ပါပဲ။

"သူ့နာမည်က ဘယ်သူလဲ။ သူက ဘယ်မှာနေသလဲ။ ပြီး တော့ သူက လူသားမှ ဟုတ်ရဲ့လား"

ကျိုးကျင့်သည် စိတ်ထဲက မရှင်းလင်းသည်များကို ဖွင့်မေး သည်။

ရှောင်လင်မြေဆိုး၏ မျက်နှာပြင်တွင် အပြုံးရိပ်ကလေးတရိပ် မသိမသာ ကွန့်မြူးလာခဲ့သလို၊

"သူ့နာမည်က ယဲ့ယိနန်းဖိန်တဲ့။ သူဟာ လူမလူအစစ်။သူ ဘယ်မှာနေသလဲ ဆိုတာကိုတော့ ငါ မင်းကို ပြောပိုင်ခွင့် မရှိ ဘူး။ သူကလဲ ငါ့ကို ပြောထားတယ်။ သူ ဘယ်မှာ နေသလဲ ဆိုတာကိုတော့ ငါ့ လက်ရွေးစဉ်တပည့် ဆယ့်နှစ်ယောက်ကလွဲလို့ တခြား ဘယ်သူ့ကိုမှ ပြန်မပြောရဘူးတဲ့။ ဒီတော့ကာ.... ငါ့ အနေနဲ့ သူ့ရဲ့စကားကတိကို စောင့်ထိန်းရလိမ့်မယ်။အဲ....နောက် တခုရှိတာက ငါက မင်းကို အခုအလုပ်ကို ခိုင်းမယ့်သာခိုင်းလိုက်

ရတာ၊ တကယ်တမ်းကျတော့ မင်းကို ငါ အယင်က ရင်းရင်းနှီးနှီးကြီး ဆက်ဆံခဲ့ဖူးတာမှ မဟုတ်ပဲ။ အဲဒီတော့ မင်းအနေနဲ့ ငါ့အပေါ်မှာ နားလည် ခွင့်လွှတ်နိုင်လိမ့်မယ်လို့ ငါ ထင်တယ်လေ"

တကယ်တော့၊

ရှောင်လင်မြေဆိုးသည် မလွှဲမကင်းသာလို့သာ သည်အလုပ်ကိုစွက်ဖို ခိုင်းလိုက်ပုံရသော်သည်း လုံးဝဥဿုံ ယုံကြည်စိတ်ချပုံတော့ မရချေ။

သည်အတွက် ရှောင်လင်မြေဆိုးကို အပြစ်မဆိုသာပေ။ အခုတွေ့ အခုခင် အခုယုံ ဆိုသည်မျိုးက လူ့လောကမှာ မဖြစ်နိုင်သော အရာပေပဲ။

ဒါကြောင့်လည်း၊

"ဟုတ်ကဲ့....ကျွန်တော် နားလည် သဘောပေါက် ပါတယ် ဆရာသခင်။ ဆရာသခင့်ဘက်ကကြည့်ယင် ဆရာသခင်ရဲ့လုပ်ရပ်တွေဟာ မှန်ကန်ပါတယ်လေ"

"အေး....ဟုတ်ပြီ။ မင်း ငါ့အပေါ်မှာ နားလည် သဘောပေါက်သွားပြီ။ ဒီအတွက် မင်းကို ကျေးဇူးတင်ပါတယ်။ဒီတော့ မင်းဟာ ယောကျ်ားပီပီ မင်းအစွမ်းအစနဲ့မင်း ယွဲ့ယီနန်းဖိန်ကို တွေ့အောင်ရှာပေတော့။ ရှာလို့ တွေ့လို့ရှိယင်လဲ ဒီ မြေဆိုးဂေဟာက အဖြစ်အပျက်တွေအားလုံးကို ပြန်ပြောပြပြီး အကူအညီတောင်း။ ဒါဆို ယွဲ့ယီနန်းဖိန်က မနေပါဘူး။ ချက်ချင်းလိုက်လာပြီး မြေဆိုး ဂေဟာက အခက်အခဲတွေ အားလုံးကို ဖြေရှင်းပေးမှာပဲ"


တောင်ငူ

စကားဆိုနေယင်းမှာပင်၊

သူ့မျက်လုံးအစုံသည် အလိုလိုနေယင်း ကျဉ်းမြောင်းသွားသည့်အဖြစ်ကို ကျိုးကျင့် တိတိပပပဲ သတိပြုမိသည်။ သူသည် တခုခုကို နားစွင့်နေပုံမျိုးဖြင့် အသာငြိမ်သက်နေခဲ့ပြန်ပါ၏။

သူ့သွင်လျာကိုကြည့်ပြီး ကျိုးကျင့်၏ စိတ်ထဲတွင် လှုပ်လှုပ်ရှားရှားရှိသည်။တခုခုအတွက် စိုးနှောင့်သလိုလည်း ခံစားမိလိုက်သည့်မျိုး။

"ဘာလဲ ဆရာသခင်"

"အသံတခုခုကိုအသေအချာကြားမိသလိုပဲ၊အင်း....မဟုတ်မှလွဲရော.... ငါ့ကို အသေသတ်ဖို့ သူ လာနေပြီ ထင်တယ်၊ ကဲ.... လာ....လာ....မင်းကို သူ တွေ့သွားလို့မဖြစ်သေးဘူး၊ သူ ဒီအခန်းထဲမရောက်ခင် မင်းအနေနဲ့ မြေဆိုးဂေဟာထဲကနေ ထွက်သွားနိုင်ယင် အကောင်းဆုံးပဲ"

"ကျွန်တော်.... အရှေ့ပေါက်ကနေ ထွက်ရမလား ဆရာသခင်"

ကျိုးကျင့်သည် ဝင်ပေါက်ဘက်ဆီ မေးငေါ့ပြယင်း မေးသည်။

ရှောင်လင်မြေဆိုးသည် ဦးခေါင်း ခါပြ ယင်း တ ဆက်တည်း....

"မင်း အရှေ့ပေါက်ကနေ ထွက်သွားယင် ဒီအခန်းကို ဦးတည်ပြီး လာနေတဲ့ သူနဲ့ ထိပ်တိုက်တိုးမှာသေချာတယ်"

"ဒါဖြင့်.... ကျွန်တော် ဘယ်အပေါက်ကနေ ထွက်ရမလဲ ဆရာသခင်"

"လျှို့ဝှက် အပေါက်ကနေ ထွက်ရမယ်၊ လျှို့ဝှက် လှမ်းကြောင်းအတိုင်း ထွက်သွားလို့ လမ်းဆုံးသွားယင် မြွေဆိုးဂေဟာ အပြင်ဘက်ကို ရှောရှောရှူရှူရောက်သွားလိမ့်မယ်"

စကားဆုံးသည်နှင့် ရှောင်လင်မြွေဆိုးသည် သူ့ခုတင်ရှိရာသို့ လျှောက်သွားသည်။ ခုတင်ကို ဘေးတဘက်သို့ တွန်းသည်။ အောက်မှာခင်းထားသော အိစက်စက်မွေ့ရာနီကြီးကို ဖယ်လှန်သည်။ အံဖုံးတခုပေါ်လာသည်။ ယင်းအံဖုံးကို ဖယ်ထုတ်လိုက်သည်။ လူတကိုယ်စာ အပေါက်တပေါက် ဖြစ်ထွန်းလာသည်။ အောက်တွင် မှောင်ပိန်းနေသော်လည်း အပေါ်မှ မီးအလင်းဖြင့် လှေကားထစ်လေးတွေကို မသဲမကွဲ တွေ့မြင်ရသည်။

စင်စစ်၊

ရှောင်လင်မြွေဆိုးသည် အရာခပ်သိမ်းကို ကြိုတင် စီမံထားခြင်းပါပဲကလား။

သည်လျှို့ဝှက်အပေါက် သူ့အခန်းထဲမှာရှိနေသည့်အဖြစ်ကို အခြားသူတို့ သိသေးဟန် မတူ။

"အောက်မှာ မီးရောင်မရှိဘူး၊ မှောင်နေတယ်၊ ဒါပေမယ့် ဘာမှ မစိုးရိမ်နဲ့၊ လမ်းကြောင်းအတိုင်းသာ ရဲရဲတင်းတင်းကြီး ဆက်လျှောက်သွား၊ မနက်မိုးလင်းတာနဲ့ ဘာအန္တရာယ်မှ မရှိပဲ မင်း အပြင်ကို ရှောရှော ရှူရှူ ရောက်သွား လိမ့်မယ် ကျီးကျင့်"

ရှောင်လင်မြွေဆိုးက ကျီးကျင့်၏ စိတ်ဓာတ်ကို မြှင့်တင်ပေးသည်။



"ဖြစ်နိုင်ယင် ဆရာသခင်ပါ ကျွန်တော်နဲ့အတူတူ တခါတည်း လိုက်ခဲ့ပါလား ဟင်....၊ ဆရာသခင်ကို တယောက်တည်း ထားခဲ့ရမှာ ကျွန်တော် စိတ်မဖြောင့်ဘူး"

"ငါ ပြောသလိုသာ လုပ်စမ်းပါ၊ ငါဟာ အခုအချိန်မှာ သေလူဖြစ်နေပြီ၊ ငါ့အတွက်က သန့်ဘက်ခါဆိုတာ မရှိတော့ဘူး။ အဲသည်တော့ ငါ မင်းနဲ့ လိုက်ခဲ့လို့လဲ ဘယ်လိုမှ အကြောင်းထူးတော့မှာ မဟုတ်ဘူး။ ငါ့အတွက်နဲ့ မင်းမှာ ပိုပြီးဒုက္ခဖြစ်နေအုန်းမယ်။ ကဲ....ကဲ....အချိန်မရှိဘူး။ ဟိုမိစ္ဆာကောင် သည်အထဲရောက်လာယင် မင်းအတွက်လဲ မကောင်းဘူး။ နှစ်ယောက်စလုံး ဒုက္ခရောက်သွားနိုင်တယ်"

"ကောင်းပြီ ဆရာသခင်၊ ဆရာသခင် သွားစေချင်ယင်လဲ ကျွန်တော် သွားပါတော့မယ်။ ပြီးတော့ ဆရာသခင်ခိုင်းလိုက်တဲ့ အလုပ်ကိစ္စကိုလဲ ကျွန်တော့်အသက်နဲ့ထပ်တူ ပြီးမြောက်သွားအောင် ဆောင်ရွက်ပါ့မယ် ဆိုတာကိုလဲ ကျွန်တော် ရဲရဲကြီး ကတိပေးပါတယ် ဆရာသခင်"

ကျီးကျင့်သည် ရှောင်လင်မြွေဆိုး၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ ရဲရဲတောက် ကတိစကားများကို ဆိုနေမိသည်။

"သည်လိုဆိုသွားတော့ မင်း တာဝန်ကို ထမ်းဆောင်နေတဲ့ အချိန်ကာလအတွင်းမှာ ကြုံလာရမယ့် အန္တရာယ် မှန်သမျှကို ကျော်လွှား အောင်မြင်နိုင်ပါစေလို့လဲ ငါ ဆုတောင်းပေးလိုက်ပါတယ် ကျီးကျင့်"

သည့်နောက်မှာတော့၊

ကျိုးကျင့်သည် အံဲပေါက်ကလေးထဲ ခြေချသည်။ လှေကားထစ်လေးတွေအတိုင်း အောက်သို့ စမ်းတဝါးဝါးဖြင့် ဆင်းခဲ့သည်။

လျှို့ဝှက်အံဲပေါက်အဖုံး ပြန်လည် ပိတ်သွားသံ ကြားလိုက်ရသည်။ ရွှေ[illegible]လင်မြေဆိုး ပိတ်လိုက်သည်ပဲ ဖြစ်ပါမည်။

လျှို့ဝှက်အံဲပေါက် အဖုံး ပိတ်လိုက်သော ကြောင့် လည်း အဘွင်းမှာ ပိုမိုမှောင်ပိန်းသွားသလို မှတ်ထင်လိုက်ရသည်။

လျှို့ဝှက် အံဲပေါက်၊ သို့မဟုတ် သည်အခန်းငယ်လေးမှာ လူနှစ်ကိုယ်စာမျှသာ ကျယ်ဝန်းသည်။ အမြင့်ကတော့ လူနှစ်ရပ်စာခန့်ရှိသည်။ အရှေ့ဘက် မျက်နှာချင်းဆိုင်ဆီမှ လေအေးကလေးက ဖြည်းဖြည်း နွေ့နွေ့ကလေး တိုက်ခတ်နေသည်။ အရှေ့တည့်တည့်လမ်းကြောင်းအတိုင်း လျှောက်သွားလိုက်လျှင် ထွက်ပေါက်ကို တွေ့နိုင်သည် ဆိုသည့် သဘောပေပဲ။

ကျိုးကျင့်သည် အမှောင်ထဲမှာမို့ ရုတ်တရုတ် စိတ်အားငယ်မိသည်။ သည်လျှို့ဝှက်အခန်းငယ်လေးအတွင်းမှာ သူတယောက်တည်းပါကလားဆိုသော အသိကြောင့်လည်း စိတ်မှာ လှုပ်လှုပ်ခတ်ခတ် ရှိမိသည်။

ဒါပေမယ့်၊

သူသည် အားငယ်စိတ်ကို ဖယ်ထုတ်၊ လှုပ်ခတ်စိတ်ကို နှင်ထုတ်ပြီး စိတ်ခေါ်မြှင့်တင်သည်။ ဟယ်....ငါယောကျ်ားသားပဲ၊ ဘာကြောက်နေစရာ လိုသေးသလဲ။ လာမယ့် ဘေးကို လည်း မကြောက်မရှုံ့ ပြေး တွေ့မယ်။ ကိုယ့်ဖာသာကိုယ် မောင်းတင်



လျက် ရှေ့ခရီးဆက်ခဲ့သည်။ သူ့ရင်ခွင်မှာတော့ ရွှောင်လင်မြေဆိုးပေးလိုက်သော ဘာမှန်းမသိရသည့် အထုပ်ကလေး။

\+ \+ \+

ရက်တို့သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံး လွန်မြောက် လာသည်။ ရက်သစ်တို့ တရက်ပြီး တရက် တနေ့ပြီး တနေ့ ကူးပြောင်းခဲ့သည်။

မြေဆိုးဂေဟာမှ ထွက်ခဲ့သည့် ကျိုးကျင့်။

အခက်အခဲ အနှောင့်အယှက်မရှိ မြေဆိုးဂေဟာတွင်းမှ ထွက်လာနိုင်ခဲ့သော်လည်း ဘယ်ဆီ ခရီးနှင်ရမှန်း မသိပဲ ဦးတည်ချက်ပျောက်နေပြန်သည်။

ရွှောင်လင်မြေဆိုး မှာခိုင်းလိုက်သည့် ယဲ့ယီနန်းဖိန်အမည်ရှိ ထူးထူးဆန်းဆန်း ထိုလူသားကို ဘယ်နေရာလိုက်ရှာပြီး ဘယ်သူ့လိုက်မေးရမှန်းလည်း မသိ။

ရွှောင်လင်မြေဆိုး ပြောပြလိုက်သည့် ပုံပန်းသဏ္ဍာန်အတိုင်း အခြားသူတို့အား မေးမြန်းစုံစမ်းဖို့ဆိုသည်ကလည်း ခပ်ခက်ခက်ရယ်။

လူမဆန်လွန်းသည့် ထိုသူ့ပုံပန်းသဏ္ဍာန်ကြောင့် ကြားမိသူအပေါင်းက သူ့အပေါ်မှာ တမျိုးတမည် မှတ်ထင်သွားလျှင် မခက်ပါလား။

နောက်တခုရှိသည်က၊

ရွှောင်လင်မြွေဆိုး ပေးလိုက်သည့် ဘာရယ် မသိသေးသော အထုပ်ကလေးတထုပ်က သူ့မှာ ပါလာသည်။

ထိုအထုပ်အတွက်ကြောင့်လည်း သူ့မှာက လူတွေနှင့် အရော တဝင် မပြုရဲ။ ရင်းရင်းနှီးနှီး မေးမြန်းစုံစမ်းခြင်း မပြုရဲ။

ဘာပဲဖြစ်ဖြစ်။

ရွှောင်လင်မြွေဆိုးသည် အလွန့် အလွန်မှ ခက်ခဲ နက်နဲသည့် လျှို့ဝှက်ပုစ္ဆာ ပဟေဠိတပုဒ်ဖြင့် သူ့ပညာဉာဏ် အစွမ်း အစကို စမ်းသပ်လိုက်ပြီ ဖြစ်ကြောင်း နားလည် သဘော ပေါက် လိုက် မိသည်။

●

လင်းစာပေ
စာမှတ် ၁၅/၁၃၈၊ ၆ လမ်း
တောင် ၄ ရွှေ
ရန်း ၂၀၃၅၅

---

## ပထမဦးဆုံး ရင်ဆိုင်တိုက်ပွဲ

---

ဖြစ်သလိုနေ ဖြစ်သလိုစားဘာဖြင့် ခရီးနှင်နေရသည့် ကျိုးကျင့်သည် ခုနစ်ရက်မြောက်သောနေ့တွင် ကျန်းနန်အမည်ရှိ ရွာငယ်လေး တရွာသို့ ရောက်ရှိလာသည်။

သည်တော့၊

ညသည် မှောင်နေပြီ ဖြစ်သည်။

သိပ်သည်း နက်ရှိုင်းသော အမှောင်ထုက ကျန်းနန်ရွာလေးကို လွှမ်းခြုံ ဖုံးအုပ်ထားခဲ့ချေပြီ။

ကျိုးကျင့်အနေဖြင့် ခရီးဆက်၍ မဖြစ်တော့။

သည်ညဘာ တည်းခိုအိပ်စက်ရမည့် နေရာကို ရှာရတော့သည်။

သို့ပေမယ့်၊

သူ့အနေဖြင့် တည်းခိုခန်းတခုခုတွင် အခန်းငှား နေထိုင်နိုင်လောက်အောင်လည်း ငွေရေးကြေးရေးကအပြည့်အစုံမရှိတော့။

သူ့မှာရှိနေသည့် ငွေကြေးပမာဏက နောက်တနေ့မနက်စာဖိုးလောက်မျှသာ ရှိမည်။

အဲသည်တော့၊

ကျိုးကျင့်သည် ဖြစ်သည့်နည်းဖြင့် သည်တညတာ ကျောတနေရာစာချနိုင်မည့်နေရာကို လိုက်ရှာခဲ့ပါတော့သည်။

ရှာလယ်လောက်အရောက်တွင် ပျဉ်ထောင်အိမ်ကြီးတဆောင်ကို တွေ့ရသည်။ ဆောက်ထားသည်မှာ သိပ်ပြီး ကြာတတ်သေးဟန်မတူ။ ညအမှောင်ထဲမှာပင် သစ်လွင်တောက်ပနေဆဲရှိသည်။ ပြတင်းတံခါးများကိုတော့ အစုံအစေ့ပိတ်ထားသည်။ အိမ်ထဲတွင် လူရှိနေပုံတော့ ရသည်။ အိမ်တွင်းမှာ ထွန်းညှိထားသော မီးအလင်းရောင် မှိန်ပျပျကို ပြတင်းမှတဆင့် မြင်တွေ့ရသည်။

ဘယ်သူ့အိမ်ပါလိမ့်။

အကြီးအကဲ တယောက်ယောက်၏ အိမ်ဖြစ်ဖို့ကတော့ သိပ်သေချာသည်။

ထားတော့။

အိမ်ကြီး၏ အနောက်ဘက်တွင်တော့ ပြောင်းခင်းတခု။

အံ့တော်ပဲ။ သည်ပြောင်းခင်းထဲ ဝင်ပြီး သည်တညတာ အိပ်စက် အနားယူရမည်။ မနက်မိုးလင်းမှ သည်က ခွာမည်။

စိတ်ဆုံးဖြတ်ချက်ချပြီး ပြောင်းခင်းထဲ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လှမ်းခဲ့သည်။

\+ + +



အားပါး....ကြည့်စမ်း။

တနေ့လုံး မရပ်မနား လျှောက် လှမ်း ခဲ့ ရ သော ကြောင့် ထင်သည်။

ပြောင်းခင်းထဲရောက်လို့ ကျောချစိတ်ဖြေလျှော့လိုက်တော့မှပင် သူ့မှာ ညောင်းရညာရကောင်းမှန်း သိလာသည်။

ခြေထောက်တွေ ညောင်းတောင့်နေသည်။

တကိုယ်လုံးကိုင်ရိုက်၍ထားရသလို ထုံကျင်ကျင်ဖြစ်နေသည်။ အသက်ကိုလည်း ပြင်းစွာ ရှူနေမိသည်။

ညသည် တစတစဖြင့် နက်ရှိုင်းလာသည်။

အမှောင်သည် သိပ်သည်းသည်ထက် သိပ်သည်းလာသည်။

ကောင်းကင်မှာ လရောင် ကွယ်ပျောက်နေသည်။ တိမ်ခြေတွေ ထူထပ်အုံ့ဆိုင်းနေသည်။

မကြာခင် မိုးများရွာချအုန်းမလား မပြောတတ်။

ဘုရား....ဘုရား၊ မိုးမရွာပါစေနှင့်။

မိုးသာရွာချလိုက်မည်ဆိုလျှင်တော့ သူ့မှာ တညတာ အခက်ကြုံရပါတော့မည်။

လေကတော့ တိုက်ခတ်နေသည်။

ပြောင်းပင်ကြီးများ ယိမ်းနွဲ့လှုပ်ရှားနေသည်။

အရွက်လှုပ်ခတ်သံတွေက ပတ်ဝန်းကျင်၏တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းနေသည်။

ကျိုးကျင့်သည် မျက်ဝန်းအစုံကို မှေးမှိတ်သည်။

ဖြစ်ပျက်တွေ့ကြုံခဲ့သမျှ အဖြစ်အပျက်အားလုံးကို မေ့ပျောက်ပြီး အိပ်စက် အနားယူဖို့ ကြိုးစားသည်။

စိတ်ပင်ပန်း ကိုယ်နွမ်းမှုကြောင့် ထင်သည်။

မျက်လုံးအစုံကို မှေးမှိတ်လိုက်သည်နှင့် တခဏအတွင်း အိပ်မောကျခြင်းသို့ ရောက်သည်။

အိပ်မောကျသွားသည်မှာ ကုလားသေ ကုလားမော။

မည်မျှကြာအောင် အိပ်မောကျသွားမိသည်မသိ။

မျက်နှာပြင်ကို မှုန်အလင်းရောင်ဖြင့်ထိုးလိုက်သလို ခံလိုက်ရသောကြောင့်လား။ ဒါမှမဟုတ် တစုံတရာသောအသံတခုခု၏ ပယောဂကြောင့်လား....မသိ။

သူ ကုလားသေ ကုလားမောအိပ်ပျော်နေရာမှ ဆတ်ကနဲ လန့်နိုးသွားသည်။

သည်တော့လည်း၊

မကြာမီ မိုးရိပ်ဆင်မည့် သွင်သဏ္ဍာန်မျိုးဖြင့် ကောင်းကင်ပြင်တွင် လျှပ်စီးရောင်ပြိုးပြက်နေသည့်အဖြစ်ကို မြင်တွေ့လိုက်ရသည်။

ထိုစဉ်မှာပင်၊

ပါးလှပ်လွန်းလှသော သူ့နားထဲသို့ ထူးထူးခြားခြားအသံ တသံက တိုးဝင်လာသည်။ သည်မှာဘက်သို့ ချွတ်နင်းလျှောက်နေဟန်ရှိသော တယောက်ယောက်၏ ခြေသံ တိုးတိုး သဲ့သဲ့ ဖြစ်သည်။

အရေးထဲ ပြဿနာပေါ်တော့မည် ထင်သည်။

တနေကုန် မောပန်းခဲ့လို့ စိတ်ချ လက်ချ အိပ် လိုက်မဟဲ့ ဆိုသော ရည်ရွယ်ချက်ကလေးကလည်း ထိုခြေသံကြောင့် ကွယ်ပျောက်ခဲ့ရသည်။



သူသည် ခြေသံရှင် သူ့ အနား ရောက်မလာခင် ကိုယ်ကို လှိမ့်ခဲ့သည်။ တဘက်ဆီသို့၊ ပြောင်းပင်တပင်နောက်တွင်ကိုယ်ကို ဝပ်စင်းနေလိုက်သည်။ တနည်းအားဖြင့်ဆိုရလျှင်တော့အမှောင် ရိပ်ခိုပြီး ခြေသံရှင်ကို စောင့်ဆိုင်း ချောင်းမြောင်းနေလိုက်ခြင်း ဖြစ်သည်။

မကြာမတင်မှာပင်၊

ထူးခြားချက်တရပ်ကို သူ သတိပြုမိသွားသည်။

မှိန်ပျပျ မီးအလင်းရောင်လေးတရောင်က တ ရွေ့ ရွေ့ ဖြင့် သူ့ဘက်သို့ ရွေ့လျားလာနေသည့် အဖြစ်။

ထို မီးအလင်းရောင်၏ နောက်မှာတော့ လူ တ ယောက် ၏ အရိပ်။

ကြည့်ရပုံက၊

ခြေသံရှင်သည် လက်ဆွဲမီးအိမ်ကိုင်ဆွဲ၍ သူ့ကို လိုက်ရှာနေပုံ ရသည်။

သူ့ကိုတွေ့သွားလျှင်တော့ အခက်ကြုံရတော့မည်မှာအမှန်။

ပြောင်းခင်းထဲ ရောက်ရှိနေ သည့် သူ့ကို ထိုသူက ဘာ မေးခွန်းမှထုတ်နေမည်မဟုတ်။ သူ့ ဖြေရှင်းချက်တွေကိုလည်း ကြားနာနေမည် မဟုတ်။ လက်နက်ပါလျှင် လက် နက် ဖြင့်၊ လက်နက်မပါလျှင် လက်ချည်းသက်သက်ဖြင့် သူ့ကိုတိုက်ခိုက် တော့မည့် အဖြစ်ကတော့ မြေကြီးလက်ခတ် မလွဲ။

ကြောက်တော့ မကြောက်ပါ။

တယောက်တယောက်ချင်း ယှဉ်ပြိုင် တိုက်ခိုက်ရလို့ကတော့၊ သူသေ ကိုယ်သေပေါ့။ ဘာဆန်းတာမှတ်လို့။

သို့စေကာမူ၊

ရှောင်လင်မြေဆိုး ပေးလိုက်သော ဘာမှန်းမသိရသေးသော သူ့ရင်ဘတ်ကြားထဲမှ အထုပ်ကလေးအတွက် စိုးရိမ်စိတ် ဝင်မိသည်။

သည်အထုပ်ကလေး လိုရာဆီမရောက်ပဲ လမ်းခွတ်လတ်မှာ ပျောက်ဆုံးသွားမည့် အဖြစ်ကိုတော့ သူ မလိုလား။ ရှောင်လင်မြေဆိုး ပေးအပ်လိုက်သော အလုပ်တာဝန် မကျေပွန်မိမှာ အသစ်အဆင်္ဂါလေးတွေနှင့် မကြုံဆုံချင်။

ကျိုးကျင့်သည် သူ့အသက်ဘေးအတွက် သိပ်ပြီး အရေးမစိုက်သော်လည်း သူ့ရင်ဘတ်ကြားထဲမှအထုပ်ကလေးအတွက်တော့ စိုးရိမ်စိတ် ဝင်နေမိသည်။

သည်တော့....သူ ဘာလုပ်ရမည်နည်း။

ခြေသံရှင် သူ့အနားမရောက်ခင် နောက်ဆုတ်ရှောင်တိမ်းသွားလိုက်လျှင် ကောင်းမည်လော။

အို့လေ....အခုအချိန်မှာ ထွက်ပြေးတိမ်းရှောင်နေလို့ကတော့ ဘယ်သို့မှ အကျိုးထူးမည် မထင်။ ထိုသူ့လက်က လွတ်မြောက်မသွားနိုင်သည့်အပြင်၊ ပိုလို့ပင်အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့သွားနိုင်သည်။

ကဲ.... မထူးတော့ဘူး။ ဖြစ်ချင်သလို ဖြစ်တော့၊ နောက်မှနောက်ကိစ္စ။ လောလောဆယ်မှာတော့ လာမယ့်ဘေး ပြေးတွေ့လိုက်တော့မယ်။

နောက်ဆုံး၊

သည်နှယ်ပင် စိတ်ဆုံးဖြတ်ချက် ချသည်။



မကြာမီ သူ့နားသို့ရောက်ရှိလာမည့် မီးအိမ်ကိုင် ခြေသံရှင်ကိုလည်း စောင့်ဆိုင်းနေလိုက်သည်။

\+ \+ \+

"ဟိတ်.... မင်း ဘယ်သူလဲ၊ ဒီအထဲမှာ ဘာလာလုပ်နေတာလဲ"

ပထမ၊

မီးအလင်းရောင်က သူ့ကိုယ်ပေါ်သို့ ကျရောက်လာသည်။

ဒုတိယ၊

အမိန့်ပေးသံဆန်သည့် ခက်ထန်စူးရှလွန်းလှသော မေးခွန်းထုတ်သံ ထွက်ပေါ်လာသည်။

မေးခွန်းရှင်သည် ဗယ်လက်ထဲမှာ လက်ဆွဲ မီးအိမ်ကို ကိုင်ဆောင်ထားသည်။ ညာလက်အတွင်းမှာတော့ လက်နက်တခုခုကို ကိုင်ဆောင်ထားကြောင်း လှမ်းမြင် သတိပြုမိသည်။

ထိုသူ့ထံမှ မေးခွန်းထုတ်သံကြောင့် ရုတ်တရက် ဆိုတော့လည်း ကျိုးကျင့် ကြံရာမရ ဖြစ်သွားသည်။ ပြန်းစားကြီး အဖြေမပေးနိုင်ပဲ ရှိသည်။

နောက်မှ ဖြစ်ချင်ရာဖြစ်ဆိုသည့်သဘောမျိုးဖြင့် စိတ်ကို ဇွတ်အတင်း မြှင့်၍....

"ခြော်....ကျွန်တော် ခရီးသွား တယောက်ပါ၊ နေမဝင်

ကျေးရွာကို သွားမလို့ဥစ္စာ....အခု မိုးချုပ်သွားတာနဲ့ သည်အထဲမှာ တညတလေ အိပ်စက် အနားယူမလို့ပါ"

"ပေါက်ပေါက်ရှာရှာကွာ၊ ဒီ ပြောင်းခင်းထဲမှာမှ လာပြီး အိပ်စက် အနားယူမယ်ရယ်လို့၊ သည်ပြောင်းခင်းထဲမှာ အဆိပ်ပြင်းတဲ့ သတ္တဝါတွေ သွားလာလှုပ်ရှားနေတယ်ဆိုတာကို မင်း မသိဘူးလား"

"ဟုတ်ကဲ့၊ မသိလို့ပါခင်ဗျာ၊ ဒါပေမယ့်ကိစ္စမရှိပါဘူးလေ။ ကျွန်တော်က သည်တညထဲ သည်မှာ အိပ်မှာပါ။ နောက်တနေ့ နေထွက်တာနဲ့ ကျွန်တော် သည်ကနေ ခွာသွားမှာပါ"

"အာကွာ....သည်တညလေး တည်းမယ့်ဥစ္စာပဲ၊ သည်အထဲမှာ အိပ်မယ့်အစား ခပ်ပေါပေါ တည်းခိုခန်းတခုမှာ အခန်းငှားပြီး သွားတည်းနေလိုက်ပါလားကွ၊ ဒါဆိုယင် မင်းအတွက် ပိုပြီး အဆင်ပြေအုန်းမယ် ဟေ့"

ထိုသူ ပြောသည်က မှန်သည်။ သို့စေကာမူ သူ့မှာကလည်း ကိုယ့်အကြောင်းနှင့်ကိုယ်၊ လောလောဆယ် သူ့မှာ ရှိနေသည့် ငွေက အပေါစား တည်းခိုခန်းမှာ တည်းခိုနိုင်လောက်သည် အထိပင် မလုံလောက်။

ကျိုးကျင့်သည် သက်ပြင်းတချက်ကိုသာ ချသည်။ ထိုသူ နားလည်အောင်လည်း လေပြေကလေးထိုး၍....

"ဟုတ်ကဲ့၊ခင်ဗျားပြောသလို ကျွန်တော်အပေါစား တည်းခိုခန်း တခုခုမှာ တည်းခိုချင်ပါတယ်။ အို....ဒါပေမယ့် ခက်တာက အဲသည် အပေါစား တည်းခိုခန်းမှာ တည်းခိုလို့ ရတဲ့ အထိ ကျွန်တော့်ဆီမှာ ရှိနေတဲ့ငွေက မလုံလောက်ဘူးဗျာ။ ဟင်း....



မြွေဆိုးဂေဟာထဲကနေ ဖြုန်း စား ကြီး ထွက် လာ မိ တော့ ကျွန်တော့်မှာ ငွေနည်းနည်းပဲ ပါလာခဲ့တာပေါ့"

"ဘယ်လိုကွ၊ဘယ်လို၊ မြွေဆိုးဂေဟာကနေ ထွက်လာခဲ့တယ် ဟုတ်လား"

ထိုသူက ကပျာကယာ မေးသည်။

ထိုသူ ဘာကြောင့် ယင်းမေးခွန်း ထုတ်သည်ကို ကျိုးကျင့် စဉ်းစား မရ။

ဒါကြောင့်လည်း၊

"ဟုတ်တယ်လေ။အဲဒါ ဘာဖြစ်သလဲ....ဘာလဲ....ခင်ဗျားက မြွေဆိုးဂေဟာနဲ့များ အဆက်အစပ် ရှိနေလို့လား"

"နေအုန်း၊ နေအုန်း....မင်း ဘာမှ မမေးနဲ့အုန်း။ ငါမေးတာ တွေကိုသာ အယင်ဖြေ၊ နို့....မင်းနာမည်က ဘယ်သူလဲ"

"ကျိုးကျင့်လေ"

ကျိုးကျင့်ကလည်း ကွယ်ဝှက်ထားစရာ အကြောင်း ဘာမှ မရှိသည်မို့ အမှန်အတိုင်း အဖြေပေးလိုက်မိသည်။

ထိုစဉ်မှာပင်၊

ထိုသူ့ထံမှ အလန့်တကြား အာမေဋိတ် လွှတ်ထုတ်သံကို ကျိုးကျင့် နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်။

"ဟိုက်....မင်းက မြွေဆိုးဂေဟာက ကျိုးကျင့်ကိုး....ဟား.... ဒါဆို အတော်ပဲ ဟေ့"

"ဘာကို တော်နေရတာလဲဗျ"

ကျိုးကျင့်က အဓိပ္ပာယ်မရှင်းသလို ပြန်မေးလိုက်မိသည်။

သည်တော့လည်း ထိုသူက....

"ဟား....အဲဒီတော့ပဲဆို ငွေတွင်းကြီးက ငါ့ခြေဖြောင်းခင်းထဲကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်နေတာကိုးကွ"

သူ ဘာတွေပြောနေပါလိမ့်။

သူ ပြောနေသမျှ စကားတွေကို ကျိုးကျင့် ဘာတခုမှ နား မရှင်း။ အဓိပ္ပာယ် မပေါက်။

"ခင်ဗျား ဘာတွေလာပြောနေတာလဲဗျ ခင်ဗျား ပြောနေတာတွေကိုကို ကျွန်တော် ဘာမှ နားမလည်ဘူး"

"အေး....မင်း နားမလည်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ အဲ... ဒါဖြင့် ရော့ ဒီဟာလေးကို ဖတ်ကြည့်။ ဒါဆိုယင် ငါ ဘာတွေ ပြောနေတယ်ဆိုတာကို မင်း နားလည် သဘောပေါက်လာလိမ့် မယ်"

သူသည် စကားဆုံးသည်နှင့် လက်ဆွဲမီးအိမ်လေးကို မြေပြင် ပေါ် ချသည်။ ခါးကြားမှာ ထိုးထားဟန်ရှိသော အရာဝတ္ထု တခုကို ဆွဲထုတ်လျက် ကျိုးကျင့်ထံ လှမ်းပစ်ပေးသည်။ ကျိုးကျင့် က အသာဖမ်းယူသည်။ လေးထောင့်ကျကျ သေသေသပ်သပ် ခေါက်ထားသော စာရွက်ခေါက်ကလေးဖြစ်နေသည်။ ကျိုးကျင့် သည် စာရွက်ခေါက်ကလေးကို အ သော တ ကြီး ဖြန့် လိုက် မိသည်။

ထင်းထင်းကြီးပေါ်လာသော စာကြောင်းများက ကျိုးကျင့် ၏ မျက်လုံးအစုံကို ညို့ဖမ်းလိုက်သည့်နှယ် လက်အေးကြီးဖြင့် အသည်းနှလုံး တပြုံတမကြီးကို ဆုပ်ချေ လှုပ်ယမ်းလိုက်သကဲ့သို့ ခံစားလိုက်ရလျက်၊



ကြည့်လေ။

ဖြူဖွေးသော စာရွက်ပေါ်မှာ ထင်းထင်းကြီးပေါ်လာသော စာပါအကြောင်းအရာတွေက ယင်းသို့ပါတည်း။

## အလိုရှိသည်

လူ သုံးယောက်တိတိကို ရက် ရက် စက် စက် သတ်ဖြတ်ထွက်ပြေးတိမ်းရှောင်နေသော လူသတ် ဝရမ်းပြေး ကျိုးကျင့်အား အသေရရ အရှင်ရရ လက်ရဖမ်းဆီးပြီး မြေဆိုးဂေဟာသို့ ပြန်လည် ဆောင်ကြဉ်းလာနိုင်သူ မည်သူ့ကိုမဆို မြေဆိုး ဂေဟာ အရှင်သခင် လင်းယုန်သိုင်းသမားရန်းလုံ က ဆုငွေ ငါးသောင်း ချီးမြှင့်မည် ဖြစ်ပါ ကြောင်း။

ထိုစာကြောင်းတွေရဲ့အောက်မှာတော့ သူ့ ပုံပန်းသဏ္ဍာန်ကို ဆက်လက် ဖော်ပြထားသည်။ အသက်အရွယ်၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်တအစ မျက်နှာအနေအထားပုံပန်းသဏ္ဍာန် အဆုံး အားလုံး တခုမကျန် မထိန်မချန် ဖော်ပြ ထားသည်။ အောက်ဆုံးမှာတော့ လင်းယုန်သိုင်းသမား ရန်းလုံ၏လက်မှတ်။

ကျိုးကျင့် ပြင်းစွာ စိတ်လှုပ်ရှားသည်။

အသက်ရှူနေရသည်မှာလည်း ချောင်ချောင်ချိချိမရှိတော့။ ကျပ်တောက်လာသည်။

စိတ်ဒေါသ၏ ရိုက်ခတ်မှုကြောင့် စာရွက်ကို ကိုင်ထားသော သူ့လက်မှာ တဆတ်ဆတ်တုန်ယင်လာသည်။

ယခုမှပဲ၊

သူသည် အလုံးစုံကို နားလည်သဘောပေါက်မိသည်။

တကယ်တော့ လင်းယုန်သိုင်းသမား ရန်းလုံသည် သူ လုပ်ခဲ့သမျှ အပြစ်အားလုံးကို ကျိုးကျင့်အပေါ် ပုံချခဲ့ခြင်းပေပဲ။ သူ့ကိုယ်သူ သူတော်ကောင်းယောင် ဆောင်ပြီး ကျိုးကျင့် ကိုပင် လူသတ်သမား ဝရမ်းပြေးတယောက်ရယ်လို့ အတိအလင်းစွဲချက်တင်လျက် ဆုငွေများတောင် ထုတ်လို့။ သူခိုးက လူလူဟု ဟစ်လိုက်သည့်သဘော။

စေ့စေ့တွေးကြည့်လေ ရင်နာဖို့ကောင်းလေပါပဲကလား။

ကျိုးကျင့်ဘက်ကကြည့်လျှင် ကိုယ်မကျူးလွန်ခဲ့ရသည့် ပြစ်မှုတွေအတွက် အချောင် ခံရသည့် အခံ ဘ၀သို့ ရောက်နေရသည့်အဖြစ်။

ကျိုးကျင့်သည် ယခုချက်ချင်း မြွေဆိုးဂေဟာသို့ပြန်ပြေးပြီး ဖြင်ပျက်ခဲ့သမျှ အကြောင်းချင်းရာတွေအတွက် ပြတ်ပြတ်သားသား စာရင်းရှင်းပစ်လိုက်ချင်စိတ်ပင် ပေါက်ခဲ့ရသည်။

မဖြစ်သေး။

လောလောဆယ်တွင် လူတကာ၏အမြင်မှာတော့ ကျိုးကျင့်သည် လူသတ်သမား ဝရမ်းပြေးတယောက်။

ထို့ကြောင့်၊

အဖြစ်မှန်ကို မရှင်းလင်းနိုင်သေးခင်မှာတော့ ကိုယ့်စိတ်ကိုယ်



ထိန်းချုပ်ထားမှ ဖြစ်မည်။ စိတ်အလိုမလိုက်မိအောင် ထိန်းချုပ်ထားမှ တော်ကာကျမည်။

သို့မဟုတ်ပါမူ၊

မြွေဆိုးဂေဟာသို့ ပြန်မရောက်နိုင်ခင် အဖြစ်မှန်တွေကို မရှင်းလင်းနိုင်သေးခင် လမ်းခုလတ်မှာပင် အသက်နှင့် ခန္ဓာကိုယ် အိုးစားကွဲကိန်း ကြုံတွေ့သွားရနိုင်သည်။

"ကဲ....ဒီလောက်ဆို ငါ ဘာကို ဆိုလိုတယ်ဆိုတာကို မင်း နားလည်သဘောပေါက်လောက်ရောပေါ့နော်။ ဟဲ....ဟဲ"

သူက စကားအဆုံးတွင် ရယ်သံပြုသည်။

ကျိုးကျင့်သည် လေသံတည်တည်ငြိမ်ငြိမ်ဖြင့်ပင် သူ့ကို ပြန်ပြောခဲ့သည်။

"ဟုတ်ကဲ့။ ခင်ဗျား ပြောခဲ့တဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်းကြီး နားလည်သဘောပေါက် ပါပြီလေ။ တကယ်တော့ ခင်ဗျားက ကျွန်တော့်ကိုဖမ်းပြီး ဆုငွေ ငါးသောင်း သွားထုတ်မလို့မဟုတ်လား"

"ဟား ဟား ဟား.... ဒါပဲရှိတော့တာပေါ့ ကျိုးကျင့်ရယ်။ မင်းဟာ ငါ့အတွက် ငွေငါးသောင်း တန်နေတဲ့ဥစ္စာပဲ။ ဒီတော့ မင်းကို ငါ လက်ရဖမ်းပြီး ဆုငွေသွားထုတ်လိုက်ရုံပဲ ရှိတော့တာပေါ့ကွာ"

"သိပ်လဲ အပြောကြီး မနေနဲ့အုန်း။ ခင်ဗျားက ကျုပ်ကို အလွယ်တကူဖမ်းနိုင်လိမ့်မယ်လို့များ ထင်နေလို့လား"

"အာ....ဒါကတော့ အချိန်အခါက အဆုံးအဖြတ် ပေးလိမ့်

မပေါ်ကွာ။ ငါ့ဟာတော့ မင်းကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ဖမ်းရမှာပဲ ဟေ့”

သူက သူ့ကိုယ်သူ အတော်ကြီး အထင်ကြီးနေပုံ ရသည်။

ကျိုးကျင့်သည် သူ့လက်တကမ်းအကွာမှာ ရှိနေသည့် လက်စွဲ မီးအိမ်လေးကို လှမ်းကြည့်သည်။

သည့်နောက်မှာတော့၊

ကျိုးကျင့် တွေဝေထွေရာရာ စဉ်းစားမနေတော့။

လျှပ်တပြက် လှုပ်ရှားမှုပြုသည်။

ဖြတ်ဆို လက်ဆွဲမီးအိမ်လေးကို ကောက်ကိုင်ကာ ထိုသူ့ မျက်နှာဆီ ပစ်ပေါက်လိုက်မိသည်။

ရုတ်တရက် မထင်မှတ်ပဲ ပြုမူလိုက်သော ကျိုးကျင့်၏ လျှပ်တပြက် လုပ်ရပ်ကြောင့် ထိုသူ့ခမျာ ရှောင်ချိန်မရလိုက်။

မျက်နှာကို မီးအပူဟပ်ခံလိုက်ရသည်။

အားကနဲ အသံတချက်ပေးပြီး နောက်သို့ ခြေလှမ်းဆုတ် သွားသည်။

မီးပူဟပ်ခံလိုက်ရသော်လည်း သူ့မှာသိပ်ကြီးကြီးကျယ်ကျယ် ဒဏ်ရာဝေဒနာကိုတော့ ခံစားရပုံမပေါ်။

သူသည် ချက်ချင်းပင်ပေါက်ဓားကိုင်ညာလက်ကိုကိုင်မြှောက် လှုပ်ယမ်းယင်း နှုတ်မှလည်း ဒေါသတကြီး။

“ခွေးမသားလေး၊ သည်နေ့တော့ မင်းရဲ့သေနေ့ပဲဟေ့။မင်းကို အရေခွံခွာပြီး မြေဆိုးဂေဟာကို ယူသွားမယ်ဟေ့”

အားပါးပါး၊ ကြိမ်းဝါးသံကြီးက ကြောက်ခမန်းလိလိပါပဲ ကလား။



ကြိမ်းဝါးသံ၏ နောက်ဆက်တွဲအဖြစ် သူသည် ကျိုးကျင့်၏ ရင်ဝတည့်တည့်ကို ဓားဖြင့် စိုက်ချလိုက်သည်။

ကျိုးကျင့် တဘက်သို့ လှိမ့်ရှောင်ထွက်သည်။

ညာခြေဖျားဖြင့် သူ့မေးစေ့အောက်ကို ခတ်ကန်သည်။ အရှိန်က ပြင်းလွန်းသောကြောင့် သူ့မေးစေ့လန်ပြီး နောက်ပြန် လွင့်ထွက်သွားသည်။

ကျိုးကျင့်သည် ဖြတ်ကနဲ ထရပ်သည်။

မြေပြင်ပေါ်မှာ ဆန့်ဆန့်ကြီးလဲနေသည့် သူ့ဓားကိုင် လက် ကောက်ဝတ်ကို ညာခြေဖြင့် ဖိနင်းပစ်လိုက်သည်။

အသည်းခိုက် နာကျင် လွန်းသောကြောင့် သူ့နှုတ်ဖျားမှ စူးစူးဝါးဝါး အော်သံထွက်ပေါ်လာသည်။ လက်ထဲမှ ဓားမှာ လည်း လွတ်ကျသွား၏။

ကျိုးကျင့်သည် ပေါက်ဓားလေးကို ကောက်ယူသည်။

သူ့ဓားဖြင့်ပင် သူ့လည်ပင်းတစိုက်ကို ဝဲပြထားလိုက်ရာမှ တဆက်တည်း တင်းတင်းစေ့နေသော နှုတ်ခမ်းနှစ်လွှာကြားက ထွက်လာသည့် လေသံမျိုးနှင့်....

“ခင်ဗျားအနေနဲ့ မသေမချင်း မှတ်ထား။ ရန်သူကို ဘယ်တော့မှ အထင်မသေးနဲ့။ ကိုယ့်ရဲ့ပြိုင်ဘက်ကိုလဲ ဘယ်တော့မှလဲ ပေါ့ပေါ့လျော့လျော့ မတွက်နဲ့။ မြေမှန်သမျှကိုလဲ အားလုံး ရေမြေချည်းပဲ ဖြစ်လာလိမ့်မယ်လို့လဲ တထစ်ချ ဘယ်တော့မှ မမှတ်ယူနဲ့။ ကျုပ်ပြောတာ နားလည်ရဲ့လား”

သူသည် ကျိုးကျင့်၏အမေးကို မည်သို့မျှ မတုံ့ပြန်။ကြောက် လန့် ရိပ်များ လွှမ်းမိုးခြယ်သနေသည့် အကြည့်ဖြင့်သာ ကျိုးကျင့်

ကို မော့မော့ကလေး ကြည့်နေသည်။ တဒင်္ဂအတွင်းမှာပင် သူ့နဖူးပြင်ပေါ်တွင် ဇီးကင်းခန့်ရှိ ချွေးသီး ချွေးပေါက်ကြီးများ စို့သီးထွက်လာသည်။

ဩော်...သေရမှာတော့လည်း ကြောက်ရှာပေသကိုး။

စောစောတုန်းက၊

အထက်စီးရနေတုန်းက လေလုံးမိုးလုံး ထွားခဲ့သည်သော်၊

ယခုလို ကိုယ့်အောက်တွင် ပြားပြားမှောက်နေရသည့်အချိန်မှာတော့ မျက်လုံးလေး ကလည်ကလည်ဖြစ်လို့။

သနားစရာ ကောင်းလိုက်ပါဘိတော့သည်။

ပစ္စက္ခအခြေအနေတွင် ကျိုးကျင့်သည် သူ့ဓားဖြင့် သူ့ကို အသာလေး သတ်သွားနိုင်သည်။

အခက်အခဲမရှိပဲ လူသတ်ခြင်း အလုပ်ကို လွယ်လင့်တကူ လုပ်ဆောင်သွားနိုင်သည်။

ဒါပေမယ့်

ကျိုးကျင့်သည် မမျှော်လင့် မထင်မှတ်ရပဲ လူသတ်သမားဘဝသို့ ကျရောက်နေရသော်လည်း တကယ်တမ်းကျတော့ သူသည် တကယ့် လူသတ်သမားတယောက်တော့ မဟုတ်ပါ။ သည်ကနေ့ထက်ထိ ကျိုးကျင့်သည် လူတယောက်ကိုမှလည်း မသတ်ဖူးခဲ့ပါ။ နောင်တွင်လည်း မသတ်ချင်ပါ။ အမှန်အတိုင်း ဝန်ခံရလျှင် ကျိုးကျင့်သည် လူသတ်ရသည့် အလုပ်ကို အတတ်နိုင်ဆုံး ရှောင်ရှားချင်သည်။

"မင်း....မင်း....ငါ့ကိုဘာလုပ်မလို့လဲဟင်"

ကြည့်စမ်း။



မေးခွန်းထုတ်လာသည့် သူ့အသံက အထစ်ထစ် အငေါ့ငေါ့ ဖြစ်လို့။ တုန်တုန်ရီရီဖြစ်လို့။

ကျိုးကျင့်သည် သူ့မျက်လုံးကို စူးစူးရဲရဲကြီး စိုက်ကြည့်လျက် မဲ့ပြုံးလေးတချက်ပြုံးကာ၊

"ဒီလောက်အထိအောင်လဲ ကြောက်လန့်ပြီးစိုးရိမ်မနေစမ်းပါနဲ့လေ။ လူယုတ်မာတယောက်ရဲ့ ယုတ်မာပက်စက်မှုကြောင့်နဲ့ ကျုပ်ဟာ ကျုပ်မကျူးလွန်ခဲ့ရတဲ့ ပြစ်မှုတွေအတွက်လူသတ်သမား ဝရမ်းပြေးဘဝကို ရောက်နေရပေမယ့် တကယ်တမ်းကျတော့ ကျုပ်ဟာ သည်ကနေ့ထက်ထိ လူတယောက်ကိုမှ မသတ်ခဲ့ဖူးဘူးဆိုတာကိုယုံ။ အခုလဲ ခင်ဗျားဟာ ကျုပ်ကိုအသေသတ်ဖို့ကြိုးစားခဲ့ပေမယ့် ကျုပ်ကတော့ ခင်ဗျားကိုအသေသတ်တဲ့အထိတော့ မလုပ်ခဲ့ပါဘူးလေ။ အဲသည်လိုလုပ်ရအောင်လဲ ကျုပ်မှာ လူစိတ်မကင်းမဲ့သေးပါဘူး။ အဲ....ဒါပေမယ့် ခင်ဗျားကို ကျုပ် ဒီအတိုင်း ပြန်လွှတ် ပေးလိုက်ပြန်ယင်လဲ.... ကျုပ်သေတွင်း ကျုပ် ပြန်တူးသလို ဖြစ်နေမှာ သေချာတယ်။ ဒါကြောင့် ခင်ဗျားကို ကျုပ် ဒီအတိုင်း ပြန်လွှတ်ပေးလိုက်လို့လဲ မဖြစ်သေးဘူး။ အဲသည်တော့...."

စကားဆုံးသည်နှင့်၊

ကျိုးကျင့်၏ ဗယ်လက်ဝါးသည် အပေါ်သို့ မြောက်တက်သွားသည်။

သူ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။

အကြောက်အကန်တိမ်းရှောင်ဖို့ ကြိုးစားခဲ့သေးသည်။

ဒါပေမယ့်၊

မရပါလေတော့။

ထိုအချိန်မှာပင်၊

ကျိုးကျင့်၏ ဗယ်လက်ဝါးက သူ့ ရင်ဘတ်ဘည့်တည့်ဆီ စိုက်ကျခဲ့ချေပြီတည်း။

ကဲ... မြည်းလိုက်စမ်း၊ ရှောင်လင်မြွေဆိုးဆီက တိတ်တခိုး လေ့လာမှတ်သားခဲ့ရသည့် တွင်းထွက်မြွေပေါက် လက်ဝါးရိုက် ချက်။

\+ + +

ကျိုးကျင့်၏ တွင်းထွက်မြွေပေါက် လက် ဝါး ရိုက်ချက်ကြောင့် ထိုသူသည် တရေးတမောအိပ်မောကျသွားပြီ။

အသက်မသေနိုင်သော်လည်း အတော်ကြာသည်အထိတော့ သတိရလာအုန်းမည် မဟုတ်။

သူသတိရတာ မရတာအသာထား။

ကျိုးကျင့်အနေဖြင့်လည်း သည်နေရာတွင် ဆက်လက်နား နေရန်မသင့်တော်တော့။

အန္တရာယ်ပေးမည့်လူသားများ သည်နေရာသို့ နောက်ထပ် ရောက်မလာမီ ရှေ့ခရီးဆက်မှဖြစ်မည်။

လောလောဆယ်တွင်၊

သူသည် အများအမြင်မှာ လူသတ်သမား ဝရမ်းပြေး တယောက်ဖြစ်နေပြီ၊ ကျိုးကျင့်အနေဖြင့် လူတွေ ကြားထဲမှာ



မတိုးဝင်သင့်တော့ပြီ။ ဖြစ်နိုင်လျှင် လူတွေနှင့်ဝေးရာမှာနေတာ သူ့အတွက်အန္တရာယ်အရှင်းဆုံး။

ကျိုးကျင့်သည် ထိုသူ့ဆီကအချောင်ရလိုက်သည့်ပေါက်ဓား လေးကို လိုရမယ်ရသဘောမျိုးဖြင့် ခါးကြားမှာထိုးထည့်လိုက် သည်။

ထို့နောက်၊

အသေကောင်ကြီးနှင့်မခြား ဆန့်ဆန့်ကြီးသတိလစ်နေသော ထိုသူ့ကို ကျောခိုင်းထွက်ခွာခဲ့သည်။

ခြေ... ပြောင်းခင်းထဲမှာ သည်တညတာ စိတ်ချ လက်ချ အေးအေးဆေးဆေး နားနေ အိပ်စက် လိုက်မည်ရယ်လို့ စိတ် ဆုံးဖြတ်ချက်ချမိကာမှ.... သူတပါးအသက်သတ်ပြီး ကိုယ်ကျိုး ရှာချင်သူနှင့်မှ လာရောက်ဆုံတွေ့နေရသေးသည်။

သူ့ ကုသိုလ်ကံကိုက ဆိုးရွားလွန်းလှပါသည်လေ။

ဘယ်ခေသာ ဘယ်အခါကျမှ သူ့အပေါ်မှာ ရစ်နှောင်ထား သော အန္တရာယ်ကြီးမျှင်တွေပြတ်တောက်မည်မသိဘတ်ပြီ။

●

## ကံဆိုးမ သွားလေရာ မိုးက ထက်ချပ်မကွာ

"ဝုန်း....ဒိုင်း"

ဝင်းကနဲ ပြက်လိုက်သော လျှပ်ရောင်တန်း၏ နောက်ကနေ ကပ်ပါလာသည်က မိုးထစ်ချုန်းသံကြီးပါတည်း။

တလောကလုံးအမှောင်ရီရစ်ဆိုင်းလို့ မိုးမင်းကလည်း အငြိုးကြီးနေသည်။

တဝေါဝေါ တဟည်းဟည်းဖြင့် မိုးစက် မိုးပေါက်များက အဆက်မပြတ်ကျရောက်နေသည်။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ ဆို သည့် အ တိုင်း ပါပဲ ကလား။

ကျိုးကျင့်သည် မိုးရွာကြီးထဲမှာ အိမ်ဆောင်း အကာမပါ



ဗလာကိုယ်ထီး ခရီးနှင်နေရာမှ၊ အလိုလိုနေယင်း သူ့ဘဝသူ နာကျည်းချင်စိတ်ပင် ပေါက်ခဲ့ရသည်။

တကယ်တော့၊

လူ့လောကတွင် လူလာဖြစ်ရသည်ကိုက သူ့အဖို့ဒုက္ခတရားများကို ရင်နှင့်မဆံ့အောင် ခါးစည်းခံရဖို့ ဖြစ်ခဲ့ရလေသည်လား မဆိုတတ်နိုင်။

စ မွေးဖွားခဲ့သည်မှ သည်ကနေ့ လူလားမြောက် အရွယ်ရောက်သည့်အချိန်အထိ။ ကံကြမ္မာက သူ့အတွက် တစက်ကလေးမှ မျက်နှာသာ မပေးခဲ့ချေ။

တခါ တခါတော့လည်း၊

ကျိုးကျင့်သည် သူ့အား လူ့လောကသို့ ဆောင်ကြဉ်းပေးခဲ့သည့် ကျေးဇူးရှင် မိဘနှစ်ပါး အပေါ်မှာပင် အပြစ်မြင်ချင်သလို ဖြစ်ခဲ့ရသေးသည်။

ခြော်....ဒုက္ခတရားတွေ သည်လောက်ပြွမ်းတီးနေသည့် လူ့လောကကြီးထဲသို့ ဘာကြောင့်များ သူ့ကို ဆောင်ကြဉ်း ပေးခဲ့ရပါလိမ့်လို့။

\+ \+ \+

တညလုံး မနားတမ်း အဆက်မပြတ် ရွာချနေသည့် မိုး။

နံနက်မိုးသောက် အလင်းရောက်တာဘောင်မှ မတိတ်သေး။ ဖွဲဖွဲ ဖွဲဖွဲဖြင့် ရွာသွန်းနေဆဲ၊ ညဘုန်းတာလောက် မကြမ်းတမ်း

တော့သော်လည်း မိုးဒဏ် လေဒဏ် ကြောင့် တလောကလုံး စွတ်စွတ်စိုစို ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေသည်။

ကျန်းနန်ရွာငယ်လေးကို စွန့်ခွာလျက် တညလုံး မရပ်မနား ခရီးဆက်ခဲ့သည့် ကျိုးကျင့်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် နေမဝင်ကျေးရွာ ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ချေတော့သည်။

နေမဝင် ကျေးရွာ။

ရွာငယ်လေးတရွာမျှသာ ဖြစ်သော်လည်း ကုန်သည် ပွဲစားတို့ဖြင့် စည်ကားသိုက်မြိုက်ခြင်း ရှိသည်။

မြင်းကိုယ်စီဖြင့် ဟိုဟို သည်သည် သွားလာ နေကြသော လူသားများကို နေရာအနှံ့ အပြား မြင်တွေ့နေရသည်။

လူနေအိမ်ခြေ များပြားလွန်းသောကြောင့် သည်မျှ လူစည်ကားနေသည်လား မပြောတတ်။

ထို့ထက်မှာမူ၊

အခရောင်းဆိုင်အမျိုးမျိုးကိုလည်းသည်မှာ မြင်တွေ့နေရသည်။ အစားအသောက်ဆိုင်၊ အဝတ်အစားဆိုင်၊ ကုန်ခြောက်ပစ္စည်းဆိုင်၊ လက်နက်ပစ္စည်းကိရိယာဆိုင်၊ အစုံအစုံ။ ကျန်းနန်ရွာတွင် မတွေ့ခဲ့ရသော ဆိုင်များကို သည်မှာ မြင်တွေ့နေရသည်။

စားသောက်ဆိုင်ခန်းများကို မြင်တွေ့ရတော့မှပင် ကျိုးကျင့်သည် ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်ရကောင်းမှန်း သိလာရသည်။

မြွေဆိုးဂေဟာထဲမှ စထွက်လာကတည်းက ဘာအစားအစာ



မှ ဖြစ်ဖြစ်မြောက်မြောက် မစားခဲ့ရသေး။ သူ့ ဝမ်းဗိုက်ထဲမှ ပိုးမျိုးရှစ်သောင်းကလည်း ထကြွ သောင်းကျန်းစ ပြုလာသည်။

သည်အတိုင်းဆိုမဖြစ်ချေဘူး။ စားသောက်ဆိုင်တဆိုင်ဆိုင်ထဲ ဝင်ပြီး ကိုယ့်မှာ ပါလာသမျှ နောက်ဆုံးပိုက်ဆံလေးနဲ့ ဝမ်းဗိုက်ဖြည့်တင်းရတော့မှာပဲလေ။

စိတ်ဆုံးဖြတ်ချက်ချသည်။

ဈေးပေါပေါနှင့် ကောင်းမွန်စွာ စား သောက် နိုင် သည့် စားသောက်ဆိုင်ကိုလည်း မျက်စိကစားရှာ ကြည့်လာခဲ့သည်။

ဟော....တွေ့ပြီ။ ရှေ့နားမှာ ဘာတဲ့....အပြင်ဘက် ဆိုင်းဘုတ်ပေါ်မှာ ရေးထားဘာ....အံမယ်....မယ်၊ သင့်မှာ တကျပ်ခွဲရှိလျှင် ကြက်၊ ဝက်၊ ဘဲ ကြိုက်ရာဟင်းအမယ်တမျိုးမျိုးနှင့် ဆန်ခေါက်ဆွဲပြုတ်ကို သုံးဆောင်နိုင်သည် ဆိုပါကလား။

ဟုတ်ပြီ။ အဲသည်ဆိုင်မှာ ဝင်ကြိတ်လိုက်အုံးမယ်။ သူ့မှာ ရှိနေသည့် ငွေသုံးကျပ်နှင့်ဆို အဲသည်ဆိုင်မှာ နှစ်ခါပြန်တောင် ပြန်စားနိုင်သေးတယ်။

ကျိုးကျင့်သည် ခြေလှမ်းကျဲကြီးတွေဖြင့် ထိုစားသောက်ဆိုင်ဆီသို့ လျှောက်ခဲ့သည်။

\+ \+ \+

ဆိုင်နာမည်က အညတြ စားသောက်ဆိုင်။

ဆန်ခေါက်ဆွဲပြုတ်ကို ကြိုက်ရာ အသားဟင်းတမျိုးနှင့် ကြိုက်နှစ်သက်သလောက် စား၊ ကျသလောက်ငွေက တကျပ်ခွဲထဲရယ်။

တန်သည်။ မဆိုး။

ဆန်ခေါက်ဆွဲပြုတ်ကို မစားသောက်ရမီကတည်းကပင် စိတ်အတင်ဖြင့် ယမ်း၍ တန်ပစ်လိုက်သည်။

ကျိုးကျင့်သည် ဆိုင်ထဲသို့ စတင် ခြေချသည်။

ဆိုင်အတွင်းပိုင်း၏ အနေအထားကို လေ့လာအကဲခတ်သည်။

စားသောက်ဆိုင်ခန်းက မကျယ်မကျဉ်း ဖြစ်သည်။

စားပွဲဝိုင်းဆယ်လုံးကို ချထားသည်။

စားပွဲဝိုင်းတလုံးတွင် ထိုင်ခုံငါးလုံးစီ ထားရှိသည်။

တနည်းအားဖြင့် ဆိုရသော်၊

လူအယောက် ငါးဆယ်တိတိဆံ့သည့် ဆိုင်ခန်းဆိုကမှားမည် မဟုတ်။

ဝင်ပေါက်အေးမှာတော့ စားသောက်ဆိုင် ကောင်တာ။

ကောင်တာ နောက်မှာတော့ အရောင်းစာရေးလား၊ ဒါမှ မဟုတ် ပိုင်ရှင်ကိုယ်တိုင်ပဲလား မပြောတတ်။ မျက်နှာပြဲပြဲ အဆီအစ်အစ်ဖြင့် အသက်ငါးဆယ်လောက်ရှိမည့် လူဝကြီးတယောက်က ထိုင်နေသည်။

လောလောဆယ်တွင်၊

ဆိုင်ထဲမှာ လူပြည့်နေသည်။

စားသောက်သူတို့ဖြင့် စည်စည်ကားကား ဖြစ်နေသည်။

အံ့မယ်....ကြည့်စမ်း၊ သည်မှာ အရက်လည်းရပေသကိုး။

အချို့စားပွဲဝိုင်းတွေပေါ်မှာ အရက်ကြွေကရားအိုး များကို မြင်တွေ့ရသည်။



ကျိုးကျင့်သည် သူ့တကိုယ်စာထိုင်နိုင်မည့် ထိုင်ခုံတနေရာစာကို ရှာကြည့်သည်။

သည်တော့လည်း၊

ထောင့်ဆုံးနားက စားပွဲဝိုင်းလေးတလုံးဆီ သူ့အာရုံစူးစိုက်မိသွားသည်။

အခြားစားပွဲဝိုင်းတိုင်းတွင် ထိုင်ခုံနေရာလွတ် မကျန်အောင် စားသောက်သူတို့ဖြင့် ပြည့်နေသော်လည်း ထောင့်ဆုံး နားက ထိုစားပွဲဝိုင်းမှာတော့ လူတယောက်တည်းသာ ရှိနေသည်။

ထိုလူမှာလည်း သူ့လိုလူငယ်တယောက် မဟုတ်။

မုတ်ဆိတ်မွေး ဖားဖား၊ နှုတ်ခမ်းမွေး ဖြူဖြူနှင့် အဘိုးအိုတယောက် ဖြစ်နေသည်။ ခေါင်းပေါ်တွင် ခမောက်ဝိုင်းလေးတလုံး။ သူ့မျက်နှာကို အခြားသူတွေမြင်တွေ့မှာကို စိုးရိမ်သောကြောင့်လားမသိ၊ မျက်နှာတဝက် ဖုံးအုပ်သည်အထိ ခမောက်ဝိုင်းလေးကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။ သူ့ရှေ့မှ ဆန်ခေါက်ဆွဲပြုတ်ကို ခေါင်းမဖော်တမ်း စားသောက်နေသည်။

ကျိုးကျင့်ဘက်မှကြည့်လျှင်တော့ သူ့ကို ဘေးတိုက် အနေအထားဖြင့် မြင်တွေ့နေရသည်။

ကျိုးကျင့်သည် ဆိုင်တွင်းသို့ ဝင်ရောက်ခဲ့သည်။

ဆိုင်တွင်းမှ အစုံစုံသော မျက်လုံးတွေက ကျိုးကျင့်၏ ကိုယ်ခန္ဓာပေါ်သို့ စူးစိုက်လာကြသည်။ သူတို့....သူတို့တတွေ၏အကြည့်က အံ့သြလွန်းလှသည့်အကြည့်၊ ရှုတ်ချအပြစ်တင်သည့်အကြည့်။

သိပ်တော့မဆန်းပါ။

တကယ်တော့၊

အများတကာ၏အမြင်တွင် တကိုယ်လုံး မိုးရေတို့ဖြင့် ရွှဲရွှဲနစ်နေသော ကျီးကျင့်၏သွင်ပြင်ကာ အထူးအဆန်း သတ္တဝါလေးတကောင် ဖြစ်နေသည်မဟုတ်လား။

ကျီးကျင့်သည် အများတကာ၏ အကြည့်တွေကိုရှောင်လွှဲပြီး လူရှင်းနေသည့် စားပွဲဝိုင်းဆီ အရောက်သွားသည်။

သူ့တင်ပါးနှင့်ထိုင်ခုံ ထိတွေ့လိုက်မှ သိပ်မကြာခင် စားပွဲထိုးလေးတယောက်က သူ့ဘေးနားသို့ အသင့်ရောက်လာသည်။

"ဘာစားမလဲ....ဘာသောက်မလဲ...."

စားပွဲထိုးလေး၏ နှုတ်ဖျားမှထွက်လာသည့် မေးခွန်းထုတ်သံက တင်းတင်းမာမာ ပြတ်ပြတ်သားသား။ နားဝင်ချိုစရာကောင်းလိုက်သည့်ဖြစ်ချင်း။

ကျီးကျင့်၏ စိတ်ထဲတွင် ထောင်းကနဲ ဒေါသ ထွက်သွားမိသော်လည်း ချက်ချင်းပင် ပြန်လည် ထိန်းချုပ်လျက် လေအေးကလေးဖြင့်ပင်၊

"အေးကွာ၊ ကြက်သားနဲ့ ဆန်ခေါက်ဆွဲပြုတ်ရယင်ပဲတော်လှပါပြီကွာ"

"ဒီ့ပြင် ဘာမှကော မသောက်တော့ဘူးလား"

စားပွဲထိုးလေးက အထွန့်တက်နေပြန်သည်။

"မင်းတို့ဆီမှာ ဘယ်လိုအရက်မျိုး ရနိုင်လို့လဲ"

"အရက်တကာ့ အရက်ထဲမှာ အကောင်းဆုံးအရက်လို့ခေါ်နိုင်တဲ့ ပန်းတရာအရက်နဲ့ နေမဝင်ကျေးရွာက ထုတ်လုပ်တဲ့ နေမဝင်ကျေးရွာအရက်လဲ ရနိုင်တယ်။ လူကြီးမင်းအနေနဲ့ကြိုက်ရာအရက်ကို မှာသောက်နိုင်တယ်"



"အဲဒီအရက်နှစ်မျိုးထဲက ဘယ်အရက်က ဈေး ပိုပေါသလဲ"

"အဲ....နေ မ ဝင် ကျေး ရွာ အ ရက် က ဈေး ပိုသက်သာပါတယ်"

"ကောင်းပြီ။ ဒီလိုဆိုယင် အဲဒီ နေမဝင်ကျေးရွာ အရက်ကြွေပန်းကန်လုံးတလုံးစာပဲ ယူလာခဲ့။ ကဲ....သွားတော့၊နောက်ထပ် ဘာမှ ဆက်ပြောမနေနဲ့တော့"

ကျီးကျင့်သည် စိတ်ပေါက်ပေါက်နှင့် တင်းတင်းပြတ်ပြတ်ပြောသည်။ သူ့အပေါ်မှာ မောက်မောက်မာမာ ဆက်ဆံလာသော စားပွဲထိုးလေးအား အစွယ်ထုတ်ပြလိုက်ခြင်း ဖြစ်သည်။ စားပွဲထိုးလေး မခကျမနပ်နှင့် သူ့အပါးမှ ထွက်ခွာသွားသည်။

မျက်နှာချင်းဆိုင် အဘိုးအိုထံမှ တိုးတိုးသဲ့သဲ့ ရယ်သံတချက်ထွက်လာသည်။

ကျီးကျင့်၏မျက်လုံးအစုံက အဘိုးအိုဆီ ရောက်သွားသည်။

အနီးကပ် မြင်တွေ့ရတော့မှပင် အဘိုးအို၏ ဗယ်ဘက်ပါးပြင်ပေါ်မှ ကျပ်ဝိုင်းခန့်ရှိ အမာရွတ်ကြီး တခုကို အမှတ်ထင်ထင်သတိပြုမိသည်။ မီးလောင်ခံထားရာမှ ဖြစ်ပေါ်လာသော အမာရွတ်မျိုး ဖြစ်သည်။ ပြီးတော့ အဘိုး အို၏ထိုင်ခုံလေးမှာ ထောင်ထားသော ဆောင်ဓားရှည် တလက်ကိုလည်း တွေ့ရသည်။

အဘိုးအိုကိုကြည့်ရပုံက ဓားရေးတွင်အတော်လေးကျွမ်းကျင်ပုံ ရမည့် ဒိတ်ဒိတ်ကြဲ ဓားသမားကြီးဖြစ်ပုံရသည်။ သူ့ရှေ့မှာရှိနေသည့်ပန်းကန်ထဲတွင် ဆန်ခေါက်ဆွဲပြုတ်များ ကုန်လုနီးပါးဖြစ်နေသော်လည်း လက် အငြိမ်မထားနိုင်သလို ဇွန်းခက်ရင်းခွကလေးဖြင့် မွှေမွှေနှောက်နှောက်ပြုနေသည်။ ဘာကို သဘော

တွေ့နေသည်တော့ မသိ။ နှုတ်ခမ်းနှစ်လွှာတွင် အပြုံးရိပ်သဲ့သဲ့ကလေး စွန်းထင်းနေသည်။ သူ့ကိုကြည့်ရသည်မှာ လူထူးလူဆန်းကြီး တယောက် ဖြစ်ပုံရသည်။ ကျိုးကျင့်၏စိတ်ထဲမှာ အဘိုးအိုနှင့် ပတ်သက်၍ ကောက်ချက်ချမိသည်။

"အင်း....လောက၊ လောက၊ တော်တော့်ကို ကြောက်စရာကောင်းပါကလား နော်။ အထူးသဖြင့် အသိဉာဏ်ရှိတယ် ဆိုတဲ့ လူသားတွေဟာ ပိုပြီး ကြောက်စရာ ကောင်းနေတယ်။ ရက်စက်တဲ့ နေရာမှာ အသိဉာဏ် လုံးဝ မရှိတဲ့ တိရစ္ဆာန်တွေတောင် လိုက်မမီဘူး။ တိရစ္ဆာန်ဆိုတာမျိုးက လုပ်စရာရှိယင် ဖြောင့်လုပ်တယ်။ ဖြောင့်သတ်တယ်။ ဖြောင့်စားတယ်။ ခိုးကြောင် ခိုးဝှက်တယ်တော့မှ မလုပ်ဘူး။ လူတွေကတော့ သည်လို မဟုတ်ဘူး။ ခိုးကြောင်ခိုးဝှက်နဲ့ ရက်စက်တတ်တယ်။ ခိုးကြောင် ခိုးဝှက်နဲ့ သတ်ဖြတ်တတ်တယ်။ ခိုးကြောင်ခိုးဝှက်နဲ့ သူတပါးရဲ့ ပစ္စည်းကို ယူတတ်တယ်။ အင်း....ခက်တယ်၊ ခက်တယ်။ လူတွေဟာ ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးတွေ ထင်ပြီး စိတ်ကြီးတွေ ဝင်ချင်တိုင်း ဝင်နေကြတယ်။ ဒါကိုက လူတွေရဲ့အမှားပဲပေါ့လေ"

အဘိုးအိုသည် စိတ်မှ နှုတ်ပါလေစ၊

ဒါမှ မဟုတ်၊

လူတွေရဲ့အကြောင်းကို ဗဟုသုတရှာမှီးနေသည့် လေ့လာရေးသမားကြီး တဦးပေလော။

မည်သို့ပင် ဖြစ်စေ၊

ကိုယ့်အကြောင်းနှင့်ကိုယ်မို့ အဘိုးအို၏ စကားတွေကြောင့်



ကျိုးကျင့်၏စိတ်ထဲတွင် အတိုင်းမသိ လှုပ်ရှားသွားသည်။ အိုးမလုံ အုံပွင့်ချင်သလို ဖြစ်ခဲ့ရသည်။

ဤအဘိုးအိုသည်လည်း မြေဆိုးဂေဟာမှ အကြောင်းချင်းရာတွေ အားလုံးကို သိရှိနေချေပြီလော။ ကျိုးကျင့်နှင့် ပတ်သက်စပ်လျဉ်းနေသော ဆုငွေထုတ် ဖိတ်စာကိုလည်း လက်ခံရရှိထားချေပြီလော။ ထို့ထက်မှာမူ ညတုန်းက ပြောင်းခင်းထဲမှာ ကြုံဆုံခဲ့ရသည့် အဖြစ်အပျက်နှင့်စပ်လျဉ်း၍ အဘိုးအိုက သိရှိနေသောကြောင့် ထိုစကားများကို ပြောခဲ့ခြင်းလေလော။

အဆက်မပြတ် တယောက်တည်း ပြောချသွားသည့် အဘိုးအိုထံမှ ပညာရှိဆန်ဆန် စကားများနှင့်စပ်လျဉ်း၍ ကျိုးကျင့် စိတ်ထဲတွင် လောပေါင်းစုံက မွှေနှောက်လာသည်။ ဆန်းစစ်မှုတွေ ပြုနေမိသည်။

ကျိုးကျင့်၏အရိပ်အကဲကို အဘိုးအိုက ရိပ်စားမိသွားလေသည်လား မသိ။

ခမောက်ကလေး အထက်သို့ပင့်၍ စူးရဲသောမျက်လုံးအစုံဖြင့် ကျိုးကျင့်အား ကြည့်ခဲ့ရာမှ....

"ဟိတ်.... သူငယ်၊ သိပ်လဲ စိုးရိမ်စိတ် မွေးမနေပါနဲ့လေ။ တကယ်တော့ လုပ်ရဲယင် ခံရဲရမယ်ဆိုတဲ့ စကားလဲ အရှိသား မဟုတ်လားကွယ်။ ဟဲ ဟဲ"

ကျိုးကျင့်၏ရင်ထဲမှာ အသည်းနှလုံးတွေ ပြောင်းဆန်သွားသလို ခံစားလိုက်ရသည်။

စောစောတုန်းက အဘိုးအို ပြောသွားသမျှ စကားတွေကလည်း သူ့ကို ရည်ညွှန်းပြောခဲ့ခြင်းပါပဲလား။

သို့ပေမယ့်၊

ကျိုးကျင့်သည် တစက်ကလေးမှ ကျနွံမပျက်စေပဲ ဟန်ကိုယ့်ဖို့ ဆိုသော စကားကို အသုံးပြုလျက် အဘိုးအိုကို ပြန်ပြောသည်။

"ခင်ဗျား ဘာတွေ လာ ပြောနေတာလဲ၊ ကျုပ် ဘာမှ နားမလည်ဘူး။ ဘာမှလဲ အဓိပ္ပာယ်မပေါက်ဘူး"

အဘိုးအိုသည် သွားကျဲကျဲကြီးတွေကို ပိုမို လှစ် ထုတ် ပြသည်။

"အိပ်ချင်ယောင်ဆောင်နေတဲ့ လူကို နှိုးရခက်ပါတယ်လေ၊ အဲ....တကယ်လို့နှိုးလို့လွယ်အုန်းတော့....အဲသည်လူဟာ နည်းနည်းပါးပါးတော့ အိပ်ချင်မပြေသေးတဲ့ ပုံစုံမျိုးချိုးမှာပဲ။ ညတုန်းက ဖန်းလူရဲ့ ပြောင်းခင်းထဲမှာ ဖန်းလူတယောက် နှလုံးအိမ်ပေါက်ပြီး အသက်သေဆုံးသွားရတာတော့ အမှန်ပဲကွယ့်"

ဟိုက်.... သတိလစ်ရုံလောက်ပဲ လက်စွမ်းပြခဲ့မိသော်လည်း ထိုသူသည် ယခုတော့ နှလုံးအိမ်ပေါက်ပြီး အသက်သေဆုံးသွားရပြီ ဆိုပါကလား။ ပြီးတော့ ထိုသူ့နာမည်က ဖန်းလူတဲ့။

ကျိုးကျင့်သည် သူ့ကိုယ်သူပင် မယုံကြည်ချင်အောင် ဖြစ်မိသည်။ အမှတ်မထင် ခြေလွန်လက်လွန်ဖြစ်သွားမိသောကြောင့် လူတယောက်၏ အသက်တချောင်း အလဟဿ ဆုံးရှုံးရခြင်း အတွက်လည်း စိတ်မှာ မကောင်းနိုင်အောင် ရှိရသည်။

ပြီးတော့....သူ့လက်ကိုသူ တဖန်အံ့ဩမိခြင်း ဖြစ်မိရသည်။ သူသည် ရှောင်လင်မြေဆိုးတို့ဆီမှ တိတ်တဆိတ် ကျိတ်၍ သင်ယူထားသောကြောင့် တွင်းထွက်မြေပေါက်လက်ဝါး ရိုက်ချက်ကို တတ်မြောက်ထားသော်လည်း သူ့လက်ဝါးရိုက်ချက်က ဤမျှအထိ ပြင်းထန်လိမ့်မည်ဟု မမှတ်ထင်မိခဲ့ရိုး အမှန်။



ထိုစဉ်၊

ကျိုးကျင့်၏ ဦးနှောက်ထဲသို့ အတွေးတခုက ဝင်ရောက်လာပြန်သည်။ ရှေ့မျက်နှာချင်းဆိုင်မှ အဘိုးအိုသည် ညတုန်းက ပြောင်းခင်းထဲမှ အဖြစ်အပျက်များကို ဘယ်ပုံဘယ်နည်းသိရှိနေပါလိမ့်ဟု။

တဘက်က လှည့်တွေးလိုက်ပြန်တော့လည်း သည်အဘိုးကြီးပြောနေတဲ့ စကားတွေက သူ့ကို ရည်ညွှန်းပြောနေတာ ဟုတ်ချင်မှလည်း ဟုတ်မှာ။ မတော်တဆတိုက်ဆိုင်သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့လေ။

ကျိုးကျင့်သည် ကိုယ့်စိတ်ကိုယ် ဖြေသိမ့်မိပြန်သည်။

သည်စဉ်မှာပင်၊

မည်သို့မျှ မထင်မှတ်ရသော စကားများကို အဘိုးအိုထံမှ ကျိုးကျင့် ကြားသိခဲ့ရပြန်သည်။ သည့်တခါတော့ အဘိုးအိုသည် သူ့ကို စေ့စေ့စူးစူး ကြည့်၍ တိုက်ရိုက် ပြောလာခြင်း ဖြစ်သည်။

"ဒီမှာ မောင်ရင်လေး.... မောင်ရင်လေးနဲ့ ကျုပ် ပြောစရာ စကားတွေ အများကြီးရှိတယ်"

အဘိုးအို၏လေသံက အေးဆေးသည်။ တည်ငြိမ်သည်။

ကျိုးကျင့်၏ စိတ်ထဲမှာတော့ သိပ်ဘဝင်မကျ၊ သဘောမတွေ့။

စင်စစ်တော့၊

ကျိုးကျင့်သည် သူ ရင်ဆိုင် ဖြတ်သန်းခဲ့ရသော အန္တရာယ်ခရီးကြမ်းကြောင့် လူတွေနှင့် သိပ်ပြီး အဆက်အဆံမပြုချင်။ စကားမပြောချင်။ အထူးသဖြင့် သူ့အား ခုတုံးလုပ်ပြီး အမြတ်ထုတ်မည့် လူစားတွေကို ရှောင်ချင် ရှားချင်သည်။ သူ့ရင်ဘတ်ကြားမှာပါလာသော ရှောင်လင်မြေဆိုး ပေးလိုက်သည့် အထုပ်ငယ်အတွက်လည်း တဘက်က သံသယစိုးရိမ်စိတ်ကလေးက ရှိနေပြန်သည်။

ဒါကြောင့်လည်း၊

ကျိုးကျင့်သည် အဘိုး အိုအား လေသံတင်းတင်းပြတ်ပြတ်ဖြင့် ဆက်ဆံမိသည်။

"ကျွန်တော့်မှာ ခင်ဗျားကြီးနဲ့ ပြောစရာစကား ဘာမှ မရှိဘူးလို့ ထင်တယ်"

အဘိုးအို၏ မျက်နှာပြင်တွင် အပြုံးသဲ့သဲ့ ပေါ်လာသည်။ နှစ်ကိုယ်ကြား လေသံတိုးကလေး ဖြင့် လည်း သူ့ကို ပြောခဲ့သည်။

"သည်လိုလဲ ယတိပြတ်မပြောနဲ့အုန်းလေ။ ဒီမှာ မောင်ရင်လေး.... မောင်ရင်လေးဟာ ဘယ်သူဘယ်ဝါဖြစ်တယ် ဆိုတာရယ်၊ ဘာကြောင့် အခုလို အခြေအနေမျိုးကို ရောက်ခဲ့ရသလဲ ဆိုတာရယ်၊ အားလုံးကို ငါသိတယ်။ အဲ.... အဲ.... ပြီးတော့... ညတုန်းက ပြောင်းခင်းထဲမှာ ဖန်းလူကို တိုက်ခိုက် အနိုင်ယူခဲ့တာတွေကိုလဲ ငါသိတယ်လေ"

ကျိုးကျင့်သည် မျက်ခုံးတဘက်ကိုသာ အသာပင့်တင်လိုက်မိ



တော့သည်။ သူသည် တကယ့်ကိုဘိုးသိကြီးနှင့်မှ လာ၍ထိပ်တိုက်ဆုံတွေ့နေရခြင်းပါပဲကလား။

မဖြစ်တော့ပြီ။

သူ့အနေနှင့် သည်ဆိုင်ထဲတွင် ကြာရှည်နေရန် မသင့်တော့ပြီ။

သည်ဆိုင်ထဲကနေ အမြန် ထွက်သွားသေ.... သူ့ အတွက် အန္တရာယ်ကင်းလေပင်။

"ဘာလဲ.... မင်းလေးက ငါ့ရှေ့ကနေ အမြန်ဆုံးနည်းနဲ့ လှိမ့်ထွက်သွားဖို့ ကြံနေပြီလားကွ.... ဟေ...."

ကြည့်စမ်း၊

ကိုဘိုးသိကြီးက သူ့အတွင်းစိတ်ကိုပင် ဒက်ထိ သိနေပါကလား။

ကျိုးကျင့်သည် အံ့အား သင့် ပြီး ယင်း အံ့အားသင့်ခဲ့ရာမှ ထိုင်ရာကနေ ဆတ်ကနဲ ထရပ်လိုက်မိသည်။

ထို့နောက်၊

ခြေဦးကို ထွက်ပေါက်ရှိရာသို့ ဦးတည်လိုက်မိသည်။

"နေပါအုန်းလေ.... ပြဿနာ တခု ကို အခုလို ရှောင်လွှဲသွားရုံနဲ့ အားလုံး ပြေလည်သွားလိမ့်မယ် လို့ များ ထင်နေသလား....ဟင်"

အဘိုးအိုက လှမ်းပြောသည်။ အဘိုးအို၏အသံက စောစောကထက် အနည်းငယ် ပိုကျယ်လောင်လာသည်။ ဆိုင်တွင်းမှ လူအချို့က သူတို့ဘက်ဆီသို့ အာရုံပြု ဂရုစိုက်လာကြသည်။

ကျိုးကျင့်၏ စိတ်ထဲမှာ ကျဉ်းကျဉ်း ကျပ်ကျပ် ဖြစ်သည်။

အဘိုးအိုကို အနှောင့်အယှက်ကြီးတခု အဖြစ်လည်း စိတ်ထဲက သတ်မှတ်လိုက်သည်။ သူသည် အဘိုးအိုဘက်သို့ မျက်နှာမူလိုက်ရာမှ....

"ဒီမှာ....ခင်ဗျားကြီး ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားကြီး ပြောနေတဲ့ စကားတွေကို ကျုပ် ဘာတခုမှ နားမလည်ဘူး။ တကယ်တော့ ခင်ဗျားကြီးဟာ ဦးနှောက်ချောင်နေတဲ့ လူတယောက်ပဲ"

"အဲဒီလိုလဲ မပြောနဲ့အုန်းလေ၊ မင်းရဲ့ခါးကြားမှာထိုးထားတဲ့ ဓားဟာ ဘယ်သူ့ရဲ့ဓားလဲ။ ဖန်းလူရဲ့ဓားပဲ မဟုတ်လား၊ အင်း....အဲသည်တုန်းက မင်းကတော့ ထင်မှာပဲ၊ မင်းတို့ရဲ့ ပတ်ဝန်းကျင်တဝိုက်မှာ တခြား ဘယ်သူမှမရှိဘူးလို့၊ ဒါပေမယ့် အဲသည်တုန်းက ငါဟာ မင်းတို့နဲ့ မလှမ်းမကမ်းမှာရှိနေတယ်။ ဒါကြောင့်လဲ မင်းဆီကို ဖန်းလူ လက်ဆွဲမီးအိမ်လေးနဲ့ ရောက်လာပြီး စကားအချေအတင်ပြောတာကအစ နောက်ဆုံး မင်းကို ကျိုးကျင့်မှန်း သိသွားပြီး သတ်ဖြတ်ဖို့ကြံတာအဆုံး....အိုကွာ၊ စကားကုန်ကုန်ပြောမယ်၊ မင်း ဖန်းလူကို အနိုင်ယူပြီးပြောင်းခင်းထဲကနေ ထွက်သွားတာအကုန်.... အားလုံးကို ငါသိတယ်ကွာ။ အဲသည်တော့....မင်းအနေနဲ့ ငါ့ကိုလှည့်စားဖို့ ကြံမနေပါနဲ့တော့လေ....ဟဲ ဟဲ"

ဟုတ်ပြီ။

သည်အဘိုးအိုသည် သူ့အကြောင်းတွေအားလုံးကို သိနေပြီ။

ကျိုးကျင့်သည် အောက်နှုတ်ခမ်းသားကို အပေါ်သွားဖြင့်



ဖိကိုက်သည်။ စိတ်ဆုံးဖြတ်ချက်တရပ်ကို ချမှတ်သည်။ ခါးကြားမှာ ထိုးထားသော ပေါက်ဓားလေး အသာဆွဲထုတ်ကာ အဘိုးအို၏ လည်မျိုကို လျှပ်တပြက် ပိုင်းထည့်လိုက်သည်။

အဘိုးအိုကလည်း သည်အကွက်ကို ကြိုတင် တွေးသိထားပုံပေါ်သည်။ ဖြတ်ကနဲ ဘေးမှာ ထောင်ထားသော ဓားအိမ်နှင့် ဆောင်ဓားကို ကောက်ယူပြီး မျက်နှာရှေ့ကနေ ကန့်လန့်ဖြတ် ခံပေးလိုက်သည်။

ကျိုးကျင့်၏ ဓားကိုင်လက်သည် လိုရာသို့ မရောက်ရသည့်အထဲ လက်တခုလုံးလည်း ကျင်တက်သွားသည်။

အဘိုးအိုသည် အကွက်ပေးသလိုလွတ်ဟာနေသော ကျိုးကျင့်၏ ဝမ်းဗိုက်အရှိုက်ကို ဓားအိမ်ဖြင့် တည့်တည့်မတ်မတ်ကြီး ဆောင့်ထိုးလိုက်ပြန်သည်။

ကျိုးကျင့်၏ ဝမ်းဗိုက်တခုလုံး အောင့်တက်သွားသည်။

လူမှာ ရှေ့သို့ ငိုက်စိုက်ကြီး ဖြစ်သွားသည်။

အဘိုးအိုသည် သူ့လက်ထဲမှ ဓားအိမ်နှင့်ဓားကို ဘေးသို့ အသာလွှတ်ချလိုက်ရာမှ ကျိုးကျင့်၏လက်ထဲမှ ပေါက်ဓားလေးကို လက်ချောင်းငါးချောင်းဖြင့် ဖမ်းဆုပ်ဆွဲယူသည်။

ဒါပေမယ့်

ကျိုးကျင့်ကလည်း ပေါက်ဓား လက်ကိုင်ရိုးကို သတိနှင့် ပြန်လည် ဆွဲယူထားလိုက်မိသောကြောင့် အဘိုးအို၏ လက်သို့ အလွယ်တကူ ပါသွားခြင်းမရှိ။

"အင်း....မင်းလေးက ဘယ်ဆိုးလို့လဲကွ၊ သည်လောက်ခံလိုက်

ရတာတောင်မှ သတိရှိပေသားပဲကိုး။ ကောင်းတယ်....ကောင်းတယ်။ သိုင်းသမားကောင်းတယောက်ဆိုတာ သတိကို လက်ကိုင်အမြဲပြုထားရတယ်။ သိုင်းသမားကောင်း တယောက်အတွက် သတိလစ်တဲ့နေ့ဟာ ဘဝဆုံးရှုံးတဲ့နေ့ပဲဟေ့"

အတိုးအိုသည် နှုတ်မှ ချီးကျူးစကားဆိုယင်း အတွင်းအားကို အသုံးချသည်။ ကျိုးကျင့်၏လက်ထဲမှ ပေါက်ဓားလေး သူ့လက်ထဲပါရှိအောင် ကြိုးပမ်းသည်။

ကျိုးကျင့်ကလည်းအားမတန်သော်လည်း ဇွဲနှင့်မာန်ကိုတော့ တစက်ကလေးမှမလျော့။

သူ့တကိုယ်လုံးမှာ သွားလာလည်ပတ်နေသည့် သွေးကြောတွေ ဆူဝှန်းပူနွေးလာသည်အထိ ပေါက်ဓားလက်ကိုင်ရိုး လက်ထဲက လွတ်ထွက်မသွားအောင် ဇွတ်အတင်း ဖျစ်ညှစ် ဆုပ်ကိုင်ထားသည်။ ထိုတဒင်္ဂ အချိန်ကလေးအတွင်းမှာပင် သူ့တကိုယ်လုံး ချွေးတွေ စိုရွှဲနစ်မွန်းလာသည်။

တချိတွင်၊

အတိုးအိုသည် သိုင်းပညာကို ဘယ်သို့ အသုံးချလိုက်သည် မသိပါ။ ဦးခေါင်းမှာ တခုခုဖြင့် အရိုက်ခံလိုက်ရသလို မိုက်ကနဲ ဖြစ်သွားသည်။ မျက်လုံးအမြင်မှာ ပြာဝေသွားလျက် လက်ထဲမှာ တင်းကြပ်စွာ ဆုပ်ကိုင်ထားသော ပေါက်ဓားလေးကို အလိုလို နေယင်း လွှတ်ပေးလိုက်မိလျက်သား ဖြစ်သွားသည်။

သည်တခါတော့၊

သူ့ဘဝမီးစာသည် ကုန်ခန်းခဲ့ပါပကောလားလို့ မှတ်ထင်မိလိုက်ရာမှ စိတ်ထဲက ဘုရားကိုသာ တမိတော့သည်။



သို့သော်၊

ထိုစဉ်ကြိုက်မှာပင်၊

မမျှော်လင့်မထင်မှတ်ရသည့်အဖြစ်အပျက်များက ဆက်တိုက်ကြီး ဖြစ်သွားလာခဲ့ချေတော့သည်။

သူ့ပေါက်ဓားကို အရယူသွားခဲ့သည့် အတိုးအိုသည်သူ့အား လက်ဝါးဖြင့် ရိုက်ပုတ်ချလိုက်သည်။

လက်ဝါးရိုက်ချက်က သိပ်မပြင်းသော်လည်း ကျိုးကျင့်သည် ရှတ်တရက်မို့ နောက်ဆီသို့ ယိုင်ထွက်သွားသည်။

ရှုပ်ကနဲ အသံတချက်ကြားရပြီး လူတယောက်က ကျိုးကျင့်၏ ရှေ့သို့ ရောက်ရှိလာသည်။

စောစောတုန်းက သူ့ကို ဘာစားသောက်မလဲဟု မေးခဲ့သည့် စားပွဲထိုးလေးဖြစ်သည်။ ယခုတော့ စားပွဲထိုးလေး၏ လက်ထဲမှာ ဆောင်ဓားရှည်တလက်။

တဒင်္ဂအတွင်း ကျိုးကျင့်သည် အခြေ အနေ အရပ်ရပ်ကို ရိပ်စား သဘောပေါက်မိလိုက်သည်။

တကယ်တော့၊

သူသည် ကျားမုဆိုးတသိုက်အလယ်မှာ ရောက် ရှိ နေ သည့် ဂျီ သူငယ်လေး တကောင်ပါပဲကလား။

စားပွဲထိုးလေးသည် လက်ထဲမှ ဆောင် ဓား ရှည် ကြီး ကို ကိုင်မြှောက်၍ ကျိုးကျင့်၏ ဦးခေါင်းကို ရှစ်စိတ်ရှစ်မြွာခွဲမည့် ဟန် ပြင်သည်။

ကျိုးကျင့်၏မျက်လုံးအစုံက သူ့ဘေးက စားပွဲခုံပေါ် သို့ လျှပ်တပြက်ရောက်ရှိသွားသည်။

စားပွဲခုံပေါ်တွင် ဆန်ခေါက်ဆွဲပြုတ်ပန်းကန်တလုံး၊ ယင်းပန်းကန်လုံးထဲတွင် ဆန်ခေါက်ဆွဲပြုတ်များမရှိတော့သော်လည်း ဇွန်းတချောင်းနှင့် ခက်ရင်းခွလေးတချောင်းကရှိနေသည်။

ကျိုးကျင့်သည် ခက်ရင်းခွလေးကို ဆတ်ကနဲ ကောက်ယူသည်။

သူ့ရှေ့ မျက်နှာချင်းဆိုင်မှ စားပွဲထိုးလေး၏ မျက်နှာဆီ ပစ်ပေါက်သည်။

ခက်ရင်းခွလေးက တန်းတန်းမတ်မတ်ပင် စားပွဲထိုးလေး ညာဘက်ပါးပြင်ပေါ် သွားရောက်စိုက်ဝင်သည်။

စားပွဲထိုးလေး၏နှုတ်ဖျားမှနာကျင်ခံခက်သလို စူးစူးဝါးဝါး အော်သံကြီးတချက် ထွက်ပေါ်လာသည်။ မျက်နှာတပြင်လုံး သွေးနီရောင်ခြယ်သသွားသည်။

ကိုယ့်အသက်ဘေးအတွက်ကြောင့်မို့သာ ခြေလှန်လက်လှန် လုပ်လိုက်ရခြင်းဖြစ်သော်လည်း စိတ်ကတော့ သိပ်မကောင်းမိ။

ရုတ်ရုတ်သဲသဲ အခြေအနေကြောင့် ဆိုင်တွင်းမှလူတို့သည် တလှုပ်လှုပ်တရွရွဖြစ်လာသည်။ လူအများ၏အာရုံက ကျိုးကျင့်ပေါ် ရောက်ရှိလာကြသည်။

သူ့အနေဖြင့် သည်ဆိုင်ထဲတွင် ကြာရှည်နေရန် မသင့်တော့မှန်း နားလည်မိလိုက်သည်။ သည်ဆိုင်ထဲကနေ အမြန်ဆုံးနည်းဖြင့် ခွာထွက်သွားမှ ဖြစ်ချေတော့မည်။

အကြောင်းတိုက်ဆိုင်ချင်တော့၊

အဘိုးအိုကလည်း သူ့ဘေးနားသို့ ရောက်ရှိလာသည်။ သူ့ လက်မောင်းတဘက်ကို အသာ ဆုပ်ကိုင်လျက် ထွက်



ပေါက်ဘက်ဆီသို့ မေးငေါ့ညွှန်ပြယင်း အလောတကြီး ပြောသည်။

"ကဲ....သူငယ်၊ သည်အထဲကနေထွက်နိုင်အောင် ကြိုးစား၊ နို့မို့ဆိုယင် မင်းကလေးအတွက် အခက်ကြုံနေလိမ့်မယ်။ ကဲ.... ရော့....မင်းရဲ့ဓားကိုပြန်ယူ"

သူ့ပေါက်ဓားလေးကို သူ့လက်ထဲ ပြန်ထည့်ပေးပြီးနောက် အဘိုးအိုသည် ခြေလှမ်းကျဲကြီးတွေဖြင့် ထွက်ပေါက် ရှိရာသို့ လျှောက်လှမ်းသွားလေတော့သည်။

ကျိုးကျင့်သည် အံ့အားအသင့်ကြီး သင့်မိသည်။

လက်ငင်းပစ္စက္ခမှာ ကြုံတွေ့လိုက်ရသော အဖြစ်အပျက်များကိုလည်း မယုံကြည်နိုင်အောင်ဖြစ်မိရသည်။

အထူးသဖြင့်၊

ထိုအဘိုးအို၏အပြုအမူတွေနှင့်စပ်လျဉ်း၍ စိတ်ဝယ်ထူးထူးဆန်းဆန်းခံစားမိလိုက်သည်။

ဒါကြောင့်လည်း၊

အဘိုးအို ထွက်သွားရာဘက်ဆီသို့ ငေးမျှော်ကြည့် ယင်း အတန်ကြာ ငိုင်တွေနေမိသည်။

နောက်မှ၊

အဘိုးအို၏သတိပေးစကားများကို သတိရပြီး သူ့အနေနှင့် သည်ဆိုင်ထဲကနေ အမြန်ဆုံးနည်းဖြင့် ထွက်သွားမှ ဖြစ်တော့မည်ကို နားလည်လိုက်မိသည်။

●

## အတိုးအို၏နောက်သို့

ကျိုးကျင့် အပြင်ဘက်သို့ရောက်ရှိလာသည်။

ဆိုင်အပြင်ဘက်တွင် မိုးမင်းသည် လွန်လွန် ကဲကဲ ရွာသွန်းနေသည့်အဖြစ်ကို တွေ့ရသည်။

ကျိုးကျင့်သည် ဆိုင်အပြင်ဘက်လမ်းမအလယ်တွင် ရပ်ကာ အရှေ့အနောက် တောင်မြောက် လေးမျက်နှာစလုံး မျက်စိလည့်ကစားသည်။ သူ့ကို အပြုအမူဆန်းတော့ဖြင့် ဆက် ဆံမှုပြုသွားသော အတိုးအိုအား ရှာဖွေခဲ့ခြင်းပဲဖြစ်သည်။

ဟော... တွေ့ရပြီ။

အရှေ့ဘက်လမ်းမအတိုင်း တလှုပ်လှုပ်ဖြင့် မိုးရေကြားထဲမှာ လျှောက်သွားနေသော အတိုးအို၏ နောက်ကျောပိုင်းကို တွေ့ရသည်။



ကျိုးကျင့်သည် တုံ့ဆိုင်းမနေတော့။

အတိုးအိုထွက်သွားရာနောက်သို့ မနှေးမမြန် ခြေလှမ်း အစုံဖြင့် လိုက်ခဲ့သည်။

အကာအကွယ်မဲ့နေသည့် သူ့တကိုယ်လုံးကို မိုးရေတို့ ပက်ဖျန်းနေသော်လည်း သူကတော့ အရေးမစိုက်တော့ပြီ။

သူ့အနေနှင့် သူ့ကို ပဟေဠိဝှက်တမ်း ကစားသွားခဲ့သည့် အတိုးအိုနောက်သို့ ခြေရာခံလိုက်နိုင်ရေးအတွက် စိတ်ဇော ထန်နေမိသည်။

●

## မှောင်ရိပ်ထဲက အန္တရာယ်များ

အချိန်က နံနက်ခင်းပင်ဖြစ်လင့်ကစား၊

မိုးပဒေသာဂကြောင့် တလောကလုံး မှုန်ရီမှိုင်းနေသည်။

နံနက်ခင်းဆိုသည့်အဖြစ်ပင် ကွယ်ပျောက်လျက် ညကာလသို့ ရောက်နေသလား မှတ်ထင်ရသည်။

လေရူးက မသိမသာလေး မှေ့နှောက် နေပြန်သောကြောင့် တလောကလုံး အေးစက်စက် စိုထိုင်းထိုင်းကြီးဖြစ်နေသည်။

အမည်မသိ အဘိုးအိုသည် ဘယ်ဆီသို့ ဦးတည် ခရီးနှင်နေသည်တော့မသိ။

လမ်းမကြီးအတိုင်း၊

မရပ်မနား တစိုက်မတ်မတ်ဖြင့် လျှောက်လှမ်းနေသည်။



ကျိုးကျင့်ကလည်း သူ့ကို မျက်ခြည်မပြတ်အောင်ခြေလှမ်းကျဲကြီးတွေဖြင့် မနည်း အမှီလိုက်နေရသည်၊

အညတြ စားသောက်ဆိုင်နှင့် တဖြည်းဖြည်း ဝေးကွာလာသည်။

သည်မှာဘက်ပိုင်းတွင်၊

လူနေအိမ်ခြေ အနည်းငယ် ရှိလာသည့် အဖြစ်ကို တွေ့မြင်ရသည်။ ပျက်စီးယိုယွင်းနေသော ရှေးဟောင်း အဆောက်အအုံများကိုလည်း တွေ့လာရသည်။ လူအသွားအလာမှာလည်း နည်းလာသည်။

အဘိုးအိုသည် သူ့နောက်ကနေ လိုက်လာနေမှန်းသိ၍ တနေရာရာဆီသို့များ များခေါ်သွားနေခြင်းလေလား။

သူ့ကို များခေါ် သွား နေ သည် ဟု ဆိုရအောင် ကလည်း အဘိုး အိုတွင် မည်သို့သော အကြောင်းအချက်များ ရှိနေမည်နည်း။

ကျိုးကျင့်သည် ခြေလှမ်း ခပ်မှန်မှန် လှမ်းယင်းမှ အတွေးဦးနှောက်ကို အလုပ်ပေးနေခဲ့သည်။

ထိုစဉ်မှာပင်၊

အဘိုးအိုသည် လမ်းကွေ့ချိုးလေး တဘက်သို့ ချိုးကွေ့လိုက်သည့်အဖြစ်ကို ကျိုးကျင့် မြင်တွေ့လိုက်ရသည်။ သူ့ မျက်စိမြင်ကွင်းထဲကနေ ပျောက်ကွယ်သွား၏။

ကျိုးကျင့်သည် ထွေထွေထူးထူး စဉ်းစားမနေပါလေတော့။

ရှေ့ဆီသို့ တဟုန်ထိုးပြေးခဲ့သည်။

အဘိုးအို ချီးကွေ့ဝင်ရောက်သွားသည့် လမ်းကွေ့ချိုးလေး တဘက်ဆီသို့ ကျိုးကျင့် ချိုးကွေ့လိုက်သည်။

သူ ကံကောင်းသွားသည်။

တနည်းအားဖြင့်တော့၊

သူ အချိန်မီရုံလေးသာ ဆိုရမည်။

ဘုံကျောင်းပျက်ကြီးတခုထဲ ဝင်ရောက်သွားသည့်အဘိုးအို၏ နောက်ကျောပြင်ကို ရိပ်ကနဲ မြင်တွေ့လိုက်ရသည်။ ထို့နောက် အဘိုးအိုသည် သူ့ မျက်စိမြင်ကွင်းထဲကနေ တခါတည်း ကွယ်ပျောက်သွားလေတော့သည်။

စောစောတုန်းက၊

အမောတကော ပြေးခဲ့မိသောကြောင့် အသက်ရှူနှုန်း မမှန်မဆန်ဖြစ်နေသည်ကိုပင် ကျိုးကျင့် ဂရုမစိုက်နိုင်တော့။ အဘိုးအို ဝင်ရောက်သွားရာ ဘုံကျောင်းပျက်ကြီး ဆီသို့ သာ ခြေလှမ်း သွက်သွက်ဖြင့် လှမ်းခဲ့သည်။

ဘုံကျောင်းဝသို့ ရောက်လာသော်လည်း လူရိပ်လူရောင်ကို တော့ စိုးစဉ်းမျှ မတွေ့ရသေး။

အတွင်းမှာ လူမှ ရှိပါ၏လော။

အဘိုးအိုသည် ရှေ့ပေါက်မှ ကိုယ်ရောင်ပြ ဝင်ရောက်၍ နောက်ဘက်အပေါက်ကနေ အသာလစ်ထွက်သွားခဲ့လေပြီလော။

ဘုံကျောင်း အတွင်းပိုင်းမှာ မှောင်နေသည်။ အလင်းရောင် စိုးစဉ်းမျှမရှိ။

ကျိုးကျင့်သည် ရဲရဲဝံ့ဝံ့ပင် အတွင်းဆီသို့ ခြေလှမ်းခဲ့သည်။ နှုတ်မှလည်း မတိုးမကျယ်ပြောမိသည်။



"ခင်ဗျား ဒီ ဘုံကျောင်းပျက်ထဲ ဝင်သွားတာကို ကျုပ် အသေအချာ တွေ့လိုက်ပါတယ်လေ။ အဲဒီတော့ အခုလို ကိုယ်ရောင်ဖျောက်ပြီး ပုန်းလျှိုးကွယ်လျှိုးလုပ်နေမယ့်အစား သတ္တိရှိရှိနဲ့ ကျုပ်ကို ထွက်တွေ့ရင်ဆိုင်ဖို့သာ လုပ်စမ်းပါလေ"

သူက အသံပေးလိုက်သော်လည်း မည်သည့်တုံ့ပြန်ချက်ကိုမှ တော့ မကြားခဲ့ရချေ။

ကျိုးကျင့်၏စိတ်ထဲတွင် မရေမရာ ဇဝေဇဝါဖြစ်လာရသည်။

စောစောတုန်းက သူ တွေ့မိသလို အဘိုးအိုသည် တဘက် လှည့် နည်းဖြင့် ဘုံကျောင်းပျက်ထဲကနေ ထွက်ခွာ သွားပြီ ထင်သည်။

သည်အဲတွေးဝင်မိသည်နှင့် သူ့ရင်ထဲတွင် မခံချင်စိတ်များ ဝင်လာရသည်။ စိတ်မှာ ထင်းကျပ်လာရသည်။

မခံချင်စိတ်ဝင်လို့ကရော ဘာအကြောင်းများ ထူးလာမည်နည်း။

အကြောင်း မထူးတော့။

သူ့အနေဖြင့် သည်ဘုံကျောင်းပျက်ထဲကနေ ထွက်သွားဖို့ သင့်ပြီ။

စိတ်ဆုံးဖြတ်ချက်ချပြီးနောက်ကြောင်းပြန်ခေါက်ဖို့ခြေလှမ်း ပြင်သည်။

ပါးလှပ်သည့် သူ့နားထဲသို့ အသံတသံ တိုးတိုးသဲ့သဲ့ ဝင်ရောက်လာသည်။

အသက်ရှူသံလိုလို၊ ခြေသံလိုလို။

ဘာအသံရယ်လို့တော့ မကွဲပြား။

သည်ဘုံကျောင်းပျက်ကြီးထဲတွင် သူ့အပြင် အခြားတစ်စုံတစ်ယောက် ရှိနေသည့် အဖြစ်ကတော့ ယုံမှားသံသယ ရှိစရာမလိုချေ။

ထိုတစ်စုံတစ်ယောက်မှာ မည်သူနည်း။

အညာတြ စားသောက်ဆိုင်ထဲတွင် ကယ်တင်ရှင် လုပ်သွားခဲ့သည့် အဘိုးအိုလော။

သို့မှ မဟုတ်။

အခြားသော သူတစ်ယောက်လော။

စိတ်ထဲက အဖြေထုတ်ယင်း ကျိုးကျင့်သည် နောက်ကျောဘက်ဆီသို့ ဖြတ်ကနဲ လှည့်လိုက်မိသည်။

သူ ကံကောင်းသွားသည်။

သူ့ဦးခေါင်းရယ်လို့ ရည်ရွယ်ပြီး တိုက်ခိုက်လာသည့် အရိပ်တရိပ်ကို လှစ်ကနဲ တွေ့လိုက်ရသည်။

တိုက်ခိုက်ချက်က ပြင်းသည်။

ကျိုးကျင့်ကလည်း မြန်ဆန်သွက်လက်သည်။

ကိုယ်ကို နောက်သို့ ရှို့ ရှောင်တိမ်းလိုက်ရာက ထိုအရိပ်ကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။

ဖြောင်းကနဲ အသံတချက်မြည်သွား၏။

ထိုအရိပ်မှာ တဘက်သို့ ရွှေလျားသွားသည်။

တကယ်တော့၊

ထိုအရိပ်သည် လူတစ်ယောက်၏ လက်။

ကျိုးကျင့်ထံမှ တုံ့ပြန်ရိုက်ချက်ကြောင့် ထိုလက်မှာ လမ်းကြောင်း ပြောင်းသွားသည်။



ချက်ချင်းဆိုသလိုပင် နောက်ထပ် အရိပ်တရိပ်က ကျိုးကျင့်၏ ရင်ဝတည့်တည့်ဆီ ဝင်ရောက်လာသည်။

သည်တခါတော့၊

ရုတ်တရက်မို့ ကျိုးကျင့် မတိမ်းရှောင်လိုက်နိုင်ခဲ့။

ဖြန်းကနဲ အသံတချက် ထွက်ပေါ်လာပြီး ကျိုးကျင့်၏ ရင်ဝတခုလုံး အောင့်တက်သွားသည်။

လူမှာ နောက်ဆီသို့ လွင့်ထွက်သွား၏။

ကျိုးကျင့် တော်တော်နှင့် မထနိုင်။

အမှောင်တွင်းမှ တိုးတိုးအုပ်အုပ် ရယ်သံတချက် ထွက်ပေါ်လာသည်။ အောင်နိုင်သူ လူသားတယောက်၏ ရယ်သံမျိုး။

သူ ဘယ်သူလဲ။

သူ့ရယ်သံက ကျိုးကျင့်၏ နားထဲတွင် စိမ်းနေသည်။

အဘိုးအို၏ အသံမျိုး မဟုတ်။

ဒါကို အသာထားအုန်း။

အဘိုးအိုကရော သည်ဘုံကျောင်းပျက်ကြီးထဲ ဝင်ရောက်ပြီး ဘယ်ပျောက်သွားပါလိမ့်။

ရင်ဘတ်မှာနာကျင်နေသည့်ကြားမှပင်ကျိုးကျင့်၏ဦးနှောက်ထဲတွင် မေးခွန်းတွေ တခုပြီးတခု မေးနေမိသည်။

“ရှပ်”

“ရှပ်”

ဟိုက်....ကြည့်စမ်း။

အမှောင်ထဲက ထိုသူသည် လက်ဝါး အစွမ်း ပြ ပြီး နောက် ဓားရေးအစွမ်းပြတော့မည် ထင်သည်။

အမှောင်တွင်းမှ ဓားလှုပ် ခါယမ်းသံက ရှပ်ကနဲ ရှပ်ကနဲ လေတိုးသံပြုလို့။

သည်တခါတော့၊

အခက်တွေ့ရတော့မည် ထင်သည်။

အလိုလိုနေယင်း အားငယ်စိတ်ဝင်လာသည်။

ဒါပေမယ့်၊

ဟယ်.... ငါ ယောက်ျားပဲ၊ ဘာ အားငယ်စရာလိုလဲ။ သူ ဓားရေးပြနေတိုင်း ကိုယ်က ကြောက်နေရမှာလား။ သူ့မှာ အစွမ်းအစရှိသလို ကိုယ့်မှာလည်း အစွမ်းအစရှိတာပဲ။ အဲဒီတော့ ဘာကြောက်စရာလိုလဲ။

ကိုယ့်စိတ်ကိုယ် ပြန်လည် မောင်းတင်မိပြန်သည်။

ထိုစဉ်၊

အသံတချက်ကို ကြားလိုက်ရသည်။ ရှပ်ကနဲ။

ကျီးကျင့်သည် တဘက်သို့ လိမ့်ရှောင်လိုက်မိသည်။

သူ့ကို ပြေးပိုင်းလိုက်သည့် ဓားချက်က လိုရာမရောက် ခရီး မပေါက်ပဲ ရှိသွားသည်။

ကျီးကျင့်သည် ရန်သူ့လက်က နောက်ထပ် မလှုပ်ရှားခင် ဖြတ်ကနဲ ခုန်ထသည်။

ရန်သူရှိမည့်နေရာဆီသို့ မျက်လုံးဖွင့်၍ ကြည့်သည်။

မျက်စိကျင့်သားမရသေးသောကြောင့်။

ကျီးကျင့်၏ မျက်စိ မြင်ကွင်းထဲတွင် ဘာမှ မရှိ၊ ပကတိ အမှောင်နှင့်မည်းမည်း။

စိတ်က မကျေနပ်သောကြောင့် မျက်စိကို အနည်းငယ် ပိုပြီး



အားစိုက်လိုက်သော အခါတွင်မတော့ အမှောင်တွင်းမှာရွေ့လျား လှုပ်ရှားနေသည့် လူတယောက်၏ အရိပ်သဏ္ဍာန်ကို ဝိုးတဝါး အနေအထားဖြင့် တွေ့မြင်ရသည်။

ထိုသူသည် မိမိကို ရှာဖွေနေပုံရသည်။

ကျီးကျင့်သည် မိမိဘက်က မလှုပ်မိအောင် အသာ ငြိမ်နေသည်။ ပကတိ ကျောက်ဆစ်ရုပ်ကြီးအတိုင်း.... အသက်ကိုပင် ပြင်းပြင်းမရှူရဲ။ တောင့်တောင့်ကြီး ရပ်နေသည်။ တချောင်းတည်းသာရှိသော ပေါက်ဓားလေးကိုလည်း လွတ်ထွက်မသွားအောင် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

ကျားသတ္တဝါက သူ့အစားအစာကို အလစ်ချောင်းနေသလို။

ရန်သူမှာ ဟိုလှည့်သည်လှည့် လုပ်ယင်းမှ ကျီးကျင့်ရပ်နေရာဘက်ဆီသို့ တရွေ့ရွေ့ဖြင့် တိုးကပ်လာသည်။

ကျီးကျင့်သည် သူ့ဘက်ဆီသို့ ရွေ့လျားလာနေသည့် မပီဝိုးဝါး အရိပ်ကို ကြည့်ယင်း အံတင်းတင်း ကြိတ်ထား သည်။ ထိုအချိန်သည် ကျီးကျင့် အတွက် စိတ်အလှုပ်ရှားရဆုံးသော အချိန်တချိန်ဆိုက မှားမည်မဟုတ်ချေ။

ရန်သူက မိမိနှင့် နီးကပ်လာလေ ကျီးကျင့်၏ စိတ်က ပိုမို မြန်ဆန်လာလေ ရင်မှာ လှုပ်ရှားလာလေ။

ရန်သူသည် ဘာစိတ်ကူးပေါက်သွားသည် မသိ။

ကျီးကျင့်နှင့် လက်တကမ်းအကွာသို့အရောက်တွင် ခြေလှမ်းအစုံ တုံ့ရပ်လိုက်သည်။

ကိစ္စမရှိ။

သည်လောက်ဆိုလျှင်ပဲ ကျိုးကျင့်တို့က လှုပ်ရှားတိုက်ခိုက်၍ ရပြီ။

ကျိုးကျင့်သည် ရှေ့သို့ ခုန်ထွက်လျက် ရန်သူ၏ ရင်ဝတည့်တည့်ဆီ လက်ထဲမှ ဓားဦးကို စိုက်ချလိုက်သည်။

ရန်သူက တဘက်သို့ လှိမ့်ထွက်သည်။

ကျိုးကျင့်၏ဓားက ရန်သူ့ရင်ဝမစိုက်မိတော့။

ဒါပေမယ့်၊

ရန်သူ့ဓားကိုင်လက်မောင်းတဘက်ကို ရှပ်ဆွဲလိုက်သလိုတော့ ဖြစ်သွားသည်။

ရန်သူ့နှုတ်ဖျားမှ ခပ်အုပ်အုပ် ညည်းသံတချက် ထွက်ပေါ်လာသည်။

ကျိုးကျင့် ဆက်တိုက်လှုပ်ရှားသည်။

အထိနာသွားသည့် ရန်သူ့ရင်ဝတည့်တည့်ကို တွင်းထွက်မြေပေါက် လက်ဝါးရိုက်ချက်တချက်ပေးလိုက်သည်။

အရှိန်က ပြင်းလွန်းသောကြောင့် ရန်သူခမျာ နောက်ပြန်လွင့်ထွက်သွားသည်။

ရန်သူသည် အထိနာသွားသော်လည်း ချက်ချင်း လူးလဲထဖို့ ကြိုးစားခဲ့သည်။

"ရှပ်...."

"ရှပ်...."

အသံနှစ်ချက် ထွက်ပေါ်လာပြီး ရန်သူသည် ချက်ချင်းပင် ပြန်လည်လဲကျသွားသည်။ လူးလွန့်ခြင်း၊ လှုပ်ရှားခြင်း စိုးစဉ်းမျှ မရှိတော့။ တခါတည်း ငြိမ်သက်သွားသည်။



ရန်သူသည် ဘာဖြစ်သွားပါလိမ့်။

အသက်များ ကုန်ခန်းသွားလေရော့သလား။

အကယ်၍၊

အသက်ကုန်ခန်းသွားသည် ဆိုလျှင်တော့ သူ့ တွင်းထွက်မြေခပေါက်သက်ဝါး ရိုက်ချက်ကြောင့်တော့ မဖြစ်နိုင်။

အမှန်တော့၊

သူက နာကျင်ရှိခလောက်ကလေးသာ ရိုက်ခဲ့သည်ပဲ။

သို့ဆိုပါမူ၊

စောစောတုန်းက

ကြားလိုက်ရသောအသံနှစ်သံ၏ ပယောဂကြောင့်သာ ရန်သူ သို့ကလို ငြိမ်သက်သွားခြင်း ဖြစ်မည်။

ကဲ....စောစောက ကြားလိုက်ရတဲ့ အသံနှစ်သံကြောင့်ပဲ ထား ပါတော့။ အဲသည် အသံနှစ်သံကရော....ဘာအသံတွေလဲ။

●

## ပတ်လည်ဝိုင်းနေသောအန္တရာယ်များ

"ကဲ….သူငယ်၊သူ့ကိုတော့ ငါ့ခါးစာကျွေးလိုက်ပြီဟေ့။အဲသည်တော့ မင်းကိုလိုချင်တဲ့လူတွေ နောက်ထပ် သည်ကိုရောက်မလာခင် ထွက်နိုင်ယင် ကောင်းမယ်ဟေ့"

ရန်သူကို တုံးကနဲ လဲကျငြိမ်သက်သွားစေနိုင်သည့် အသံနှစ်သံနှင့်ပတ်သက်၍ စဉ်းစားအဖြေရှာနေဆဲ။ ကယ်တင်ရှင်အဘိုးအို၏အသံက အမှောင်တွင်းမှ ထွက်ပေါ်လာသည်။

သည်တော့လည်း၊

သူလိုချင်သည့်အဖြေကို ရရှိလိုက်သလို တအံ့တဩလေးလည်း မေးခွန်းထုတ်သည်။

"နို့….စောစောတုန်းက ခင်ဗျားကြီးက ဘယ်ချောင်မှာသွားသဝေထိုးနေတာလဲ"



မေးခွန်းထုတ်မိသည့် သူ့အသံက ကျယ်လောင် နေသလို ဒေါသသံလေးလည်း ပါသွားသည်။

"အခုအချိန်မှာ ဒါတွေကို မေးမနေနဲ့တော့၊ အရေးကြီးတာက မင်းရောင်ါပါ သည်ဘုံကျောင်းပျက်ကြီးထဲကနေ မြန်မြန်ဆန်ဆန်ထွက်သွားဖို့ပဲကွယ့်၊ ကဲ….လာ….နောက်ဘက် အပေါက်ကနေ အပြင်ထွက်ကြရအောင် အရှေ့ဘက်ကနေထွက်ယင်တော့၊ မင်းရောင်ါပါ ဒုက္ခ ကောင်းကောင်းကြီး တွေ့သွားနိုင်တယ်။ မင်းကို ဒုက္ခပေးချင်တဲ့ သတ္တဝါတွေက အပြင်ဘက်ကနေ အဆင်သင့် စောင့်နေကြတယ်ကွယ့်"

အဘိုးအို၏ စကားကြောင့် ကျိုးကျင့်ခများ တကိုယ်လုံး တုန်လှုပ်သွားသည်။ ရင်မှာ အတိုင်းမသိ လှုပ်ရှားသွား၏။ သူ့တွင် ထိုမျှအထိ အန္တရာယ်တွေ ပတ်ချာဝိုင်းနေလိမ့်မည်ဟု စိုးစဉ်းမျှ မမှတ်ထင်ခဲ့ရိုးအမှန်။

"ဘာလဲ….ငါ့စကားကို မယုံဘူးလား။ သည်လိုဆိုယင် မင်းအရှေ့ကနေ ခဏလောက် ထွက်လိုက်လေ…. ဟင်းဟင်း….မင်းအဖို့ရာ ညဘက်လထွက်တာကိုတောင် တွေ့ရတော့မှာ မဟုတ်ဘူး။ တကယ်တော့ သူတို့တတွေက မင်း အညာတြစားသောက်ဆိုင်က စထွက်လာကတည်းက လိုက်လာကြတာ။ မင်းကသာ ရှေ့ဇောကြီးနေလို့ သူတို့လိုက်လာတာကိုသာ မသိတာပဲကွယ့်"

"ဒါဖြင့် ကျွန်တော် အခု ဘာလုပ်ရမလဲ"

"အေး….မင်း ငါ့ကို ယုံကြည်စိတ်ချမယ်ဆိုယင်တော့ ငါခေါ်တဲ့ဆီကို လိုက်ခဲ့တော့။ ငါကတော့ မင်းကို အန္တရာယ်ကင်းတဲ့ဆီ ခေါ်သွားပေးမှာပဲကွယ့်။ ဘယ့်နှယ်လဲ"

သူ့ကို ယုံကြည်စိတ်ချရပါ့မလား။

အို....မယုံကြည် စိတ်မချစရာ ဘာရှိလို့လဲ။

သူက မိမိအသက်ကို နှစ်ခါတောင် ကယ်တင်ရှင် လုပ်ပေးခဲ့သည်ပဲ။

သူ့မှာ စောစောကတည်းက အခြားအကြံအစည်တခုခုရှိနေလျှင် စခွေ့ကတည်းက အသေသတ်ပြီးလောက်နေပြီပေါ့။

ကျိုးကျင့်သည် အခြေအနေအရပ်ရပ်ကို ချက်ချင်းလက်ငင်းပင် တွက်ချင့်ဆင်ခြင်မိလိုက်သည်။

"ကောင်းပြီလေ.... သည်လိုဆိုယင်လဲ ဒီကနေ ခွာကြတာပေါ့"

ကျိုးကျင့်ထံမှ သဘောတူညီမှုကို ရလိုက်သည်နှင့် အဘိုးအို၏ လက်တဘက်က ကျိုးကျင့်လက်တဘက်ကိုလာရောက်ဆုပ်ကိုင်လိုက်တော့သည်။

ထို့နောက်၊

အဘိုးအိုသည် ရှေ့က ဦးဆောင်၍ ထိုဘုံကျောင်းအတွင်းပိုင်းဆီသို့ ဝင်ရောက်ခဲ့သည်။ ကျိုးကျင့်ခမျာလည်း အဘိုးအို ဆွဲခေါ်ရာနောက်ဆီသို့ ထက်ကြပ်မကွာ လိုက်ပါခဲ့ရတော့သည်။

●

---

## မြင်းရထား

---

အတော်ကလေး လျှောက်လှမ်းမိသည်နှင့် အလင်းရောင်ကို စတင်တွေ့လာရသည်။

ထို့နောက်....

ဘုံကျောင်းပျက်ကြီး၏ အပြင်ဘက်ပိုင်းသို့ ရောက်ရှိလာကြသည်။

အဘိုးအိုသည် ကျိုးကျင့်၏ လက်ကို လွှတ်ပေးလိုက်သည်။

မလှမ်းမကမ်းဆီသို့ မေးတချက်ဆတ်ပြရာမှ ကျိုးကျင့်ကို ပြောသည်။

"ဟိုမှာ ငါ့ရဲ့ မြင်းရထားရပ်ထားတယ်။ လောလောဆယ်တော့ မင်း ငါ့အတွက် မြင်းရထားထိန်း လုပ်ပေးရလိမ့်မယ်"

ကျိုးကျင့် အံ့အားသင့်သွားသည်။

အဘိုးအိုသည် မြင်းရထားကို အညာတြဲစားသောက်ဆိုင်အထိ ယူဆောင်သွားနိုင်ပါလျက် ဘာကြောင့် သည်နေရာမှာပဲ ရပ်ထားခဲ့ရပါလိမ့်။

"ဘာလဲ....မြင်းရထားကို သည်မှာရပ်ထားတာနဲ့ ပတ်သက်ပြီး မင်းရဲ့စိတ်ထဲမှာ သိပ်ပြီး ထူးဆန်းနေသလား၊ အေး....သည်လိုပဲ အညာတြဲစားသောက်ဆိုင်ကို သွားတိုင်း သွားတိုင်း ငါ့မြင်းရထားကို ဒီမှာပဲ ရပ်ထားလေ့ရှိတယ်။ ဒါကလဲ တခြားကြောင့် မဟုတ်ဘူး။ ငါ့မှာ မြင်းရထားပါလာတာကို တခြားလူတွေကို သိပ်မသိစေချင်ဘူး။ ဒါမှ အခုလို ကိစ္စမျိုး ပေါ်လာယင် ငါ့မြင်းရထားနဲ့ လိုရာခရီးကို ရှောင်တိမ်းသွားလို့ရမယ် မဟုတ်လား"

အဘိုးအိုက ကျိုးကျင့်၏ အတွင်းစိတ်ကို ထွင်းဖောက်သိရှိနေသလို အကျိုးအကြောင်း ရှင်းလင်းတင်ပြသွားသည်။

အဘိုးအိုရှင်းလင်းတင်ပြချက်တွေကလည်းသဘာဝကျသည်။ ကျိုးကျင့် ဘာမှမမေးတော့၊ မပြောတော့၊ ခပ်လှမ်းလှမ်းမှာ မြင်တွေ့နေရသော မြင်းရထားဆီသို့ အသာအယာ လှမ်းခဲ့သည်။

●

---

## မိုးရေထဲခရီးနှင်

---

မိုးက အဆက်မပြတ်ရွာနေသည်။

မြင်းရထားလေးကလည်း မိုးရေတွေကြားထဲမှာ ခပ်မှုန်မှုန်ကလေး ပြေးနေသည်။

မြင်းနှစ်ကောင် ထိန်းထားရသည့် ကျိုးကျင့်၏ ဗယ်လက်မှ မြင်းဇက်ကြိုးက လျှပ်ခါယမ်းနေသည်။

ထို့အတူ၊

ကျိုးကျင့်၏ ညာလက်ထဲမှ ကြာပွတ်ကလည်း လေထဲမှာ ဝှေ့ယမ်းနေသာသို တရွှမ်းရွှမ်း အသံပြုလျက်။

အဘိုးအိုကတော့မူ ကျိုးကျင့်ဘေးမှာ အသာအိပ်ငိုက်ယင်းလိုက်ပါလာသည်။

"ကျွန်တော်တို့ အခု ဘယ်ကိုသွားကြမှာလဲ"

တုံကျောင်းပျက်ကြီးနှင့် အတော် က လေး လှမ်း လှမ်း သို့ ရောက်လာသည်နှင့် ကျိုးကျင့်က စတင်စကားဆိုသည်။

အတိုးအို လှုပ်ရှားသည်။ ကျိုးကျင့်၏အမေးကို အဖြေပေးသည်။

“သည်အတိုင်းသာ ဆက်မောင်းနေ၊ ရပ် ရမယ့် နေရာ ရောက်ယင် ငါ ပြောမယ်။ နို့....ဒါထက်၊ ငါ ဘယ်သူလဲဆိုတာ ကိုရော မင်း သိရဲ့လား။ အဲ....ပြီးတော့ မင်းကို အလွယ်တကူ ဖမ်းပြီး ဆုငွေကိုထုတ်နိုင်ရက်နဲ့....မင်းကို ရန်သူတွေရဲ့ ကြားထဲ ကနေ နှစ်ခါတိတိ ကယ်တင်ခဲ့တာ ဘာကြောင့်လဲ ဆိုတာကိုရော မင်း တွေးမိရဲ့လား”

“အို....ကျုပ် ဒါတွေကို ဘယ်လိုလုပ်ပြီး တွေးလို့ရမှာလဲဗျ။ ခင်ဗျားကြီးနဲ့ ကျုပ် တွေ့တာကမှ သိပ်မကြာသေးတဲ့ ဥစ္စာ။ သည်တော့ သည်အကြောင်းတွေကို ခင် ဗျား ကြီး ကိုယ် တိုင် ရှင်းပြမှပဲ ကျုပ် သိနိုင်မယ့် ဥစ္စာပဲဗျ”

ကျိုးကျင့်က တင်းတင်းပြတ်ပြတ် ပြန်ပြောသည်။

အတိုးအိုက သဘောကျသလို ဟက်ကနဲတချက် ရယ်လိုက်သည်။

“မင်းပြောတာ မှန်တယ်။ ငါ့ အကြောင်း တွေကို ငါ ကိုယ်တိုင်မပြောပြပဲနဲ့ မင်း ဘယ်လိုလုပ်သိမှာတဲ့လဲ။ ကောင်းပြီ လေ။ သည်လိုဆိုယင်လဲ....ငါ့ကိုငါပဲ မင်း ကို မိတ် ဆက် ပေး ရ သေးတာပေါ့လေ”

စကားကို ခေတ္တရပ်နားသည်။

ကျိုးကျင့် ဘာမှမပြောပဲ နားကို အသာစွင့်ထားသည်။



မြင်းရထားလုံးလေးကတော့ မိုးရေတွေကြားထဲမှာ မှန်မှန် ကလေးပြေးနေဆဲ။

အတော်လေးကြာတော့မှပင်၊

အတိုးအိုက သူ့စကားကို ပြန်ဆက်လေသည်။

“အေး....ငါ့နာမည်ကတော့ ယင်းလျံပဲ။ ဒါပေမယ့်.... ငါက ဘယ်နေရာ အပ်ကျတယ်ကအစ ဘယ်နေရာမှာ ဘာဖြစ် တယ်၊ ဘာရှိတာတွေအဆုံး အား လုံး ကို သိ နေ တော့ သိုင်း လောကသားတွေက ငါ့ကို ကိုဘိုးသိကြီးလို့လဲ ခေါ်ကြတယ် လေ”

အတိုးအို၏နာမည်က ယင်းလျံ။

သိုင်းလောကသားတွေကတော့ သူ့ကို ကို ဘိုး သိ ကြီး ဟု အမည်နာမပေးထားကြသည် ဆိုသည်။

ကျိုးကျင့်၏ ဦးနှောက်ထဲမှာ အတွေးတခုဝင်လာသည်။

ကိုဘိုးသိကြီး ယင်းလျံသည် ဘယ်နေရာ အပ် ကျ သည် က အစ၊ ဘယ်မှာဘာဖြစ်သည်ကိုအဆုံး၊ အားလုံး သိနေသူဟုဆို သွား၏။

တကယ်လို့၊

သူ့စကားတို့သည် အပြောမဟုတ်ပဲ လက်တွေ့ တကယ်သာ ဖြစ်မည်ဆိုပါက....ဘယ်နည်းနှင့်မဆို ယဲ့ယီနန်းဖိန်၏ နေ ရာ ဌာနေကိုလည်း မုချမသွေ သိ ရှိ နေ ပေ လိမ့် မည် မှာ အမှန်။ ရှောင်လင်မြေဆိုး ရှာဖွေခိုင်းလိုက်သည့် ဦး ခေါင်းနှစ်လုံးနှင့်လူ ဘယ်မှာနေထိုင်သည်ဆိုသည့်အဖြစ်ကို သေချာတပ်အပ် သိရှိနေ ပေလိမ့်မည်မှာ အမှန်ပါတည်း။

ကျိုးကျင့်တယောက် အတွေးပလုံစီနေခိုက် ကိုဘိုးသိကြီး ယင်းလျှံက....မေးခွန်းတခုကို ရုတ်တရက် မေးချလာသည်။

"နို့....ဒါထက်....မသိလို့မေးစမ်းပါရစေ... မင်းမှာ နောက်တနေ့ သုံးဖို့စွဲဖို့အတွက် ငွေရေးကြေးရေးကော ရှိသေးရဲ့လား"

သူ မေးတော့မှပင်၊

ကျိုးကျင့်သည် လက်ကျန်ငွေသုံးကျပ်ကို သွား၍ သတိတရ ရှိလိုက်သည်။ ညာလက်ဖြင့်ခါးကြားထဲစမ်းသပ်ကြည့်သည်။

ဟိုက်.... သူ့လက်ကျန်ငွေကလေးသုံးကျပ်၊ ခါးကြားထဲမှာ မရှိတော့ပါကလား။

ရင်ထဲပြောင်းဆန်သွားသလို ခံစားလိုက်ရသည်။ ဝမ်းပန်းတနည်းဖြစ်ခြင်းနှင့်အတူ စိုးရိမ်စိတ်တို့ ဝင် ရောက် လာ သည်။ နောက်တနေ့အတွက် မျှော်လင့်ချက်ကင်းမဲ့သွားသည့်နှယ်လည်း မှတ်ထင်လိုက်သည်။

"ဘယ့်နှယ်လဲ....မင်းမှာသုံးစရာငွေ တပြားတချပ်မှ မကျန်တော့ဘူး မဟုတ်လား"

ကိုဘိုးသိကြီး ယင်းလျှံက မေးခွန်းထုတ်လာပြန်သည်။

ကျိုးကျင့်သည် စိတ်ထဲမှာ အောင့်သက်သက် ခံစား လိုက်ရလျက်၊ မျက်စိမျက်နှာအပျက်ပျက် အယွင်းယွင်းဖြင့် အဖြေပေးလိုက်ရသည်။

"အစကတော့ ကျွန်တော့်မှာ ငွေသုံးကျပ် ကျန်သေးတယ်။ ဒါပေမယ့် တိုက်ယင်း ခိုက်ယင်းနဲ့ ဘယ်မှာ ကျကျန်ခဲ့လို့လဲ မသိဘူး။ အခု မရှိတော့ဘူးဗျ။ အင်း....အခုဆိုယင် ကျွန်တော့်မှာ ညစာအတွက်တောင် ခပ်ခက်ခက်ပဲ"



ကျိုးကျင့်သည် စကားအဆုံးတွင် စိတ်ပျက်သလို ညည်းညူမိသည်။

ကိုဘိုးသိကြီး ယင်းလျှံသည် ဘာကို သဘောကျသွားသည် မသိ။ ကိုယ်ကြီးကို လှုပ်ခါ၍ အူလှိုက် သည်းလှိုက် ရယ်မောပါလေတော့သည်။

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"

အဆက်မပြတ် ရယ်မောနေသည့် သူ့ကို ကြည့်ပြီး ကျိုးကျင့် မျက်မှောင်ကြုတ်လိုက်မိသည်။ စိတ်ထဲတွင်လည်း ဒေါသထွက်သလို ခံစားမိလိုက်သည်။

"ဒီမှာဗျ.... ခင်ဗျားကြီးက ဘာတွေ သဘောကျပြီး သည်လောက် ရယ်နေရတာလဲဗျ။ ကျွန်တော့်ရဲ့စကားထဲမှာ ပြက်လုံး တခုမှလဲ ပါမသွားပါဘူးနော်"

ကိုဘိုးသိကြီး ယင်းလျှံသည် အရယ်ရပ်သည်။ မျက်နှာပိုးက တော့ မသေ။

"ဩော်... ရီစရာကောင်းနေလို့ရီနေတာပါကွာ....၊ အင်း.... ကျိုးကျင့်.... ကျိုးကျင့်.... မင်းဟာ တော်တော် ခက်သေးတဲ့ အကောင်ပဲကိုးကွ။ မင်းရဲ့ဘေးမှာ ငွေပုံကြီး ရောက်နေရဲ့သားနဲ့ တောင်မှ ညစာအတွက် စိုးရိမ်စရာမရှိ စိုးရိမ်နေတာကို သဘောကျလို့ရီမိတာပဲဟေ့"

သူ ဘာဆိုလိုပါလိမ့်။

အနားမှာ ငွေပုံကြီး ရောက်နေရဲ့သားနှင့်တောင်မှ ညစာ

အတွက် စိုးရိမ်စရာမရှိ စိုးရိမ်နေသည်ကိုကြည့်ပြီး သဘောကျလို့ ရယ်တာတဲ့လေ။

သူ့စကားက တမျိုးပဲ။

ဘယ်သို့သောအဓိပ္ပာယ်နှင့် ထိုစကားကို ဆိုခဲ့သည်မသိ။

ကျိုးကျင့်သည် ထိုစကားအဓိပ္ပာယ်နှင့်စပ်လျဉ်း၍ မေးခွန်း ထုတ်မိပြန်၏။

“ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ကျွန်တော့်ဘေးမှာ ငွေရှိတယ်ဆိုတာက ဘာအဓိပ္ပာယ်လဲ”

“ဘာအဓိပ္ပာယ်မှ မဟုတ်ဘူးဟေ့....၊ သည်မှာ လူငယ်.... ငါဟာ မင်းအတွက် အခက်အခဲမရှိအောင် ငွေရေး ကြေးရေး ဖန်တီးပေးနိုင်တယ်ဆိုတာကို မင်း မတွေးမိဘူးလားကွဲ့၊ အဲ.... ဒါပေမယ့်....”

“ဒါပေမယ့်....ဘာဖြစ်သလဲ”

စကား တဝက် တပျက်နှင့် ရပ်ထားလိုက်သော ကြောင့် ကျိုးကျင့်က စိတ်မရှည်သလို ငေါက်ဆတ်ဆတ်ကလေး မေး လိုက်လေသည်။

“ဒါပေမယ့်ပေါ့လေ.... လောကကြီးမှာ အယူရှိယင် အပေး ရှိရမယ်ဆိုတဲ့ စကားကိုလဲ မင်း ကြားဘူးမှာပေါ့”

“သိပ်ကြားဘူးတာပေါ့”

“ကောင်းပြီ၊ သည်လိုဆိုယင် တကယ်လို့ မင်းကို ငါက ငွေရေး ကြေးရေး ထောက်ပံ့မယ် ဆိုပါတော့.... မင်းကရော ငါ ပေးတဲ့ ငွေရေးကြေးရေးနဲ့တန်အောင် အလုပ်တခု လုပ်ပေး နိုင်မလား”



တကယ်တော့၊

ကိုဘိုးသိကြီး ယင်းလျံသည် တဘက်လှည့်နည်းဖြင့် အပေး အယူလုပ်လာခြင်းပေပဲ။

ကျိုးကျင့်သည် သူ့မေးခွန်းကို ရုတ်တရက်အဖြေမပေးနိုင်ပဲ ဖြစ်သွား၏။ တဒင်္ဂမျှ တွေဝေငေးငိုင်သွားသည်။

အမှန်အတိုင်းဆိုရလျှင်တော့၊

လောလောဆယ် ကျိုးကျင့်ထံတွင် ငွေတပြားတချပ်မှ မရှိ။

ရှိသမျှငွေတွေ အားလုံးကုန်သွားပြီ။

ငွေမရှိလျှင် ရှေ့ခရီးဆက်ဖို့ ဆိုသည်က မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့။

ရှောင်လင်မြွေဆိုး ရှာဖွေခိုင်းလိုက်သော ဦးခေါင်းနှစ်လုံးနှင့် လူ၊ သို့မှ မဟုတ် ယဲ့ယီနန်းဖိန်၏ နောက်သို့လည်း လိုက်နိုင် တော့မည်မဟုတ်။

တွေးယင်းနှင့်ပင် ကျိုးကျင့်၏ရင်မှာ မသက်မသာ ခံစား လာရသည်။ မောကျပ်လာသည်။ စိတ်ထဲတွင် အနှောင့်အယှက် တရပ်က ကြားဖြတ် ဝင်ရောက်လာသည်။ ရင်ဘတ်ကြားထဲတွင် ထည့်သိမ်းဝှက်သိုထားသောအထုပ်ငယ်ကလေးအတွက်နောက်ဆံ တင်းသလို ခံစားမိလျက် သက်ပြင်းတချက်ကို အသာမျှဉ်း၍ ချလိုက်မိသည်။

သည်ကြားထဲ၊

ကိုဘိုးသိကြီး ယင်းလျံသည် ထပ်ဆင့် မေးခွန်းထုတ်လာ ပြန်သည်။

“ဘယ့်နှယ်လဲကွဲ့၊ ငါပြောသလို ဖြစ်နိုင်မလား”

အလိုလိုကမှ စိတ်မနိုင် အခြေယိုင်နေရသည့်အထဲ ကိုဘိုးသိကြီး ယင်းလျှ၏ မေးခွန်းက မီးလောင်ရာ လေပင့်လိုက်သည့်နှယ်။ သို့မို့ကြောင့်လည်း ကျိုးကျင့်သည် ကြာကြာရှည်ရှည် စဉ်းစားမနေတော့ချေ။

"ကောင်းပြီလေ....ခင်ဗျားပြောသလို ဖြစ်နိုင်ပါတယ်။ နို့.... ဒါထက် ကျွန်တော်လုပ်ရမယ့်အလုပ်က...."

ကိုဘိုးသိကြီး ယင်းလျှံသည် တက်ဘက်ကြွကြွင် အဖြေပေးသည်။

"လူနှစ်ယောက်ရဲ့ အသက်ကို မင်းသက်နဲ့ သတ်ပေးဖို့ပဲ ကျိုးကျင့်"

"ဗျာ"

ကိုဘိုးသိကြီး ယင်းလျှံ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားတို့ကြောင့် ကျိုးကျင့်ခမျာ အလွန်အမင်း အံ့အားသင့်ခြင်းနှင့်အတူ အာမေဍိတ်သံကိုလည်း လွှတ်ကနဲ ထုတ်မိလျက်သား ဖြစ်သွားခဲ့ရသည်။

ဘယ်သို့မှ မမျှော်လင့်၊ မထင်မှတ်။

သည်နှယ်စကားမျိုး သူ့နှုတ်ဖျားကနေ ထွက်သာလိမ့်မည်ဟု စိုးစဉ်းမျှ မမျှော်လင့် မထင်မှတ်ခဲ့ရိုး အမှန်ပါလေ။

ကျိုးကျင့်၏စိတ်ထဲမှာ ရှုပ်ထွေး နောက်ကျုသွားရသည်။

မျက်ခမှာင်ကို အလိုလိုနေယင်း ကြုတ်မိလျက်သားဖြစ်သွားခဲ့ရသည်။

နောက်ပြောင်ကျီစယ် နေတာမျိုးသားဟု သူ့ မျက်နှာကို



ကြည့်လိုက်ပြန်တော့လည်း အမူအရာ တစက်ကလေးမှ မပျက်ချေ။ တည်တည်ကြည်ကြည် အေးအေးစက်စက်။

"ဘာလဲ....ငါ့ရဲ့စကားကို မင်းက မယုံလို့လား"

"အင်း.... အမှန်အတိုင်း ပြောရယင်တော့ ခင်ဗျားကြီးရဲ့ စကားကြောင့် ကျွန်တော် နည်းနည်း ဦးနှောက်ခြောက်သွားမိတာတော့ အမှန်ပဲ။ပြီးတော့....ကိုယ့်နားလဲ ကိုယ်မယုံနိုင်အောင် ဖြစ်သွားမိတယ်လေ"

"အေး....ဗြုန်းကနဲဆိုတော့လဲ မင်း အခုလိုပဲခံစားမိမှာပေါ့လေ။ ဒါပေမယ့်ပေါ့ကွာ၊ အခုနကစကားကို ငါ အတည်ပြောခဲ့တာပဲ ကျိုးကျင့်။ မင်းအနေနဲ့ ငွေလိုချင်တယ် ဆိုယင်တော့ လူနှစ်ယောက်ရဲ့အသက်ကို မင်း သတ်ပေးရလိမ့်မယ်။ ပြီးတော့ အဲဒီလူနှစ်ယောက်ရဲ့ အခန်းထဲကပစ္စည်းတခုကိုလဲ မင်း ယူဆောင်ပေးရလိမ့်မယ်"

"ကျွန်တော် ယူဆောင်ပေးရမယ့်ပစ္စည်းက ဘာပစ္စည်းမျိုးလဲ ဗျ"

ကိုဘိုးသိကြီး ယင်းလျှံသည် ကျိုးကျင့်၏ အမေးကို လက်တဘက် ဝှေ့ယမ်းပြယင်း အဖြေပေးသည်။

"ဒါတွေကို နောက်တော့ သိသာရမှာပေါ့။ ငါ ကိုယ်တိုင်ပဲ မင်းကို အားလုံး အသေးစိတ်ရှင်းပြမှာပဲ။ အဲ....လောလောဆယ် အရေးကြီးတာကတော့ မင်းအနေနဲ့ ငါခိုင်းတာကို လုပ်မယ်.... မလုပ်ဘူးဆိုတာပဲ"

ကျိုးကျင့် ဘယ်သို့ အဖြေပေးရမည်နည်း။

လုပ်ဆောင်ပေးမည် မလုပ်ဆောင်ပေးမည်၊ လမ်း နှစ်သွယ်၏ အနက် တလမ်းလမ်းကို ရွေးချယ်ရချေတော့မည်။

လောလောဆယ် သူ့တွင် ငွေ အရေးတကြီးလိုအပ်နေသည် အမှန်။

ရှောင်လင်မြွေဆိုး ပေးအပ်လိုက်သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ဆိုသည်ကလည်း ငွေမရှိပဲနှင့် ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ ဦးခေါင်းနှစ်လုံးနှင့်လူကို ရှာဖွေရာ၌ ငွေမရှိပဲနှင့် ဘယ်သို့မျှမဖြစ်နိုင်။

ခက်သည်က၊

သူသည် ငွေကို တခြားနည်းဖြင့်သာ ရှာချင်သည်။ မသမာသောနည်းဖြင့် မရှာဖွေချင်။ လူတယောက်၏အသက်ကို သတ်ပြီးမှ ငွေရမည့်အလုပ်ကိုလည်း မလုပ်လို။

ကျိုးကျင့်၏စိတ်ထဲတွင် ဒွိဟဖြစ်လာသည်။ ဝေခွဲမရဖြစ်လာသည်။ ယခုကြုံတွေ့နေရသောပြဿနာကို မည်သို့ဆုံးဖြတ်ရမည်လည်း မသိတတ်တော့။

စင်စစ်၊

ကျိုးကျင့်တယောက် ဆုပ်လည်းစူး စားလည်းရူး ဆိုသောအခြေအနေထဲ သက်ဆင်းနေရခြင်း ပါပေတည်း။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။

လောလောဆယ် အခိုက်အတန့်တွင်တော့ ရေလိုက်ငါးလိုက် သဘောမျိုးဖြင့် ကြိုးရှည်ရှည်လှန်ထားလိုက်တာ အကောင်းဆုံးဖြစ်မည်။

နောက်တော့မှ၊



အခြေအနေ မီးစင်ကြည့် က ရမည်။

သူ စေခိုင်းသည့်အတိုင်း လုပ်သင့်မလုပ်သင့် ဆုံးဖြတ်ရမည်။

"ဘယ့်နှယ်လဲ။ ငါ ပြောတာကို သဘောပေါက်တယ်မဟုတ်လား"

ကိုဘိုးသိကြီး ယင်းလျှက ထပ်ဆင့်မေးလာပြန်သည်။

ကျိုးကျင့်သည် မြွေမသေ တုတ်မကျိုးဆိုသည့်စကားအတိုင်း ကျင့်သုံးခဲ့ပါ၏။

"အစားပျက် အအိပ်ပျက်ခဲ့ရတာများခဲ့လို့ လောလောဆယ်တော့ ကျွန်တော် အနားယူချင်သေးတယ်ဗျာ။ ကုန်ခန်းသွားတဲ့ အင်အားတွေ ပြည့်သွားယင်တော့ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့ သဘောကို လိုက်လျောကောင်း လိုက်လျောပါလိမ့်မယ်"

သူ့မျက်နှာတွင် ပွင့်လင်းသော အပြုံးရိပ်တရိပ် ဖြတ်သန်းသွားသည်။ ဘေးတိုက် အနေအထားဖြင့် မြင်တွေ့ နေရသည့် ကျိုးကျင့်က ယင်းအဖြစ်ကို တိတိပပပဲ သတိပြုမိသည်။

အင်း.... ငနဲသားကြီး လောလောဆယ်တော့ စိတ်ကျေနပ်သွားမှာပဲ။

"အေး....ပြေးခဲ့လွှားခဲ့ရလို့ မင်း ပင်ပန်းနေမယ်ဆိုတာကို ငါ ရိပ်စားမိပါတယ်လေ။ ဒါကြောင့်လဲ မင်းအနေနဲ့ ငါ့အလုပ်ကိစ္စကို ချက်ချင်းလက်ငင်းလုပ်ပေးဖို့ မလိုသေးပါဘူးလေ။ နောက် သုံးရက်လောက်နေပြီးမှ လုပ်ပေးလဲ ဖြစ်ပါတယ်။ အဲ့ဒီကြားထဲမှာ ငါကလဲ တခြားတနေရာကို သွားစရာ ရှိနေသေးတယ်လေ"

"ဒါဖြင့် ခင်ဗျားကြီးမရှိတဲ့ ဒီ သုံးရက်အတွင်းကျွန်တော်ဆ ဘယ်လိုနေပြီး ဘယ်လိုစားရမလဲ"

"ဒီအတွက် မင်း ဘာမှစိုးရိမ်မနေစမ်းပါနဲ့။ မင်းကို ငါ အခု အကောင်းဆုံး တည်းခိုခန်း တခုမှာ ပို့ပေးထားခဲ့မယ်။ မင်းအတွက် အားလုံး လိုလေသေးမရှိရအောင် ငါ စီစဉ်ထားခဲ့မယ်။ အေး....တခုတော့ ရှိတာပေါ့လေ"

"ပြောပါ။ ကျွန်တော် နားထောင်နေပါတယ်"

"ငါပြန်လာတဲ့နေ့ကျယင်တော့ မင်းဆီက ငါလိုချင်တဲ့အဖြေကို လိုချင်တယ်။ ဒါပဲ"

ကျိုးကျင့် ပြုံးသည်။ သဘောကျသောကြောင့်ဖြစ်သည်။

"ကဲပါ....ကျွန်တော် မြင်းရထားကို ဘယ်အထိဆက်မောင်းနေရအုန်းမှာလဲ"

ကျိုးကျင့်က စကားလမ်းကြောင်း ပြောင်းသည်။

ကျိုးကျင့် မေးလိုက်တော့မှပင် ကိုဘိုးသိကြီး ယင်းလျံကလည်း ထိုအဖြစ်ကို သတိပြုမိလိုက်ပုံရသည်။

"အေး....ဟုတ်သားပဲ။ ငါကလဲ မင်းကိုလမ်းညွှန်ပြဖို့ သတိလစ်သွားတယ်။ အဲ....အဲဒီလမ်းအတိုင်း တည့်တည့်သာ မောင်း။ လမ်းဆုံးခါနီးလောက်မှာ ဗယ်ဘက်မှာ လမ်းသွယ်လေး တခုကို တွေ့လိမ့်မယ်။ အဲဒီလမ်းသွယ်လေးထဲချိုးဝင်ပြီး ရှေ့ဆက်သွားလိုက်ယင် ငါတို့ သွားမယ့်နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလိမ့်မယ်ကွယ့်"

ကိုဘိုးသိကြီး ယင်းလျံက နတ်လမ်းညွှန်လုပ်သည်။

သို့စေကာမူ၊

သူသည် သွားရမည့်ခရီးစဉ်ကို ညွှန်ကြားခဲ့သော်လည်း မည်



သည့်နေရာဆီသို့ ဦးတည်သွားနေကြောင်းတော့ ဖွင့်မပြောပြခဲ့ချေ။

ယင်းအတွက်၊

ကျိုးကျင့်၏စိတ်ထဲတွင် သိပ် မကျေနပ်ချေ။

သို့မို့ကြောင့်လည်း၊

နှုတ်မှ ပြောင်ပင် ထုတ်ဖော် ဖွင့်ပေးလိုက်မိသည်။

"ကျွန်တော်တို့ အခု ဘယ်ကို ဦးတည် သွားနေတာတဲ့လဲ"

ကိုဘိုးသိကြီး ယင်းလျံက တခွန်းတည်းသော စကားကို ပြတ်ပြတ်သားသားပင် ဆိုခဲ့သည်။

"ညောင်လေးပင်တည်းခိုခန်း ဆိုတဲ့ နေရာဆီကိုပဲဟေ့"

●

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
ရုံး ၂၁၇၄၄

## ကမ္ဘာကြီးက ကျဉ်းကျဉ်းကလေးပါ

ညောင်လေးပင် တည်းခိုခန်း။

နှစ်ထပ် အဆောက်အအုံကလေးတလုံးမျှသာ ဖြစ်သည်။

သစ်လွင်သည်၊ တောက်ပသည်။

ဆောက်ထားသည်မှာ သိပ်ကြာတတ်သေးဟန်မတူ။

တည်းခိုခန်းရှေ့တွင်တော့ အရိပ်အာဝါသ ကောင်းမွန်စွာ ရနိုင်သော ညောင်ပင်ကြီးလေးပင်။ တပင်နှင့်တပင် ဝါးတရိုက် ခန့်စီခြား၍ စိုက်ထားသည်။

သစ်လွင်သော အဆောက်အအုံနှင့် ထို ညောင်ပင်လေးပင်၏ အသွင်သဏ္ဌာန်တို့သည် အလွန်လိုက်ဖက်ပြီး ကြည့်၍ကောင်းနေသည်။ စိမ်းစိမ်းစိုစို ရှန်းရှန်းဘင့်တင့်ရှိသည်။



ကျိုးကျင့်သည် ညောင်ပင်လေးပင် တည်းခိုခန်းနှင့် မလှမ်းမကမ်းတွင် မြင်းရထားကို ရပ်တန့်သည်။

ကိုဘိုးသိကြီးယင်းလျှံသည် မြင်းရထားအောက်သို့ဖြည်းဖြည်းနွဲ့နွဲ့ကလေး ခုန်ဆင်းသည်။

"ကဲ....သာဟော့ သူငယ်"

ကျိုးကျင့်ကို ခေါ်ယင်း တည်းခိုခန်းပေါက်ဝဘက် ဆီသို့ ခြေလှမ်းဖြင့် လျှောက်လှမ်းသွားလေသည်။

ကျိုးကျင့်သည်လည်း အောက်သို့ခုန်ဆင်းကာ သူ့နောက်သို့ လိုက်ခဲ့သည်။

ကိုဘိုးသိ ယင်းလျှံသည် ညောင်လေးပင် တည်းခိုခန်းတွင် မကြာခဏ တည်းခိုဖူးနေပုံ ရသည်။ သည် တည်းခိုခန်းထဲမှ လူများနှင့်လည်း မိတ်ဆွေအပေါင်းသင်းဖြစ်ပြီး မျက်မှန်းတန်းမိနေကြပုံရသည်။

အဆောင်အယောင်တို့ဖြင့် ပြီးပြည့်စုံ ခမ်းနားလွန်းလှသည့် တည်းခိုခန်းတွင်းသို့ ခြေချမိကြသည်နှင့် တည်းခိုခန်း အလုပ်သမားဖြစ်ဟန်တူသော လူရွယ်နှစ်ယောက်က ကပျာကသီ ပြေးကပ်လာကြသည်။ ကိုဘိုးသိကြီးယင်းလျှံ၏ရှေ့သို့အရောက်တွင် အရိုအသေပေးနှုတ်ဆက်သလို လက်နှစ်ဘက်ကိုဆုပ် ခါးကလေးတွေ့ ကိုင်းလိုက်ကြသည်။ ပြုံးချိုကြည်မြသော လေသံဖြင့်လည်း သူ့ကို ဆီးကြိုနှုတ်ခွန်းဆက်စကားဆိုသည်။

"အား....သခင်ကြီး ကျန်းကျန်းမာမာပါပဲနော်။ကျွန်တော့်တည်းခိုခန်းကို မရောက်ဖြစ်တာလဲ အတော်ကလေးကြာသွားပြီနော်"

တယောက်က သို့နှယ်ဆိုခဲ့သလို ကျန် တယောက်ကလည်း လာရင်းကိစ္စကို မေးသည်။

"အခုတော့ ကျွန်တော်တို့ရဲ့ တည်းခိုခန်းမှာ တည်းခိုဖို့ လာတာပဲ မဟုတ်လား"

သူတို့နှစ်ယောက်၏မျက်နှာထားတွေက ပြုံးချိုကြည်ရွှင်နေသလောက် ကိုတိုးသိကြီး ယင်းလျှ၏ မျက်နှာအနေအထားက တော့မူ ခပ်တည်တည်။ စိုးစဉ်းမျှ ပြုံးရယ်ခြင်း မရှိချေ။ ထွက်လာသည့် စကားသံကလည်း တင်းတင်းမာမာ ပြတ်ပြတ်သားသား။

"အေး....မင်းတို့ရဲ့ တည်းခိုခန်းမှာ တည်းခိုဖို့ လာခဲ့တာပဲ။ ကောင်းမွန်သန့်ရှင်းပြီး အားလုံးပြည့်စုံနေတဲ့ အခန်းတခုလိုချင်တယ်"

"သခင်ကြီးတည်းခိုဖို့လား၊ ပြီးတော့ ဘယ်နှစ်ရက်တည်းမှာလဲ"

"ဒီမှာ တည်းခိုမှာက သူ၊ တည်းခိုမယ့်ရက်က သုံးရက်ထဲ။ အရေးကြီးတာကတော့ တည်းခိုနေတဲ့ သည်သုံးရက်အတွင်းမှာ သူ့အတွက် ဘာမှ လိုလေသေး မရှိဖို့ပဲ။ သူ့အတွက် အားလုံး ပြီးပြည့်စုံနေဖို့ အရေးကြီးတယ်။ ငါပြောတာကို သဘောပေါက်ရဲ့လား"

ကိုတိုးသိကြီးယင်းလျှ သည် ကျိုးကျင့်ဘက်မေးငေါ့ပြယင်း ညွှန်ကြားချက်တွေ ပေးနေသည်။

အလုပ်သမားနှစ်ယောက်အနက် တယောက်က ပျာပျာသလဲ ပင်။



"အား....သည်အတွက်တော့ စိတ်ချ သခင်ကြီး ရေ.... သူ ကျွန်တော်တို့ တည်းခိုခန်းမှာ တည်းခိုနေသမျှ အားလုံး လိုလေသေး မရှိအောင် ကောင်းကောင်းမွန်မွန်ကျကျနနပြုစုထားလိုက်ပါ့မယ်။ သည်အတွက်တော့ ဘာမှ မပူပါနဲ့၊ ဟဲ....ဟဲ...."

"ကောင်းပြီလေ၊ သည်လိုဆိုယင်လဲ ငါစိတ်ချသွားမယ်" တို့နောက်၊

ကိုတိုးသိကြီးယင်းလျှ သည် ကျိုးကျင့်နှင့်မျက်နှာချင်း ဆိုင်သည်။ ကျိုးကျင့်၏မျက်လုံးအိမ်ထဲ စူးစူးစိုက်စိုက် ကြည့်ခဲ့ရာမှ တင်းစေ့သောလေသံဖြင့် စကားဆိုသည်။

"ကျိုးကျင့်၊ မင်းအတွက်တော့ အားလုံး လိုလေသေး မရှိအောင် ပြုစုဖို့ ငါ သူတို့ကို ပြောလိုက်တာကို မင်းကြားတယ်နော်"

ကျိုးကျင့် ဦးခေါင်းကို ညိတ်ပြသည်။ နှုတ်က ဘာစကားမျှ မဆို။

"အဲသည်တော့ ငါခရီးသွားနေတုန်း မင်း သည်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့နေခဲ့နိုင်တယ်။ ငါပြန်လာတဲ့အခါကျမှ မင်းနဲ့ ဆွေးနွေးစရာရှိတာတွေကို ဆက်ပြီး ဆွေးနွေးမယ်။ မင်းဘက်က ငါလိုချင်တဲ့အဖြေ ရလာလိမ့်မယ်လို့လဲ ငါ မျှော်လင့်တယ် ကျိုးကျင့်။ကဲ....ငါသွားမယ် ကျိုးကျင့်"

စကားကို တိုတိုပြတ်ပြတ်ဆိုပြီးနောက် သူသည် ကျိုးကျင့်ကို ကျောခိုင်းသည်။ ထွက်ပေါက်နားသို့ ရောက်တော့မှ သူသည် တစုံတရာကို သတိရလိုက်သလို သည်ဘက်သို့ မျက်နှာ ပြန်လှည့်သည်။ စားပွဲထိုးလေး နှစ်ယောက်ကို လှမ်းပြောသည်။

"သည်မှာဟော့၊ မင်းတို့ရဲ့ဆရာကို ပြောလိုက်။ သူ့အတွက် ကျသင့်သမျှငွေအားလုံးကို ငါပြန်လာမှရှင်းပေးမယ်လို့၊ ဩြော်... ကျိုးကျင့်"

"ခင်ဗျားကြီး ပြောစရာရှိတာကိုသာ ပြောပါ။ ကျွန်တော် နားထောင်နေပါတယ်"

ကိုဘိုးသိကြီး ယင်းလျှံသည် ဗိတ်သဘောတွေ့သလို ရှေ့သွားတန်းလေးများကို လှစ်ကနဲ ဖော်ထုတ်ပြသည်။

"ဩြော်....တခြားမဟုတ်ပါဘူး....တကယ်လို့ မင်းဟာ ငါ ပြန်လာတဲ့အထိတောင် မစောင့်ဆိုင်းပဲ စောစောစီးစီး လစ်ထွက်သွားမယ်ဆိုယင်ပေါ့လေ....ဟဲ....ဟဲ....ကမ္ဘာကြီးဟာကျဉ်းကျဉ်းကလေးပဲ ဆိုတာကို မင်း သိပါတယ်နော်"

ရယ်စရာတော့ အတော့်ကို ကောင်းသည်။

ငတိကြီးက သူ ခြိမ်းခြောက်ဘိုင်း တဘက်လူက ကြောက်မည်ဟုများ မှတ်ထင်နေရော့သလား မသိ။

သူ့မှာ အစွယ်ရှိသလို၊ ကိုယ့်မှာလည်း အစွယ်ရှိတာကို မသိလေရော့သလား။

ကျိုးကျင့်သည် မဲ့ပြုံးလေး ပြုံးယင်း သူ့ကို လှမ်းပြောခဲ့သည်။

"မပူပါနဲ့၊ ကျွန်တော် သည်ကနေ တဖဝါးမှ မခွာပါဘူး။ သည်အတွက်တော့ စိတ်ချနေ။ အဲသည်လိုပြောလိုက်လို့ ခင်ဗျားကြီးကို ကြောက်လို့တော့ မထင်လိုက်ပါနဲ့။ ကျွန်တော့်မှာ မရှိမဖြစ်တဲ့ ငွေလိုနေလို့သာ အညံ့ခံနေတယ်ဆိုတာကို ခင်ဗျားကြီးရဲ့ ဦးနှောက်ထဲမှာ စွဲစွဲမြဲမြဲမှတ်ထားလိုက်၊ ဒါပဲ"



"အေးလေ၊ ဒါဆိုလဲ ပြီးတာပဲ"

သည့်နောက်မှာတော့၊

ကိုဘိုးသိကြီးယင်းလျှံသည် အပြင်ဘက် မိုးရေကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

မကြာမတင်မှာ၊

မြင်းရထားတစီး မောင်းထွက်သွားသံကို အခသအချာကြားလိုက်ရတော့သည်။

"ကဲ....ဆရာလေး၊ကျွန်တော့်နောက်ကနေလိုက်ခဲ့ပေတော့။ ဆရာလေးအတွက် အပေါ်ထပ်မှာ အခန်းလွတ်ရှိတယ်"

နှစ်ယောက်အနက် အရပ်အနည်းငယ်ပုသောအလုပ်သမားက ရှေ့မှ ဦးဆောင်၍ အပေါ်ထပ်သို့ ခေါ်ဆောင်ခဲ့သည်။

●

## သူဆိုတာက ဘယ်သူလဲ

အပေါ်ထပ်သို့ ရောက်ရှိလာသည်။

မျက်နှာချင်းဆိုင်အခန်းငယ်လေးတွေ စီကာရီကာရှိနေသည့် အနက် တည်းခိုခန်းအလုပ်သမားက ထောင့်ဆုံး အခန်းနံပါတ် ဆယ့်ရှစ်ဆီသို့ ခေါ်ဆောင်ခဲ့သည်။

"ဆရာလေးအတွက်ကတော့ သည်အခန်းပဲ။ ဆရာလေး မနက်စာ စားပြီးပြီလား"

စားပွဲထိုးလေးက ကျိုးကျင့် တည်းခိုရမည့် အခန်းတံခါးကို တွန်းဖွင့်ယင်း မေးသည်။

"ဘယ်စားရအုန်းမလဲဗျာ။ ဗိုက်လဲ သိပ်ဆာတာပဲဗျာ"

"သည်လိုဆိုယင် အခန်းထဲကနေ ခဏလောက် စောင့်နေ။ တော်တော်ကြာကျယင် ဆရာလေးဆီကို သူ ရောက်လာလိမ့်မယ်။



သူက ဆရာလေးအတွက် အားလုံးစီစဉ်ပေးလိမ့်မယ်။ ဆရာလေးကလဲ အလိုရှိသမျှ အားလုံးကို သူ့ ပြောပြလိုက်ပေါ့။ ကဲ.... ကျွန်တော် သွားမယ်"

စကားဆုံးသည်နှင့်၊

သူသည် ကျိုးကျင့်ထံမှ စကားအပြောကိုပင် မစောင့်တော့ပဲ လာရာလမ်းအတိုင်း ပြန်လည်လှည့်ထွက်သွား၏။

ကျိုးကျင့်မှာသာ ဦး နှောက်ထဲ အ မေး ပု စ္ဆာ ထုတ်ယင်း ပါးစပ်အဟောင်းသားဖြင့် နေရာတွင်ပင် ရပ် ကျန် ရစ်ခဲ့သည်။ တည်းခိုခန်းအလုပ်သမားနှုတ်မှ တဖွဖွဖြင့် ပြောသွားသည့်'သူ' ဆိုသူမှာ မည်သူနည်း။

ပြီးတော့၊

မိမိအတွက် အားလုံး စီစဉ်ပေးလိမ့်မည်ဟုလည်း ဆိုသွားခဲ့သေးသည်။

သူက မိမိအတွက်ဘာတွေများ စီစဉ်ပေးမှာလဲ။

မရေရာသည့်မေးခွန်းတွေကို အ ဖြေ ရှာ ယင်းမှ ဦးနှောက် ခြောက်လာသည်။

အို....ဒါတွေကို ငါဘာဖြစ်လို့ တွေးနေရမှာလဲ၊ နောင်ခါလာ နောင်ခါချေးပေါ့။ အခုလောလောဆယ်အရေးကြီးတာက အခန်းထဲဝင်ပြီး အနားယူဖို့။

ကျိုးကျင့်သည် အခန်းတွင်းသို့စတင်ခြေချသည်။

အခန်းမှာ မကျယ်မကျဉ်းဖြစ်သည်။

တယောက်တည်းအတွက်ဆိုလျှင် ခြေဆန့်လက်ဆန့် ကောင်းကောင်းရနိုင်သည်။

ခေါင်းရင်းပိုင်းတွင် ပြတင်းပေါက်တခု ရှိသည်။ ပြတင်းပေါက်တံခါးက စေ့ပိတ်နေသည်။ ကျိုးကျင့်က ပြတင်းပေါက်တံခါးတခြမ်းကို တွန်းဖွင့်လိုက်သည်။ အလင်းရောင်အနည်းငယ်တိုးဝင်လာသည်။ အခန်းတွင်းမှာ တယောက်အိပ် ခုတင်တလုံးနှင့်အတူ မွေ့ရာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အားလုံးအပြည့်အစုံရှိနေသည်။

ကျိုးကျင့်သည် မိုးရေစိုနေသော သူ့အပေါ်အင်္ကျီကိုချွတ်သည်။

ကြည့်စမ်း၊

ရှောင်လင်မြေဆိုး ပေးအပ်လိုက်သော ဘာမှန်းမသိရသည့် အထုပ်ငယ်ကလေးပင် မိုးရေတို့ဖြင့် ရွှဲရွှဲနစ်နေပါပကောလား။ မိုးရေ၏အလေးချိန်စီးမှုကြောင့် အထုပ်မှာ ယူလာကာစထက် ပို၍လေးလံနေသလား မှတ်ထင်ရသည်။

ဤအထုပ်ထဲတွင် ဘာပစ္စည်းများပါရှိပါလိမ့်။

သည်အထုပ်ကလေးကို ငါ ဖွင့်ကြည့်လိုက်ရကောင်းမလား။

ကျိုးကျင့်သည် အထုပ်ကလေးနှင့် ပတ် သက် ၍ လေ့လာစူးစမ်းချင်လာသည်။ တနည်းအားဖြင့်ဆိုရပါမူ စိတ်ဆင်ရိုင်းတို့က မသိမသာ ဝင်နှောက်လာခဲ့ခြင်းဖြစ်သည်။

နောက်မှ၊

အို….ငါ့အခနေနှင့် ပိုင်ရှင်ခွင့်ပြုချက်မရပဲ သည်အထုပ်ကိုဖွင့်ကြည့်လို့မဖြစ်ဘူး။ သည်အထုပ်ထဲမှာ ဘာပဲပါပါ၊ ငါနဲ့ဘာမှ မဆိုင်ဘူး။ ငါ့အခနေနဲ့ ရှောင်လင်မြေဆိုး အပေါ် မှာ သစ္စာ



စောင့်သိရမယ်။ ငါ့ကို ယုံယုံကြည်ကြည်နဲ့ သည်အထုပ်ကလေးကို ပေးလိုက်တဲ့ ရှောင်လင်မြေဆိုးအပေါ်မှာ သ စ္စာ စောင့်ထိန်းရလိမ့်မယ်….ဒါပဲ။

ကိုယ့်စိတ်ကိုယ် ပြန်လည် ထိန်းချုပ်ခဲ့ရာမှ ကျိုးကျင့် သည် ခုတင်ရှိရာသို့ အသာတိုးကပ်ခဲ့သည်။ လက်ထဲမှ အထုပ်ကလေးနှင့်အတူ၊ ပေါက်ဓားလေးကိုလည်း ခေါင်းအုံးအောက်ထိုးသွင်းဝှက်ထားလိုက်သည်။

## ယွင်းရှာဆိုသောအမျိုးသမီးငယ်

ကျိုးကျင့် တယောက် ခုတင်ပေါ်တက်၍ အနားယူလဲလျောင်းမည်မှုမကြံရသေး။

သူ့အခန်းထဲသို့ အမျိုးသမီးငယ်တယောက် စွပ်စွပ်ရွတ်ရွတ်ကြီး ဝင်ရောက်လာသည်။ သူကလေး၏အသက်မှာ အလွန်ဆုံးရှိလှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်နှစ်၊ ပိုးဖဲအင်္ကျီ အနက်ရောင်ကိုဆင်မြန်းထားသည်။ မျက်နှာအနေအထားမှာ လှပသည်ဟုလည်း မဆိုသာ၊ ရုပ်ဆိုးသည်လို့လည်းပြော၍မရ။ ရှက်ကြမ်းရေကျိုအစားထဲကဖြစ်သည်။ တည်းခိုခန်း အလုပ်သမား ပြောသွားသည့် သူ ဆိုသည်မှာ သည်အမျိုးသမီးငယ်ပဲဖြစ်ရမည်။

"ကဲ....အစ်ကို၊ရေချိုးခန်းကိုသွားကြရအောင်လား"



အမျိုးသမီးငယ်၏အသံက သာယာ ကြည်စင်သည်။ သူ့အပြုံးကလည်း ညို့မြှူနိုင်စွမ်းရှိသည်။

ကျိုးကျင့်သည် မျက်မှောင်ကိုသာအသာကြုတ်လိုက်မိသည်။ နှုတ်မှလည်းမေးခွန်းထုတ်မိသည်။

"ရေချိုးခန်း....ဟုတ်လား"

အမျိုးသမီးငယ်သည် ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် ဦးခေါင်းကို ညိတ်ပြသည်။

"ဟုတ်တယ်လေ အစ်ကိုရဲ့၊ အစ်ကိုရေမိုးချိုး သန့်စင်ပြီးယင် မမကျင်းလီနဲ့ အစ်ကို တွေ့ရအုန်းမယ် မဟုတ်လား အစ်ကိုရဲ့"

မမကျင်းလီ ဆိုပါကလား။

ကျိုးကျင့်၏ နားထဲသို့အထူးအဆန်း နာမည်တခုဝင်ရောက်လာခြင်းပဲဖြစ်သည်။

"မမကျင်းလီ....မမကျင်းလီ၊ နို့.... မမကျင်းလီ ဆိုတာဘယ်သူလဲ၊ပြီးတော့ ငါ့ကို သူက ဘာကြောင့်တွေ့ချမှာတဲ့လဲ"

သည်တော့လည်း၊

အမျိုးသမီးငယ်သည် ပါးစပ်ကလေးကို လက် ဖြင့်ပိတ် ၍၊ ခိကနဲခနအောင်ပင် ရယ်နေသည်။

"မမကျင်းလီဆိုတာ မမကျင်းလီပဲပေါ့ အစ်ကိုရယ်။ ဒါကိုများ မေးနေရသေးသလားလို့။ အဲ....မမကျင်းလီနဲ့ ဘာကြောင့်တွေ့ရမယ်ဆိုတာကိုတော့ အစ်ကို့အနေနဲ့ မမကျင်းလီနဲ့ တွေ့ပြီးတဲ့ အခါကျတော့ သိရမှာပေါ့ အစ်ကိုရယ်"

အမျိုးသမီးငယ်က ကျိုးကျင့်၏မေးခွန်းကို တိတိပပ အဖြေမပေးပဲ ဝေ့လည်ကြောင်ပတ် လုပ်သွားသည်။

ကျိုးကျောင့်၏စိတ်ထဲတွင် မချင့်မရဲကြီး ဖြစ်မိသည်။

ဒါပေမယ့်၊

သူကလေးမဖြေချင်သော မေးခွန်းတွေကို နောက်ထပ် မေး မနေတော့ပါ၊

"ကောင်းပြီလေ။ ဒီလိုဆိုယင် မင်း အပြင်ကပဲစောင့်နေ။ငါ အခုပဲ ထွက်ခဲ့မယ်"

အမျိုးသမီးငယ်သည် ကျိုးကျောင့်အား မျက်လွှာတချက် ပင့်ကြည့်ပြီးနောက် မေးတငေါ့ငေါ့ဖြင့် အခန်းတွင်းမှ ထွက်ခွာသွားသည်။

ကျိုးကျောင့်သည် ခြေကို ဖွဖွနင်း၍ တံခါးနားသို့ တိုးကပ်ခဲ့သည်။ တံခါးကို အသာအယာစေ့ပိတ်၍ ဂျက်ချသည်။

ဒါဆို သူ အတွင်းမှာလုပ်ဆောင်နေသမျှကို ထို အမျိုးသမီးငယ် ချောင်းကြည့်၍ မရနိုင်တော့။

ကျိုးကျောင့်သည် ခုတင်နားသို့ တိုးကပ်ခဲ့သည်။

သူ့မှာ အသင့်ပါလာသော ပေါက်တူးဖြင့် ခေါင်းအုံးချုပ်ရိုးတဝက်ကို ဖြုတ်သည်။ လက်တချောင်း ကောင်းစွာ ထိုးဆန့်နိုင်လောက်သည့် အပေါက်အနေအထားသို့ ရောက်တော့မှ ပေါက်တူးကို ဘေးသို့ချသည်။ မြေဆိုး ဂေဟာမှ ထွက်လာကတည်းက ကိုယ်နှင့်မကွာ ယူဆောင်လာသည့် ဘာမှန်း မသိရသည့် ရေစိုအထုပ်ငယ်ကလေးကို ခေါင်းအုံးထဲထိုး သွင်းသည်။ စောင်တထည်ဖြင့် ထွေးလုံးရစ်ပတ် လုပ်သည်။ ခေါင်းအုံးကို အနေအထားမပျက် ပြန်ထားသည်။

အလုံးစုံ ဆောင်ရွက်ပြီး၍ စိတ်ချရသလောက် ရှိတော့မှပင် သူသည် အင်္ကျီကိုကောက်ဝတ်၍ တံခါးကို ဂျက်ဖြုတ်လိုက်တော့သည်။



အမျိုးသမီးငယ်သည် လက်ကလေးနှစ်ဘက်ပိုက်၍ တံခါးအပြင်ဘက်နားတွင် စိတ်ရှည်လက်ရှည် စောင့်ရပ်နေဆဲ ရှိသည့် အဖြစ်ကို မြင်တွေ့လိုက်ရသည်။

"ကဲ....သွားကြစို့ အမိ"

ကျိုးကျောင့်က ခပ်ပြုံးပြုံးလေးပြောသည်။

အမျိုးသမီးငယ်သည် ဖူးဖူးရွရွနုတ်ခမ်းနှစ်လွှာကို မသိမသာလေး ပွင့်အာပြခဲ့ရာမှ တဆက်တည်း၊

"ကျွန်မနာမည်က အမိ မဟုတ်ဘူးရှင့်"

"ဒါဖြင့် ဘာလဲ"

"ယွင်းရှာပါ"

ယွင်းရှာ။

ယွင်းရှာသည် ရှေ့အနေ ဦးဆောင်၍ ရေချိုးခန်းဆီသို့ခေါ် ဆောင်ခဲ့တော့သည်။

●

## မမ ကျင်းလီ

အံမယ်မင်း.... အရှင်လတ်လတ်ကြီး နတ်ပြည် ရောက်နေရသလို ပါပဲကလား။

ရေချိုးခန်းထဲ ခြေချမိသည်နှင့် အမွှေးရနံ့ ပေါင်းစုံက သူ့နှာဝဆီ ပြေးဝင်ကျီစယ်လိုက်သည်။

ရေချိုးခန်းထဲမှာ ရေအပြည့်နှင့် ရေစည်ပိုင်းကြီး တလုံး။ ရေမှာ သန့်ရှင်းစင်ကြယ်လွန်းလှသည်။

ထို ရေအပြည့်နှင့် ရေစည်ပိုင်းကြီးကို ကြည့်၍ ကျိုးကျင့်တယောက် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ကဲ....အစ်ကို၊ ရေစည်ပိုင်းထဲ ဝင်ပေတော့"

ယွင်းရှာက သူ့ကို ရေစည်ပိုင်းထဲဝင်ဖို့ပြောသည်။

"ကဲ....ဒီလိုဆို မင်း သွားတော့လေ"



ကျိုးကျင့်က ယွင်းရှာကို နှင်ထုတ်သည်။

အမှန်တော့!

တစိမ်းမိန်းကလေးတယောက်ရှေ့တွင် ကျိုးကျင့် ရေမချိုးတတ်ရိုးအမှန်။ လွတ်လွတ်လပ်လပ်မရှိဟုလည်း စိတ်ထဲမှ မှတ်ယူသည်။

ယွင်းရှာသည် ခိကနဲ အသံထွက်အောင်ပင် ရယ်လိုက်ပြန်ပါ၏။

"မင်းက ဘာရီတာလဲ ယွင်းရှာ"

"ဩော်....အစ်ကိုကလဲ။ အစ်ကို့ကိုအပ်သွားတဲ့လူက ပြောသွားတယ် မဟုတ်လား။ အစ်ကို ဒီ တည်းခိုခန်းမှာတည်းခိုနေတဲ့ ဒီ သုံးရက်အတွင်းမှာ အစ်ကို့ကို ဘာတခုမှလိုလေသေးမရှိရအောင် ပြုစုလိုက်ပါလို့ ဆိုသွားတာကိုလေ"

"အခုဖြစ်နေတဲ့ကိစ္စနဲ့ သူ ပြောသွားတဲ့စကားက ဘာဆိုင်တာ မှတ်လို့"

"သိပ်ဆိုင်တာပေါ့ အစ်ကိုရယ်။ အစ်ကို ဒီမှာ တည်းခိုနေသမျှ ကျွန်မတို့ဘက်ကလဲ အပြောနဲ့အဟောညီအောင် ကျင့်သုံးရမယ်လေ"

"ဒါပေမယ့် အခု ငါ ရေချိုးမယ့်ကိစ္စမှာ မင်းကို မလိုဘူးထင်တယ်"

"လိုတာမှ သိပ်ကိုလိုတာပေါ့ အစ်ကိုရယ်။ အစ်ကို့ကိုကျွန်မက ချေးတွန်းပေးရမယ်လေ"

ကျိုးကျင့် စိတ်တိုချင်လာသည်။

ယွင်းရှာသည် ရေချိုးသည့် အဝေးအဖွဲ့ကိစ္စလေးတခုကိုပင်

ရေးကြီးခွင်ကျယ် လုပ်နေသည့်အတွက် စိတ် အနှောင့်အယှက် ဖြစ်ချင်လာရသည်။

သူတပါး၏ ပိုင်နက်တွင်းမှာမို့သာ စိတ်ရှိတိုင်းအော်ငေါက် ပစ်ချင်လိုက်သည့်စိတ်ကို မနည်း ချုပ်တည်းထားရသည်။

''သွားစမ်းပါကွာ။ ငါ့ဘာသာငါပဲ ချေးတွန်းပါ့မယ်။အဲ.... တကယ်လို့ မင်းကို အလိုရှိယင်တော့ အသံပေးလိုက်ပါ့မယ်.... ဟုတ်ပလား''

သူက ချော့ချော့မော့မော့ကလေး ပြောလိုက်တော့ မှပင် ယွင်းရှာသည် မကျေမနပ်ဖြင့် အပြင်သို့ထွက်သွားသည်။ရေချိုး ခန်း တံခါးကိုပင် ဂျိမ်းကနဲနေအောင် ပိတ်ပေးသွားလေသည်။

ကျိုးကျင့်သည် အသာပြုံးယင်း ခေါင်းကိုသာ ယမ်းခါမိ သည်။

ရေစည်ပိုင်းထဲ ဝင်မိသည်နှင့် အမွှေးရနံ့ပေါင်းစုံကနှာခေါင်း ထဲ တိုးဝင်လာသည်။ တကိုယ်လုံး နွေးထွေးသွားသလို ခံစား လိုက်ရသည်။ အမွှေးနံ့သာရေများ ရောစပ်ထားသော ရေနွေး ဖြစ်ပုံရသည်။

ကျိုးကျင့်သည် တကိုယ်လုံးရေစိမ်ပြီး စိမ်ပြေနပြေချိုးသည်။ မျက်လုံးအစုံ မှေးမှိတ်ယင်း ရေစည်ပိုင်းထဲ ဇိမ်ယူနေမိသည်မှာ အပေါ်ပြန်တက်ဖို့တောင်ပင် မေ့လျော့လို့။

''ပြီးပြီလားရှင်ရေ့။ ဒီကဖြင့် စောင့်နေရတာမောလှပြီ''

အပြင်ဘက်ဆီမှ ယွင်းရှာ၏ ငေါက်ဆတ်ဆတ်အသံကို ကြား ရတော့မှ ကျိုးကျင့်သည် ရေစည်ပိုင်းထဲကနေ အပေါ်ပြန်တက် ခဲ့သည်။ ပြီး အသံလည်း ပေးလိုက်သည်။



''ပြီးပါပြီတဲ့ ပြီးပါပြီ။ ငါက မင်းမရှိတော့ဘူးမှတ်ပြီးဇိမ်ယူ နေမိတာဟေ့''

ရေချိုးခန်းတံခါး ပွင့်သွား၏။

ယွင်းရှာက ရေချိုးခန်းထဲ ဝင်ရောက်လာသည်။

ယွင်းရှာလက်ထဲတွင် ကျိုးကျင့်အတွက် အဝတ်အစား တစုံ ပါလာသည်။ ထိုအဝတ်အစားတစုံကို ကျိုးကျင့်အား လှမ်းပေး ယင်း....

"ကဲ၊ ဒါတွေကို လဲတော်မူလိုက်ပါအုန်း ရှင်၊ လဲယာဝ်လဲ မြန်မြန်လေး လဲနော်၊ စောစောတုန်းကလို အကြာကြီးလုပ်မနေ နဲ့၊တော်တော်ကြာအချိန်ကြာလွန်းလို့ မမကျင်းလီက ဒေါသပုန် ထနေအုန်းမယ် ရှင့်''

လာပြန်ပြီ....မမကျင်းလီ၊

ယွင်းရှာသည် မမကျင်းလီကို အတော်ကလေးကြောက်လန့်ပုံ ပေါ်သည်။ မမကျင်းလီ၏ ဩဇာသည် ယွင်းရှာ့ အပေါ်မှာ အတော်ကလေး စူးရောက်ပုံရသည်။

ယွင်းရှာသည် ကျိုးကျင့်အား အဝတ်အစားတွေ ပေးပြီး အပြင်သို့ ပြန်လည်ထွက်သွား၏။

ကျိုးကျင့်သည် သူ့ကိုယ်ပေါ်မှ ရေစိုနေသောအဝတ်အစား ဟောင်းများကို ချွတ်သည်။ အဝတ်အစားသစ်များကို ဝတ်ဆင် သည်။ ကိုယ်ကျပ် အင်္ကျီစ အဖြူ၊ ကိုယ်ကျပ် ဘောင်းဘီအဖြူ။

အဝတ်အစားသစ်များကို ဆင်မြန်းလိုက်ရသောကြောင့်လား မသိ။ စိတ်ထဲမှာ ရှိုးတိုးရှန့်တန့် ဖြစ်ချင်သလိုပင် ခံစားမိ ရသည်။

အပြင်တွင် ယွင်းရှာကို တွေ့ရသည်။

သူ့ကိုကြည့်ပြီး ယွင်းရှာ့မျက်နှာတွင် အပြုံးရိပ် ပေါ်လာသည်။ တဆက်တည်း အားပါးတရ ချီးကျူးစကား ဆိုသည်။

"အလဲ့၊ အခုလိုကျတော့လဲ တို့အစ်ကိုက ဘယ်ဆိုးလို့လဲ၊ တော်တော့ကို ကြည့်ကောင်းသွားတယ်။ ခန့်ချောကြီး ဖြစ်လို့၊ ဟင်း....ဟင်း....ဟင်း....သည်ပုံစံအတိုင်းဆိုယင်တော့ မပူနဲ့ အစ်ကို ရေ့...မမကျင်းလီက အစ်ကို့ကို တခါတည်းသဘောကျသွားမှာ သေချာတယ်"

"အေး....အခုလို မင်း ချီးကျူးတာကိုတော့ မင်းကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် မင်း ပြောပြောနေတဲ့ မမကျင်းလီက ငါနဲ့ ဘယ်လို ပတ်သက် သက်ဆိုင်နေလို့လဲ"

ကျိုးကျင့်သည် မရှင်းမလင်းသည့် အချက် အလက်တို့ကို ပွင့်ပွင့်လင်းလင်း မေးချလိုက်သည်။

သို့စေကာမူ၊
ယွင်းရှာသည် သူ့မေးခွန်းကို အဖြေမပေးခဲ့။
စကားလမ်းကြောင်း လွဲပြောင်း ပြောဆိုခဲ့ပါ၏။

"ဟော....အစ်ကို၊ အချိန်တောင် တော်တော် ကုန်သွားပြီ၊ မမကျင်းလီက သူ့ဆီကို အစ်ကို့ကို မြန်မြန် ခေါ်လာခဲ့ပါလို့ ပြောထားတာ၊ အခုလောက်ဆို သူ....သူ့အခန်းထဲက စောင့်မျှော်ယင်း လည်ပင်းရှည်နေလောက်ပြီ။ ကဲ...လာအစ်ကို၊ သူ့ဆီ မြန်မြန်သွားမှဖြစ်မယ်"



တော်တော့်ကို လည်ဝယ်ပါးနပ်လိုက်ပါသည့် ယွင်းရှာ၊

သူ့ဖာသာသူ ပြော၊ သူ့ဖာသာသူ လောပြီး ရှေ့ကနေ အလျင်အမြန်ထွက်သွား၏။

ကျိုးကျင့်သည် စိတ်ထဲက မခံချိမခံသာဖြင့်ပင် ယွင်းရှာ၏ နောက်သို့ လိုက်ခဲ့ရချေသည်။

●

## အခန်းထဲက မမကျင်းလီ

ယွင်းရှာသည် အခန်းနံပါတ်နှစ် အရှေ့တွင် ရပ်သည်။

ထိုအခန်း၏ တံခါး ညာဘက်တွင်တော့ မမကျင်းလီ ဟု ရေးသားထားသည့် သစ်သားဆိုင်းဘုတ်ကလေး တခု။

သည်အခန်းသည် မမကျင်းလီ၏ အခန်းပေပဲ။

"ဒေါက်....ဒေါက်....ဒေါက်"

ယွင်းရှာသည် တံခါးကို သုံးချက်တိတိခေါက်သည်။

အတွင်းဘက်ဆီမှ အမျိုးသမီးတယောက်၏သာယာကြည်စင်သော အသံတသံကို ကြားရသည်။

"ယွင်းရှာလား ဟေ့"

"ဟုတ်ကဲ့ မမကျင်းလီ"



"သည်လိုဆိုယင် နင် သွားတော့၊ ညှော်သည်ကိုတော့ အခန်းထဲ ဝင်ခိုင်းလိုက်"

လေသံက အမိန့်ပေးသံဆန်သည်။ စကားပြောပုံက ပြတ်သားသည်။ နားထောင်နေရသူ၏ နားထဲတွင်တော့ အနည်းငယ် တင်းမာနေသယောင် ရှိသည်။

ယွင်းရှာသည် ကျိုးကျို့ဘက်လှည့်၍ ပခုံးလေး တဘက်ကို အသာတွန့်ပြသည်။ ခေါင်းကလေးကိုလည်း မသိမသာ ဆတ်ပြသည်။

"ကဲ....အစ်ကို၊ ကြားတယ် မဟုတ်လား။ ယွင်းရှာသွားတော့မယ်။ အစ်ကို့ကိုတော့ မမကျင်းလီက အထဲကို ဝင်ခိုင်းနေပြီ"

သည့်နောက်မှာတော့။

ယွင်းရှာသည် သမင်ပျိုမလေးတယောက်လို သူ့ရှေ့မှောက်ကနေ လှစ်ကနဲ ထွက်သွားသည်။

သြော်.... မမကျင်းလီနှင့် မကြာခင် ဆုံတွေ့ရတော့မှာပါကလား။ မမကျင်းလီသည် ဖြူသလား၊ မည်းသလား၊ လှသလား၊ ချောသလား၊အရုပ်ဆိုးသလား၊ အကျည်းတန်သလား။ပြီးတော့ ဘာကြောင့် သူ့ကို အထဲဝင်ခိုင်းနေရပါလိမ့်။

မေးခွန်းတွေ တပုံတပင် ထုတ်အဖြေရှာယင်း ကျိုးကျို့သည် စေ့ပိတ်ထားဟန်ရှိသော တံခါးရွက်ကို အသာအယာ တွန်းဖွင့်လိုက်မိချေတော့သည်။

ဦးစွာတွေ့ရသည်က အင်မတန်မှ သပ်ယပ်ခမ်းနားလှသော အခန်း၏ အနေအထား၊ အဆင်အပြင်၊ အဆောင်အယောင်။

လေးဘက်လေးတန် နံရံတွေပေါ်မှာ ဆေးရေးပန်းချီများက နေရာအပြည့်ယူထားတယ်။ နောက်ဘက်လေသာပြတင်းပေါက်မှ လိုက်ကာပြူလေးက လေတိုက်တိုင်း တလူလူတလွင့်လွင့်၊ အခန်းအလယ်တွင်တော့ နှစ်ယောက်အိပ် ခုတင်ကြီးတလုံး။ ခုတင်ပေါ်တွင်မတော့ ဣတ္ထိယာနွယ်တွားတဦးက ကျောမှီခါးဆန့်လုပ်ယင်း ဝင်ပေါက်ဘက်ဆီ မျက်နှာပြုထားသည်။ သူသည်ပင် မမကျင်းလီဆိုသူ ဖြစ်မည်ထင်ရသည်။

ကျီးကျင့်သည် အခန်းထဲခြေချယင်း တခဏအတွင်းမှာပင် အခန်း၏အနေအထား အားလုံး သိမ်းကျုံးလေ့လာမိပြီး ဖြစ်သွားသည်။

"အခန်းတံခါးကို ပြန်ပိတ်ပြီး ဂျက်ထိုးထားလိုက်ပါကွယ်"

အမျိုးသမီး၏လေသံက ပျော့ပျောင်းညင်သာသည်။ အမိန့်ပေးနေသည်နှင့်ပင် မတူချေ။

ဘာကြောင့်ရယ်မသိ။

ကျီးကျင့်သည် အမျိုးသမီး၏အမိန့်အတိုင်း လိုက်လံဆောင်ရွက်မိသည်။ အခန်းတံခါး ပြန်လည်စေ့ပိတ်ကာ ဂျက်ထိုးလိုက်သည်။

"လာလေကွယ်၊ မမရဲ့အနားကို"

ဟော....ခေါ်နေပြန်ပါပြီ။ သူ့အနားကို လာခဲ့ပါတဲ့လေ။ မည်သို့ပင်ဖြစ်စေ၊

ခုတင်ပေါ်မှ အမျိုးသမီးသည် မမကျင်းလီ။

ကျီးကျင့်သည် ခေါ်နေသူက မရှက်မကြောက် ခေါ်နေပြီမို့ သူကလည်း ရဲရဲတင်းတင်းပင် ခုတင်နား တိုးကပ်ခဲ့သည်။



အနားသို့ ရောက်တော့မှပင်....

မမကျင်းလီသည် လှပချောမောသူတယောက် ဖြစ်ကြောင်း မြင်တွေ့ရသည်။ မျက်နှာကလေးမှာ အပြစ်ဆိုရက်စရာမရှိအောင် နှင်းပွင့်ကလေးကဲ့သို့ ဖြူဖွေးလှပနေသည်။ အထူးသဖြင့် မမကျင်းလီ၏ မျက်နှာပေါ်တွင် အထူးခြားဆုံးနှင့် အဆွဲဆောင်နိုင်ဆုံး အရာနှစ်ခုမှာ သမင်မျက်လုံးနှင့် နှင့် ဆီအုံအဖူးနှုတ်ခမ်းနှစ်လွှာ ဖြစ်သည်။ ယင်းအရာနှစ်ခုက တဘက်သားအားအသက်ရှူ မှားအောင် ပြုနိုင်စွမ်းရှိသည် အမှန်။

မမကျင်းလီသည် လှသည်၊ ချောသည်၊ တောင့်သည်၊ တင်းသည်၊ ဝင်းဖန့်စိုပြေသည်။

ကျီးကျင့်ပင် မမကျင်းလီ၏ အလှကွန်ယက်ထဲတွင် မေ့မေ့မူးမူးဖြင့် နစ်မွန်းသွားသည်။ ပတ်ဝန်းကျင်ကို ခေတ္တ အခိုက်အတန့်မျှ မေ့လျော့သွားသည်။

သည်အဖြစ်ကို မမကျင်းလီကိုယ်နှိုက်ကလည်း ရိပ်စားမိသွားပုံ ရသည်။ မမကျင်းလီ၏ လှတမျက်နှာလေးတွင် မပွင့်တပွင့် အပြုံးရိပ်တရိပ် ပေါ်လာသည်။ ကျီးကျင့်ကိုလည်း လှမ်းပြောသည်။

"အေးအေးဆေးဆေး ထိုင်အုန်းမှပေါ့ ငါ့မောင်ရယ်၊ မမ ဘယ်ကိုမှ ထွက်မပြေးပါဘူးကွယ့်"

မမကျင်းလီသည် ကျီးကျင့်ထက် အသက်သုံးလေးနှစ်ခန့်ကြီးမည် ခန့်မှန်းရသည်။ ထို့ကြောင့် ကျီးကျင့်အား ငါ့မောင်ဟု သုံးနှုန်းခေါ်ဝေါ်ခဲ့သည်။

မမကျင်းလီ၏စကားကြောင့် ကျီးကျင့်၏စိတ်ထဲတွင် ရှိန်း

တိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်သွားသည်။ ရုတ်တရက်မို့ သူ့အကြည့် ရိုင်းစိုင်းသွားကြောင်းကိုလည်း သူ့ကိုယ်သူ သတိချပ်မိသည်။

ကျိုးကျင့်သည် ရှက်ပြုံးပြုံးယင်း ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်သည်။ မမကျင်းလီကို ကျောပေးလျက် အနေအထားဖြင့်ဖြစ်သည်။

မမကျင်းလီသည် သူ့နားသို့ တိုးရွေ့လာကြောင်းကို မွှေးပျံ့သော အနံ့အသက်အရ ကျိုးကျင့် ရိပ်စားမိသည်။

ကျိုးကျင့်၏ကိုယ်မှာ ဆတ်ကနဲ တွန့်သွား၏။ အသည်းနှလုံးတွေ ဖြောင်းဆန်သွားသည်။

မမကျင်းလီ၏လက်ဘဘက် သူ့ပခုံးပေါ် တင်လာသည့်အထိအတွေ့ကို ခံစားမိလိုက်ရသောကြောင့် ဖြစ်သည်။

အင်း ... ဘယ်လိုအမျိုးသမီးပါလိမ့်။ ရဲတင်းလိုက်တာကလဲလွန်ရော....အခုမှ စတင်တွေ့ရသည့် အမျိုးသားတယောက်ကို တရင်းတနှီးကြီး ဆက်ဆံရတယ်လို့ ။

မမကျင်းလီ၏ အပြုအမူနှင့် ပတ်သက်၍ ကျိုးကျင့်စိတ်မှာ ထူးဆန်းသွားသည်။သည်အမျိုးသမီး ရဲဘင်းရန်ကောလို့လည်း မှတ်ချက်ချလိုက်မိသည်။

ကျိုးကျင့်သည် သူ့ပခုံးပေါ် တင်လာသည့် မမကျင်းလီ၏ လက်ကိုတော့ ဖယ်မချမိခဲ့။ ဖယ်ချနိုင်သည့် စွမ်းသားသတ္တိတွေလည်း သူ့မှာမရှိတော့သလို။

မမကျင်းလီသည် သူ့စိတ်အစဉ်ကို စိုးမိုးထားချေပြီလော။

"ငါ့မောင်၊ နေ့လယ်စာစားပြီးပြီလားဟင်"



မေးခွန်းထုတ်ပုံက နူးညံ့သည်။ ဇာရုဏာရိပ်များ ပြည့်မွှမ်းနေသည်။ မမကျင်းလီ၏ နှုတ်ခမ်းနှစ်လွှာမှ ပူပူနွေးနွေး အငွေ့များက ကျိုးကျင့်၏ပါးပြင်ကို ပျှပ်တိုက်သွားသည်။

"ခင်ဗျားမေးမှ ကျွန်တော်လဲ သတိရတယ်။ ကျွန်တော် နေ့လယ်စာ မစားရသေးဘူး။ ဗိုက်လဲ သိပ်ဆာတာပဲဗျာ"

မမကျင်းလီသည် သဘောကျသလို မျှဉ်းမျှဉ်းသွဲ့သွဲ့ကလေး ရယ်သည်။

"ဟင်း....ဟင်း....ဟင်း....ငါ့မောင်ကိုကြည့်ရုံနဲ့ မမ ရိပ်မိပါတယ်ကွယ်။ ငါ့မောင်ဟာ တော်တော်ကြီးကို ဗိုက်ဆာနေလိမ့်မယ် ဆိုတာကို။ ဒါပေမယ့် မပူပါနဲ့ကွယ်၊ တော်တော်ကြာဆိုယင် မမရဲ့အခန်းထဲကို သူတို့တတွေ အစားအသောက်တွေ လာပို့ပေးမှာပါကွယ်"

"နို့....ဒါထက်....ခင်ဗျားကြီးက ကျွန်တော့်ကို ဘာလုပ်လို့ခေါ်ရတာလဲ"

ကျိုးကျင့်က လိုရင်းအချက်ကို ဒဲ့ဒိုး မေးလိုက်သည်။

သူ့အမေးကြောင့် မမကျင်းလီသည် အံ့အားသင့်သွားပုံရသည်။

"ဟင်....ငါ့မောင် ဒီတည်းခိုခန်းရဲ့အကြောင်းကို ဘာမှ မသိဘူးလားဟင်"

"မသိလို့ မေးနေတာပေါ့ဗျာ၊ သိတဲ့နောက်တော့ ခင်ဗျားကို မေးနေပါအုန်းမလား။ အိုဗျာ.... ရှင်းရှင်း ပြောရင်ယင် ဒီတည်းခိုခန်းရဲ့အကြောင်းကို သိဖို့နေနေသာသာ ဒီရွာကိုတောင်မှ ကျွန်တော် ဒီတခါပဲ ရောက်ဖူးသေးတယ်ဗျ"

"နို့....နေစမ်းပါအုန်း၊ ငါ့မောင်ကို အဘိုးကြီး တယောက်က ဒီမှာသာအပ်သွားတာလို့ ပြောသွားတယ်။ အဲဒီ အဘိုးကြီးကရော ဒီတည်းခိုခန်းရဲ့ အကြောင်းတွေကို ဘာမှ ရှင်းမပြဘူးလား။ ငါ့မောင်နဲ့ကော ဘယ်လို တော်စပ်သလဲ"

"သူက ဒီကအကြောင်းတွေ ဘာမှ ရှင်းမပြဘူး။ ပြီးတော့ ကျွန်တော်နဲ့လဲ ဘယ်လိုမှ မတော်စပ်ဘူး"

ကျိုးကျင့်က အမှန် အမှန်အတိုင်း ပြောလိုက်မိသည်။

သူ့ပခုံးပေါ်မှာ တင်ထားသည့် မမကျင်းလီ၏လက် ရုပ်သိမ်းသွားသည်။

အချုပ်အနှောင်မှ လွတ်ကင်းသွားသလို ကျိုးကျင့် စိတ်ထဲတွင် ခံစားမိလိုက်ရသည်။

"အင်း....ထူးတော့ထူးဆန်းတာပဲ၊ မမ အစက ထင်နေတာက ငါ့မောင်ကိုတော့ အဘိုးကြီးက ဒီတည်းခိုခန်းရဲ့ အကြောင်းကို ပြောပြထားလို့ အကုန်သိနေလိမ့်မယ်လို့ပေါ့။ ကဲပါလေ.... မမ မသိလို့ မေးရအုန်းမယ်။ ငါ့မောင်ကို ခေါ်လာတဲ့အဘိုးကြီးက ဘယ်သူလဲ၊ ငါ့မောင်နဲ့ကော ဘယ်လို ပတ်သက်နေသလဲ"

မမကျင်းလီကတော့ စစ်စစ်ပေါက်ပေါက်မေးနေပြီဖြစ်သည်။

သူ အမှန်အတိုင်း ဖြေဆိုလိုက်ရမည်လော။

ဒါမှမဟုတ်။

မုသားသုံးပြီး လိမ်ညာ ဖြေလိုက်ရချေမည်လော။

ရုတ်တရက်မို့....

ကျိုးကျင့်သည် ဘယ်သို့ဆုံးဖြတ်ရမည်မသိ ရှိသွားသည်။

တကယ်တော့၊



တယောက် အကြောင်း တယောက် မသိရသေးပါပဲလျက် လူတယောက်ကို ယုံစားဖို့ဆိုတာက မလွယ်ရေးချ မလွယ်။

အထူးသဖြင့်၊

သူ့လို အရိပ်တခွေ ခြောက်လှန့်ခံနေရသူအဖို့ လူတိုင်းကို ယုံချင်၍ မရ။

ပြီးတော့၊

မမကျင်းလီသည် ထိုမေးခွန်းများကို ဘာကြောင့် ထုတ်နေမှန်းသည်း မသိ။

အင်းလေ....သူက ဘယ်လိုအကြံအစည်နှင့်မေးမေး၊ မိမိအနေဖြင့် အလုံးစုံ မဟုတ်သည့်တိုင် အချို့တဝက် ဖြေလိုက်လည်း ပြီးတာပဲ။

နောက်မှ စိတ်ဆုံးဖြတ်ချက် ချကာ မမကျင်းလီကို ပြောသည်။

"ကျွန်တော့်ကိုခေါ်လာတဲ့ အဘိုးကြီးကတော့ သူ့ကိုယ်သူ ကိုဘိုးသိကြီးယင်းလျံ လို့ ပြောတာပဲ။ သူ့နာမည် အရင်းက ဘယ်လိုရှိမယ်တော့ မပြောတတ်ဘူးပေါ့လေ"

"ဘယ်လို.... ကိုဘိုးသိကြီး ယင်းလျံ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ သူ့ကို ခင်ဗျားသိလို့လား"

ကျိုးကျင့်သည် မေးခွန်းထုတ်ယင်း မမကျင်းလီနှင့် မျက်နှာချင်း ဆိုင်လိုက်မိသည်။

မမကျင်းလီသည် မျက်မှောင်လေးကို ကြုတ်ထားသည်။

မမကျင်းလီ၏ မျက်နှာကို ကြည့်ရုံနှင့်ပင် တခုခုကို အလေးအနက်ထား စဉ်းစားနေကြောင်း ပေါ်လွင်နေသည်။

မမကျင်းလီသည် ဘာတွေကိုများ စဉ်းစားနေပါလိမ့်။

ကိုဘိုးသိကြီး ယင်းလျ ဆိုသည့် အမည်နာမက မမကျင်းလီ၏ ဦးနှောက်ကို အနှောင့်အယှက် ပေးခဲ့ချေပြီလော။

ကျိုးကျင့်၏ အတွေး သိပ်မမှား။

တခဏအကြာမှာပင် မမကျင်းလီသည် ကိုဘိုးသိကြီးယင်းလျှံနှင့် ပတ်သက် စပ်လျဉ်းနေသော အကြောင်းအရာများကို ပြောဆို ရေရွတ်လာခဲ့ချေတော့သည်။

"အင်း.... တော်တော်ကလေးတော့ ထူးဆန်းနေတာတော့ အမှန်ပဲ။ သတင်းပေး လောကမှာရော၊ သိုင်း လောကမှာပါ ကိုဘိုးသိကြီးယင်းလျ ဆိုတဲ့ နာမည်ကို မမ တခါမှ မကြားဖူးတာတော့ အမှန်ပဲကွယ့်"

ကျိုးကျင့်၏စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားရသည်။ ဦးနှောက်မှာ ရှုပ်ထွေး နောက်ကျုသွားသည့်နှယ် ရှိသည်။ ကပျာကယာလေးလည်း မေးခွန်း ပြန်ထုတ်လိုက်မိသည်။

"နို့....သူက အယင်တုန်းက ဒီတည်းခိုခန်းမှာ တည်းခိုဘူးတယ် မဟုတ်လား"

မမကျင်းလီက ဦးခေါင်းကို အသာအယာ ယမ်းခါပြသည်။

"ဟင့်အင်း၊ ဒီနာမည်မျိုးနဲ့ ဒီတည်းခိုခန်းမှာ တခါမှမတည်းခိုဖူးဘူး ဆိုတာကိုတော့ မမ အသေအချာ ပြောရဲတယ်"

"ဒီလိုဆိုယင် သူက ဒီတည်းခိုခန်းရဲ့အကြောင်းကို ဘယ်လိုလုပ် သိနေရတာတဲ့လဲ။ ပြီးတော့ အလုပ်သမားတွေက တွေ့တွေ့ချင်း သူ့ကို တရင်းတနှီးကြီး ဆက်ဆံတာကျတော့ရော"



"သူ....ဒီတည်းခိုခန်းရဲ့အကြောင်းကို ဘယ်လိုလုပ်သိနေသလဲ ဆိုတာကိုတော့ မမ မတွေးတတ်တာတော့အမှန်ပဲ။ အဲ.... ဒီက အလုပ်သမားတွေရဲ့အကြောင်းကိုတော့ ပြောမနေနဲ့။ ဘယ်သူ့ တွေ့တွေ့....တခါမှမတွေ့ဘူးတဲ့တစိမ်းသော ဘာသော နားမလည်ဘူး။ အယင်ကတည်းက ရင်းနှီးခဲ့ဘူးတဲ့လူတွေလို ဆက်ဆံပစ် လိုက်တာပဲကွ၊ ဒါမှလဲ သူတို့အတွက် အပိုဆုလေးဘာလေး ရမှာကိုးကွ"

ကဲ....ကောင်းရော။

ယခုမှပဲ၊

သည်တည်းခိုခန်းက အလုပ်သမားတွေ၏ အကြောင်းကို ကောင်းကောင်းကြီးနားလည်သဘောပေါက်ရပါတော့သည်။

"ဟင်း....မသိပါဘူး။ စရံငွေမပေးပဲနဲ့ နှုတ်ပြောလေးနဲ့ ပြောသွားတာတောင်မှ ကျွန်တော့်ကို တည်းခိုခွင့်ပေးတယ်ဆိုတော့ ဒီကလူတွေအားလုံးက သူ့ကို ရင်းရင်းနှီးနှီးသိနေကြလို့ တထစ်ချမှတ်ယူနေမိတာ။ အင်း... အခုလိုဆိုတော့"

"နေအုန်းလေ.... ဒီလိုလဲမပြောနဲ့အုန်းလေ။ သူက မမတို့ရဲ့ တည်းခိုခန်းမှာ စရံငွေပေးမသွားပေမယ့် တခြားအာမခံပစ္စည်း တခုကိုတော့ ထားသွားပါတယ်ကွယ့်"

မမကျင်းလီက ပြုံးစေ့စေ့ဖြင့် ပြောသည်။

ကျိုးကျင့် အံ့အားသင့်သွားသည်။

"ဟင်....ဟုတ်လား။ ကျွန်တော် အခုမှဒါကိုသိရတယ်။ နို့.... အာမခံအဖြစ် ဒီမှာထားရစ်ခဲ့တဲ့ပစ္စည်းက ဘာပစ္စည်းလဲ"

မမကျောင်းလီသည် ကိုယ်ကို သိမ့်သိမ့် ခါခါ ရယ်မောသည်။ တသက်တည်း ဆိုသလို....ကျိုးကျင့်၏ နဖူးပြင် တည့်တည့် ပေါ် လက်ညှိုးကလေးဖြင့်ထောက်ယင်း ပြောသည်။

"ခြော်....ငါ့မောင်နှယ်...အ ရန်ကောကွယ်။မင်းကို ဒီမှာ အာမခံပစ္စည်းအဖြစ်ထားသွားတာကို ငါ့မောင် မသိတော့ဘူး လားကွယ်"

"ဗျာ"

ကျိုးကျင့်သည် အာမေဍိတ် လွှတ် ထုတ် ယင်း ပါး စပ် အဟောင်းသားဖြစ်သွားရပါတော့သည်။

မမကျောင်းလီ ပြောတော့မှပင် ကျိုးကျင့် ခ မျာ လည်း ထို အချက်ကိုသွား၍ သတိပြုမိတော့သည်။

မမကျောင်းလီ ပြောသလို ဟုတ်တော့လည်း ဟုတ်သား။

သူသည် တည်းခိုခန်းမှာ သုံးရက်တည်းခိုဖို့အရေး သူ့ကိုယ် သူ အာမခံပစ္စည်းအဖြစ် အသုံးချခံလိုက်ရခြင်းပါပဲကလား။

သည်တော့မှပင်၊

ကိုဘိုးသိကြီး ယင်းလျှံတယောက် သူ့ကိုသည်မှာထားရစ်ခဲ့ ပြီး ငွေမပေးပဲအလွယ်တကူ ထွက်သွားနိုင်သည့် အဖြစ်ကိုလည်း သဘောပေါက်လိုက်မိတော့သည်။

ကျိုးကျင့်တယောက်အတွေးနှင့်ငိုင်တွေနေခိုက် မမကျောင်းလီ က ပြောပြန်သည်။

"တကယ်လို့ သူ သည်ကိုပြန်မလာယင် ငါ့မောင် ဘယ်သို လုပ်မလဲ။လျော်စရာငွေကော ပါလာရဲ့လား"

"မပါဘူး"



"ဟင်.... သည်လိုဆိုယင်တော့၊ ငါ့မောင်ကို သ ဌေး ကြီး ဝမ်းလျှံက ကောင်းကောင်းကြီး ခိုင်းတော့မှာပဲ"

"ဒါပေမယ့် မပူပါနဲ့။သူ ပြန်လာမှာပါ၊ မပြန်လာပဲမနေ ပါဘူး။ သူနဲ့ ကျွန်တော်အလုပ်တခုလုပ်စရာရှိနေတယ်"

"ဘာအလုပ်လဲ"

"မပြီးခင် မမြင်စေနဲ့ဆိုတဲ့စကားရှိတာကို မမ သိပါလိမ့်မယ် နော်"

"သိပါတယ်တဲ့ရှင်၊ သိပါတယ်တဲ့"

မမကျောင်းလီက ငေါ့တော့တော့ကလေး ဆိုသည်။

ကျိုးကျင့် သူ့ မေးခွန်းကိုမဖြေပဲ စကား ရှောင်လွှဲသွား သည်ကို မမကျောင်းလီ သိပ် ကျေနပ်ပုံမရ။

## တကယ်တော့ မမကျင်းလီဟာ

"ကဲပါ....ဒါတွေကိုအသာထားအုန်း....မမကရောကျွန်တော့်ကို ဘာလုပ်ဖို့ ဒီအခန်းထဲ ခေါ်တွေ့ရတာလဲ"

ကျိုးကျင့်သည် နောက်ဆုံး အဓိကကျသည့် အချက်ကို ဖွင့်မေးလိုက်သည်။

ဘာကြောင့်လည်းမသိ။

မမကျင်းလီ၏မျက်နှာ ပြုံးစေ့စေ့ဖြစ်လာသည်။ စကားပြောလာပုံကလည်း မျက်နက်ကလေး ထောင့်ကပ်၍ မထေ့တထေ့။

"ငါ့မောင်ကို လိုလေသေးမရှိအောင် ပြုစုထားလိုက်ပါလို့ မင်းရဲ့အဘိုးကြီးက မှာသွားတယ်မို့လား"

"အဲဒါနဲ့ ကျွန်တော်မေးတာက ဘာဆိုင်လို့လဲဗျာ"



အဆက်အစပ်မရှိသော မမကျင်းလီ၏ စကားကြောင့် ကျိုးကျင့် အဓိပ္ပာယ်ရှာမရ ဖြစ်သွားမိသည်အမှန်။

"ဩော်ကွယ်....ငါ့မောင်ကလဲ၊အခုထက်ထိသဘောမပေါက်သေးပဲကိုးကွယ့်။ ဒီမှာ ငါ့မောင်။ မမဟာ ဒီ တည်းခိုခန်းက အလုပ်သမားတယောက်ပါ။ ဒီတည်းခိုခန်းကို ရောက်လာကြတဲ့ လူတိုင်းကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင်ဖန်တီးပေးဖို့ဟာ မမရဲ့တာဝန်ပဲ။ အထူးသဖြင့် အမျိုးသားတွေကို ပိုပြီး မမတို့က ဂရုစိုက်ရတယ်လေ"

ယှင်းသည်တော့မှုပင်၊

ကျိုးကျင့်သည် မမကျင်းလီ တာဝန်ယူထားသော အလုပ်အကြောင်းကို ရိုးရိုးရိပ်ရိပ် ရိပ်စားမိလာသည်။ မယုံကြည်နိုင်သလို မမကျင်းလီကို စေ့စေ့စူးစူး ကြည့်မိသည်။ အထစ်ထစ်အငေါ့ငေါ့ဖြင့်လည်း စကားသံအချို့တဝက်ကို လွှတ်ထုတ်လိုက်မိသည်။

"ဒါ....ဒါဖြင့်....မမက...."

မမကျင်းလီက သူ တွေးထင်သလို ဟုတ်မှန်ကြောင်း ခေါင်းကို အသာညိတ်ပြသည်။

"ဟုတ်တာပေါ့ ငါ့မောင်ရယ်။ မမဟာ ငါ့မောင်ထင်နေတဲ့ အတိုင်းပါပဲလေ။ကဲပါ....ငါ့မောင်၊ ငါ့မောင်ရဲ့ရှေ့မှာ သောက်ရေအပြည့်နဲ့ ရေအိုးတလုံးရောက်နေတာတောင် ရေခပ်မသောက်တတ်ယင် ငါ့မောင် လူမိုက်ဖြစ်သွားလိမ့်မယ်ကွယ့်။ ဒီတော့....အချိန်ရတုန်းလေး ရေခပ်သောက်လိုက်ပါတော့ ငါ့မောင်ရယ်"

ကျိုးကျင့် ငြင်းဆန်မည်ရှိသည်။

မမကျင်းလီက သူ့ထက် ပို မြန်သွားသည်။

သူ့ကို ခုတင်ပေါ် ပက်လက်လှဲချလိုက်ပြီးနောက် စကား ပြောချင်နေသည့် သူ့နှုတ်ခမ်းကို အနမ်းဗူးဆို့ ဖြင့်ပိတ်ပေးလိုက်ပါတော့သည်။

ဩြော်....မမကျင်းလီဆိုသည့် မမကျင်းလီရယ်....၊

တကယ်တော့....

ခင်ဗျားဟာ...........။

●

## မမ၏ ကြိုးဆွဲရုပ်သေးရုပ်

အတွေ့မှာ မေ့မူး။

အငွေ့မှာ ရှူးရှူးမိုက်မိုက်။

လောကကြီး တနုလုံးကို တဒင်္ဂမျှ မေ့လျော့ သွားမိသည့် ငမိုက်သား ကျိုးကျင့်။

သည်သုံးရက်အတွင်း၊

မမကျင်းလီ၏ ရင်ခွင်ထဲမှာ....

မမကျင်းလီ၏ အခန်းထဲမှာ....

မမကျင်းလီ ကျွေးသမျှ စား၊

မမကျင်းလီ စေရာ သွား၊

မမကျင်းလီ ခိုင်းသမျှ လုပ်။

တကယ့်ကို မမကျင်းလီ၏ ကြိုးဆွဲရုပ်သေးရုပ်ကလေးဖြစ်ခဲ့ရသည်။

သို့နှင့်ပင်၊

တံခါးခေါက်သံကြောင့် ကျိုးကျင့် အိပ်ရာမှ လန့်နိုးသွားသည်။

မျက်လုံးအစုံ ဖြတ်ကနဲ ပွင့်သွားသည်။

ညတုန်းက မမကျင်းလီ၏အခန်းထဲကနေ အတော်ကြီး ညဉ့်နက်မှ သူ့အခန်းထဲသို့ ပြန်ခဲ့ရသည်။ နံနက် မိုးသောက်ခါနီးလောက်မှ သူ့အခန်းထဲ ပြန်အိပ်ခွင့်ရသည်။ အိပ်စက်လို့ သိပ်မကြာသေးခင်၊ ယခုတော့ သူ့ကိုနှိုးမည့်သူ ရောက်နေပြီ။ ထိုသူမှာလည်း မည်သူမှန်းမသိ။

ကျိုးကျင့်သည် အိပ်ရာကနေ နိုးထခဲ့ရသော်လည်း ညတုန်းက အိပ်ရေးပျက်ခဲ့ရသည့်ဒဏ်ကြောင့် ဦးခေါင်းမှာ မူးနောက်ရီဝေနေသလိုရှိသည်။ နားထင်စပ်မှာ တစစ်စစ်ဖြင့် ထိုးကိုက်နေသလိုရှိသည်။ အိပ်ရာပေါ်ကနေ ဖြုန်းကနဲ မထနိုင်ပဲရှိသည်။

တံခါးခေါက်နေသူကလည်း အဆက်မပြတ်ခေါက်ဆဲ။

အလိုက်ကန်းဆိုး မသိတတ်လွန်းသည့် တံခါးခေါက်နေသူကိုပင် စိတ်ထဲကနေ ကျိတ်၍ ကျိန်ဆဲမိသည်။

ထို့နောက်

မနည်း အားယူထ ယင်း တံခါးကျက်ကို သွားရောက် ဆွဲဖွင့်ပေးလိုက်မိချေတော့သည်။

တံခါးဝတွင် ရပ်နေသူမှာ ကျိုးကျင့် ဘယ်သို့မှ မမျှော်လင့် မထင်မှတ်ရသော လူ။ တနည်းအားဖြင့် ဆိုရလျှင်တော့ သုံးရက်



ခရီးထွက်ခွာသွားသည့် ကိုဘိုးသိကြီး ယင်းလျှံ ဖြစ်သည်။ ထုံးစံအတိုင်း မျက်နှာကို တဝက် အုပ်လုနီးပါး ခမောက်ဝိုင်းကြီးဆောင်းလို့။

သူ့ကို မမျှော်သင့်ပဲတွေ့လိုက်ရလို့ ကျိုးကျင့် မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

"ဘယ်နှယ်လဲ ကောင်လေး၊ မင်းကတော့ သည်မှာ သုံးရက်လုံးလုံး ဇိမ်ကျနေတယ်ထင်တယ်။ မင်းကို ကြည့်ရတာ ငါနဲ့ စတွေ့တုန်းကထက်တောင် နည်းနည်း ကိုယ်ခရစ်သွားသလိုပဲ"

သူက ထင်မြင်ချက်ပေးယင်း အခန်းထဲဝင်ရောက်ခဲ့သည်။

ခုတင်ပေါ် သွား တက် ထိုင်သည်။

ကျိုးကျင့်သည် တံခါးကို ပြန်လည် စေ့ပိတ် ဂျက်ထိုးကာ သူ့ရှေ့မှာ သွားရပ်သည်။

သူသည် ကျိုးကျင့်အား မျက်လုံးဘချက် ပင့်ကြည့်ခဲ့ရာမှ....

"ဘယ်လိုလဲ၊ မင်းရဲ့စိတ်ထဲမှာ တခုခုကို ဆုံးဖြတ်ပြီးပြီလား"

"အခုမှတော့ ဒါကို မေးနေဖို့ လိုသေးသလားဗျာ။ အဲ.... ဒါပေမယ့်ပေါ့လေ။ အရေးကြီးတာက အပေးအယူ မျှတဖို့ပဲ"

"မင်းအတွက် လိုအပ်နေတဲ့ ငွေကြေး အပြည့်အစုံ ရယင်ပြီးရော မဟုတ်လား"

ကျိုးကျင့်သည် နောက်ထပ်တောင်းဆိုချက်တရပ်ကို တောင်းဆိုသင့် မသင့်ကို စဉ်းစား ပိုင်းဖြတ်နေသည်။

အကယ်၍၊

ထိုတောင်းဆိုချက် တရပ်ကိုသာ တောင်းဆို လိုက်မိပါက အမှားကျူးလွန်မိသလိုများ ဖြစ်သွားမည်လား မပြောတတ်၊

အို....ဘာဆိုင်တာမှတ်လို့။ ကိုဘိုးသိကြီး ယင်းလျှ စေခိုင်းမည့် တောင်းဆိုချက်က သတ်သတ်စီ။ တကဏ္ဍစီပဲ။

ကျိုးကျင့်သည် ကိုယ့်ဖာသာကိုယ် ဝေခွဲပိုင်းခြားယင်း စိတ်ဆုံးဖြတ်ချက်တရပ်ကို ချလိုက်မိတော့သည်။

ကျိုးကျင့်သည် ကိုဘိုးသိကြီးယင်းလျှ၏ ဘေးတွင် ဝင်ထိုင်လိုက်ရာမှ တဆက်တည်း။

"ခင်ဗျားပြောသလို ကျွန်တော့်မှာ ငွေရေးကြေးရေး လိုအပ်နေတယ်ဆိုတာတော့ အမှန်ပဲ။ ဒါပေမယ့်ပေါ့လေ။ ခင်ဗျားခိုင်းမယ့် ကိစ္စကို လုပ်ဆောင်ပေးဖို့အတွက် ခင်ဗျားဆီက နောက်ထပ်တောင်းဆိုချက်တရပ်ကို ကျွန်တော် တောင်းခံချင်သေးတယ်"

"အလို....ထူးထူးဆန်းဆန်း၊ ဆိုစမ်းပါအုန်းကွယ့် မောင်ရင်လေးက ဘယ်လိုတောင်းဆိုချက်တွေ တောင်းခံချင်နေရပြန်တာတုံးလဲ"

"ကျွန်တော့်အတွက် လူတယောက်ရှာပေးဖို့ပါပဲ"

"ဩော်....ဒါလား၊ ရပါတယ်။ နို့....အဲသည်လူက ဘယ်သူလဲ"

ကိုဘိုးသိကြီး ယင်းလျှသည် လူတယောက် ရှာဖွေရသည့် အလုပ်ကို ပေါ့ပေါ့ဆဆ သဘောထားနေပုံရသည်။

"အဲသည်လူကတော့ ခေါင်းနှစ်လုံးနဲ့ လူပဲ"

"ဘာကွ၊ ခေါင်းနှစ်လုံးနဲ့လူ ဟုတ်လား။ မဖြစ်နိုင်တာပဲ"

သူက မယုံကြည်နိုင်သလို ဆိုသည်။

"ဟုတ်တယ်။ ဗြုန်းကနဲ ဆိုယင်တော့ မယုံနိုင်စရာပဲပေါ့။ ဒါပေမယ့် အဲသည်လူဟာ လူ့လောကကြီးမှာ တကယ် ရှိနေ



လိမ့်မယ်ဆိုတာကို ကျွန်တော် အသေအချာ ယုံကြည်ထားတယ်လေ။ ပြီးတော့ တဆက်တည်း ခင်ဗျားကိုပြောရအုန်းမယ်။ အဲဒီခေါင်းနှစ်လုံးနဲ့လူမှာခြေလေးချောင်း၊လက်နှစ်ချောင်းရှိပေမယ့် လက်ချောင်းလေးတွေကျတော့ ကိုးချောင်းထဲရှိတယ်"

"အင်း....ထူးဆန်းတာကတော့ အမှန်ပဲ။ နို့....သူ့မှာ နာမည်ကော မရှိဘူးလား"

"ရှိတယ်။ ယဲ့ယီနန်းဖိန်တဲ့"

"အင်း.... နာမည်ကလဲ ဆန်းတယ်။ လူကလဲ ဆန်းတယ်။ အေးလေ....တကယ်လို့ မင်း ပြောတဲ့ ခေါင်းနှစ်လုံးနဲ့လူသာ လူ့လောကကြီးမှာ တကယ်ရှိနေမယ် ဆိုယင်တော့ မင်းရဲ့ ဆန္ဒကို လိုက်လျောပေးဖို့ ဝန်မလေးပါဘူးလေ"

ကိုဘိုးသိကြီး ယင်းလျှသည် စိတ်ထဲက သိပ်ယုံကြည်ပုံ မရသော်လည်း ကျိုးကျင့် စိတ်ကျေနပ်အောင်တော့ လိုက်လိုက်လျောလျောကလေး ပြုခဲ့သည်။

ကျိုးကျင့် အနည်းငယ် စိတ်အေးသွားသည်။ ပခုံးပေါ်မှာ ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးကြီးတခု လွတ်ကင်းသွားသလို စိတ်ထဲက ခံစားမိလိုက်ရသည်။

●

ကြင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေ
တောင် ၃ ခြီး
ဖုန်း ၂၁၃၄၄

## လူယုတ်မာနှစ်ယောက်နောက် ခြေရာကောက်

"ဒီ သုံးရက်အတွင်း ခင်ဗျား ဘယ်ပျောက်နေတာလဲ"

ကျိုးကျင့်က မေးသည်။

ကိုဘိုးသိကြီးယင်းလျ၏မျက်နှာပြင်တွင် နားလည် မှန်းဆရခက်သော အပြုံးရိပ်တရိပ် ပေါ်လာသည်။ ထို့နောက် အံကို တင်းတင်းကြိတ်ပြီး ပြောခဲ့ပုံက....

"ငါ့သားကိုသတ်၊ ငါ့ကိုမလိမ့်တပတ်လုပ်ပြီး ထွက်ပြေးသွားတဲ့ အဲ့ဒီ လူယုတ်မာနှစ်ယောက်ကို လိုက်ရှာနေတာလေ"

သူက နာနာကျည်းကျည်းရှိသည့်လေသံဖြင့် ဆိုသည်။

"အခုကော ရှာလို့တွေ့ပြီလား"

ကျိုးကျင့်က မေးသည်။

သူက ဦးခေါင်းညိတ်ပြသည်။

အမှတ် ၁၃၀၊ ဗ-လမ်း



"တွေ့ပြီလေ၊ သူတို့နှစ်ယောက်ကိုတွေ့ရုံတင်မကဘူး။ ငါ့ဆီက ယူသွားတဲ့ပစ္စည်းတွေ ဘယ်နေရာမှာထားတယ်ဆိုတာကိုပါ သိခဲ့ရတယ်"

"ခင်ဗျားရဲ့ပစ္စည်းတွေက ဘာပစ္စည်းတွေလဲ"

သူ့မျက်နှာတွင် နားလည် မှန်းဆရခက်သော အပြုံးတချပ် ပေါ်လာသည်။

"အဲဒီပစ္စည်းတွေက ဘာပစ္စည်းတွေဆိုတာကိုတော့ မသိချင်ပါနဲ့လေ။ အရေးကြီးတာက ဒီလူယုတ်မာ နှစ်ယောက်နဲ့ ရင်ဆိုင်တဲ့နေရာမှာ သတိဝီရိယ ရှိဖို့ပဲ"

"ကျွန်တော် မရှင်းလို့ မေးပါရစေ"

"မေးလေ၊ ဘာမေးမလို့လဲ"

"ခင်ဗျားဆီက ပစ္စည်းတွေကို သူတို့နှစ်ယောက်က ဘယ်လို ယူသွားတယ် ဆိုတာပဲ"

သူ့ဆီက သက်ပြင်းချသံတချက် ထွက်ပေါ်လာသည်။ ရီဝေမှိုင်းသော မျက်လုံးအစုံဖြင့် အပေါ်မျက်နှာကြက်ဆီ မော့ကြည့်ခဲ့ရာမှ၊

"တကယ်တော့ သူတို့ နှစ်ယောက်ဟာ ငါတို့ သား အဖ နှစ်ယောက်နဲ့ဆို အရင်းနှီးဆုံး မိတ်ဆွေတွေဖြစ်သလို လုပ်ဖော်ကိုင်ဖက်တွေဆိုလဲ မမှားဘူးပေါ့လေ။ အဲ....ငါတို့က အယင်က စပါးနှံ့အာမခံကုမ္ပဏီက ကာကွယ်ရေးသမားတွေပဲ။ တနေ့ဆိုပါတော့ကွယ်။ အာမခံကုမ္ပဏီကပစ္စည်းတခုကို တနေရာကိုသွားအပို့မှာ လမ်းခွတ်လတ်တနေရာမှာ ညမိုးချုပ်လို့ အနားယူနေတုန်း သူတို့နှစ်ယောက်က အိပ်ပျော်နေတဲ့ ငါ့ရဲ့ အချစ်ဆုံး သားကို

သတ်ပြီး ငါ ကိုယ်နဲ့မကွာ အမြဲတမ်းယူဆောင်သွားတတ်တဲ့ ငါ့ အနှစ်နှစ်အလလက စုဆောင်းထားတဲ့ ပစ္စည်းတွေကိုပါ အသစ် သုတ် ခြေရာဖျောက်သွားကြတယ်လေ။ ငါကလဲ သူတို့နှစ်ယောက် ကို လက်စားချေချင်တဲ့ စိတ်နဲ့ရယ်၊ ပြီးတော့ ငါ့ပစ္စည်းတွေ လိုချင်လို့ရယ်ပေါ့လေ။ သူတို့နှစ်ယောက်ကို လိုက်ရှာခဲ့တယ်။ နောက်ဆုံး ရွှေမြို့တော်မှာ ရောက်နေတယ်ကြားလို့ သည်ရွာကို ဖြတ်အလာမှာ မင်းနဲ့ထမင်းဆိုင်မှာ စတွေ့ခဲ့တာပဲ ဆိုပါတော့ လေ”

ကိုဘိုးသိကြီးယင်းလျှံက အဖြစ်သနစ် အလုံးစုံကို ရှင်းလင်း တင်ပြသည်။

အကြောင်းစုံ ကြားသိရတော့လည်း ကျိုးကျင့်သည် သူ့ အပေါ်မှာ နားလည်သဘောပေါက်မိသည်။ ကိုယ်ချင်းစာစိတ် ဖြစ်မိသည်။ သားတယောက်လုံးကို မညှာမတာ ရက်ရက်စက်စက် သတ်ဖြတ်သွားသည့် လူယုတ်မာနှစ်ယောက်ကို လက်စားချေမည် ဆိုလည်း လက်စားချေလောက်စရာပါပဲလေ။

“ခင်ဗျားရဲ့အကြောင်းကို ကြားရတာ ကျွန်တော် တကယ် စိတ်မကောင်းပါဘူး။ ကိုယ်ချင်းလဲစာမိပါတယ်။ ခင်ဗျားရဲ့ နေရာမှာ ကျွန်တော်ရှိနေမယ်ဆိုယင်လဲ သည်လို အကြံမျိုးကို ကြံမိမှာပဲပေါ့။ အဲ....ဒါပေမယ့် တခုတော့ ရှိတာပေါ့လေ၊ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသလို ရန်ကိုရန်ချင်း တုံ့နှင်း တာတော့ မကောင်းဘူးထင်တယ်။ ခင်ဗျားက သူတို့နှစ်ယောက် ကို သတ်လိုက်လို့ သည်ပြဿနာက ဒီမှာတင်ပြီးသွားယင်တော့ ကောင်းတာပေါ့လေ။ အဲသည်လိုမှမဟုတ်ပဲ အဲသည်သံသရာ



ကြီးက ထပ်ဆက်လာမယ်ဆိုယင်တော့ ခင်ဗျားအတွက်မကောင်း ဘူး။ ကျွန်တော် ဖြစ်စေချင်တာကတော့ သူတို့ယူသွားတဲ့ ခင်ဗျားရဲ့ပစ္စည်းဆိုတာကို ခင်ဗျား ပြန်ရယင် စိတ်ကျေနပ်လိုက် ပြီး လူသတ်မယ့် အစီအစဉ်ကို ခင်ဗျားရဲ့ ဦးနှောက် ထဲကနေ ဖျောက်ပစ်လိုက်ဖို့ပဲ”

“တော်စမ်း၊ ကိုယ်ကိုယ်တိုင်က လူသတ်မှုတွေအများကြီး ကျူးလွန်ခဲ့တဲ့ အကောင်ကများ၊ အခုမှ သူတော်ကောင်းထုံးကို နှလုံးမူလို့၊ သည်မှာဟိတ်၊ မင်းသိထားဖို့က ငါ့မှာ တယောက် တည်းသောသားကို အဆုံးရှုံးခံသားရတယ်ဆိုတာပဲ။ ငါ အင် မတန်မှ ချစ်ရတဲ့သားကို မညှာမတာ ရက်ရက်စက်စက်သတ်ဖြတ် သွားတဲ့ သည်လူယုတ်မာနှစ်ယောက်ကို လက်စားမချေရမချင်း ငါ စိတ်မကျေနပ်နိုင်ဘူး။ သည်မှာ ကျိုးကျင့်၊ မင်းကို ငါ စကား တခွန်းပဲ ပြောလိုက်မယ်။ မင်းအနေနဲ့ ငါပြောသလို လုပ်ပေး ယင် လုပ်ပေး။ မလုပ်ပေးယင်တော့ မင်းရဲ့ မပြေသည်သေးတဲ့ ကိစ္စတွေကိုလဲ ငါ ဖြေရှင်းမပေးနိုင်ဘူး။ ဒါပဲ”

သူကလည်းဗူးဆိုလျှင်ဖရုံမသီးတတ်သည့်လူစားမျိုး။ ဘယ်လို ပြောပြော၊ ဘယ်လိုနားချချ၊ ဆုံးဖြတ်ချက်ကို စိုးစဉ်းမျှပြင်ဆင် မည့်ပုံ မရ။

ကျိုးကျင့် စိတ်အိုက်သွားရသည်။ ယခုမှ တကယ့် အကျဉ်း အကျပ်နှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း နားလည်မိသည်။ အမှန် တော့ ကျိုးကျင့်၏အဖြစ်က ရှေ့တိုးလည်းထမ်းပိုး၊ နောက်ဆုတ် လည်း လှည်းတုတ်ဆိုသလို ဖြစ်နေသည်။ ကိုဘိုးသိကြီးယင်းလျှံ၏ တောင်းဆိုချက်အတိုင်း လုပ်ဆောင်ပေးရအခက်၊ မလုပ်ဆောင်

ပေးရအခက်၊ လုပ်ဆောင်ပေးလိုက်လျှင်လူနှစ်ယောက်၏အသက်ကို သတ်ဖြတ်မိသည့် တကယ့် လူသတ်သမားတယောက်အဖြစ်သို့ အလိုလိုနေယင်း သက်ဆင်းရချေတော့မည်။ ထိုသို့မှမဟုတ်ပဲ မလုပ်ဆောင် ပေးပြန်လျှင်လည်း ရှောင်လင်မြွေဆိုး စေခိုင်းလိုက်သော တာဝန်ကို ဆောင်ရွက်ပေးနိုင်တော့မည် မဟုတ်။

အခုမှ တကယ့်ပြဿနာတရပ်နှင့် ဆုံးတွေ့နေရပြီဖြစ်သည်။

"မင်းအနေနဲ့ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပေါ့ကွယ်။ လောကကြီးမှာ ဘယ်အရာမဆို အယူရှိယင် အပေးရှိရမှာပဲ။ ကိုယ့်အကျိုးအောင်ချင်ယင် သူ့အကျိုးကိုလဲ ဆောင်ရွက်ပေးရတယ်ကွယ့်။ မင်းပြောတဲ့ ခေါင်းနှစ်လုံးနဲ့လူကို တွေ့ချင်ယင်တော့ ငါခိုင်းတဲ့ကိစ္စကိုလဲ စဉ်းစားပေါ့ကွယ်"

သူက ကျိုးကျင့်၏ စိတ်အညာကို ဆွဲယူကိုင်လှုပ်လိုက်ပြန်သည်။ အစကတည်းက ယိမ်းယိုင်လုလုဖြစ်နေသည့် ကျိုးကျင့်၏ စိတ်တို့မှာ တခါတည်း ပြိုဆင်းခဲ့ရပါတော့သည်။

"ကောင်းပြီလေ၊ ခင်ဗျားပြောတဲ့ ကိစ္စကို ဖြစ်အောင် ကျွန်တော် ဆောင်ရွက်ပေးပါတော့မယ်လေ။ ကဲ....သွားရမယ့် ခရီးစဉ်ရဲ့ လုပ်ရမယ့်အစီအစဉ်လေးကိုသာ ကျွန်တော့်ကိုပြောပြပေတော့"

"သည်လိုမှပေါ့ကွယ့်။ အင်း....မင်းဦးနှောက်ကိုအသုံးချတတ်လာပြီပဲ။ ကောင်းပါတယ်လေ။ သူ့အကျိုး ကိုယ့်အကျိုးပေါ့။ ကဲ....သည်လိုဆို မနက်ဖြန်မနက်အစောကြီး သည်ကနေခွာမယ်။ ရွှေမြို့တော်ဆီကို ခရီးဆက်မယ်။ မနက်ဖြန် သည်ကနေခွာယင် နောက်တနေ့ည မိုးချုပ်လောက်ကျယင် ရွှေမြို့တော်ကို ငါတို့



ရောက်သွားလိမ့်မယ်ကွယ့်။ ငါတို့ သတ်ဖြတ်ရမယ့် လူယုတ်မာနှစ်ယောက်က ရွှေမြို့တော်က ပန်းပေါင်းစုံဂေဟာထဲမှာ ရှိနေတယ်။ ကဲပါ။ မနက်ဖြန် ဒီကနေခွာတော့မှ မင်းလုပ်ဆောင်ရမယ့် အစီအစဉ်ရော၊ ပန်းပေါင်းစုံဂေဟာရဲ့ အနေအထားကိုပါ ငါအားလုံးပြောပြမယ်။ လောလောဆယ်တော့ မင်းရဲ့ အခန်းတံခါးကို အသာဖွင့်ပြီး အပြင်ကို ထွက်ကြည့်စမ်း"

သူသည် နောက်ဆုံးစကားကို လေသံမျှဖြင့် ဆိုသည်။

ဘယ်လိုအဓိပ္ပာယ်နှင့် ထိုစကား ဆိုခဲ့သည်ကို ကျိုးကျင့် စဉ်းစားမရ။

"ဘာဖြစ်လို့လဲ"

"ငါတို့ ဆွေးနွေးတိုင်ပင်နေသမျှ စကားတွေကို အပြင်ဘက်ကနေ တယောက်ယောက် ချောင်းနားထောင်နေတယ်လို့ ငါ့စိတ်မှာ ထင်မိလို့ပဲ ကျိုးကျင့်"

ကိုဘိုးသိကြီးယင်းလျှ၏ စကားဆုံးသည်နှင့် ကျိုးကျင့်သည် ခြေကိုဖွနင်း၍ တံခါးနားသို့ တိုးကပ်ခဲ့သည်။ တံခါးဂျက်ဖြုတ်၍ ဆွဲဖွင့်သည်။ အပြင်သို့ လှစ်ကနဲထွက်သည်။

ရိပ်ကနဲ ဗယ်ဘက်ဆီသို့ ပြေးထွက်သွားသော အရိပ်တလေးတရိပ်ကို မထင်မှတ်ပဲ တွေ့လိုက်ရသည်။ အသေအချာကြည့်လိုက်သောအခါတွင်မတော့ ထို အရိပ်ရှင်မှာ အမျိုးသမီးတယောက်ဖြစ်ကြောင်း မြင်တွေ့လိုက်ရသည်။ အပြေးတပိုင်း ခြေလှမ်းမျိုးဖြင့် တရွှေရွှေ လျှောက်လှမ်းသွားနေသော အမျိုးသမီးအားနောက်ကျောပိုင်းဘက်ဆီမှသာ မြင်တွေ့ရသည်။ ထို့ကြောင့် မည်သူမည်ဝါဖြစ်မှန်း သိခွင့်မရလိုက်။ ထို အမျိုးသမီးနောက်

သို့ အမီလိုက်မည်ကြံမိသေးသည်။ အမျိုးသမီးက အခန်းတခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသောကြောင့် ထိုအကြံကို လက်လျှော့လိုက်ရသည်။

သူတို့ ပြောဆိုဆွေးနွေးနေသမျှစကားတွေကို ထိုအမျိုးသမီးသည် အလုံးစုံ ကြားသိသွားခဲ့ချေပြီလော။

တကယ်လို့၊

ကြားသိသွားခဲ့လျှင်တော့ သူတို့ဆွေးနွေးနေသမျှ ကိစ္စကြီးတခုလုံး သဲထဲရေသွန်သလို ဖြစ်သွားနိုင်သည်။ သူတို့လုပ်ဆောင်မည့် ကိစ္စကြီးတခုလုံး မလိုသူတွေထံ ပေါက်ကြားသွားနိုင်သည်။

တွေးယင်းမှုပင် ရင်မှာ တင်းကျပ်လာသည်။ စိတ်မှာရှုပ်ထွေးနောက်ကျုလာရသည်။

အမှန်တော့၊

သူတို့သည် ပေါ့လျော့သွားမိကြသည်။

အခြေအနေ အရိပ်အကဲ စိုးစဉ်းမျှမလေ့လာပဲ ကိုယ့်ကိစ္စကိုယ်ပြောဆိုဆွေးနွေးနေကြဖို့သာ စိတ်လောကြီးနေမိကြသည်။ ဒါကြောင့်လည်း အပြင်ဘက်ကနေ ထိုအမျိုးသမီး ချောင်းမြောင်းနားထောင်နေသည့်အဖြစ်ကို စိုးစဉ်းမျှမသိလိုက်ကြ။ ကိုဘိုးသိကြီး ယင်းလျှံ မသက်သာစိတ်ဖြင့် သတိပေးလို့ သိလိုက်ရသောအချိန်တွင်မတော့ အခြေအနေက နောက်ကျနေပြီဖြစ်သည်။

ယခုမှတော့၊

သူတို့အနေဖြင့် မည်သို့မျှ မတတ်နိုင်တော့ပြီ။

ကျိုးကျင့် အခန်းထဲ ပြန်ဝင်ခဲ့သည်။

"ဘယ့်နှယ်လဲဟေ့။ ငါ ထင်သလိုပဲ တယောက်ယောက်က



ငါတို့ ပြောဆိုနေသမျှ တွေကို ချောင်း နားထောင် နေတယ်မဟုတ်လား"

ကိုဘိုးသိကြီးယင်းလျှံက မေးသည်။

"ဟင့်အင်း။ အပြင်မှာ ဘယ်သူ့ကိုမှ မတွေ့မိဘူး။ခင်ဗျားရဲ့ စိတ်ထဲက ထင်သွားလို့ ဖြစ်ပါလိမ့်မယ်"

ဘာကြောင့် လိမ်လည်ထွက်ဆိုမိမှန်း ထိုစဉ်က သူ့ကိုယ်သူ စဉ်းစားမရချေ။ အကြောင်းတခုခု နောက်ကွယ်မှ မသိစိတ်၏ နှိုးဆော်မှုကြောင့် ဖြစ်မည်ထင်သည်။

ကိုဘိုးသိကြီး ယင်းလျှံသည် မျက်လုံးလေး အသက်လှန်၍ ကျိုးကျင့်ကို အကဲခတ်လေ့လာသလို တချက်မျှ ကြည့်သည်။

"အင်း... ဘယ်သူ့ကိုမှ မတွေ့ရဘူးဆိုလဲ ပြီးတာပဲ။ကဲ... ဒီလိုဆိုယင် ငါ သွားမယ်။ ငါ့ မြင်းရထားကို တည်းခိုခန်း ရှေ့မှာ ရပ်ထားတယ်။ ငါ အဲဒီမှာရှိနေမယ်။ မင်း ဒီနေ့တနေ့လုံးတော့ အေးအေးဆေးဆေး အနားယူနိုင်တယ်။ မနက်ဖြန်မနက် အစောကြီးကျယင်တော့ မင်းကို ငါကိုယ်တိုင် လာနှိုးမယ်"

ကိုဘိုးသိကြီးယင်းလျှံသည် ထိုင်ရာမှ ထ သည်။တံခါးပေါက်ဝဘက်ဆီသို့ ခြေလှမ်းကျဲကြီးဖြင့် သွက်သွက်လက်လက် လျှောက်သွားသည်။ ထိုမှတဆင့် အပြင်ဘက်သို့ ထွက်သွား၏။

သူ မရှိတော့မှပင် ကျိုးကျင့်သည် ခုတင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။ တွေးစရာ တပုံတပင်နှင့် တယောက်တည်း ငိုင်တွေနေမိသည်။

တကယ်တမ်း အစိက သူ တွေးနေမိသည်က မမကျင်းလီ ဆိုသည့် မမကျင်းလီအကြောင်း ဖြစ်သည်။

မမကျင်းလီသည် လှပသလောက် ချောမောသည်။

ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်သလောက် ရုပ်ရည်ကလည်း အပြစ်ပြောစရာမရှိ။

အပြုအစု အယုအယမှာတော့ စံနမူနာ တင်ထိုက်ကြောင်း မမကျင်းလီအခန်းထဲမှာ သုံးရက်စလုံး အချိန်ဖြုန်းခဲ့သည့် သူ လက်တွေ့ သိနားလည်ခဲ့ရသည်။

မမကျင်းလီ၏ အလုပ်က ညောင်လေးပင် တည်းခိုခန်းတွင် လာရောက်တည်းခိုကြသည့် အမျိုးသားတိုင်း စိတ်ကျေနပ်အောင် စွမ်းဆောင် ဖန်တီးပေးရသည့်အလုပ်။ တနည်းအားဖြင့်ဆိုရလျှင် တော့ မမကျင်းလီသည် ပျော်တော်ဆက်မယ်၊ အဖျော်ဖြေခံ အမျိုးသမီးတယောက် ဖြစ်သည်။

သို့သော်၊ -

တခုတော့ သူ စဉ်းစားမရချေ။

ယင်းမှာ၊

သူနှင့် ကိုဘိုးသိကြီး ယင်းလျှို့တို့နှစ်ယောက်တိုင်ပင်ဆွေးနွေး နေသမျှ စကားတွေကို မမ ကျင်းလီက ဘာကြောင့် ချောင်း မြောင်း နားထောင်ခဲ့ရသည် ဆိုသည့်အချက်ဖြစ်သည်။

အမှန်ပင်။

ထိုအမျိုးသမီးကို နောက်ကျောပိုင်းအနေအထားဖြင့် ရိပ် ကနဲ မြင်တွေ့လိုက်ရသော်လည်း သည်စဉ်ကတည်းကပင် မမ ကျင်းလီဖြစ်ကြောင်း တပ်အပ်သိခဲ့သည်။

ပွင့်နေသော တံခါးမှ တဆင့် ယွင်းရှာ ရောက်လာသော



ကြောင့် ကျိုးကျင့်၏ တွေးလက်စအတွေးတို့ ပျက် ပြယ် သွား ရသည်။

"ဘယ်လိုလဲ၊ တခေါက်တည်း ပျင်းနေပြီလား"

သူ ခေါင်းခါပြသည်။

"မပျင်းပါဘူး။အဲ...ပျင်းယင်လဲ မမကျင်းလီဆီ သွားလိုက် ရုံပေါ့....ဘာခက်တာမှတ်လို့"

ဝင်လာစတုန်းက ပြုံး ရောင် သမ်း နေ သော ယွင်းရှာ ၏ မျက်နှာကလေးတည်သွားသည်။မျက်ခမှောင်လေးကြုတ်၍ နား မလည်သလို သူ့ကို ကြည့်လာသည်။

"အစ်ကိုက မမကျင်းလီဆီ သွားမယ်ဆိုရအောင် မမကျင်းလီ က အခုဒီမှာရှိနေသေးလို့လား အစ်ကိုရဲ့"

"ဘယ်လိုကွ၊မင်း ဘာပြောတယ်"

"ဟုတ်တယ် အစ်ကို၊အခုလေးဘင်ပဲ မမကျင်းလီ မြင်းတစီး နဲ့ အပြင်ကိုထွက်သွားပြီ။ သူ မသွားခင် အစ်ကို့ကိုပေးလိုက်ဖို့ ဆိုပြီး ယွင်းရှာ ကိုတောင် စာတစောင်ပေးသွားသေးတယ်"

ခြေလှမ်းသွက်လိုက်ပါသည့် မမကျင်းလီ။

မျက်စိတမှိတ်လျှပ်တပြက်၊ ဘာမှမကြာလိုက်သည့် အချိန် လေးမှာပင်၊ မမကျင်းလီသည် မြင်း တ စီး ဖြင့် သည်ကနေ ထွက်ခွာသွားချေပြီ။

ကျိုးကျင့် စိတ်ထဲမှာတခုခုအတွက် စိုးရိမ်သလို ခံစားမိလိုက် လျက်၊ ယွင်းရှာ ဆီမှစာကိုလှမ်းတောင်းသည်။

"ပေးစမ်း၊ ယွင်းရှာ ကို ပေးသွားတယ်ဆိုတဲ့ မမကျင်းလီ ရဲ့စာ"

ယွင်းရှာသည် လက်ထဲမှစာရွက်ခေါက်ကလေးကို ကျိုးကျင့်လက်ထဲ ထည့်ပေးသည်။ လေးထောင့်ကျကျ ခေါက်ထားသော စာရွက်ခေါက်ကလေးဖြစ်သည်။

သိလိုဇောဖြင့် ဖြန့်ဖတ်မိသည်။ စာကြောင်းလေးက သုံးကြောင်းထဲ။ အကြောင်းအရာက သည့်လို... သည့်လို။

"ပြဿနာဆိုတာ အစရှိယင် အဆုံးရှိရမယ်၊
လမ်းဆုံးမှာ ရှာရှိတယ်၊
သူများခိုင်းတာကိုသာ မညည်းမညူ လုပ်
ဆောင်ပါ။
ငါ့မောင်ရဲ့အကြံ အောင်မြင်စေရမယ်"

ကျိုးကျင့် ဦးနှောက်ခြောက်သွားသည်။

စာကြောင်းသုံးကြောင်းက တခုနှင့်တခု အဆက်အစပ်မရှိ။

ဘယ်သို့သောအဓိပ္ပာယ်နှင့် ထိုစာတွေကို မမကျင်းလီ ရေးသားသွားသည်မသိချေ။

လက်ရေးကလည်း မညီမညာ၊ အလောတကြီး ရေးသွားပုံမျိုး။ မမကျင်းလီသည် တခုခုကို ရည်ညွှန်း၍ ထိုစာကြောင်းတွေကို ရေးသွားသည်ပဲဖြစ်မည်။ လောလောဆယ်တွင် ထိုစာစုကို အဖြေရှာမရသည်က ခက်သည်။

"စာထဲမှာဘာတွေရေးထားသလဲ ဟင်"

မစပ်စုကလေး ယွင်းရှာက မေးသည်။



ကျိုးကျင့်သည် ရွှတ်နောက်နောက်လုပ်သည်။

"ဩော်...တခြားမဟုတ်ပါဘူး။ အစားစားယင်အစာကြေအောင်စားပါတဲ့။ ဟင်းချိုပူပူကြီးနဲ့တွေ့ယင် ဖြည်းဖြည်းမှုတ်သောက်ပါတဲ့။ သူက ငါ့အတွက် စိုးရိမ်လွန်းရှာလို့ သတိပေးသွားတာလေ"

"သွား...အစ်ကိုက မဟုတ်က ဟုတ်ကတွေပြောတော့မယ်။ သည်က အကောင်းမှတ်လို့နားထောင်နေတာ။ တော်ပြီတော်ပြီ။ စကားအကောင်းမပြောချင်တဲ့လူ့ရဲ့အနားမှာ ယွင်းရှာ မနေချင်တော့ဘူး....သွားမယ်"

မျက်နက်ကလေးထောင့်ကပ်၊ မျက်စောင်းကလေးထိုးယင်း တကယ့်ပီတိကလေးငယ်လေးတယောက်လို နွဲ့ဆိုး ဆိုးပြနေရှာသည့် ယွင်းရှာ၏ အမူအရာက တမျိုးချစ်စရာ။

"ဟ....ဒါဆို ပိုကောင်းတာပေါ့။ ကဲ.... မယ်မင်းကြီးမ....သည်ကနေ ကြွမယ်ဆိုယင်လဲ မြန်မြန်လေးသာကြွ။ ဒီကအကောင်က တယောက်ထဲ အေးအေးဆေးဆေး အနားယူချင်နေတာနဲ့ အတော်ပဲ"

ကျိုးကျင့်က အတည်ပေါက်ကလေး ပြောသည်။

ယွင်းရှာ၏ မျက်နှာလေးမှာ ညို့ညို့ကလေးရှိုင်းသွားသည်။

"သွားမှာပါ၊ သွားမှာပါ၊ မပူပါနဲ့။ ယွင်းရှာတို့က မမကျင်းလီလောက် ဆွဲဆောင်မှုမရှိတော့၊ အစ်ကိုက ယွင်းရှာနဲ့ ဘယ်စကားပြောချင်ပါ့မလဲ"

မကျေမနပ်ဆိုယင်း ယွင်းရှာ သည် ခြေကလေးကိုဆောင့်၍ အခန်းထဲကနေ ဇောင့်ဇောင့်ဖြင့် ထွက်သွားသည်။

ကျီးကျဲင့်သည် သက်ပြင်းတချက်ကို ချသည်။ ထို့နောက် ခေါင်းအုံးအောက် လှန်ကြည့်သည်။ အထုပ်ငယ်နှင့် ပေါက်ဓား လေးမှာ သူ ထားခဲ့သည့်အတိုင်း အနေအထားမပျက် ရှိနေသည် ကို တွေ့ရတော့မှပင် သူ စိတ်အေးသွားသည်။

●

## တည်းခိုခန်းကို နောက်ချန်လို့

နေ့သစ် တနေ့သို့ ရောက်လာသည်။

ကောင်းကင်ပေါ်တွင် တိမ်လိုင်းတိမ်လိပ်တွေက ထူထပ်စွာ အုံ့ဆိုင်းနေသည်။ ဖြည်းဖြည်းနေ့နေ့ကလေး ဆော်သွေးနေ သော လေပြေတွင် မိုးသက်နံ့များ ပါလာသည်။ မကြာမီ မိုး သည်းကြီး မည်းကြီး ရွာချတော့မည် ဆိုသည့် အရိပ်နိမိတ် ပေပဲ။

ထိုအချိန်မှာပင်၊

သူတို့၏မြင်းရထားလေးသည် ညောင်လေးပင် တည်းခိုခန်း ရှေ့ကနေ ခွာထွက်ခဲ့သည်။

ကျီးကျင့်သည် မြင်းဇက်ကြိုးကို လွဲယင်း လွဲယင်း ခရီးကို တွင်တွင်ကြီး နှင်နေသည်။ ကိုဘိုးသိကြီး ယင်းလျှံ ကတော့မူ

စကားတခွန်းမှမဆိုပဲ သူ့ဘေးကနေ အသာငြိမ်သက်၍ လိုက်ပါလာခဲ့သည်။

ညောင်လေးပင် တည်းခိုခန်းနှင့် အတော်ကလေး ဝေးကွာလာသော အခါတွင်မှ ကိုဘိုးသိကြီး ယင်းလျှံက စကားစသည်။

"သည့်ပုံအတိုင်း ဆိုယင်တော့.... ရွှေမြို့တော်ကို မနက်ဖြန်နေမဝင်ခင်တောင် ရောက်ချင် ရောက်သွားနိုင်တယ်ကွဲ့"

"ဟို ရောက်ယင် ကျုပ်တော် လုပ်ရမယ့် အစီအစဉ်ရယ်.... ပြီးတော့ ပန်းပေါင်းစုံဂေဟာရဲ့အနေအထားကိုပါ အခုကတည်းက တခါတည်း ပြောပြထားအုန်းလေဗျာ"

"အေး.... ဟုတ်တယ်၊ အခုကတည်းက မင်း ဒါတွေကို သိထားမှ ဖြစ်မယ်။ ပန်းပေါင်းစုံ ဂေဟာ ကတော့ နှစ်ထပ်အဆောက်အအုံကလေးတခုပဲ။ အပေါ်ထပ်ရော အောက်ထပ်မှာပါ အခန်းငယ်ကလေးတွေ အများကြီးရှိတယ်။ ဒါပေမယ့် လူဆာတော့နည်းတယ်။ အောက်ထပ်အခန်းမှာ အစောင့်အရှောက်သိုင်းသမား ဆယ်ယောက်၊ ဂေဟာရှေ့မှာက သိုင်းသမား သုံးယောက်.... ဒါပဲရှိတယ်။ မင်း သွားသတ်ရမယ့် လူနှစ်ယောက်ကတော့ အပေါ်ထပ်က ထောင့်ဆုံးအခန်းမှာရှိတယ်။ အနောက်ဘက် ပြတင်းပေါက်ကနေ ကျော်ဝင်မယ် ဆိုယင်တော့ မင်းအဲသည်အခန်းကိုအလွယ်တကူနဲ့ရောက်သွားနိုင်တယ်။ဒါကြောင့် မင်းအနေနဲ့ နောက်ဘက် ပြတင်းပေါက်ကနေ လှည့်ကျော်ပြီးဝင်ရမှာပဲ။ အဲသည်လို ဝင်တဲ့နေရာမှာလဲ မင်းအနေနဲ့ အရှေ့ဘက်မှာ စောင့်ကြပ်နေကြတဲ့ သိုင်းသမားတွေအတွက် ဘာမှ စိတ်အနှောင့်အယှက်မဖြစ်နဲ့။ သူတို့အားလုံးကို ငါ့နည်းငါ့ဟန်နဲ့ ထိန်းထားမယ်။ မင်းကတော့ မင်းရဲ့ကိစ္စကို အောင်မြင်အောင်ဆောင်ရွက်။ ငါပြောတဲ့ လူယုတ်မာနှစ်ယောက်ကို ရှင်းပစ်နိုင်အောင် ကြိုးစား"

"ခင်ဗျားရဲ့ပစ္စည်းဆိုတာကရော"

"အေး...ဟုတ်တယ်။ ငါ့ရဲ့ပစ္စည်းကိုတော့ သူတို့က အဲသည်အခန်းထဲမှာပဲ ဝှက်ထားတယ်။ မင်း သူတို့ရဲ့အခန်းထဲ ရောက်လို့ရှိယင် ဝင်ပေါက်တံခါးရဲ့ ညာဘက်ဘေးနားမှာ နဂါးရုပ်ပုံနဲ့ ပန်းချီကားချပ်ကြီး တချပ်ကို တွေ့ရလိမ့်မယ်။ အဲသည် ပန်းချီကားချပ်ကြီးကို ဖယ်လိုက်လို့ရှိယင် အံ့ဝှက်အပေါက်တခု ပေါ်လာလိမ့်မယ်။ အဲသည် အံဝှက်အပေါက်ထဲမှာရှိနေတဲ့ ပစ္စည်းထုပ်လေးဟာ ငါ့ရဲ့ပစ္စည်းထုပ်ပဲ။ မင်းအနေနဲ့ သူတို့နှစ်ယောက်ကို သတ်ပြီး ပစ္စည်းထုပ်လေးကို ယူလာပေတော့"

ကိုဘိုးသိကြီး ယင်းလျှံသည် အတော်ကြီးကို စိတ်ခေတ်တက်တက်ကြွကြွ ဖြစ်နေပုံရသည်။

"ပန်းပေါင်းစုံ ဂေဟာရဲ့ အနေအထား အားလုံးကို အခုလောက် တိတိကျကျသိနေရအောင် ခင်ဗျား ဒါတွေကို ဘယ်လိုလုပ်ပြီး စုံစမ်းထားတာလဲ"

ကျိုးကျင့်သည် တအံ့တဩမေးသည်။

ကိုဘိုးသိကြီး ယင်းလျှံ၏ မျက်နှာပြင်တွင် အပြုံးရိပ် တရိပ်ပေါ်လာသည်။ ဝံ့ဝံ့ကြွားကြွားအပြုံးမျိုးဖြစ်သည်။

"ကိုဘိုးသိဆိုတဲ့ ဘွဲ့ထူးကြီးကို အပိုင်ရထားတဲ့ဥစ္စာပဲ။ဒါတွေကို သိရဖို့ဆိုတာက ဘာခဲယဉ်းတာမှတ်လို့။ ကိုယ့်အိတ်ထဲက

ငွေနည်းနည်းပါးပါးအကုန်ခံလိုက်တာနဲ့ ဒါတွေကို သိလာရဖို့လဲ သိပ်မခက်တော့ဘူးပေါ့။ ဘယ်နေရာမဆို အသားထဲက လောက်ရှိတယ်ဆိုတာကိုလဲ မင်း မမေ့နဲ့အုန်း ကျိုးကျင့်"

"ထားပါတော့....၊ တကယ်လို့ ခင်ဗျားရဲ့ ကိစ္စ အားလုံးအောင်မြင် ပြီးဆုံးသွားလို့ရှိယင် ကျွန်တော့်ပြဿနာကို ကူညီဖို့လဲ မမေ့နဲ့အုန်းနော...."

"သည်အတွက် မင်းရဲ့စိတ်ထဲမှာဘာမှစိုးရိမ်မနေနဲ့ ကျိုးကျင့်၊ မင်း သိပ်တွေ့ချင်နေတဲ့ ခေါင်းနှစ်လုံးနဲ့ လူထူး လူဆန်းကြီးကို သည်တရက် နှစ်ရက်အတွင်း မတွေ့တွေ့အောင် ငါ ကိုယ်တိုင်လိုက်ရှာပေးမယ်။ ဒါဆိုယင် မင်း ကျေနပ်မယ်မဟုတ်လား"

ကိုဘိုးသိကြီး ယင်းလျှံက အလေးအနက် ကတိပေးသလို ဆိုသည်။

ကျိုးကျင့် ကျေနပ်သည်၊မကျေနပ်သည် ဘာတခွန်းမှ မဆို။ ရှေ့ဆီသို့ တစိုက်မတ်မတ်ကြည့်လျက် လက်ထဲမှ မြင်းဇက်ကြိုးကို အဆက်မပြတ် လှုပ်ခါနေသည်။

ထိုစဉ်မှာပင်၊

မိုးမှုန် မိုးဖွဲလေးများက တဖွဲဖွဲဖြင့် ကြွေသက် ကျဆင်းလာသည်။

အော်....မိုးရယ်၊ ရွာပဲ့ရွာနိုင်လွန်းရန်ကော။

●

---

## ပဟေဠိဇာတ်ရှုပ်ရဲ့ အဖြေတပုဒ်

---

မိုးမရွာ၊

သို့ပေမယ့်

မှောင်သည်။

တလောကလုံးကို နက်ရှိုင်းသော အမှောင်ထုက ကြီးစိုးထားသည်။

သူတို့နှစ်ယောက်သည် အမှောင်ထုထဲမှာ နစ်မြုပ်နေသည်။

ရှေ့မှာ ပန်းပေါင်းစုံဂေဟာ။

ဂေဟာရှေ့တွင် ပိုးမီးအိမ် နှစ်လုံး ထွန်းညှိ ထားသည်။ မီးအလင်းရောင်ဖြင့် ဂေဟာရှေ့မှ မြင်ကွင်းအားလုံးကို ပြတ်ပြတ်ထင်ထင် တွေ့နေရသည်။

ကိုဘိုးသိကြီး ယင်းလျှံ ကြိုတင်ပြောထားသလိုပဲ ဖြစ်သည်။

ဂေဟာရှေ့တွင် ဆောင်ဓားထမ်း၍ စောင့်ကြပ်နေကြသော အစောင့်အကြပ် သုံးယောက်က ရှိနေသည်။ သူတို့နှင့် မလှမ်းမကမ်းတွင်တော့ မြင်းသုံးကောင်ကို သစ်ပင်တပင်မှာချည်နှောင်ထား၏။

"ကဲ.... မင်း မြင်တဲ့အတိုင်းပဲ။ အဲသည်တော့ အရှေ့ပိုင်းအတွက် မင်း ဘာမှ မပူနဲ့။ ငါနဲ့ ငါ့လူတွေက ရှင်းထားလိုက်မယ်...."

ကိုတိုးသိကြီး ယင်းလျံက ပြောသည်။

ကျိုးကျင့် အံ့အားသင့်သွားသည်။

"ဘယ်လို.... ခင်ဗျားနဲ့ ခင်ဗျားရဲ့လူတွေ.... ဟုတ်လား"

"ဟုတ်တယ်၊ ငါ့လူတွေ မြင်းရထားထဲမှာ ပါလာတယ်လေ...."

"ကျွန်တော် ထင်နေတာက ခင်ဗျားနဲ့ကျွန်တော်နှစ်ယောက်ထဲပဲ မှတ်နေတာ၊ အခုတော့...."

"ကဲပါ၊ အခုအချိန်မှာ ဒါတွေကို ဖြေရှင်းချက်ထုတ်နေကြလို့လဲ ဘာမှအကြောင်းထူးမှာမဟုတ်ဘူး။ ကိုယ်လုပ်စရာရှိတာကိုသာ မြန်မြန်ဆန်ဆန်ကသော ပြီးအောင် လုပ်။ ရော့....အရေးအကြောင်းဆို မင်းအသုံးပြုဖို့အတွက် ငါ့ဓားကိုယူသွား"

သူ့လက်ထဲမှ ဆောင်ဓားရှည်ကို ကျိုးကျင့်လက်ထဲ ထည့်ပေးသည်။

"တကယ်လို့ မင်းရဲ့ကိစ္စတွေ အားလုံးပြီးသွားလို့ရှိယင် မင်းတက်သွားတဲ့ နောက်ဘက်အပေါက်ကပဲ အောက်ကို ပြန်ဆင်းခဲ့။ ငါ နောက်ဘက်ပေါက်ကနေ မင်းကို စောင့်နေမယ် ဟုတ်



ပလား။ ကဲ....သွားတော့၊ မင်းရဲ့ဆောင်ရွက်ချက်တွေ အလွယ်တကူ အောင်မြင်ပါစေလို့ ငါ ဆုတောင်းပေးလိုက်ပါတယ်ကွာ"

သူက ဆုတောင်းမှုပြုသည်။

ကျိုးကျင့် ဘာမျှမဆို။ သူ့အပါးမှ ခွာခဲ့သည်။ မှောင်ရိပ်အကွယ်အကာယူ၍ ပန်းပေါင်းစုံဂေဟာ၏ နောက်ဘက်ဆီသို့ ရှေ့ရှုခဲ့သည်။ စိတ်ထဲမှာတော့ အရာရာ လျှို့ဝှက်လွန်းသည့် ကိုတိုးသိကြီး ယင်းလျံ အပေါ်မှာ မကျေနပ်ချင်သလို။ သူ့လူတွေ မြင်းရထားထဲမှာ ပါလာခဲ့ကြောင်းကို ခရီး စ ထွက်စဉ်က ဘာကြောင့် မပြောခဲ့ပါလိမ့်ဟု၊ တကယ်ဆို ပြောပြဖို့သင့်သည်။ ယုတ်စွအဆုံး တဦးနှင့်တဦး မိတ်ဆက်ပေးထားဖို့သင့်သည်ပဲ။ သို့မှလည်း အရေးအကြောင်းဆို သူ့လူ ကိုယ့်လူ ခွဲခြား၍ သိနိုင်မည်မဟုတ်လား။

ကျိုးကျင့် ဂေဟာနောက်ဘက်သို့ ရောက်လာသည်။

နတ်တို့ဖန်....ရေကန်အသင့် ကြာအသင့်လို့ပဲ ဆိုရတော့မည်။

ဂေဟာနောက်ဘက်တွင် ကုက္ကိုပင်တပင်ရှိသည်။ သစ်ကိုင်းတကိုင်းက ဂေဟာအပေါ်ထပ် ပြတင်းပေါက်နားဆီ ငိုက်ကျလျက်ရှိသည်၊ ပို၍ အဆင်ပြေနေသည်က ပြတင်းပေါက်တံခါးအခန့်သင့် ပွင့်နေသည့်အဖြစ်။

အရှေ့ဘက်ဆီမှ ခုတ်သံ ထစ်သံတွေကို ကြားရစပြုလာသည်။

ကိုတိုးသိကြီး ယင်းလျံတို့လူစုသည် ဂေဟာထဲမှ လူတွေ၏အာရုံကို အရှေ့ဘက်ဆီရောက်အောင် လွှဲပြောင်းခြင်းပြုနေကြပြီ။ သူ့အနေဖြင့် ရလာသည့် အခွင့်အရေးကို လက်လွှတ်ခံ၍

မဖြစ်တော့။ ရတတ်သမျှအချိန်ကလေးကို အမြန် အသုံးချရချေ တော့မည် ဖြစ်သည်။

ကျိုးကျင့်သည် ဆောင်ဓားရှည်ကို ပါးစပ်ဖြင့် အပြားလိုက် ကိုက်ပြီး ကုက္ကိုပင်ပေါ် တက်ရောက်ခဲ့သည်။ ငယ်စဉ်ကတည်းက ပင် သစ်ပင်တက်အလေ့အကျင့် ရှိခဲ့သောကြောင့် သိပ်မခဲယဉ်း။ ကုက္ကိုပင်ပေါ် ရှောရှောရှူရှူပင် ရောက်ခဲ့သည်။ ထိုမှ တဆင့် ငိုက်ကျနေသည့် သစ်ကိုင်းပေါ် မှမှီတွယ်ပြီး ပွင့်နေသော ပြတင်း ပေါက်ဆီ ခုန်ကူးသည်။ ပြတင်းပေါက် ဘောင်ပေါ် အလွယ် တကူ ရောက်သွားသည်။ ပါးစပ်မှာ ကိုက်ထားသည့် ဓားကို လက်တွင် ကိုင်ဆောင်လိုက်သည်။ အခြေအနေ အရိပ်အခြည်ကို ခဏလောက် စောင့်ကြည့်သည်။ မည်သို့မျှ မထူးခြားတော့မှပင် အတွင်းဘက်ဆီ ဝင်ရောက်ခဲ့သည်။

အရှေ့ဘက်ဆီမှာတော့ ခုတ်သံ ထစ်သံ လှုပ်ရှားသံ တွေက ပိုမို များပြားလာသည်။

\+ \+ \+

ပြတင်းပေါက်ဆီကနေ ခြေလှမ်း ငါးဆယ်လောက် လျှောက်မိ လိုက်သည်နှင့် ကိုဘိုးသိကြီး ယင်းလျှ ညွှန်ကြား လိုက်သည့် ထောင့်ခန်းတခန်းကို အခက်အခဲမရှိ တွေ့လာရသည်။ အခန်းထဲက လူတွေ အိပ်ပျော်နေသည်လား ဒါမှမဟုတ် မအိပ်သေးပဲ ရန်သူ ဝင်အလာကို စောင့်ဆိုင်းနေကြသည်လား မသိ။ အခန်းထဲတွင်



မီးရောင်ရှိနေသည်။ မီးရောင်သွဲ့သွဲ့သည် တံခါး ကြမ်းကြား အောက်ကနေ အပြင်သို့ ထိုးထွက်နေသည်။ တံခါးနား ကပ်၍ အတွင်းမှ အသံဗလံများကို နားစွင့်ကြည့်သည်။ မည်သည့်အသံ မှ မကြားရ။ အရာခပ်သိမ်း ပကတိ တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ အခြေအနေက ထူးခြားလွန်းနေသည်။ ဂေဟာရှေ့မှ ခုတ်သံ ထစ်သံ လှုပ်ရှားသံများကို သည်ကနေ အတိုင်းသားကြား နေရလျက် အခန်းထဲကလူတွေ ဣန္ဒြေမပျက် ရှိနေကြသည်မှာ တော်တော်ကလေး အံ့သြဖို့ကောင်းနေသည်။ စိတ်ထဲမှာ တမျိုး တမည် ဖြစ်လာရသည်။ သူ ဝင်ရောက်လာမည်ကို အခန်းထဲက လူတွေ သိနေရော့သလား။ အို....သည်လိုလည်း မဖြစ်နိုင်ပါဘူး လေ။

သူ တံခါးကို လက်ဖြင့် အသာထိတွေ့ကြည့်သည်။ အံ့သြစရာ ကောင်းလောက်အောင်ပင် တံခါး လှုပ်သွားသည်။ အတွင်းသို့ မသိမသာ ပွင့်သွားသည်။ မထူးတော့ဘူးဆိုသည့် သဘောမျိုး ဖြင့် တံခါးရွက်ကို ခြေထောက်နှင့် ဆောင့်ကန်သည်။ ဒုန်းကနဲ အသံပေးပြီး တံခါးက အတွင်းသို့ ပွင့်သွားသည်။ လက်ထဲမှ ဆောင်ဓားကြီး ရွယ်မြှောက်လျက် အတွင်းသို့ခုန်ဝင်လိုက်သည်။

"ခြော်....ခြော်.... ငါ့မောင် ရောက်လာပြီကိုး။ မမတို့က ငါ့မောင်ကို စောင့်နေကြတာကွယ့်"

ကျိုးကျင့် အံ့အားသင့်သွားသည်။ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင်လည်း ဖြစ် သွားရသည်။

အမှန်တော့၊

အခန်းအလယ်တွင် မားမားမတ်မတ်ရပ်နေသူမှာ မမကျင်းလီဆိုသည့် မမကျင်းလီ....။

"ဘယ်လိုလဲကွယ့်။ ငါ့မောင်ရဲ့စိတ်ထဲမှာ တော်တော်ကြီးကို အံ့အားသင့်သွားပြီလားဟင်"

"ဟုတ်တယ်။ အံ့အားသင့်သွားတယ်။ ဒါပေမယ့် မမကျင်းလီဆိုတဲ့ ခင်ဗျားက ကျွန်တော်တို့ ပြောဆိုနေသမျှတွေကို ချောင်းနားထောင်ပြီး ထွက်သွားတာကို ပြန်တွေးမိတော့လဲ သိပ်မအံ့သြမိတော့ဘူး။ ကဲ....ဆိုစမ်း၊ ခင်ဗျားက ကျွန်တော်တို့ဆီက ကြားသိခဲ့ရသမျှတွေကို ဒီမှာလာပြီး ဖောက်သည်ချလိုက်ပြီ မို့လားဟင်"

သူက နာနာကျည်းကျည်း ဆိုမိသည်။ မမကျင်းလီ ဘာမှမဆို။ ပကတိ ဣန္ဒြေမပျက် ရှိနေသည်။

"အစကတည်းက ကျွန်တော် ထင်နေမိသား။ သည်အခန်းထဲ ဝင်ဖို့ ရောက်လာတဲ့ ကျွန်တော့်အတွက် အားလုံးအဆင်ပြေနေကတည်းက တခုခုတော့ တခုခုပဲ ထင်လိုက်မိသား။ တကယ်တော့ မမကျင်းလီဆိုတဲ့ ခင်ဗျားဟာ လောဘရှုးပဲ"

"ငါ့မောင်....မမကို သည်လိုမစွပ်စွဲနဲ့။ မမ သည်ကို ရောက်လာတာက အားလုံး မမှားသင့်တာတွေ မမှားရအောင် ရောက်လာတာပဲ။ အထူးသဖြင့် ငါ့မောင်ကို အမှားတွေ မလုပ်မိစေချင်လို့ပါ"

မမကျင်းလီ ဘာကိုဆိုလိုပါလိမ့်။

ကျိုးကြောင်း နားမရှင်း။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"



"မမ ဘာဆိုလိုတယ်ဆိုတာကို ငါ့မောင် နောက်တော့ သဘောပေါက်လာပါလိမ့်မယ်ကွယ်။ ဒီမှာ ငါ့မောင်၊ မမ ပေးလိုက်တဲ့ စာကို ငါ့မောင် ရတယ်မဟုတ်လား"

"အင်း....ရတယ်၊ ဒါပေမယ့် ခင်ဗျား ဘာအဓိပ္ပာယ်နဲ့ အဲဒီစာတွေ ရေးခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် နားမလည်ဘူး"

မမကျင်းလီ ပြုံးသည်။

"အခု ငါ့မောင် လမ်းဆုံးကိုရောက်လို့ ရှာကို တွေ့ရတော့မယ်။ ပြီးတော့ ပြဿနာအားလုံးရဲ့ အစဟာလဲ ဒီမှာဆုံးနေပြီလေ။ ဒီမှာ ငါ့မောင်....ငါ့မောင် သိပ်တွေ့ချင်တဲ့ ခေါင်းနှစ်လုံးနဲ့ လူဟာ အခု သည်အခန်းထဲမှာ မမတို့နဲ့အတူတူ ရှိနေတယ်ကွယ့်"

"ဗျာ၊ ခေါင်းနှစ်လုံးနဲ့လူ ဒီအခန်းထဲမှာ ရှိနေတယ် ဟုတ်လား"

မယုံမကြည်ရှိရခြင်းနှင့်အတူ အံ့အားသင့်စိတ်ဖြင့် မေးမိသည်။

"ဟုတ်တယ် ငါ့မောင်၊ တကယ်တော့ ခေါင်းနှစ်လုံးနဲ့လူဆိုတာက သူတို့ပဲကွယ့်"

နှုတ်မှပြောယင်း မမကျင်းလီသည် သူ့ရှေ့ကနေ ဖယ်ရှားပေးသည်။

စောစောတုန်းက မမကျင်းလီ ကိုယ်ဖြင့်ကွယ်နေသည်မို့ ခေါင်းနှစ်လုံးနှင့်လူကို သတိမပြုမိခဲ့။ ယခုတော့ တွေ့ရပြီ။ ထိုင်ခုံတလုံးတွင် ထိုင်နေသည်။ ဝတ်စုံနက် အထက်အောက် ဆင်တူ

ဝတ်ဆင်ထားသည်။ ပခုံးထက်မှ ခေါင်းနှစ်လုံးမှာ မျက်နှာတပုံစံတည်း။ လက်ကတော့ နှစ်ချောင်း၊ ခြေထောက်ကတော့ လေးချောင်း။ အသက်မှာ သုံးဆယ်ကျော်၊ ကိုယ်ခန္ဓာက ပိန်ပိန်ပါးပါး။

"တကယ်တော့ သူတို့ဟာ အမြွာညီအစ်ကို နှစ်ယောက်ပါ။ မွေးကတည်းက သူတို့မှာ ချွတ်ယွင်းချက်တခုစီ ပါလာတယ်။ တယောက်က ညာလက်တဘက် မပါသလို၊ နောက်တယောက်မှာလဲ ဗယ်လက် ပါမလာဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်က တစိတ်တဝမ်းတည်းပဲ။ ဘယ်လိုကိစ္စမျိုးမှာမဆို နှစ်ယောက်ပေါင်းပြီး ဖြေရှင်းတတ်တယ်။ တကယ်တော့ သူတို့ရဲ့ဘဝဟာ နှစ်လူ့ပေါင်းမှ တရွက်ဖြစ်ရတဲ့စွယ်တော်ရွက်တွေလိုပါပဲကွယ်"

"ဒါ....ဒါဖြင့်....ကိုတိုးသိကြီးယင်းလုံ ပြောခဲ့တဲ့ ဇာတ်လမ်းတွေက လုပ်ကြံဇာတ်လမ်းတွေပေါ့"

"ငါ့ခမောင်ပဲ ဦးနှောက်အေးအေးနဲ့စဉ်းစားကြည့်ပေါ့ကွယ်၊ တကယ်တော့ သူတို့နှစ်ယောက်ဟာသူတပါးရဲ့ပစ္စည်းကိုမတရားယူဖို့မပြောနဲ့။ သူတို့မှာရှိနေတဲ့ ပစ္စည်းတွေကိုတောင် မနှမြောပဲ ပေးဆမ်းလှူဒါန်းနေကြတဲ့ လူသူတော်ကောင်း နှစ်ယောက်ပါကွယ်"

ယခုမှပင်၊

ကျိုးကျင့်သည် သူတို့နှစ်ယောက်ကို စေ့စေ့စပ်စပ် ကြည့်မိသည်။ ရုတ်တရက် ကြည့်လိုက်မည်ဆိုပါမူ ကိုယ်တခုတည်းမှာ ခေါင်းနှစ်လုံးပေါက်နေသလို အသေအချာ ကြည့်လိုက်တော့လည်း ကိုယ်ခန္ဓာတခုစီဖြစ်ကြောင်း တွေ့ရသည်။ အဝတ်အစား



ဆင်တူ ဝတ်ဆင်ထားသောကြောင့် ထိုအဖြစ်ကို ရုတ်တရက် သိဖို့မလွယ်။

ညာဘက်လူက စတင် စကားပြောသည်။

"ငါ့နာမည်ကို မှတ်ထားပေါ့ကွယ်၊ နန်းဖိန်တဲ့၊ သူကတော့ ယဲ့ယီတဲ့။ နှစ်ယောက်ပေါင်းလိုက်တော့ ယဲ့ယီနန်းဖိန်ပေါ့ကွယ်။ နို့....ဒါထက်....မင်းက ငါတို့ကို တွေ့ချင်လို့ လိုက်ရှာနေတယ်ဆို"

"ဟုတ်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ကိုလိုက်ရှာနေတာ အမှန်ပဲ"

"အကြောင်းကိစ္စ ရှိလို့လားကွဲ့"

"ရှိတာမှ သိပ်ကိုရှိပါတယ်။ ဒြြဲ....ခဏနေဦး။ ခင်ဗျားတို့ကို တွေ့ယင် ပေးလိုက်ဖို့ဆိုပြီး ဆရာသခင် ရှောင်လင်မြေဆိုးက ကျွန်တော့်ကို ပစ္စည်းတခု ပေးလိုက်သေးတယ်"

ကျိုးကျင့်သည် အင်္ကျီရင်ဘတ်ကြားထဲမှာ အစဉ်အမြဲ ထည့်သိမ်းထားသည့် အထုပ်ငယ်ကလေးကို ထုတ်၍ ပေးသည်။

နန်းဖိန်က လှမ်းယူယင်း အံ့အားသင့်သွားသလို....

"ဟင်....သိုင်းလေးဂိုဏ်း စာပဒေသာကျမ်း ပထမတွဲပဲ"

ကျိုးကျင့်နှုတ်မှ ဟင်ကနဲ ဖြစ်သွားသည်။

"ဘယ်လို....ဘယ်လို....သိုင်းလေးဂိုဏ်း စာပဒေသာကျမ်း.... ဟုတ်လား"

နန်းဖိန်က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ အခု မင်းယူလာတဲ့ ဒီစာအုပ်က ပထမတွဲပဲ။

ဒုတိယတွဲကတော့ ငါတို့ဆီမှာရှိတယ်။ ကဲ…သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းကို သွားထုတ်ယူလာခဲ့စမ်းပါကွယ်"

ယဲ့ယီသည် တံခါးပေါက်နားသို့ လျှောက် သွားသည်။ တံခါး ညာဘက်ဘေးနားမှ နဂါးရုပ်ပုံနှင့် ပန်းချီကားချပ်ကြီးကို ဖယ်ရှားသည်။ လေးထောင့်ကျကျ အံဝှက်အပေါက်တခု ပေါ်လာသည်။ အံဝှက်ထဲမှ ပိတ်စဖြူဖြင့် ပတ်ထားသည့် လေးထောင့်ကျကျ အထုပ်ငယ်ကလေးကို ထုတ်ယူပြီး ကျိုးကျင့်တို့ဆီ လျှောက်လာသည်။

နန်းဖိန်က လှမ်းယူကာ အထုပ်ငယ်လေးပေါ်မှ ပိတ်စဖြူကို ဖယ်ရှားသည်။ ကျမ်းစာအုပ်တအုပ် ပေါ်လာသည်။ ကျိုးကျင့် ယူဆောင်လာသည့်အထုပ်ပေါ်မှ ဖုံးအုပ်ထားသမျှတွေကိုလည်း ဖယ်ရှားသည်။ နောက်ထပ် ကျမ်းစာအုပ်တအုပ် ပေါ်လာသည်။ သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းတစုံ ဖြစ်သွားပြီ။

"တကယ်တော့…. သည်ကျမ်းစာအုပ် နှစ်အုပ်တွဲခွဲထားတာကို သိတဲ့လူက နည်းတယ်။ ငါတို့နဲ့ ရှောင်လင်မြေဆိုးက သိုင်း ပညာသင်တဲ့နေရာမှာ ဆရာတူဆိုတော့ တယောက် တအုပ်စီ ခွဲယူခဲ့ကြတာပဲ။ အခုတော့ ရှောင်လင်မြေဆိုးလဲ မရှိတော့ဘူး ဆိုတော့ ဒီစာအုပ်လဲ ငါတို့ဆီ ရောက်လာတာပေါ့လေ။ တခုတော့ ငါစဉ်းစားလို့ မရဘူး"

နန်းဖိန်က တွေးတွေးဆဆကလေး ပြောသည်။

"နောက်ထပ် ကျမ်းစာအုပ်တအုပ် ငါတို့ဆီမှာ ရှိနေတာကို မင်းကိုလွှတ်လိုက်တဲ့လူ ဘယ်လိုလုပ်ပြီး သိနေသလဲဆိုတာပဲ"

"ဟုတ်တယ်၊ ကျွန်တော်လဲ ဒါကို စဉ်းစားလို့မရဘူး။



ပြီးတော့ လုပ်ကြံဇာတ်လမ်းတွေ ပြောပြပြီး ခင်ဗျားတို့ကို ဘာကြောင့် သတ်ခိုင်းလိုက်ရတာလဲ ဆိုတာကိုလဲ ကျွန်တော် စဉ်းစားလို့မရဘူး"

"တခုတော့ သေချာတယ် ငါ့မောင်။ သိုင်း လောကမှာ ကိုတိုးသိကြီးယင်းလျံဆိုတဲ့ နာမည်နဲ့ လူတယောက်မှ မရှိဘူး ဆိုတာပဲ"

မမကျင်းလီက ဝင်ပြောသည်။

"မြေဆိုးဂေဟာမှာလဲ သူ့ကို ကျွန်တော် တခါမှ မတွေ့ဘူး တာတော့ အမှန်ပဲ"

ကျိုးကျင့်က ပြောသည်။

"ဒါဖြင့် သူဟာ လူသစ်တယောက်ပေါ့"

မမကျင်းလီထံမှ လူသစ်တယောက်ပေါ့ဆိုသည့် စကားသံကို ကြားလိုက်ရတော့မှပင် ကျိုးကျင့်၏ဦးနှောက်ထဲက အတွေးတခုကို သွားတွေးမိသည်။ ဖြစ်နိုင် မဖြစ်နိုင်တော့ မပြောတတ်။

"မမ ပြောတော့မှပဲ ကျွန်တော် အတွေးတခုပေါက်မိတယ်။ မမ ပြောသလို သူဟာ လူသစ်တယောက် ဆိုရမှာထက် မျက်နှာသစ်တယောက် ပို ဖြစ်နိုင်တယ်"

"ဘာလဲ၊ ငါ့မောင် ဆိုလိုချင်တာက သူဟာ နဂိုရုပ်ကို ဖျက်ထားတယ်လို့ ဆိုလိုချင်တာလား"

"ဆိုလိုချင်တာ မဟုတ်ဘူး။ အတိအကျကို ပြောချင်တာ။ ဘာကြောင့်လဲဆိုတော့ သူဟာ အတိုကြီးတယောက်သာ ဆိုရ တယ်။ သွက်လိုက်တာကတော့ တကယ့်လူငယ်တယောက်အတိုင်း

ပဲ။ ဟုတ်ပါပြီလေ၊ သူဟာ ဘယ်နည်းနဲ့မဆို ရုပ်ဖျက်ထားတာပဲ ဖြစ်မယ်"

"ဒါဖြင့်....သူဘယ်သူ ဖြစ်နိုင်သလဲ"

ယွဲ့ယီက မေးသည်။

"မဟုတ်မှလွဲရော၊ လူဟာ လင်းယုန်သိုင်းသမား ရန်းလုံပဲ ဖြစ်မယ်"

"သူက ဘယ်သူလဲ"

"အခု....ဆရာသခင် ရှောင်လင်မြွေဆိုးရဲ့ နေရာကို ဆက်ခံထားတဲ့ လူပဲ။ အမှန်တော့ သူဟာ ဆရာသခင် ရှောင်လင်မြွေဆိုးကို အသည်းကြွေ၊ အသက်ပျောက် အဆိပ်ဆေးရည် ခတ်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့လူပဲ။ အိုလေ.... ဆရာသခင် ရှောင်လင်မြွေဆိုးကိုတင် မကပါဘူးလေ၊ တခြား နှစ်ယောက် ကိုပါ ကျွန်တော့် မျက်စိရှေ့မှာတင် သတ်ဖြတ်ခဲ့တာပဲ။ သူဟာ ကျွန်တော့်ကိုတောင် သူ သွားမယ့်လမ်းပေါ်ကနေ ရှင်းပစ်ဖို့ ကြိုတင်ကြံစည်ထားချင်ထားမှာပဲ။ ဒါပေမယ့် သူ့အကြံမအောင်သေးတာနဲ့ အသာအောင့်အည်းနေပုံပေါ်တယ်။ တကယ်တော့ သူဟာ တော်တော့်ကို ဟန်ဆောင်ကောင်းတဲ့လူပဲ။ ကျွန်တော့်ဆီမှာ ဆရာသခင် ရှောင်လင်မြွေဆိုးပေးလိုက်တဲ့ သိုင်းလေးဂိုဏ်းစာပဒေသာကျမ်းရှိနေတာတောင် သူက မသိချင်ယောင်ဆောင်နေတယ်လေ။ အမှန်တော့ ကျွန်တော်က သူ့လက်ချုပ်ထဲက ရေဆိုတော့ အချိန်မရွေး သောက်နိုင်တယ်လေ"

ကျိုးကျင့်သည် တစ တစဖြင့် ကွင်းဆက် ကလေးများကို ဆက်စပ်မိလာသည်။



"တကယ်လို့ ကျွန်တော်တို့ တယောက်အကြောင်းတယောက် မသိပဲ တိုက်ယင်းခိုက်ယင်းနဲ့ မတော်တဆ ကျွန်တော် သေသွားအုန်းတော့ သူဟာ ကျွန်တော့်အတွက် ဘယ်လိုမှ နှမြောမိမှာ မဟုတ်တာကတော့ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ သူ့အကြောင်းတွေကို ပြန်ဖောက်သည်ချမယ့် လူတယောက် ရှော့သွားမှာကိုး.... အဲ.... တကယ်လို့ ခင်ဗျားတို့ နှစ် ယောက် ကို ကျွန်တော် သတ်ပြီး သူ့ဆီပြန်သွားယင်လဲ သူဟာ ကျွန်တော့် တမလွန်ပို့မှာ သေချာတယ်"

တွေးယင်းမှာပင်၊

ကျိုးကျင့် ကျောထဲစိမ့်လာသည်။ သူ့အတွက် အန္တရာယ်သည် လက်တကမ်း အကွာမှာ ရှိနေကြောင်း နားလည်လာရသည်။

"ငါ့မောင် ပြောသလိုသာဆို သူ့အကြံဟာ တော်တော့်ကို ပက်စက်တာကိုးကွယ့်၊ တော်သေးတာပေါ့ကွယ်။ သူ့ဆီက လုပ်ကြံဇာတ်လမ်းတွေရယ်၊ ပန်းပေါင်းစုံဂေဟာရယ် ဆိုတာကို ပါ ကြားရပြီးကတည်းက ဒီလူတော့ သိပ်မူမမှန်တော့ဘူး ဆိုပြီး ဒီကို အမြန်ပြေးလာပြီး အကြောင်းစုံကို ပြောထားလိုက်တာပဲကွယ့်၊ ဒါကြောင့်လဲ အားလုံး မမှားကုန်ကြတာပေါ့"

"သည်အတွက် မင်းကို ကျေးဇူးတင်ပါတယ် ကျင်းလီ"

နန်းဖိန့်က ပြောသည်။

မမကျင်းလီက အပြုံလေး မဝံ့တဝံ့ဖြင့် ဆိုသည်။

"ကိစ္စမရှိပါဘူး ရှင်ရယ်၊ တယောက်အကျိုးတယောက်ပေါ့ရှင်။ တခါတုန်းက ရှင်တို့နှစ်ယောက် ကျွန်မတို့ရဲ့တည်းခိုခန်းမှာ

လာတည်းတုန်းက ကျွန်မမှာ ငွေလိုနေတုန်း အကူအညီပေးသွားတာကို ကျွန်မ ဘယ်မေ့မလဲ ရှင်ရယ်"

"ကဲ....ဒါကို အသာထားအုန်း။ ငါတို့ အခုရှေ့ဆက် ဘယ်လို လှုပ်ရှားကြမလဲ။ ငါတို့ အစကထင်ထားတာက မြေဆိုးဂေဟာထဲက လူသတ်မှုတွေကို ကျူးလွန်ခဲ့တဲ့လူဟာ ကျိုးကျင့် ဆိုတဲ့ မင်းပဲ ဖြစ်ရမယ်လို့။ ဒါကလဲ မင်းနဲ့ပတ်သက်ပြီး သိုင်းသမားတိုင်း ဖိတ်စာအကမ်းခံရတာကိုး။ အခုတော့...မြေဆိုးဂေဟာထဲက အဖြစ်အပျက်တွေ အားလုံးကို မသိရသေးပေမယ့်....မင်း ပြောပြသလောက်ဆိုယင် မင်းဟာ လူသတ်သမား ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး။ နောက်တခု မင်းအပေါ်မှာ ယုံကြည်မှုတခု ရှိမိတာက မင်းဟာ ရှောင်လင်မြေဆိုးခိုင်းလိုက်တဲ့ကိစ္စကို သစ္စာရှိရှိနဲ့ ဆောင်ရွက်ခဲ့လို့ပဲ"

နန်းဖိန်က ပြောသည်။

"ဟုတ်ကဲ့၊ ကျွန်တော်ကလဲ ဆရာသခင် ရှောင်လင်မြေဆိုး ပေးလိုက်တဲ့ ဒီဥစ္စာကို အထုပ်ကလေးတခုဆိုဘာက လွဲလို့ သိုင်းသမားတိုင်း အထွဋ်အမြတ်ထားတဲ့ သိုင်းလေးဂိုဏ်းစာပဒေသာကျမ်း ဖြစ်မှန်းတောင် ကျွန်တော် မသိခဲ့ဘူး။ ပိုင်ရှင်ရဲ့ ခွင့်ပြုချက် မရပဲနဲ့လဲ လမ်းမှာ ကျွန်တော် ဖွင့်မကြည့်ခဲ့ဘူး"

ကျိုးကျင့်က အမှန် အမှန်အတိုင်း ပြောသည်။

"ယုံပါတယ်။ ကျင်းလီက ငါတို့ကို အကြောင်းစုံလာပြောကတည်းက မင်းဟာ အခုကိစ္စမှာ ဘာမှုနားမလည်ပဲနဲ့ အချောင်ခေါးစာခံဘဝကို ရောက်ခဲ့ရတာရယ်၊ လူတယောက်ရဲ့မလိမ့်တပတ်



ဝက်ပါထဲမှာ အသုံးတော်ခံ ဖြစ်ခဲ့ရတယ်ဆိုတာတွေကိုပါ သိခဲ့ရတယ်လေ"

နန်းဖိန်က ပြောသည်။

သူတို့တတွေ သူ့အပေါ်မှာ နားလည်မှုရှိကြောင်း တွေ့ရသောကြောင့် စိတ်အနည်းငယ် အေးသွားသည်။

"ကျွန်တော့်ကို ခိုင်းခဲ့တဲ့လူဟာ လူယုတ်မာ တယောက်ဖြစ်မှန်း သိသွားရပြီဆိုတော့ ကျွန်တော် ရှေ့ဆက် ဘာလုပ်ရမလဲ"

ကျိုးကျင့်က မေးသည်။

နန်းဖိန်က တွေးတွေးဆဆလေး ပြောခဲ့ပုံက....

"လွယ်ပါတယ်။ မင်း သူ့ဆီကို ဂူးန္ဒြမပျက် ပြန်သွား၊ ဒီက အကြောင်းတွေကို ဘာမှ မသိသေးတဲ့ပုံစံမျိုး ဟန်ဆောင်။ သူ့ဆီသွားတဲ့အခါကျယင်လဲ မင်း သိုင်းလေးဂိုဏ်းစာပဒေသာကျမ်းတွေကိုပါ ယူသွား"

"ဗျာ....ကျွန်တော်က ဒီ သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းတွေကိုပါ ယူသွားရမယ်၊ ဟုတ်လား....မဖြစ်နိုင်တာပဲ"

"ငါ ပြောသလိုသာလုပ်စမ်းပါ ကျိုးကျင့်ရာ၊ ဒါမှလဲ သူ့ရဲ့ ဟန်ဆောင်ရုပ်လုံးဟာ ဘွားဘွားကြီး ပေါ်လာမှာပေါ့။ တခုတော့ ရှိတာပေါ့လေ၊ သူ့ဆီသွားတဲ့အခါမှာ မင်း အထူး သတိဝီရိယ ရှိပါစေ"

"ဪ....ဪ၊ ကျွန်တော် သဘောပေါက်ပြီ။ ကျွန်တော်တို့က ငါးကြင်းဆီနဲ့ ငါးကြင်း ပြန်ကြော်မယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"ဟုတ်တယ်။ ငါတို့က သူ ဆင်ထားတဲ့ ထောင်ချောက်နဲ့ သူ့ကို ပြန်ထောင်ဖမ်းမယ်ဆိုတဲ့ သဘောပဲ၊ အဲဒီတော့.... သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းတွေကို မူလအတိုင်း ပြန် လုပ်၊ ဪ....နေအုန်း၊ နေအုန်း၊ ပထမတအုပ်ကိုတော့ မင်း ယူလာတုန်းက အတိုင်းပဲ မင်းရဲ့အင်္ကျီရင်ဘတ်ကြားထဲ ပြန်ထည့်သွား၊ ဒါမှလဲ မင်းကို သင်္ကာမကင်း မဖြစ်မှာ"

အစီအစဉ်အကွက်ချပေးသည့်နေရာတွင် နှစ်ယောက်မရှိသလို သတိကောင်းလိုက်သည်မှာလည်း တုနှိုင်းဖွယ် မမြင်၊ ဘယ်လိုမှ မထင်မှတ်ရသည့် အသေးအဖွဲ့ကိစ္စလေးတခုကိုပင် သတိပြုမိတတ်သည့် နန်းဖိန်။

မမကျင်းလီသည် သိုင်းလေးဂိုဏ်း စာပဒေသာကျမ်းများကို မူလအတိုင်း ပိုးပဝါပါးများဖြင့် ပြန်လည်ချည်နှောင်ပေးသည်။ အထုပ်နှစ်ထုပ် အသွင်သို့ ကူးပြောင်းပေးသည်။ ကျိုးကျင့်က တထုပ်ယူပြီး အင်္ကျီရင်ဘတ်ကြားထဲ ပြန်လည် ထိုးသွင်းသည်။

"ကဲ....သွားတော့ ကျိုးကျင့်၊ သည်နေ့ဟာ အယောင်ဆောင် လူယုတ်မာရဲ့ နောက်ဆုံးည ဖြစ်ရမယ်။ ငါတို့ရဲ့ သိုင်းသင်ဖက် ညီအစ်ကို ရှောင်လင်မြွေဆိုးကို ရက်ရက်စက်စက် လုပ်ခဲ့တဲ့ လောဘရူး မောဟရူး အတ္တကောင်ကြီး ကျဆုံးရမယ့်ညဖြစ်ရမယ်။ အင်း....အခုလောက်ရှိ ငါ့လူတွေလဲ သူ့ လူနောက်လိုက်ခွေးတွေအားလုံးကို သုတ်သင်ပြီးနေလောက်ရောပေါ့လေ"

နန်းဖိန်က အံတင်းတင်းကြိတ်၍ဆိုသည်။

ယခုမှပင် ကျိုးကျင့်သည် အရှေ့ဘက်ဆီမှ တိုက်သံ ခိုက်သံ လှုပ်ရှားသံတွေနည်းသွားကြောင်း သတိပြုမိသည်။



နန်းဖိန်တို့၏လူတွေက အယောင်ဆောင် လူယုတ်မာ၏ နောက်လိုက်ခွေးများကိုအနိုင်ယူလိုက်နိုင်ပြီထင်သည်။

"ကဲ၊ဒါဖြင့်....ကျွန်တော်သွားမယ်။ လူမသိ သူမသိ ဆရာသခင် ရှောင်လင်မြွေဆိုးတို့ သိုင်းလေ့ကျင့်နေသမျှကိုချောင်းပြီး လေ့လာလို့တတ်ထားတဲ့ သိုင်းပညာနဲ့ ဒီ လူယုတ်မာကို အနိုင်ယူနိုင်အောင် ကြိုးစားမယ်။ မမျှော်လင့်ပဲ လူယုတ်မာရဲ့လက်ချက်ကြောင့်နဲ့ ကွယ်လွန်သွားခဲ့ရတဲ့ ဆရာသခင် ရှောင်လင်မြွေဆိုးရဲ့ ကျေးဇူးတရားကို ကျွန်တော်တတ်ထားတဲ့ သိုင်းပညာနဲ့ဆပ်နိုင်အောင် ကြိုးစားမယ်ဆိုတာကို ကျွန်တော်အလေးအနက် ကတိပေးပါတယ်"

ကျိုးကျင့်က အလေးအနက် ကတိပေးသည်။

"အေးကွာ၊ မင်းဆီက အခုလို စကားမျိုးကြားရတာ ငါတို့ ဝမ်းသာတယ်။ ကျေးဇူးရှင်အပေါ် ကျေးဇူးသိတတ်တဲ့ မင်းရဲ့ အသိစိတ်ဓာတ်ကိုလဲ ငါတို့ ချီးကျူးပါတယ်။ ဒါပေမယ့် တခုတော့ သတိပေးလိုက်ရအုန်းမယ်။ ရန်သူကိုလျှော့တွက်ပြီး စိတ်လောမကြီးမိဖို့ပဲ"

"ဟုတ်ကဲ့၊ ကျွန်တော် စိတ်လောမကြီးမိအောင် ကြိုးစားပါ့မယ်"

"ကဲ....ဒါဖြင့် သွားတော့"

နန်းဖိန်က သူ့ကိုသွားခိုင်းသည်။

"ငါ့မောင် ဒီပွဲမှာအနိုင်ရပါစေလို့ မမ ဆုတောင်းလိုက်ပါတယ်ကွယ်"

မမကျင်းလီသည် ရီတဝေဝေမျက်လုံးအစုံဖြင့် သူ့ကိုကြည့်ယင်း ဆိုသည်။

ညောင်လေးပင် တည်းခိုခန်းမှာတုန်းက သုံး ရက် လုံး လုံး ပူးပူးကပ်ကပ်အတူနေခဲ့ရသည့် မမကျင်းလီဆိုသည့် မမကျင်းလီ၏ မျက်နက်ဝန်းကလေးကို တချက်မျှစူးစူးစိုက်စိုက်ကြည့်သည်။ ထို့နောက် သွတ်လက်လျင်မြန်သော ခြေလှမ်းအစုံဖြင့် သူတို့ကို ကျောခိုင်းထွက်ခွာခဲ့ချေသည်။

သည်တခါတော့၊

သူ့လက်ထဲတွင် နောက်ထပ် အထုပ်လေးတထုပ်က အပိုပစ္စည်းအဖြစ်ပါလာသည်။ သိုင်းလေးဂိုဏ်း စာပဒေသာကျမ်း ဒုတိယတွဲ။

လာပြီ။ အယောင်ဆောင်သမားရေ့… ဒင်းရဲ့ အယောင်ဆောင် မျက်နှာဖုံးကို ခွာဖြုတ်ဖို့ ကျိုးကျင့်ဆို တဲ့ သည် မောင် လာနေပြီ ဟိတ်။

●

---

လူယုတ်မာသုတ်သင်ရေး

---

တက်ခဲ့စဉ်တုန်းကအတိုင်း အောက်သို့ပြန်ဆင်းခဲ့ရသည်။

အတက်တွင်လွယ်ကူသလောက် အဆင်းမှာတော့ အနည်းအကျဉ်း ခက်ခက်ခဲခဲရှိသည်။အတက်တုန်းကမပါခဲ့သည့်ပစ္စည်းတခုအပိုပါလာသောကြောင့်ဖြစ်သည်။

ကျိုးကျင့် ခြေထောက်မြေကြီးနှင့်ထိတွေ့သည်နှင့်၊

အမှောင်ရိပ်ထဲကနေ စောင့်ကြိုနေသော သူက ကျိုးကျင့်ရှေ့သို့ပြေးထွက်လာသည်။ ဣခန္ဓြမဆည်နိုင်။ အမောတကောလေသံဖြင့်လည်း ဆိုသည်။

"ဘယ်လိုလဲ ကျိုးကျင့်၊ ကိစ္စအားလုံး အောင် မြင် ခဲ့ တယ် မဟုတ်လား ဟင်။ သူတို့နှစ်ယောက်ကိုသတ်ပြီး၊ ငါ့ ပစ္စည်းကို ပြန်ယူလာနိုင်ခဲ့တယ် မဟုတ်လား ဟင်"

ကျိုးကျင့်သည် ထောင်းကနဲဒေါသထွက်မိသည်။ သို့ပေမယ့် သူ မသိအောင်ကြိုးစားပြီးသည်ယင်း လေအေးကလေးဖြင့်ပင် ပြောသည်။

"ခင်ဗျားလိုချင်တဲ့ပစ္စည်းကိုတော့ ကျွန်တော် ယူလာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် သူတို့နှစ်ယောက်ကိုတော့မသတ်မိခဲ့ဘူး"

"ဘာကွ၊ သူတို့နှစ်ယောက်ကို မင်း မသတ်ခဲ့ဘူး၊ဟုတ်လား။ သူတို့ကို ဘာဖြစ်လို့မသတ်ခဲ့ရတာလဲ"

"ကျွန်တော် လူ မသတ်ချင်လို့ပဲ"

"အဲဒါ မင်း မှားတာပေါ့။ အေးလေ.... ထား လိုက် ပါတော့။ ငါ့ပစ္စည်း ပြန်ရယင်ပဲ တော်ပြီလေ။ ကဲ.... ကျိုးကျင့်၊ မင်း ယူလာတဲ့ပစ္စည်းကိုသာ ငါ့ပြန်ပေး"

သူက လက်ဖြန့်ခံယင်း ရှေ့တလှမ်းတိုးလာသည်။

ကျိုးကျင့်သည် နောက်သို့ ခြေတလှမ်းဆုတ်သည်။

"နေပါအုံးလေ....ခင်ဗျားအတွက် ကျွန်တော်ဆောင်ရွက်ပြီးပြီ။ ကျွန်တော့်ရဲ့ကိစ္စကိုလဲ ဆောင်ရွက်ပေးအုန်းလေ"

"မင်းရဲ့ကိစ္စက ဘာလဲ"

သူ့ လေသံက တင်းမာလာသည်။

စိတ်ဒေါသကြောင့် အမှတ်မထင် နဂိုအသံသို့ပြောင်းလဲလာကြောင်း သတိပြုမိသည်။



"ကျွန်တော် လိုက်ရှာနေတဲ့ ခေါင်းနှစ်လုံးနဲ့လူ ဘယ်မှာရှိနေတယ်ဆိုတာကို ပြောပြအုန်းလေ"

"အိုကွာ၊ မင်းဥစ္စာက အဓိပ္ပာယ်မရှိတာပဲ၊မဖြစ်နိုင်တဲ့ကိစ္စကြီးတခုကို ဇွတ်အတင်းဖန်တီးနေတာပဲ။ ကဲပါ... အချိန်ကသိပ် ရတာမဟုတ်ဘူး။ အရှေ့ဘက်မှာ ငါ့လူတွေအရေးရှုံးနိမ့်နေတယ်။ ငါတို့အနေနဲ့ ဒီကနေ အမြန်ခွာမှဖြစ်မယ်"

"ကောင်းပြီလေ၊ ဒီလိုဆိုယင်လဲ ရပါတယ်။ ဒီပစ္စည်းကို ခင်ဗျားကိုပေးလိုက်ရလို့ ကျွန်တော့်မှာ ဘယ်လိုမှ ဖြစ်မသွားပါဘူး။ကဲ....ရော့"

ကျိုးကျင့်က သူ့လက်ထဲမှ အထုပ်ကလေးကို လှမ်းပစ်ပေးသည်။

သူက ဖမ်းယူသည်။

ထို့နောက်၊

သူသည် လှုပ်ရှားမှုတခုကို လျှပ်တပြက်ပြုသည်။

ခေါင်းထက်မှာဆောင်းထားသော ခမောက်ဝိုင်းလေးဖြင့် ရှေ့သို့ပစ်လွှတ်လိုက်သည်။ ခမောက်ဝိုင်း ကျိုးကျင့်ဆီမရောက်မီမှာပင် အရိပ်ကလေးတရိပ်က ကျိုးကျင့် ရှေ့သို့ ရောက်လာသည်။ ကျိုးကျင့်ကို တဘက်သို့တွန်းပစ်လိုက်သည်။ ခမောက်ဝိုင်းလေးသည် ကျိုးကျင့် နောက် ဘက် ရှိ သစ် ပင် မှာ သွား၍ စိုက်ဝင်သည်။ အောက်သို့ပြန်မကျတော့။

"ကဲ၊ ကျိုးကျင့်....ဘာမှပြောမနေနဲ့တော့။ သူဟာ မင်း
21 ပြောသလိုပဲ....လင်းယုန်သိုင်းသမား ရန်းလုံပဲဖြစ်ရမယ်။ အခုပဲ

ကြည့်လေ....သူက မင်းကို သူ့ သံမဏိ ခမောက် ဝိုင်းနဲ့တောင် အသေသတ်ဖို့လုပ်ခဲ့ပြီလေ”

ကျီးကျင့်အား အချိန်မီဝင်ရောက်ကယ်တင်ခဲ့သည့် နန်းဖိန်က ပြောသည်။

“ဩော်....ဩော်၊မင်းတို့က ဒီလိုကိုး။ အင်း.... ထင် တော့ ထင်လိုက်မိသား။ အခန်းထဲကလူတွေကို ဘာမှမလုပ်ပဲနဲ့။ သည် ပစ္စည်းကိုယူလာနိုင်ခဲ့တယ်ဆိုတော့ တခုခုတော့ တခုခုပဲလို့”

ကိုဘိုးသိကြီး ယင်းလျှို တဖြစ်လဲ.... လင်းယုန် သိုင်းသမား ရန်းလုံက အခြေအနေအရပ်ရပ်ကို သဘောပေါက်သလိုဆိုသည်။

ထို့နောက်၊

သူ့ ညာလက်သည် အင်္ကျီရင်ဘတ်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားသည်။

သူ့ လက်အပြင်သို့မရောက်မီမှာပင်၊ ကျီးကျင့်သည် လွှားကနဲ သူ့ ရှေ့သို့ ရောက်သွားသည်။ လက်ထဲမှဓားဖြင့် သူ့ ဇက်ကို ပိုင်းသည်။သူက နောက်သို့ ရှို့ ရှောင်သည်။ ညာခြေဖျား ဖိနပ်ချွန်ဖြင့် ကျီးကျင့်၏ ဓား ကိုင်လက်ကို ခတ် ကန် သည်။ ကျီးကျင့်လက် ထုံကျင်သွား၏။လက်ထဲမှဓားအဝေးသို့လွင့်ထွက်သွားသည်။

အင်္ကျီရင်ဘတ်ကြားထဲဝင်ရောက်ပျောက်ကွယ်နေသည့် သူ့ ညာလက် အပြင်သို့ထွက်လာသည်။

“ရွှပ်”

“ရှပ်”



အဖြူရောင် အရိပ်ကလေးနှစ်ရိပ်။

ဒါမှမဟုတ်၊

အဆိပ်အပ်လက်နက်ပုန်းလေးနှစ်ချောင်း။ကျီးကျင့်ဆီ ပြေးဝင်လာသည်။

ကျီးကျင့်သည် တဘက်သို့ လှိမ့်ရှောင်ထွက်သည်။

ထို့ကြောင့်၊

သူပစ်လွှတ်လိုက်သော အဆိပ် အပ် နှစ်ချောင်းက လိုရာမရောက်။

သူသည် ခပ်လှမ်းလှမ်းမှာရှိနေသည့် ဆောင်ခါးဆီ ပြေးဖို့ပြင်သည်။

“လူယုတ်မာကြီး၊ ခင်ဗျားကြီးကို ကျုပ်ကိုယ်တိုင်သတ်မယ်။ကိုယ့်ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းမသိဘတ်ခဲ့တဲ့ လူယုတ်မာကြီး၊ခင်ဗျားကြီး ကိုအရှင်မထားဘူး”

နှုတ်မှဒေါသတကြီးကြိမ်းယင်း ရှေ့သို့ တဟုန်ထိုးပြေးသွား၏။ သူ့ ရှေ့ သို့ ရောက် သည်နှင့် ကျီးကျင့်သည် တွင်းထွက်ခြေပေါက်နည်းဖြင့် သူ့ ရင်ဘတ်ကိုရိုက်ချလိုက်သည်။

“ဖြန်း”

မြည်သံကြီးတချက်ထွက်ပေါ်လာသည်။

သူ့ ခန္ဓာကြီးက နောက်ဘက်ဆီသို့ လွင့်ထွက်သွားသည်။
မြေပြင်ပေါ် သို့အရောက်မှာ သူသည်တော်တော်နှင့်မထနိုင်။
နှုတ်ခမ်းထောင့်စွန်းဆီမှ စွေးစွေးနီမောင်းသောသွေးများက

အဆက်မပြတ်စီးကျလာသည်။ အတွင်းဝေဒနာကို ပြင်းပြစွာ ခံနေရပုံပေါ်သည်။ မျက်နှာမှာရှုံ့တွနေသည်။

"မင်း....မင်း၊သည်သိုင်းကွက်ကိုဘယ်လိုလုပ် ရခဲ့တာလဲ"

သူက အထစ်ထစ်အငေါ့ငေါ့ဖြင့် မယုံကြည်နိုင်သလို မေးသည်။ ကျိုးကျင့်သည်ရင်ကိုကော့၍ ဝံ့ဝံ့ ကြွားကြွား လေး ပင် ဖြေဆိုခဲ့သည်။

"သည်သိုင်းကွက်ကို ကျုပ်ရဲ့ဆရာသခင် ရှောင်လင်မြေဆိုးက သင်ပေးခဲ့တာပဲပေါ့"

သူသည် မောပန်းသလို အသက်ကို ပြင်းစွာရှူနေသည်။

"မင်းကို ငါ လျှော့တွက်မိတာ ငါ့အမှားပဲ။မင်းကို စတွေ့စကတည်းက အသေသတ်လိုက်မိယင်အကောင်းသား။အခုတော့၊ အင်း....မြေကိုငယ်တယ်ဆိုပြီး အထင်သေးမိ သွားတယ်"

သူက နောင်တရသည့်စကားတွေကို ဆိုနေသည်။

"အခုမှတော့ ခင်ဗျား ဒါတွေကို ပြောနေလို့အပိုပဲ။တကယ်တော့ ခင်ဗျားမိုက်ပြစ် ခင်ဗျား ခံရတာပဲ။ ခင်ဗျားကို ကျုပ် အခုလိုမလုပ်လဲ တခြားတယောက်က ခင်ဗျားကိုလုပ်မှာသေချာတယ်"

ကျိုးကျင့်သည် နာနာကျည်းကျည်းဆိုမိသည်။

သူ့မျက်နှာတွင် မဲ့ပြုံးတချက်ပေါ်လာသည်။

ဦးခေါင်းမှာ တဘက်သို့ ငိုက်ကနဲဖြစ်သွားသည်။

ဒါကလည်း....



သူ ပရိယာယ်ဆင်လိုက်ခြင်း ဖြစ်ကြောင်းကို ထိုခဏမှာပင် ကျိုးကျင့် သိလာရသည်။

သူ့လက်တဘက်သည် အင်္ကျီရင်ဘတ်ကြားထဲ လျှပ်တပြက် ဝင်ရောက်သွားသည်။ ထို့နောက် ပြန်ထွက်လာသည်။

"ကျိုးကျင့် သူ့ကိုသတိထား"

နန်းဖိန်က လှမ်း၍ သတိပေးသည်။

ကျိုးကျင့် တဘက်သို့ လှိမ့်ရှောင်ထွက်ဖို့ ကြိုးစားသည်။ ဒါပေမယ့်၊

မဆိုစလောက် နောက်ကျသွားရသည်။

ဒုတ်ကနဲ အသံတချက် ထွက်ပေါ်လာသည်။

ကျိုးကျင့်၏ ဗယ်ဘက်လက်မောင်းမှာ နာကျင်သောဝေဒနာကို ခံစားလိုက်ရသည်။ အဆိပ်အပ်ကလေးတချောင်း ကလည်း စိုက်ဝင်လို့။

သူ့ကြိုးစားမှု အရာရောက်သွားသည်နှင့် သူသည် ဆက်လက် တိုက်ခိုက်ဖို့ ဟန်ပြင်သည်။

"ရှပ်"

"ဒုတ်"

နောက်မှရောက်လာသည့် ယဲ့ယိက ဆောင်မားရှည်ဖြင့် ပစ်ပေါက်သည်။ တန်းတန်းမတ်မတ်ဆိုသလိုပင် ဝမ်းဗိုက်တည်တည့်မှာ သွား၍စိုက်ဝင်သည်။ အားကနဲ စူးစူးဝါးဝါးအော်သံကြီး တချက်ပြုယင်း လူယုတ်မာ လဲကျသွားသည်။

စိုးစဥ်းမျှ မလှုပ်တော့။

ဝမ်းဗိုက်တွင် ဓားစိုက်လျက် တန်းလန်းဖြင့် လူယုတ်မာမှာ တမလွန်သို့ ထွက်ခွာသွားပြီဖြစ်သည်။

"ငါ အချိန်မီသတိပေးသွားပဲ။ ဒါပေမယ့် နောက်ကျသွားတယ်"

နန်းဖိန်က စိတ်မကောင်းသလို ဆိုသည်။

"ကိစ္စမရှိပါဘူး။ ဒီပွဲမှာ ကျွန်တော့်လက်မောင်းမှာ မဖြစ်စလောက် ဒဏ်ရာလေးရလိုက်တာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဝမ်းမနည်းဘူး။ ဒီဒဏ်ရာနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့စိတ်ထဲမှာလဲ ဘယ်လိုမှ မခံစားမိဘူး။ အဲ....လောဘရှုး၊ အာဏာရူးကြီးဖြစ်တဲ့ ဒီ လူယုတ်မာတယောက်ကို လူ့လောကထဲကနေ မောင်းထုတ်နိုင်တဲ့အတွက်တော့ ကျွန်တော် သိပ်ဝမ်းသာတယ်"

သူက နှုတ်မှဆိုယင်း ဓားတန်းလန်းနှင့် လူယုတ်မာ ဆီသို့ လျှောက်ခဲ့သည်။ မျက်နှာတွင် စွပ်ထားသည့် အရေခွံအတုကို လက်ဖြင့် အသာချွတ်ယူသည်။ သူတို့ အစပထမကတည်းက တွေး ထင်ထားသလို လင်းယုန်သိုင်းသမား ရန်းလုံ၏ ပကတိမျက်နှာ ကြီးက ဘွားဘွားကြီးပေါ်လာတော့သည်။

ဩြော်....ရန်းလုံ၊ ရန်းလုံ။

အားလုံးကို မျက်လှည့်ပြ လှည့်စားခဲ့သည့် ရန်းလုံ။

သူ့ကိုယ်သူ အင်မတန်လည်လှပြီ၊ အင်မတန်ပိရိလှပြီလို့ ထင် မှတ်ခဲ့သည့် ရန်းလုံ။



ယခုတော့၊

လိုရာမပေါက်ပဲ သေရွာသို့ ရောက်သွားခဲ့ရ ပါပကောလား လို့။

တကယ်တော့၊

သူသည် လူယုတ်မာတို့၏ သွားရာလမ်းမှာ ဤသည်ပဲဆိုသည် ကို မသေခင်က မသိခဲ့ချေ။

●

## မောင်လေးချစ်သော မမ

"အမလေး....မသေကောင်း မပျောက်ကောင်း ငါ့မောင်ရယ်။ ဒဏ်ရာက တော်တော်များသလားဟင်"

ဂေဟာအဆောက်အအုံထဲ ခြေချမိသည်နှင့် မမကျင်းလီသည် ကျိုးကျင့်ထံပြေးလာယင်း စိုးရိမ်သံကလေးဖြင့်ဆိုသည်။

ယခုတော့လည်း၊

ဂေဟာရှေ့တွင် ခုတ်သံ ထစ်သံ လှုပ်ရှားသံတွေ စိုးစဉ်းမျှ မရှိတော့။ ပန်းပေါင်းစုံဂေဟာမှ အဆင့်မြင့် သိုင်းသမားတွေက ပွဲပြီးမီးငြိမ်း လုပ်ပြီးခဲ့သောကြောင့် ဖြစ်သည်။



"သူ့ရဲဒဏ်ရာက သိပ်မများပါဘူးကွယ်။ သိပ်လဲ စိုးရိမ်မနေပါနဲ့လေ"

နန်းဖိန်က ပြောသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူ့ဒဏ်ရာကို ဒဏ်ကြေဆေးသိပ်ပြီး အဝတ်နဲ့စည်းထားမှ ဖြစ်မယ်။နို့မို့ဆိုယင် သွေးထွက်လွန်ပြီး ဒုက္ခရောက်နေအုန်းမယ်။ လာလာ....ငါ့မောင် အပေါ်ထပ် အခန်းကို သွားကြရအောင်"

မမကျင်းလီသည် ကျိုးကျင့်ကို မှီတွဲ၍ အပေါ်ထပ်ရှိ အခန်းတခန်းထဲ ခေါ်ဆောင်ခဲ့သည်။ ကျိုးကျင့်ခမျာမှာတော့ ထိုသုံးရက်ကို သတိရလျက် စိတ်လှုပ်ရှားယင်းဖြင့် မမကျင်းလီ ခေါ်ဆောင်ရာ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ရသည်။

"ကဲ....သည်မှာ ခဏထိုင်အုန်း"

အခန်းထဲရောက်သည်နှင့် သူ့ကို ခုတင်မှာ ထိုင်ခိုင်းသည်။

ထို့နောက်၊

အဝတ်စုတ်တခုဖြင့် သူ့ဒဏ်ရာတဝိုက်ဆီမှ သွေးများကို လဲသုတ်ပေးသည်။

"သည်မှာ မမ"

သူ့အသံက ခြောက်ကပ်ကပ် နိုင်နေသည်။

မမကျင်းလီသည် အကြွင်နာမျက်လုံးအစုံဖြင့် သူ့ကိုမော့မော့ကလေး ကြည့်လာသည်။

"ဘာလဲ ငါ့မောင်၊ ဘာပြောချင်လို့လဲဟင်"

သူသည် စိတ်ကိုတင်းသည်။

"သည်လက်မောင်းကဒဏ်ရာက သည်လောက် အရေးမကြီးပါဘူးဗျာ"

"ဟင် ဒါဖြင့် ဘယ်ဒဏ်ရာကပိုပြီးအရေးကြီးနေလို့လဲကွယ်"

"ကျွန်တော့်ရင်ထဲက ဒဏ်ရာက ပိုပြီး အရေးကြီးနေတာပေါ့ မမရယ်။ ကျွန်တော် မမကို ချစ်တယ်ဗျာ"

"အို....မဖြစ်နိုင်တာပဲ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မမရယ်၊ တကယ်တော့ မမနဲ့ မတွေ့ခင်က ကျွန်တော် ဘယ်မိန်းမနဲ့မှ အရောမဝင်ခဲ့တဲ့ အရိုင်းသက်သက်လေးပါ။ မမနဲ့ သုံးရက်လောက် နီးနီးကပ်ကပ်နေပြီးတော့မှ ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်ကုန်မှန်း မသိဘူး၊ လှုပ်ရှားချင်တိုင်း လှုပ်ရှားလာတယ်။ရင်တွေခုန်ရမှန်းလဲ သိတတ်လာတယ်လေ။ အဲဒါ ဘာကြောင့်လဲ သိလားဟင်။ မမကို အသည်းနင့်အောင် ချစ်မိလို့ပဲပေါ့"

သူက ရင်ဖွင့်သည်။

မမကျင်းလီက ခေါင်းကိုယမ်းခါသည်။ အသက်ကိုပြင်းစွာရှူနေရပုံ ပေါ်သည်။

"မဖြစ်နိုင်ပါဘူး ငါ့မောင်ရယ်၊ ငါ့မောင် မမကို မချစ်ချင်စမ်းပါနဲ့။ တကယ်တော့ မမရဲ့ဘဝဟာ မသန့်တော့ပါဘူး ငါ့မောင်ရယ်"

ပြောယင်းမှာပင် မမကျင်းလီ၏အသံ တိမ်ဝင်သွားသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်များ ပြည့်အိုင်လာသည်။



"တော်စမ်းပါ မမရယ်၊ ကျွန်တော်ချစ်တာက မမရဲ့ ကိုယ်ခန္ဓာအလှအပကို မဟုတ်ဘူး။ မမရဲ့စိတ်ထားကိုချစ်တာ။ မမရဲ့ဘဝက မလှပပေမယ့် စိတ်ထားက လှပတယ်။ သန့်ရှင်းတယ်။ ဒါကြောင့် ကျွန်တော်ချစ်တာ။ တကယ်လို့ မမဆီက တုံ့ပြန်အချစ်ကို ပြန်မရဘူးဆိုယင်တော့ ကျွန်တော်တော့ ကျွန်တော့်ကိုယ် ကျွန်တော် တခုခုလုပ်ပစ်လိုက်ဖို့ စိတ်ဆုံးဖြတ်မိပြီ မမ။ မမပဲ စဉ်းစားကြည့်လေ၊ လောကကြီးထဲကို စရောက်လာတယ်ဆိုကတည်းက တကောင်ကြွက်တမျက်နှာ၊ ခင်တွယ်စရာဆိုလို့လဲ တယောက်မှမရှိတဲ့ဘဝ၊ အခုတခါ ကိုယ့်ချစ်ရမယ့်သူကိုတွေ့နေတာတောင်မှ တဘက်သားက ပြန်မချစ်ဖူးဆိုယင် ကျွန်တော့်လိုလူ လူ့လောကကြီးမှာ ဆက်ပြီးနေဖို့ ကောင်းအုန်းမလားဟင်"

မမကျင်းလီသည် အတန်ကြာ သူ့ကိုကြည့်နေသည်။မျက်ဝန်းအိမ်ထဲမှ မျက်ရည်ပုလဲဥများက ပါးပြင်ပေါ်သို့ အဆက်မပြတ်စီးကျနေသည်။ ဖူးဖူးအိအိ နှစ်ခမ်းနှင့်လွှာမှာ တရှုံ့ရှုံ့ လှုပ်လာသည်။

"ငါ့မောင်ရယ်၊ ငါ့မောင်နဲ့ သည်အယင်က တွေ့ခဲ့ကြယင်သိပ်ကောင်းမှာပဲကွယ်"

"အခုလဲ အချိန်မနှောင်းသေးပါဘူး မမရယ်၊ ကျွန်တော်တို့မှာ အချိန်တွေ အများကြီး ရှိပါသေးတယ်လေ"

မမကျင်းလီမှာတော့ ရှက်သလိုလို မရှက်သလိုလို ရွှေရင်ခုန်ယင်း မျက်နှာလေးကို ချစ်ရသော မောင်လေးကျိုးကျင့်၏ရင်ဘတ်ထဲ ထိုးဝှက်ထားလျက်၊

ပြောဘ်၊ ဇွတ်တရွတ်နိုင်လှတဲ့ ငါ့မောင်ရယ်၊ တခြား အမျိုးသားတွေကို အနိုင်ယူနိုင်ခဲ့တဲ့ မမတယောက် အခုတော့ မင်းလေးနဲ့ ကျမ္မဒူးထောက်လက်မြှောက်အရှုံးပေးရပါပြီကွယ်။ မင်းလေးဟာ အခုလိုပဲ မမအပေါ်မှာ ရာသက်ပန်မမုန်းဘမ်း ချစ်မြုံးဝင်နိုင်ပါစေလို့သာ ဆုတောင်းလိုက်ပါတယ်.... မမ သိပ်ချစ်ရတဲ့ ငါ့မောင်ရယ်.... ။ ။

နိဂုံးတံ

ထမင်းရှင်၊ ကျေးဇူးရှင်၊ ဆရာမိတ်အားလုံးကို
ဦးညွှတ်လေးစားလျက်

သန်းမြင့်ဦး

66 7/5
46 21/6
70 18/8
2? 13/7
43 7/6
88 25/?
73 10/7
69 16/8
64 16/5